
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# JUNE 2015

NO. 125


**ဒဂုန်ရွှေမျှား**

[illegible] ၆

**ပြုံးဝါ**

[illegible] ၁၉

**ဖိုးကျော့**

[illegible] ၃၃

**မဉ္ဇူကသော**

[illegible] ၆၅

**မောင်သိုက်နိုင်(သန့်လျှင်)**

[illegible] ၈၂

**ဝေယံသိန်း**

[illegible] ၁၀၄

**ဇေမျှင်းအုန်**

[illegible] ၁၂၂

**မိုးသစ်**

[illegible] ၁၄၅

**တွင်းကြီးသား တင်ဝင်းနိုင်**

[illegible] ၁၆၂

**ကျော်ဘေးရွှေ**

[illegible] ၁၈၇

**မကွေး ညီညိုမြ**

[illegible] ၂၀၀

**ထောက်ကြံ့ကြီး မိုးဝင်း**

[illegible] ၂၀၆

**မောင်ရှုမင်း(ပခုက္ကူမြို့)**

[illegible] ၂၂၉

**ဝဏ္ဏမိုးထက်**

[illegible] ၂၇[illegible]


preview



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဒေါ်မြင့်မြင့်မောင် (ဝ၄ ၃၁၁၁၆၉၉၃)
အမှုဆောင်အယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလှိုင်၊ ခင်နိုင်ထွန်း၊ မင်းထွဋ်၊ နေ့ဇင်လတ်၊ ဇော်မင်း၊ သန်းထက်ဇင်၊ ထွန်းထွန်း၊
မြို့မင်းဦး၊ မြမြသင်း၊ ဝင်းဝင်းမာ၊ ဒေဝမြိုင်(၁)၊ ဒေဝမြိုင်(၂)၊ တင်မာဝင်းအိမ့်ဖြူ၊ မီမီ။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ–ဝ၄၂၂၁)Quality Publishing House
အမှတ် – ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေ့ကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။
ကွန်ပျူတာနှင့် ပလပ်
Quality

ပုံနှိပ်သူ
ဦးဝေလွှမ်းပိုင်ကိုကို(ဝ၀၆၅၉)
ဧရိယာပုံနှိပ်တိုက်၊ သစ်တော်ရုံမှ ဦးစီးအဖွဲ့အစီအမံ ...
ဗဟိုလမ်း၊ ...ဒေါင်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးဌာန
အမှတ် – ၅၀၈/၅၁၂(၂၈)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၁၀၃၆၆၉၃၊ ၃၀၆၅၉၃



NEXT




စောရညီနောင်

ဒဂုန်ရွှေမျှား

MONTH




တစ်ချိန်က နှင်းဆီခိုင်များ

ကောရှင်

PREVIEW

နှုတ်ကြောင့်သေ
သက်ကြောင့်ကြေသတဲ့

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

ကျွန်တော်နှင့် ဆရာကြီး အင်(မ)ကြာရိုး...

ခေတ္တရပ်နား၍ ကျန်းမာရေးအတွက် အိန္ဒိယပြည်သို့ သွားရောက်စဉ် ကာလက...

ပေါင်ရာမြို့ရှိ မစ္စတာပရာဆပ်၏နေအိမ်၌ (၂)ပတ် ခန့်မျှ တည်းခိုလျက်ရှိ၏။

# ငါးမန်းပင်လယ်ကြားမှ

## ဒဂုန်ရွှေမျှား

လူနှစ်ယောက် ထူးဆန်းလှစွာ


ရုတ်တရက် ပျောက်ဆုံးသွားရာမှ

လိုက်လံရှာဖွေသောအခါတွင်

ကြောက်မက်ဖွယ်ဇာတ်လမ်းကြီး

မထင်မှတ်ဘဲ ပေါ်ပေါက်လာ

ပါတော့သည်။ ထိုအခါ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးမှာ ယခင် (၂)ကြိမ်တိုင်တိုင် မစ္စတာပရာဆပ်အိမ်သို့ရောက်ခဲ့ဖူးပြီဖြစ်၍ မစ္စတာပရာဆပ်နှင့်လည်းကောင်း၊ သူ၏သမီးချောကလေးနှင့်လည်းကောင်း အကျွမ်းတဝင်ဖြစ်၍နေပြီးလျှင် အိမ်သူအိမ်သားများနှင့်တကွ အချို့အစေခံများကိုပင် မျက်မှန်းတန်း၍ နေခဲ့လေပြီ။

ထိုအခါက ချန္ဒရာမှာ အသက် (၂၀) ခန့်မျှ ရှိခဲ့ပြီဖြစ်၍ မျက်လုံးကောင်း၊ မျက်ခုံးကောင်း၊ နှာတံကောင်းဖြစ်ပြီးလျှင် အိန္ဒိယတိုင်းသူတို့ချောနည်းမျိုးဖြင့် တစ်မျိုးတစ်ဖုံ လှပချောမွေ့သောမိန်းကလေး ဖြစ်လေသည်။

မြန်မာညှို့သည်များအား ဧည့်ခံပြုစုရာတွင် လွန်စွာဖော်ရွေလျက် ကျွန်တော့်အား အန်ကယ်ဟူ၍လည်းကောင်း၊ ဆရာကြီးအား မာစတာကြီးဟူ၍လည်းကောင်း ခေါ်ဝေါ်လေ့ရှိ၏။

အင်္ဂလိပ်စာလည်း ကောင်းစွာတတ်၍ ယဉ်ကျေးဖော်ရွေမှု ရှိပြီးလျှင် စကားပြောရာ၌လည်း ပြုံးပြုံးရွှင်ရွှင်နှင့် ပြောဆိုတတ်လေသည်။

ဟောင်ရာသို့ ရောက်ရှိပြီးနောက် (၂)ရက်ခန့်ကြာသောအခါ တစ်နေ့သောနံနက်ခင်း၌ ကျွန်တော်တို့သည် ပရာဆပ်သားအဖနှင့်အတူ စားပွဲတွင် ထိုင်ကာ နံနက်ခင်း လက်ဖက်ရည်ကို သောက်လျက် ရှိကြကုန်၏။

မစ္စတာပရာဆပ်သည် ဆရာကြီးအား သူ၏အရောင်းအဝယ်အကြောင်း၊ အိန္ဒိယပြည်တိုင်းရေးပြည်ရေးများအကြောင်း၊ အိန္ဒိယလွှတ်တော်အမတ်များအကြောင်းများကို ပြောဆိုလျက်ရှိရာ ကျွန်တော်နှင့် ချန္ဒရာတို့မှာ စကားလက်ဆုံ ကျလျက်ရှိ၏။

ထို့နောက် ချန္ဒရာသည် မီးကင်ပြီးသော ပေါင်မုန့်ချပ်များကို ဓွေးခါးကလေးဖြင့် ထောပတ်သုတ်ပေးလျက်ရှိရာ ဆရာကြီးသည် မစ္စတာပရာဆပ်နှင့် ခေတ္တစကားပြော ပြတ်သွားပြီးနောက် ချန္ဒရာဘက်သို့ လှည့်လိုက်လေ၏။



ထိုအခါ ချန္ဒရာက –

"ဩော် – ဒါထက် – ကျွန်မအသက် (၁၈) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲတုန်းက ဆရာကြီး ရှိတယ်နော်"

"အရှိသားပဲ။ ရှိလို့တောင် မစ္စက်လင်းဘတ်နဲ့ တွေ့တာပေါ့ – ချန္ဒရာ"

"ဩော် – ဟုတ်သားပဲ၊ ဒီမိန်းမတစ်ယောက်လည်း၊ သိပ်သနားစရာကောင်းတာပဲနော်၊ ဆရာကြီး ဟောပြောလိုက်တာ ကြားရတဲ့ လူအပေါင်းတော့ တစ်ခါတည်း အံ့သြပြီး အသည်းစွဲတာပဲ"

(မစ္စက်လင်းဘတ်ဆိုသူ စစ်ဗိုလ်ကတော်၏ကိုယ်ဝန်မှာ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ် မွေးဖွားရမည်ဟု ဆရာကြီးအင်(မ)ကြာရိုးက ဟောပြောဖူးခဲ့ရာ ဟောပြောသည့်အတိုင်းလည်း မွေးဖွားသောအခါ ယောကျ်ားမိန်းမ အင်္ဂါမကွဲဘဲ လူ့ကိုယ်နှင့် ဆင်ခေါင်းရှိသည့် "လူတစ်ပိုင်း ဆင်တစ်ပိုင်းသတ္တဝါကလေးကို မွေးဖွားကြောင်း ပါရှိသည့် အထ္ထုပ္ပတ္တိကို အင်(မ)ကြာရိုး အမှတ်(၂)တွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်၏။)

"ဟဲ့ သမီး – ဒီနိမိတ်မရှိတဲ့ မစ္စက်လင်းဘတ်အကြောင်းပြောပြီး အချိန်ကုန် ခံမနေစမ်းပါနဲ့၊ ဒီပြင် ရယ်စရာ၊ မောစရာတွေ ပြောစမ်းပါ – သမီးရယ်"

"ဟုတ်ကဲ့ – ဖေဖေ"

"နွေဦးပေါက်ကလေးဆိုတော့ အိန္ဒိယပြည်မှာ ပန်းဟာ သိပ်လှတာပဲနော် – ချန္ဒရာ"

"ဟုတ်တယ် – အန်ကယ်၊ ရာသီကောင်းတော့ ပန်းတွေလည်း ကောင်းကောင်းပွင့်တာပေါ့၊ အန်ကယ်က ကျွန်မတို့ တောအိမ်က ပန်းတွေ မမြင်ရသေးလို့၊ အမေရိက၊ ကမှာပြီး ကျွန်မကိုယ်တိုင်စိုက်ထားတဲ့ ဒေလီယာတွေဟာ ပွင့်ကုန်ပြီ"

"လှပေမဲ့ – အန်ကယ်က ရောက်မှ မရောက်ဘူးပဲ"

www.burmeseclassic.com

"မရောက်ဘူးရင် လိုက်ပို့မှာပေါ့ - အန်ကယ်၊ ဒြော် - ဒီကနေ့ဘာနေ့လဲ ဖေဖေ"

"စနေနေ့ - သမီးရဲ့"

"ဟာ - ဒါဖြင့် - အဆင်သင့်ပဲ၊ နက်ဖြန် - ဖေဖေ အားတယ်နော်"

"အားပါတယ်ကွယ်၊ ဘာလုပ်မလို့လဲ"

"ဟောဒီက အန်ကယ်က ကျွန်မတို့တောအိမ်ကို မရောက်ဘူးသေးလို့ လိုက်ပို့ချင်လို့ - ဖေဖေ"

"အကောင်းသားပဲ၊ ဒါဖြင့် - စားစရာ၊ သောက်စရာ သမီးက စီမံထား၊ ဆရာကြီးတို့ လာလည်တဲ့အခါ ထမင်းမြိန်စားဆိုသလိုပေါ့၊ ပြီးတော့ - ဟိုမှာလည်း လေကောင်းလေသန့်ရပြီး ကျန်းမာရေးအတွက် ကောင်းပါတယ်"

"ဖေဖေပါ - လိုက်မယ်မဟုတ်လား"

"လိုက်ပါ့မယ်ဗျာ၊ စီစဉ်ဖို့ရှိတာသာ စီစဉ်ပါ"

နောက်တစ်နေ့နံနက် ချွတ်တားဟာဇရီ (နံနက်ခင်းလက်ဖက်ရည်) ပြီးလတ်သော်ကျွန်တော်တို့လူစုသည် မစ္စတာပရာဆပ်၏တောအိမ်သို့ကား နှစ်စီးဖြင့် သွားရောက်ကြလေ၏။

ပထမ ဆီဒန်ကားပေါ်တွင် ကျွန်တော်၊ ဆရာကြီးအင်(မ)ကြာရိုး၊ မစ္စတာပရာဆပ်နှင့် ချန္ဒရာတို့ ပါရှိ၍ ဒုတိယ ထရပ်ကားပေါ်တွင် စားသောက်ဖွယ်ပစ္စည်းများ၊ အစေခံမိန်းမတစ်ယောက်၊ ယောကျ်ားတစ်ယောက်နှင့် ချန္ဒရာ၏အထိန်းတော် မိန်းမကြီးတစ်ယောက် ပါရှိလေသည်။

တောအိမ်ဟုဆိုသော်လည်း တောနက်ထဲတွင်မဟုတ်ဘဲ ပင်လယ်ကမ်းခြေနှင့် တစ်မိုင်ခွဲခန့်မျှသာ ဝေးသည့်နေရာတွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်ကလေးဖြစ်၍ လမ်းတစ်လျှောက်လည်း အလားတူ တိုက်ကလေးများသည် သူ့ခြံနှင့်သူ၊ သူ့ဝင်းနှင့်သူ အစီအရီ ရှိနေကြ၏။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် အုန်းပင်များ၊ တောတန်းများနှင့် ခနီပင်ကလေးများကို ပြုပြင်စိုက်ပျိုးထားသဖြင့် တောင်ဘက်မှ တိုက်ခတ်သော ပင်လယ်လေသည် ထိုစိမ်းလန်းသော သစ်ပင်တို့၏ အကိုင်းအခက်များကို ဘယ်ယိမ်းညာလူး လှုပ်ရှားစေလျက် ရှိ၏။

ခြံများအတွင်း၌လည်း နှင်းဆီပန်း၊ ဒေလီယာပန်း၊ ဟောလီဝုဒ်နှင့် အနောက်တိုင်းပန်းမျိုးတို့သည်လည်း စုံလင်စွာ ဖူးပွင့်ဝေဆာလျက် ရှိကြပေသည်။

ကျန်းမာရေးသက်သက်အတွက်နေရန် အထူးသင့်လျော်သော နေရာဖြစ်သဖြင့် ဆရာကြီးမှာ ဆေးတံကိုကိုက်ရင်း တပြုံးပြုံးနှင့် အထူးနှစ်သိမ့်ကြည်နူးလျက် ရှိလေ၏။

မစ္စတာပရာဆပ်သည် ကားကို ခပ်ဖြည်းဖြည်း မောင်းစေပြီးနောက် မည်သည့်တိုက်သည် မည်သူ့ပိုင်ကြောင်း၊ မည်သည့်အဆောက်အအုံသည် မည်သူ့ပိုင် တောအိမ်ဖြစ်ကြောင်း စကားတပြောပြောနှင့် ရှိနေရာ ကျွန်တော်နှင့် ချန္ဒရာတို့မှာလည်း သစ်ပင် ပန်းပင်များအကြောင်း၊ အိန္ဒိယတိုင်းသူတို့၏ အဝတ်အစားများအကြောင်း စသည်ဖြင့် ရောက်တတ်ရာရာ ပြောဆိုလျက် လိုက်ပါလာကြလေသည်။

နောက်ဆုံး မစ္စတာပရာဆပ်၏တောအိမ်သို့ ရောက်လာကြ၍ ကားများသည် အစေခံနှင့်ခြံစောင့်များ အသင့်ဖွင့်ပေးသော ဂိတ်ပေါက်မှ တဖြည်းဖြည်း ဝင်ကာ တစ်ထပ်တိုက်ကလေး၏ ဆင်ဝင်အောက်တွင် ရပ်လေ၏။

ဆရာကြီးမှာ ဧည့်ခန်းရှိ ဆိုဖာပေါ်တွင်ထိုင်ကာ မစ္စတာပရာဆပ်နှင့် စကားလက်ဆုံကျလျက်ရှိရာ ချန္ဒရာလည်း ကျွန်တော့်အား ပန်းဥယျာဉ်ထဲသို့ ခေါ်သွားပြီး လျှင် အမေရိကမှ စိုက်ပျိုးထားသော ပန်းအမျိုးမျိုးများကို လိုက်လံပြသလျက် ရှိလေသည်။

"ပန်းတွေကလည်း သိပ်လှ၊ ပင်လယ်လေကလေးကလည်း ကောင်းဆိုတော့ နေဖို့ထိုင်ဖို့ သိပ်ကောင်းတာပဲ - ချန္ဒရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ - ဒါထက် - အခု - အန်ကယ်တို့ လာကြတာ ဆရာကြီးရဲ့ ကျန်းမာရေးအတွက် လာကြတယ်ဆို ကျွန်မဖေဖေ ပြောတယ်"

"ဟုတ်တယ် - ချန္ဒရာ"

"ဒါဖြင့် - ဒီတောအိမ်မှာ တစ်လကိုးသီတင်း အေးအေးဆေးဆေး နေသွားပါလား - အန်ကယ်"

"အန်ကယ်တော့ - သိပ်နေချင်တာပဲ၊ ဆရာကြီးကို တိုင်ပင်ကြည့်ရဦးမယ်"

"ကျန်းမာရေးအတွက်ဆိုရင် နေမှာပေါ့ - အန်ကယ်ရဲ့၊ ဘာမျှ အားနာစရာမရှိပါဘူး၊ အစေခံတစ်ယောက်နဲ့ ထမင်းချက်တစ်ယောက်ကို ချန္ဒရာ စီစဉ်ပေးခဲ့မယ်"

"နေ့လယ် လက်ဖက်ရည်သောက်ချိန်ရောက်မှပဲ ဆရာကြီးနဲ့ တိုင်ပင်ဦးမှပဲ၊ အန်ကယ်ကိုယ်တိုင်တော့ သိပ်သဘောကျနေပြီ"

(၁၁)နာရီတွင် နံနက်စာကို မြိန်ယှက်စွာ စားသောက်ကြ၍ နင်းသီးစိမ်ထားသော နွားနို့တစ်ခွက်စီဖြင့် အပြီးသတ်ကြပြီးသော် ကျွန်တော်တို့လည်း အတွင်းခန်းရှိ ကြိမ်ပက်လက်ကုလားထိုင်များပေါ်တွင် နာရီဝက်ခန့်မျှ လဲလျောင်းကာ အစာခြေလျက်ရှိကြရာ ကျွန်တော့်မှာ (၁၅)မိနစ်ခန့်မျှ မှေးခနဲ ပင် အိပ်ပျော်၍သွားမိ၏။

နေ့လယ်(၁)နာရီတွင်အစေခံများသည်လက်ဖက်ရည်ခန်း၌လက်ဖက်ရည်ပြင်ပြီးကြောင်း ပြောလာသဖြင့် ကျွန်တော်တို့လည်း စကားတပြောပြောနှင့် လက်ဖက်ရည်သောက်နေစဉ် ချန္ဒရာက သူ့ဖခင်အား -

"ဖေဖေ - ဟောဒီအန်ကယ်က ဒီတောအိမ်ကလေးမှာ ကျန်းမာရေးအတွက်နေဖို့ သိပ်သဘောကျနေပြီ"

"ဒါဖြင့်လည်း နေပေစေပေါ့ - သမီးရယ်၊ ဘာတာဝန်လေးတာမှတ်လို့ ဟုတ်လားဗျ - ဦးတင်မောင်"

"စိတ်ကူးတာပဲ ခင်ဗျာ၊ ဆရာကြီးကို မမေးရသေးပါဘူး၊ ဆရာကြီး သဘောကျရင် ကျွန်တော်တော့ နေချင်တာပဲ"



ထိုအခါ အင်(မ)ကြာရှိုးက မိမိတို့မှာ အစားအာဟာရ မှန်မှန်စားရ၍ ပင်လယ်လေ ကောင်းစွာရသောနေရာ၌ နေရလျှင် မည်သည့်နေရာ၌ပင် နေရစေကာမူ တစ်စုံတစ်ရာ ငြင်းဆန်ရန် မရှိကြောင်း၊ မြန်မာပြည်မှ ထွက်ခဲ့စဉ်ကပင် ကျွန်တော့်သဘောအတိုင်း ထွက်ခဲ့သည်ဖြစ်၍ ယခုနေထိုင်ရန်မှာလည်း ကျွန်တော့်သဘောအတိုင်းပင်ဖြစ်ကြောင်းနှင့် ပြန်ပြောလေ၏။

သို့ဖြစ်၍ ကျွန်တော်တို့လည်း တနင်္ဂနွေ (၂)ပတ်ခန့်နေမည်ဟု သန္နိဋ္ဌာန် ချလိုက်လေ၏။ ထို့နောက် ချန္ဒရာက -

"ဪ - ဒါထက် - အန်ကယ်တို့ရောက်တဲ့အခိုက် အဆန်းအပြားတွေ သွားကြည့်ပါဦးလား၊ လိုက်ပြလိုက်ပါလား - ဖေဖေ"

"ဘာလဲ - သမီးရဲ့ ဘာကိုပြောတာလဲ"

"သူဌေးမှုကာဂျီအိမ်က ငါးကြီးလေ၊ ဖေဖေက အန်ကယ်နဲ့ မာစတာကြီးတို့ကို ပြောမပြဘူး ထင်ပါရဲ့..."

ထိုအခါ ကျွန်တော်က -

"ဘာလဲ - မစ္စတာပရာဆပ်ရဲ့ ချန္ဒရာပြောတဲ့ငါးကြီးဆိုတာ - ဘာလဲ"

ဆပ်၊ ။ "ဒီလိုဗျာ - ဒီလမ်း - ဟိုကမ်းနားဘက်မှာ မစ္စတာမှုကာဂျီဆိုတဲ့ သူဌေးတစ်ဦး ရှိတယ်ဗျ၊ ဒီလူက အရင်က ကာလကတ္တား (ခိုလ်ကတ္တား) မြို့ကိုက်မှာ အုပ်ချုပ်ရေးမှုးလုပ်ခဲ့ဖူးတယ်၊ သူက အိမ်မှာ တိရစ္ဆာန်အမျိုးမျိုး အလှမွေးထားတတ်တဲ့ ဓါသနာရှိတာကို၊ ကုန်ကုန်ပြောကြစို့ဗျာ၊ ငါးတွေကို တောင် ကန်အမျိုးမျိုးနဲ့ မွေးထားတယ်၊ ဒါနဲ့ - လွန်ခဲ့တဲ့ (၃ - ၄)လလောက်က ဟူကလီပင်လယ်ကွေ့ထဲမှာ တံငါတစ်စုဟာ အင်မတန်ကြီးတဲ့ ငါးမန်းဟိုင်းကြီးတစ်ကောင် ရလာတော့ သူက ဝယ်လိုက်တယ်၊ ကျုပ်တို့မြင်ဖူးတဲ့ငါးထဲမှာတော့ အကြီးဆုံးပါပဲဗျာ၊ (၁၃)ပေ ကျော်ကျော်ရှိတယ်၊ ချန္ဒရာပြောတာ အဲ့ဒါပါပဲ"

"သူမို့ကြံကြံဖန်ဖန်ဗျာ၊ ဒီလောက်ကြီးတဲ့ငါးကို မသေအောင်ဘယ်လို များ လုပ်ယူသလဲ မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မိတာက ပိုက်ထဲမှာမိတယ်ဆိုထင်ပါရဲ့၊ ဒီတော့ သည်လောက် ထူးထူးခြားခြားရှိတဲ့ငါးကြီးကို မူကာဂျီတော့ သဘောကျမှာပဲဆိုပြီး မသေအောင်ကမ်းစပ်မှာ ကားဆိုက်ပြီး ကားပေါ်ဆွဲတင်လာကြတာပေါ့ဗျာ"

ထို့နောက် ကျွန်တော်တို့လည်း ချန္ဒရာ အကြံပေးသည့်အတိုင်း သွားရောက်ကြည့်ရှုရန် သဘောတူသည်နှင့် ကားပေါ်သို့ တက်ကြလေ၏။

ထိုအခါ မစ္စတာပရာဆပ်က ချန္ဒရာအား လှမ်း၍ -

"ဟဲ့သမီး - လိုက်ခဲ့ဦးလေ"

"မလိုက်တော့ဘူး - ဖေဖေ"

"နင့်အန်ကယ်နဲ့ မာစတာကို လိုက်ပြဦးမှပေါ့"

"ဖေဖေပြရင် ပြီးရောပေါ့၊ ဖေဖေ - ကျွန်မနဲ့ဒီလူကြီးနဲ့ မျက်နှာကြောမတည့်ပါဘူး"

"အေးကွယ် - ဒါဖြင့်လည်း နေရစ်တာပေါ့၊ ညစာအတွက် သမီးကြည့်ပြီး စီစဉ်ထားနော်"

"ဟုတ်ကဲ့ - ဖေဖေ၊ စီမံထားပါ့မယ် - စိတ်ချပါ"

ကားထွက်သွားသောအခါ မစ္စတာပရာဆပ်က -

"ဒီမူကာဂျီဆိုတဲ့လူက ပိုက်ဆံတော့ ကျိကျိတက်အောင် ချမ်းသာတဲ့လူတစ်ယောက်ပေါ့ဗျာ၊ ယူထားတာတော်မှ အင်္ဂလိပ်ကပြားမကလေး အသက်ငယ်ငယ် ယူထားတဲ့လူဗျ၊ ဒါကြောင့် - သူ့မိန်းမက နွေမှာမြို့ထဲမနေပဲနဲ့ ဒီတောအိမ်မှာ လာနေတာ" ဟု ပြောသဖြင့် ဆရာကြီးလည်း မစ္စတာပရာဆပ်၏ စကားများကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လျက် ရှိလေသည်။

မူကာဂျီ၏အိမ်မှာ ကျွန်တော်တို့တည်းခိုသောနေရာနှင့် (၆)ဖာလုံခန့်ဝေးသဖြင့် ကျွန်တော်တို့ကားကလေးသည် ပန်းနုရောင်ဆေးများ သုတ်ထားသော ဝင်းခြံကြီးတစ်ခု၏ဂိတ်ဝတွင် ရပ်၍ ဟွန်းကို မှုတ်လေ၏။

မကြာမီ ဂိတ်ပေါက်အနီးရှိ အစောင့်အိမ်ကလေးအတွင်းမှ ကုလားတစ်ယောက်ထွက်လာ၍ထိုသူသည် မစ္စတာပရာဆပ်၏မျက်နှာကိုမြင်လိုက်သည်တွင် မစ္စတာပရာဆပ်အား အရိုအသေပြုပြီးနောက် ဝင်းတံခါးကို ဖွင့်ပေးလေသည်။

ဝင်းအတွင်းသို့ မြေနီလမ်းကလေးမှ ကွေ့၍ မောင်းသွားပြီးနောက် ကျွန်တော်တို့ ကားသည် ထန်းပင်ကလေးများ ပိုင်း၍ထားသော ဆင်ဝင်ကလေးတစ်ခုအောက်တွင် ရပ်လေ၏။

လက်ယာဘက်ဘေး၌ကား ဝရန်တာအောက်တွင် အုတ်ခုံစပ်မြင့်မြင့်ကလေးတစ်ခုရှိ၍ ထိုနေရာတွင် အသက် (၄၀)ခန့်ရှိ ကုလားခပ်ဝဝတစ်ယောက်၊ အသက် (၂၀)ခန့်ရှိ အင်္ဂလိပ်ကပြားမကလေးတစ်ယောက်၊ အသက် (၃၅)နှစ်ခန့်ရှိအခြားဥရောပတိုက်သူမိန်းမတစ်ယောက်တို့ စကားဝိုင်းဖွဲ့ပြောနေသည်ကို ကားမဆိုက်မီကပင် ကျွန်တော်တို့မြင်ရ၏။

ခပ်ဗိုင့်ဗိုင့်လူကြီးမှာ အိမ်ရှင်မူကာဂျီပင် ဖြစ်ဟန်ရှိလေသည်။

ထိုသူသည် ကျွန်တော်တို့ ကားဆိုက်ရာသို့ ခပ်သုတ်သုတ် လာရောက်ကာ ပစ္စတာပရာဆပ်အား လက်အုပ်ချီ၍ နှုတ်ဆက်ကာ အားတက်သရောခရီးဦးကြိုပြုလျက် ရှိလေသည်။

ဂျီ ။ ။ ခင်ဗျားကလည်းမပေါ်လာတာ ကြာပြီဗျာ၊ ဪ - ဧည့်သည်တွေလည်း ပါလာတာကိုး၊ လာကြဗျာ - လာကြပါ"

ဆပ် ။ ။ "ဟုတ်ကဲ့ဗျာ - ခင်ဗျားခြံထဲမှာ အထူးအဆန်းတွေကြည့်ရအောင်ဆိုပြီး ခေါ်လာခဲ့တာပဲ"

"ဘယ်ကလဲဗျ - ဧည့်သည်တွေက"

"မြန်မာပြည်က အလည်လာကြတဲ့ မိတ်ဆွေတွေပါ - မစ္စတာမူကာဂျီ"

"ကိုင်း - လာကြပါဗျာ၊ ဧည့်ခန်းကို"

သို့နှင့် မစ္စတာမူကာဂျီလည်း ကျွန်တော်တို့လူစုအား ဧည့်ခန်းသို့ ခေါ်သွားလေ၏။

ဧည့်ခန်းမှာ ဆင်ဝင်နှင့် တည့်တည့်တွင်ရှိ၍ ဖက်ဖူးရောင်မွေးရှည်ကော်ဇောကြီးကို ခင်းထားလျက် ဆိုဖာနှင့် ခန်းဆီးများသည်လည်း အားလုံးဖက်ဖူးရောင်ပင် ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

မစ္စတာပရာဆပ်က ကျွန်တော်တို့မှာ ကျန်းမာရေးအတွက် မြန်မာပြည်မှလာရောက်ကြသောမိတ်ဆွေများဖြစ်၍ ဆရာကြီး အင်(မ)ကြာရိုးမှာ ဗေဒင်လက္ခဏာ ပါရဂူတစ်ယောက်ဖြစ်ပြီးလျှင် ကျွန်တော့်မှာ စာသမားပေသမား၊ သတင်းစာဆရာတစ်ယောက်ဖြစ်ကြောင်း၊ ကျွန်တော်တို့မှာ ယခုအခါ သူ၏ တဲအိမ်တွင် ခေတ္တတည်းခိုလျက်ရှိကြောင်း မိတ်ဆက်ပေး၏။

ထိုအခါ သူဌေးမှုကာဂျီကလည်း ကျွန်တော်တို့နှစ်ယောက်အား သူ့ဇနီးချောကလေးနှင့် မိတ်ဆက်ပေးလေသည်။

ထို့နောက် အသက်(၃၀)ခန့်ရှိမိန်းမအား မစ္စစ်ဂရေးဖြစ်ကြောင်း၊ ၎င်းမှာ ကျွန်တော်တို့ နေထိုင်ရမည့် တောအိမ်ကလေးနှင့် တစ်ခြံခြားခြံတွင် နေထိုင်၍ အိမ်နီးပါးချင်းဖြစ်ကြောင်း မစ္စတာပရာဆပ်က ပါဝင်၍ မိတ်ဆက်ပေး၏။

မစ္စစ်ဂရေးမှာ မှုကာဂျီဇနီးမောင်နှံနေထိုင်သောနေရာနှင့် ဧပ်လှမ်းလှမ်း ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်ရှိရာ ၎င်း၏မျက်နှာမှာ ဒေါသဥပဒ် တစ်စုံတစ်ရာ တွေ့ကြုံနေရသောသူတစ်ယောက်ကဲ့သို့ အလွန်ညှိုးငယ်ပူဆွေးသောလက္ခဏာရှိကြောင်း တွေ့ရ၏။

သူနှင့် မိတ်ဆက်ပေးသောအခါ မစ္စစ်ဂရေးသည် ကျွန်တော်တို့အား အနိုင်နိုင် ပြန်၍ပြုံးကာ ဦးညွှတ်လိုက်လေသည်။

ညည့်ခန်း၌ ထိုင်မိကြ၍ ကျွန်တော်လည်း မစ္စတာမှုကာဂျီဇနီးမောင်နှံတို့အား အကဲခတ်လျက်ရှိရာ မှုကာဂျီမှာ ဝဝပုပု၊ ဖိုင့်ဖိုင့်ဖြစ်၍ လူပုသလောက် မျက်နှာမှာလည်း ဝိုင်းစက်လျက်ရှိ၏။

မောက်၍နေသောနဖူးအထက်၌ ထိပ်မှာပြောင်၍နေပြီးလျှင် ကျွန်တော့်ဘက်သို့ မကြာမကြာ မျက်နှာလှည့်ကာ ပြုံးပြုံးရွှင်ရွှင် ရှိသော်လည်း သေးငယ်ကျဉ်းမြောင်းသော မျက်လုံးကလေးများမှာမူ စူးရှတောက်ပ၍ အေးစက်စက် ရှိလှ၏။

အကောင်းဆုံးသော ပိုးသားရှပ်အင်္ကျီ၊ ပိုးဘောင်းဘီတို့ကို ဝတ်ထား၍ လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်ထားသည့် လက်စွပ်ကြီးပင် ရတီ(၂၀)ထက် နည်းမည် မဟုတ်ချေ။ စိန်မှာလည်း အပြာနရောင်ထွက်နေသည့်



ခဲသား မျိုးဖြစ်၍ လက်ကို ဝှေ့ယမ်းလိုက်တိုင်း အရောင်တဖိတ်ဖိတ်ထွက်တာ မျက်စိ များ ကျိန်းလုမတတ် ရှိလေသည်။

မစ္စစ်မှုကာဂျီမှာမူ ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်ပင် ရှိလျက် နင်းပွင့်တမျှ ဖြူဆွတ်သန့်ရှင်းသောအသား၊ ပြာလဲ့လဲ့မျက်လုံး၊ ရွှေရောင်တောက်သောဆံပင်၊ ဖြူစင်သော သွားကလေးများရှိပြီးလျှင် ကျွန်တော်တို့မျက်နှာကို တစ်ချက်မျှ မျက်လုံးကစားလိုက်ပြီးလျှင် ပြုံးသည်ဆိုရုံမျှ ပြုံး၍ကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ငုံ့လျက်ရှိလေ၏။

သို့ဖြစ်၍ ဤမျှလောက် အဆင်မပြေသောစုံတွဲမျိုး ရှိပေသေးသည်ဟု ကျွန်တော်လည်း အံ့သြမိ၏။

အသက်(၃၅)နှစ်ခန့်ရှိကပြားမိန်းမကြီးက မစ္စစ်ဂရေးဖြစ်၍ လွန်ခဲ့သော (၄၊၅)ရက်ကမှ သူ၏လင်ယောက်ျား ပျောက်ဆုံးသွားသည့်အတွက် စိတ်ဒုက္ခရောက်နေသူတစ်ယောက်ဖြစ်ကြောင်း မှုကာဂျီ ပြောပြသဖြင့် သိရ၏။

သူကမူ ကျွန်တော်တို့ကိုမြင်လျှင်မြင်ချင်း၊ အထူးသဖြင့် ဆရာကြီး အင်(မ)ကြာရိုး၏မျက်နှာကိုကြည့်ကာ ဖော်ရွေဟန်အမူအရာရှိလေသည်။

* * *

မှုကာဂျီက မစ္စစ်ဂရေးအကြောင်းကို ပြောပြရာ၌ ၎င်း၏ လင်ယောက်ျား မစ္စတာဂရေးမှာ အင်ဂျင်နီယာတစ်ယောက်ဖြစ်၍ ကာလကတ္တား သကြားစက်ရုံတစ်ရုံတွင် ဒုတိယစက်ဆရာဖြစ်ကြောင်း၊ လွန်ခဲ့သော စနေနေ့ညက အပြင်သို့ ခေတ္တလမ်းလျှောက်ထွက်ဦးမည်ဟုပြောကာ ရှပ်လက်တို၊ ဘောင်းဘီတိုကိုဝတ်ကာ ကြိမ်တုတ်ကလေးကိုကိုင်၍ အပြင်သို့ ထွက်သွားကြောင်း ထိုညက မိမိအိမ်သို့ ခါတိုင်းလာနေကျဖြစ်သော်လည်း မလာဘဲ မည်သည့်နေရာသို့ ထွက်သွားသည်မသိ၊ ထိုအခါကစ၍ အိမ်သို့ ပြန်မလာကြောင်း မိမိစိတ်ထင်မှာ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းတစ်ဦးဦးနှင့်တွေ့ကာ အလည်လွန်၍နေခြင်းမျှသာ ဖြစ်မည်ထင်ကြောင်း ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မစ္စက်ဂရေးသည် မျက်ရည်များကိုသုတ်လျက် မူကာဂျီအား –

"ကျွန်မစိတ်ထင်ဖြင့် အသက်မရှိတော့ဘူးထင်တာပဲ – အစ်ကိုကြီးရယ်၊ ဘယ့်နှယ်နည်းနဲ့မျှ – သည်လောက် သူ့အလည်လွန်တာ မဟုတ်နိုင်ပါဘူးရှင်"

"နေပါဦး – မစ္စစ်ဂရေးရဲ့ အရင်လည်း အိမ်ကို မပြောဘဲနဲ့ ညအိပ်ညနေသွားဖူးတယ်ဆို"

"တစ်ခါနှစ်ခါတော့ သွားဖူးပါတယ် – အစ်ကိုကြီးရယ်၊ ဒါပေမဲ့ – မနက်ကျရင် ချက်ချင်း ပြန်ရောက်လာတာပါပဲ၊ ဒီကနေ့ – အင်္ဂါနေ့တောင်ရှိပြီ အစ်ကိုကြီးရဲ့ သုံးရက်ရှိလို့မှ ပြန်မလာပုံထောက်တော့ ..."

စကားကို ဆက်၍မပြောနိုင်တော့ဘဲ မစ္စစ်ဂရေးသည် တစ်ချက်နှစ်ချက်ရှိုက်ကာ မျက်ရည်စများကို လက်ကိုင်ပဝါကလေးဖြင့် သုတ်လျက်ရှိလေ၏။

ထိုအခါ မစ္စတာပရာဆပ်က ဝင်၍ မိမိအိမ်မှာ အိမ်နီးချင်းပင်ဖြစ်သော်လည်း ဤသို့ မစ္စတာဂရေး ပျောက်ဆုံးနေသည်ကို ယခုမှပင် သိရကြောင်း၊ ပုလိပ်အား ယခုအချိန်ထိ အဘယ့်ကြောင့် အကြောင်းမကြားဘဲ နေသည်ကို မိမိအံ့သြကြောင်း၊ မည်သည့်အကူအညီမျိုးမဆိုလိုက မိမိကပေးရန် အသင့်ရှိကြောင်းနှင့် အားပေးစကား ပြောကြားလျက် ရှိလေ၏။

ထိုအခါ ကျွန်တော်တို့မှာ အလည်အပတ်လာရာတွင် ဒုက္ခသည်ကို တွေ့ရသဖြင့် မလွဲမရှောင်သာသောကြောင့် မစ္စတာပရာဆပ်နှင့်အတူ အားပေးစကား ဝင်ရောက်ပြောဆိုလျက် ရှိကြရာ ဆရာကြီး အင်(မ)ကြာရှိုးက –

"ဘာဖြစ်လို့ ပုလိပ်ကို မတိုင်တာလဲခင်ဗျာ၊ ဒီကိစ္စမျိုးဟာ ပုလိပ်မှ တတ်နိုင်ပါတယ်"

"မတိုင်သေးတာက အခြားမဟုတ်ဘူးရှင့်၊ ဟောဒီအစ်ကိုကြီးက နင့်ယောက်ျားဟာ ပြန်ချင်ပြန်လာမှာ မတိုင်နဲ့ဦးလို့ ပြောထားလို့ ..."

"မိတ်ဆွေသင်္ဂဟတွေဆီကိုတော့ အားလုံးအကြောင်းကြားပြီးပြီလား ခင်ဗျာ"



"ဟုတ်ကဲ့ – အားလုံးသတင်းပို့ပြီးပါပြီရှင့်၊ လူတွေလိုက်ရှာဖို့အနှံ့အပြားလွှတ်ထားပါတယ်"

ထိုအခါ မစ္စတာမူကာဂျီသည် အင်(မ)ကြာရှိုးအား မသိမသာ တစ်ချက်မျက်စောင်းထိုးလိုက်ပြီးနောက် –

"ခင်ဗျားတို့က အခုမှ မြန်မာပြည်က လာကြတာပေါ့ဗျာ၊ မစ္စတာဂရေးအကြောင်း ဘာမျှသိတာ မဟုတ်ပါဘူး၊ သူက တစ်ဖွတ်ထိုးသမားဗျ၊ အရက်လည်းသောက်တယ်၊ အပျော်အပါးလည်းလိုက်တယ်၊ ဒီတော့ – ကာလကတ္တားက ပျော်ပွဲစားရုံတွေ၊ ဟိုတယ်တွေမှာ (၃)ရက်၊ (၄)ရက် လျှောက်လည်ချင်လည်နေမဲ့ လူတစ်ယောက်ဗျ – သိလား"

ထို့နောက် မူကာဂျီလည်း မစ္စတာပရာဆပ်ဘက်သို့လှည့်ကာ –

"ကိုင်း – ရောက်တဲ့အခိုက် – ခင်ဗျားရော၊ ဧည့်သည်တွေရော ညနေစာစားပြီးမှ ပြန်ကြရမယ်နော်"

"ဒုက္ခမရှာပါနဲ့ – မိတ်ဆွေ၊ ဒီလူတွေက ခင်ဗျားမွေးထားတဲ့ ငါးမန်းကြီးကို ကြည့်ချင်တယ်ဆိုပြီး လိုက်လာကြတာပါ၊ ကြည့်ပြီး – ကျုပ်တို့ ပြန်ကြမှာပဲ"

"ကြည့်ရပါတယ် – မစ္စတာပရာဆပ်ရဲ့၊ နေ့လယ်စာစားပြီးတော့ အေးအေးဆေးဆေး ကြည့်ကြတာပေါ့၊ ရောက်တဲ့အခိုက် ဘာမျှမကျွေးရဘူးဆိုရင် ကျုပ်တို့ဝတ္တရားပျက်ရာ ရောက်တော့မပေါ့၊ ကိုင်း – ဒါလင်ရေ – ကျုပ်တို့လူစု ညနေစာ ပျော်ပျော်စားကြရအောင်၊ အစေခံတွေ ကြည့်ပြီး စီမံချေပါဦး"

မစ္စတာမူကာဂျီသည် သူ၏ဇနီးသည်အား လှမ်း၍ပြောလိုက်ရာ မစ္စစ်မူကာဂျီလည်း ဇာတိုးနေရာမှ အခန်းတွင်းသို့ ဝင်သွားလေ၏။

ထိုအခါ မူကာဂျီသည် မစ္စတာပရာဆပ်နှင့် အတူတူ တိုင်းရေးပြည်ရေးများ အကြောင်းများကို စကားကောင်းလျက်ရှိရာ မစ္စစ်ဂရေးမှာ ကျွန်တော်တို့နှင့် အနီးဆုံးထိုင်၍နေသဖြင့် ဆရာကြီးအား –

"ဩော် – ဆရာက မြန်မာပြည်က လက္ခဏာဆရာကြီးဆိုတာ ဟုတ်တယ်"

"မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အရင်တစ်ခါတုန်းက မေရှာလင်းဘတ်တို့နဲ့ တွေ့ပြီး မစွက်လင်းဘတ်ကို လက္ခဏာ ဖတ်လိုက်တယ်ဆိုတာပဲလား"

"ဟုတ်ပါတယ်"

"သိပ်ထူးဆန်းတာပဲ - ဆရာ၊ ကျွန်မဖြင့် သိပ်အံ့ဩတာပဲ၊ ဒါထက် - အခုလိုဒုက္ခရောက်နေကြတဲ့အခါ ကျွန်မယောက်ျားအကြောင်းကလေးများ တတ်နိုင်ရင် တစ်ဆိတ်လောက်ဟောခဲ့ပါလားရှင်၊ ဩော် - ဒါထက် - ဟောခ ဘယ်လောက်ယူပါသလဲ - ဆရာ"

"ထုံးစံတော့ (၁၀၀) ယူပါတယ်၊ ဒါပေမဲ့ - ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဒုက္ခဖြစ်နေတဲ့လူတစ်ယောက် ကူညီရမယ့်ဝတ္တရားရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ မစ္စတာဂရေးရဲ့ စုနစ်သက္ကရာဇ်ကို အသေအချာ သိရဲ့နော်"

"ဒါတော့ - မသိဘူးရှင်၊ ခက်တာပဲ"

"ဒါဖြင့်လည်း ကြံဖန်ပြီး တွက်ကြည့်ရတာပေါ့ - မစ္စစ်ဂရေး၊ ပထမဆုံး သိချင်တာက ဘယ်အချက်လဲ"

"ကျွန်မယောက်ျားဟာ အခုအချိန်မှာ အသက်ရှင်သေးသလား၊ မရှိတော့ဘူးလား - ဒါပါပဲ"

"တကယ်လို့ မကောင်းတာဟောမိရင် စိတ်ခိုင်ခိုင်ထားနိုင်ပါ့မလား"

"ခိုင်ပါတယ်ရှင်၊ လူဆိုတာ တစ်သက်တစ်ခါ သေကြစမြဲတဲ့၊ သေပြီဆိုတာ အတိအကျသိရရင်လည်း ဝမ်းထဲမှာ အလုံးကြီးတစ်ခု ကျသွားတာပါပဲ၊ အခုလို သေမှန်းမသိ၊ ရှင်မှန်းမသိ တစ်နေ့လာနိုး တစ်ရက်လာနိုး ဟိုနာရီရောက်နိုး၊ ဒီနာရီရောက်နိုးနဲ့ မမြင်နိုင်တာကိုမှန်းပြီး တွေးနေရတာထက်တော့ စိတ်သက်သာရာ ရကောင်းရဲ့လို့ အောက်မေ့ရတာပါပဲ ရှင်"

"စုနစ်သက္ကရာဇ်ကိုတော့ မသိဘူးနော်"

"မသိပါဘူးရှင်၊ ရှေ့လမှာ (၂၆) နှစ် ပြည့်မယ်လို့တော့ သူတစ်ခါ ပြောဖူးပါတယ်"

"ဒါဖြင့် - မစ္စစ်ဂရေးထက် အများကြီးငယ်တာပေါ့"



"ဟုတ်ပါတယ်ရှင်၊ ကျွန်မက အခု (၃၇) နှစ်၊ သူက (၂၆) နှစ်ဆိုတော့ သူက ကျွန်မထက် (၁၁) နှစ် ငယ်ပါတယ်"

ထိုအချိန်၌ ကျွန်တော်မှီနေသော ဆိုဖာနောက်ရှိနံရံတွင် ပြက္ခဒိန်တစ်ခု ချိတ်ထားသဖြင့် ဆရာကြီးလည်း ကျွန်တော့်အား ပြက္ခဒိန်ကိုဖြုတ်ပေးရန် လှမ်း၍တောင်းလိုက်သဖြင့် ကျွန်တော်လည်း ဖြုတ်၍ပေးလိုက်၏။

ထို့နောက် ဆရာကြီးသည် ပြက္ခဒိန်စာရွက်ပေါ်ရှိ ဂဏန်းများအနက် (၄) ဂဏန်းနှင့် (၆) ဂဏန်းကို လက်ညှိုး၊ လက်ခလယ် (၂) ဖက်ဖြင့် ခွ၍ ထောက်ပြပြီးသော် -

"ကိုင်း - မစ္စစ်ဂရေး - ဟောဒီဂဏန်း (၂) လုံးအနက် ခင်ဗျားကြိုက်တဲ့ ဂဏန်း ထောက်ပြစမ်း"

"ဆရာ - အခုလက်ထောက်ထားတဲ့ ဂဏန်း (၂) လုံးအနက် တစ်လုံးလုံးကို ထောက်ပြရမယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

မစ္စစ်ဂရေးသည် တစ်ခဏမျှ စဉ်းစားဟန်ပြုပြီးနောက် (၆) ဂဏန်းကို ထောက်၍ပြလေ၏။

"(၆) ဂဏန်းကို ထောက်တယ်နော်"

"ဟုတ်ပါတယ်"

"ကိုင်း - ဒီတစ်ခါ ပြက္ခဒိန်စာရွက်ပေါ်မှာ (၁) ကနေ (၃၀) ရှိတဲ့အနက် ကြိုက်ရာဂဏန်းတစ်လုံးတည်း ထောက်ပြစမ်း"

ထိုအကြိမ်၌ မစ္စစ်ဂရေးမှာ စဉ်းစား၍ပင်မနေဘဲ (၂) ဂဏန်းကို ထောက်ပြလေသည်။

ဆရာကြီးသည် တစ်ချက်မျှ သက်ပြင်းချလိုက်ရာ မစ္စစ်ဂရေးက ရိပ်ခနဲ မြင်လိုက်သည်နှင့် -

"ဘယ့်နှယ်လဲရှင့် - သေပြီလား"

"ဟုတ်ပါတယ်၊ မစ္စစ်ဂရေးထင်တဲ့အတိုင်းပါပဲ၊ သူ့အလိုအလျောက် သွေးရိုးသားရိုးသေတာတော့ မဟုတ်ဘူး၊ တိရစ္ဆာန်တစ်ကောင်ကောင်ကိုက်



www.burmeseclassic.com

www.burmeseclassic.com

လို့သေရာတယ်၊ စိတ်နိုင်နိုင်ထားပါနော်၊ မစ္စစ်ဂရေး လူဆိုတာ အသက်ရှင်လာတဲ့နေ့ကစပြီး တစ်နေ့နေ့ သေရတော့မယ် မုချပဲ မဟုတ်လားဗျ"

"မှန်ပါတယ် - ဆရာ၊ ကျွန်မစိတ်ကို တင်းထားပါတယ်"

ထိုအချိန်၌ မူကာဂျီသည် မစ္စတာပရာဆပ်နှင့် စကားပြောနေရာမှ ဆရာကြီး၏ နောက်ဆုံးစကားသံကို နားစွင့်လိုက်မိသည့်ဟန်ဖြင့် ကျွန်တော်တို့ဘက်သို့ ဖျတ်ခနဲ လှည့်လိုက်ပြီးလျှင် -

"ဘာဗျ - မိတ်ဆွေ - တိရစ္ဆာန်တစ်ကောင်ကိုက်လို့ သေရမယ်ဟုတ်စ၊ မြွေပါနေတာ တိရစ္ဆာန်ကိုက်လို့သေရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ၊ တောမှာကျားကိုက်တယ်ဆိုရင်တော့ ဟုတ်သေးရဲ့၊ ဗေဒင်တို့ လက္ခဏာတို့ဆိုတာ ကျုပ်ဖြင့် နည်းနည်းမှ —"

ထိုအခါ ဆရာကြီးလည်း ထိုစကားကို ပြန်၍ချေပမည်ပြုစဉ် မစ္စစ်မူကာဂျီသည် အဝတ်တစ်မျိုးလဲ၍ အခန်းတွင်းမှ ထွက်ခဲ့ပြီးလျှင် ညနေစာ အသင့်ရှိနေပြီဖြစ်ကြောင်း ဖိတ်ခေါ်လျက်ရှိသည်နှင့် ကျွန်တော်တို့လည်း လိုက်ပါသွားရလေ၏။

အလယ်ခန်းလက်ဖက်ရည်ပွဲကို ရောက်လာကြသောအခါ မစ္စတာပရာဆပ်လည်း စကားလက်စ ပြတ်စေလိုသည့်သဘောဖြင့် -

"နေပါဦးဗျ၊ ခင်ဗျားမွေးထားတဲ့ငါးကြီးက ဘာငါးမျိုးခေါ်သလဲ"

"တိုက်ဂါးရှပ်လို့ ခေါ်တယ်ဗျ၊ ရှပ်ခေါ်တဲ့ ငါးမန်းဟိုင်းမျိုးထဲမှာတော့ ဒီအမျိုးဟာ အကြီးဆုံးနဲ့ ကြောက်စရာအကောင်းဆုံးပဲ၊ ဒါကြောင့် - သူ့ကို ရေကန်သက်သက် လုပ်ပေးထားရတယ်၊ အရှည် (၁၃)ပေနဲ့ (၇)လက်မရှိတယ်၊ လူတစ်ယောက်တော့ ချောင်ချောင်ကလေးမျိုနိုင်တဲ့ အကောင်ကြီးမျိုးပေါ့ဗျာ"

"အရင်တစ်ခါ ပင်လယ်မျှော့ကြီးတစ်ကောင် ရလာသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ အော်တိုပတ်ဆိုတဲ့ ခြေ (၈)ချောင်းရှိတဲ့အကောင်ကြီးဒါ၊ ဒီအကောင်ကြီးတော့ သေသွားရှာပြီ"



"ခင်ဗျားလည်း ဒီဟာတွေ သိပ်ဝါသနာပါတာပဲနော်"

"ဝါသနာဆိုတာ ဒီလိုပေါ့လေ၊ ကျုပ်တော့ ဒီအကောင်ကြီးတွေ စားတာသောက်တာ ကြည့်နေရရင် သိပ်ကြည်နူးတာပဲ"

ညနေစာ စားသောက်၍အပြီး၌ မူကာဂျီသည် ကျွန်တော်တို့အား ငါးမန်းကြီးထားရာ ရေကန်ကြီးသို့ ခေါ်သွားလေ၏။

မစ္စစ်ဂရေးနှင့် မစ္စစ်မူကာဂျီတို့ကား မလိုက်ဘဲ နေရစ်ခဲ့လေသည်။

ရေကန်ကြီးမှာ အလျားပေ (၁၀)၊ အနံ (၁၅)ပေခန့်ရှိ၍ အိမ်၏နံဘေးတွင်ရှိရာ ကန်နှင့် မနီးမဝေး၌လည်း ကန်စောင့်၏ အိမ်ကလေးရှိလေသည်၊

ကန်အနီးသို့ ရောက်သောအခါ မူကာဂျီက -

"ဟေ့ - ဟူစိန် - လာပါဦးကွဲ့၊ ဟောဒီက ဧည့်သည်တွေကို မင်းငါးကြီးပြလိုက်စမ်းပါဦး" ဟု အော်၍ခေါ်လိုက်လေ၏၊

မကြာမီ အစောင့်အိမ်ကလေးထဲမှ အရပ်အမောင်း မြင့်မားထွားကျိုင်းသော ကုလားကြီးတစ်ယောက် ထွက်လာပြီးလျှင် ကျွန်တော်တို့နှင့်အတူ ရေကန်ဆီသို့ လိုက်ပါလာလေ၏၊

ရေကန်အတွင်း၌ကား ဦးခေါင်းနှင့် ပါးစပ်မှာ အဆမတန်ကြီးမားလျက် အဖျားဘက်၌ တုတ်တုတ်တိုတိုကြီး ရှိနေသည့် ငါးကြီးတစ်ကောင် ရေအောက်တံတောင်ခန့်အနက်တွင် ငြိမ်ဖြည်းဖြည်း ကူးခတ်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏၊

(၅)ပေခန့်ရှိသည့် ဦးခေါင်း၏ နောက်၊ ဘေးတစ်ဖက်တစ်ချက်၌ကား (၂)ပေခန့်စီရှိသည့် ဆူးတောင်ကြီး (၂)ခုရှိရာ ၎င်းနှင့်အားယူ၍ ယက်တန်လျက် ရှိလေသည်၊

မူကာဂျီသည် ဟူစိန်ဘက်သို့လှည့်၍ "ဟေ့ - ဟူစိန် - မင်းငါးကြီး တယ်ငြိမ်ချက်သား ကောင်းပါကလားဟေ့"

"ဟုတ်တယ် - သခင်"

"အစာကော - စားရဲ့လား"

"ကောင်းကောင်းမစားတာ (၂)ရက်ရှိပြီ - သခင်"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ်၊ ရေသတ္တဝါဆိုတော့ ဘယ်ဆေး၊ ဘယ်ဝါးပေးရမယ်ဆိုတာ အခက်သားကလား။ တိရစ္ဆာန်ရဲ့ရေသတ္တဝါဘက်ဆိုင်ရာ ဆရာဝန်နဲ့ တိုင်ပင်ကြည့်ဦးမှပဲ"

ထို့နောက် ကျွန်တော်တို့လည်း အိမ်ထဲသို့ပြန်၍ ဝင်ခဲ့ကြလေ၏။

နောက် (၁၀) မိနစ်ခန့် ကြာသောအခါ ကျွန်တော်တို့လည်း မှုကာကိုဇနီး မောင်နံတို့အား နှုတ်ဆက်၍ ကားပေါ်သို့ တက်ခဲ့ကြရာ မစ္စစ်ဂရေးက မိမိအိမ်သို့ အားလပ်လျှင် အလည်အပတ်လာရန် အကြောင်း ကျွန်တော်တို့အား နှုတ်ဆက်ရင်း မှာလိုက်သေး၏။

ထိုည ညစာ စားသောက်ပြီးသောအခါ မစ္စတာပရာဆပ်တို့သားအဖ ပြန်သွား၍ ကျွန်တော်တို့လည်း တောအိမ်၌ အိပ်ရန် နေရစ်ခဲ့ကြ၏။

ကျွန်တော်တို့ပစ္စည်းနှင့် ဝန်စည်စလယ်များကိုမူ အစေခံတစ်ယောက် ထည့်လိုက်၍ ထိုအစေခံက ကားနှင့်ပြန်၍ ယူခဲ့လေသည်။

တောအိမ်ကလေးမှာ အစေခံများမှတစ်ပါး မည်သူမျှမရှိသဖြင့် ကျွန်တော်တို့မှာ မြို့ထဲ၌ တည်းခိုရသည်ထက်ပင် လွတ်လပ်စွာရှိနေသဖြင့် ဆရာကြီးက -

"ကျန်းမာရေးအတွက်ရော၊ စိတ်ကိုအနားယူဖို့အတွက်ရော အကောင်းဆုံးနေရာပဲကွ။ ကိုတင်မောင် - လကလေးကလည်း သာ၊ ပင်လယ်လေညင်းကလေးကလည်း တဖြူးဖြူးလာတော့ သာယာတဲ့နေရာမှာလည်း ပထမတန်းပါပဲဗျာ" ဟု ပြောဆိုကာ ဝရန်တာတွင် ရွက်ဖျင်ကုလားထိုင်တစ်ချပ်စီနှင့်ထိုင်ရင်း နှစ်သိမ့်ကျေနပ်လျက် ရှိကြကုန်၏။

သို့နှင့်ကျွန်တော်တို့မှာ နံနက်အိပ်ရာထတွင် ပင်လယ်ကမ်းခြေဘက်သို့ တစ်နာရီခန့်မျှ လမ်းလျှောက်ရင်း အပြန်တွင် ဘွိုင်က အသင့်ပြင်ထားသည့် ချွတ်တားဟာဇရီ (နံနက်ခင်းလက်ဖက်ရည်) ကိုသောက်ခြင်း၊ ထို့နောက် နာရီဝက်ခန့် ကိုယ်လက်လှုပ်ရှားကစားမှုကို ပြုလုပ်ပြီးလျှင် ရေမိုးချိုးခြင်း၊ (၁၁) နာရီတွင် နံနက်စာ စားရခြင်း၊ ထို့နောက် တရေးတမောအိပ်ခြင်း၊ နေ့လယ် (၂) နာရီတွင် လက်ဖက်ရည်တစ်ကြိမ် သောက်ပြန်ခြင်းမှစ၍ စား



ကောင်းသောက်ကောင်း ဆေးလိပ်သောက်၍ ကောင်းဆိုသကဲ့သို့ဖြစ်ကာ လောကီနိဗ္ဗာန်သို့ ရောက်လျက် ရှိကြကုန်၏။

နောက်တစ်နေ့ နေ့လယ်၌ ကျွန်တော်တို့လည်း လက်ဖက်ရည်သောက်ပြီး၍ ပန်းဥယျာဉ်တွင်းရှိ ခနီပင်ကလေးများ ဝိုင်းရံလျက်ရှိသော မြက်ခင်း တစ်ခုပေါ်တွင်ထိုင်ကာ ဆေးတံကိုယ်စီခဲလျက် ရှိကြရာမှ ဆရာကြီး အင်(မ)ကြာရှိုးက -

"ဘယ့်နှယ်လဲ - ကိုတင်မောင်၊ မှုကာကိုတို့လင်မယားအကြောင်း၊ ခင်ဗျား ဘယ်လိုအကဲခတ်မိသလဲ"

"ယောကျ်ားက အရုပ်ဆိုးဆိုး၊ ပုကွကွနဲ့ မိန်းမကတော့ အရွယ်ကလေးကလည်းကောင်း၊ လှလည်းလှ ..."

(စကားမဆုံးမီ) "ဒီဟာ မပြောပါဘူးလေ၊ သူတို့ရဲ့ အကျင့်စာရိတ္တကို အကဲခတ်ရသလောက် မေးတာပါ"

"ဘာများ ထူးထူးခြားခြား ရှိလို့လဲဗျ"

"မိန်းကလေးဟာ သူ့အပေါ်မှာ တယ်ပြီးမေတ္တာရှိပုံ မရဘူးဗျ။ ပြီးတော့ ကျုပ်တို့က နှုတ်ဆက်လိုက်တော့ ကြာမှုပါပါနဲ့ မျက်လုံးကလေးတစ်ချက် လှည့်လိုက်တာဟာ အတော်အဓိပ္ပာယ်ရောက်တယ် - ကိုတင်မောင်"

"အလို - ကိုယ့်ဆရာက တယ်လာပါလား"

"မဟုတ်ဘူးလေ၊ ကျုပ်အကောင်းပြောတာ၊ မိန်းကလေးတွေနဲ့ ဆက်ဆံရပေါင်း များလေတော့ သူတို့မျက်လုံးကို ကျုပ် အကဲခတ်မိသလောက် ခတ်မိတယ် - ကိုတင်မောင်"

"ခင်ဗျားက ဘယ်လိုဆိုလိုချင်လို့လဲ"

"ဒီလိုမျက်လုံးမျိုးဟာ မဟုတ်ခါမှလွဲရော အတော်မျောက်မွေးတတ်တဲ့ မျက်လုံးမျိုးဗျ ..."

www.burmeseclassic.com

"ဆိုချင်လည်း ဆိုနိုင်တာပေါ့ဗျာ၊ ယောကျ်ားက အသက်လည်းကြီးပြန်၊ အရုပ်လည်း ဆိုးပြန်ဆိုတော့ ဖြစ်ချင်ရင်လည်း ဖြစ်မပေါ့၊ ဒါကတော့ လောကမှာ ဓမ္မတာပဲ ဆိုကြပါစို့ရဲ့..."

"ပြီးတော့ - မှုကာရိုကကော"

"သူကတော့ သူဌေးပဲ၊ အရုပ်ဆိုးပေမယ့် မယားချောကလေးတစ်ယောက်ကို ငွေနဲ့ဝယ်ယူနိုင်တာပေါ့"

"မဟုတ်ပါဘူးဗျာ၊ သူ့မျက်လုံးကို ဘယ်လိုအကဲခတ်မိသလဲ မေးတာပါ"

"ကျွန်တော်ဖြင့် မရိပ်မိပေါင်ဗျာ ..."

"သူ့မျက်လုံးက မြွေမျက်လုံးဗျ၊ ဆင်မျက်လုံးလို့လည်း ခေါ်နိုင်တယ်၊ ကြံစရာရှိရင် လူမသိအောင် ကျိတ်ကြံပြီး အပြင်မျက်နှာပြုံးသလောက် ဝမ်းထဲက ကြောက်စရာကောင်းတဲ့လူနဲ့တူတယ်၊ အလို - ဟိုကလာတာ မာလီကုလားမဟုတ်လား၊ သူ့နောက်ကလည်း ကုလားတစ်ယောက် ပါလာတယ်ဗျို့"

ထိုခဏ၌ ကျွန်တော်တို့ခြံမှ မာလီကုလားသည် အခြားကုလားတစ်ယောက်နှင့်အတူ ကျွန်တော်တို့ရှိရာသို့ လာရောက်သဖြင့် ကျွန်တော်တို့လည်း စကားပြတ်၍ သွားလေ၏၊

မာလီကုလားက မိမိနှင့်အတူပါလာသော ကုလားမှာ ခြံတစ်ခြံခြားတွင် ရှိသော မစ္စစ်ဂရေးအိမ်မှ မာလီကုလားဖြစ်၍ ကျွန်တော်တို့သို့ ပေးရန် စာတစ်စောင် ပါလာကြောင်းနှင့် ပြောကြားလေ၏၊

စာအိတ်ပေါ်တွင် "မြန်မာပြည်မှ လက္ခဏာဆရာကြီးသို့" ဟု လိပ်စာ တပ်ထားသဖြင့် ဆရာကြီးလည်း စာအိတ်ကို ချက်ချင်းဖွင့်၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေသည်၊

ဆရာကြီး/

"အရေးကြီးသောကိစ္စတစ်ခုနှင့်ပတ်သက်၍ တိုင်ပင်ရန်ရှိပါသဖြင့် ကျေးဇူးပြု၍ ယခုစာယူလာသောသူနှင့်အတူ ကျွန်မအိမ်သို့ ချက်ချင်း ကြွခဲ့စေလိုပါသည်"

မစ္စစ်ဂရေး

ကျွန်တော်တို့လည်း အဝတ်အစားများကို အမြန်လဲလှယ်၍ မာလီကုလားနှင့်အတူ မစ္စစ်ဂရေးအိမ်သို့ လိုက်ပါသွားလေ၏။

မစ္စစ်ဂရေး၏အိမ်မှာ ကျွန်တော်တို့နှင့် တစ်ခြံခြား၊ အတော်အတန် သပ်ရပ်သောအိမ်ကလေးတစ်ဆောင်ဖြစ်၍ ကျွန်တော်တို့လည်း အိမ်ထဲသို့တန်း၍ဝင်သွားရာ မစ္စစ်ဂရေးသည် ယခင်ကထက် ညှိုးငယ်သောမျက်နှာဖြင့် ကျွန်တော်တို့အား ဆီးကြိုကာ နေရာထိုင်ခင်းများ ပေးရှာလေ၏။

"အခုလို အရေးတယူလိုက်လာကြတာ အင်မတန် ကျေးဇူးတင်ပါတယ်ရှင်။ ပြောရမှာတော့ မကောင်းသတင်းပဲရှင်၊ ဒါနဲ့ - မှုကာရိုအိမ်ကအကြောင်း ဘာမျှမကြားကြသေးဘူးလား"

"မကြားသေးပါဘူးဗျာ၊ ကျုပ်တို့လည်း အိမ်ထဲက အိမ်ပြင်တောင် မထွက်တော့ ဘာသတင်းမျှ မကြားရပါဘူး"

ဝါးကြီးဟာ သကြားထည့်ပြီး
ထားတဲ့ ပေါင်မုန့်တွေလည်းမစား
ဘဲ အမြီးကြီးကို ဟိုခတ်ဒီခတ်နဲ့
ပါးစပ်ကြီး ဖြဲဖြဲနေတာ တွေ့ရ
တယ်။ အဲဒီလိုကြည့်နေရင်းက
ပါးစပ်ကြီးကိုဖြဲပြီး ငိုးခနဲ အန်
ထုတ်လိုက်ပါလေရော ရှင်။ အန်
ထုတ်လိုက်တာက ရောကန်ထဲ
ဆင်းတဲ့ ကျောက်ချောခါးထစ်
ကလေးပေါ် မှာ တင်နေတယ်။
အန်ထုတ်တော့ ဘာတွေ
ထွက်တာတယ် ထင်သလဲ။







www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မယောကျ်ား ဆုံးပြီးဆိုတာတော့ သေချာပါပြီကော ရှင်"

"ဘယ်လိုသေချာပုံလဲ - မစ္စစ်ဂရေးရဲ့ ပြောစမ်းပါဦး - အလောင်းကို တွေ့လို့လား"

"ဒီလိုကိုးရှင့် - ကျွန်မလည်း မနေ့ နေ့လယ်က ရှင် အကြံပေးတဲ့အတိုင်း ကျွန်မယောကျ်ား ပျောက်တဲ့အကြောင်း ပုလိပ်ကို တိုင်ချက်ပေးလိုက်ပြီး ဒါနဲ့ ဒီကနေ့မနက် (၉)နာရီလောက် မစ္စတာမူကာဂျီတို့အိမ်ကို သွားတာကိုးရှင့်။ သွားပြီး ပုလိပ်ကို တိုင်ချက်ပေးလိုက်တဲ့အကြောင်းပြောတော့ မူကာဂျီက ခင်ဗျားဟာ အင်မတန်မိုက်တယ်၊ ကျုပ်ပြောတဲ့စကား နားမထောင်ဘူးတဲ့၊ ခင်ဗျားယောကျ်ား အလည်လွန်နေတိုင်း ပုလိပ်ကို ဘာဖြစ်လို့ ဒုက္ခပေးချင်သလဲ၊ အနည်းဆုံး လေးငါးရက်လောက်တော့ စောင့်ဖို့ ကောင်းသေးတယ်ဆိုပြီး ကျွန်မကို ကြိမ်းလား၊ မောင်းလား လုပ်ပါလေရော ရှင်"

"နေပါဦး - မစ္စစ်ဂရေးရဲ့ ခင်ဗျားက မူကာဂျီနဲ့ ဘယ်လိုများ အဆက်အသွယ်ရှိတယ်ဆိုတာ တစ်ဆိတ်လောက် ပြောစမ်းပါဦး"

"ဒီလိုရှင့် - ကျွန်မတို့မှာ လခကလေးက လေးငါးခြောက်ရာရလေတော့ အမှန်ပြောရမယ်ဆိုရင် ကျွန်မယောကျ်ား သောက်တာစားတာ၊ လည်တာပတ်တာနဲ့ ကျွန်မတို့အသုံးစရိတ်နဲ့ တူကလေးတစ်ယောက် ကျောင်းထားရတာနဲ့ အိမ်မှာထမင်းချက်တို့၊ အစေခံတို့ ငှားတာနဲ့ မလောက်ဘူးရှင့်၊ ဒီတော့ - ငွေကလေး၊ ကြေးကလေးလိုရင် သူတို့ဆီက ဆွဲရပါတယ် ရှင်၊ ဒါနဲ့ တစ်ယောက်ကိုတစ်ယောက် မောင်နှမလို ခင်မင်ခဲ့ကြတာပါ"

"ဒါထက် - အစုတင်ကသတင်းအကြောင်း ဆက်စမ်းပါဦး"

"အဲဒီလို - ကျွန်မနဲ့ စကားပြောနေတုန်းမှာပဲ ငါးကန်ကိုစောင့်တဲ့ ဟူစိန်ဆိုတဲ့ ကုလားကလာပြီး "သခင် - ငါးကြီး - ဘယ်လိုဖြစ်မှန်းမသိဘူး၊ အစာလည်းမစားဘဲအမြီးကြီးထောင်ထောင်ပြီးပါးစပ်ကလဲ ဝှီးဝှီးနဲ့ပါးစပ်ဖြဲဖြဲအော်နေတယ် - သခင်"လို့ ပြောလာတယ်၊ ဒါနဲ့ - ကျွန်မရော၊ မစ္စက်မူကာဂျီရော ညွှန့်သည် တစ်ယောက်ရော၊ မစ္စတာမူကာဂျီပါ သွားကြည့်ကြတာကိုးရှင့်၊



ကြည့်တော့ ဟူစိန်ပြောတဲ့အတိုင်းပါပဲ၊ ငါးကြီးဟာ သကြားထည့်ပြီးထားတဲ့ ပေါင်မုန့်တွေလည်း မစားဘဲ အမြီးကြီးကို ဟိုခတ်ဒီခတ်နဲ့ ပါးစပ်ကြီး ဖြဲဖြဲနေတာ တွေ့ရတယ်၊ အဲဒီလိုကြည့်နေရင်းက ပါးစပ်ကြီးကိုဖြဲပြီး ဝှီးခနဲအန်ထုတ်လိုက်ပါလေရော ရှင်၊ အန်ထုတ်လိုက်တာက ရေကန်ထဲဆင်းတဲ့ ကျောက်လှေခါးထစ်ကလေးပေါ်မှာ တင်နေတယ်၊ အန်ထုတ်တော့ ဘာတွေထွက်တာတယ် ထင်သလဲ"

"ဘာကို အန်ထုတ်လိုက်သလဲဗျ"

"လူ့လက်မောင်းတစ်ဖက် ပါးစပ်ထဲက ထွက်လာတယ်ရှင့်၊ ပထမတော့ ကျွန်မတို့က ငါးတစ်ကောင်မျိုထားလို့သာ အန်ထုတ်တာပဲလို့ ဒီဟာကြီးကို ငါးပဲ ထင်နေတာကိုးရှင့်၊ နို့ပေမဲ့ - အသေအချာကပ်ပြီး ကြည့်ကြတော့မှ လူ့လက်မောင်းကြီးတစ်ဖက်ဖြစ်နေတာတွေ့ရတယ်၊ လက်ချောင်းကလေးတွေတော့ စုတ်ပြတ်နေပါပြီ၊ ကောင်းကောင်းမရှိတော့ပါဘူး၊ ဒါပေမဲ့ - လက်မောင်းပေါ်ထိုးထားတဲ့မြွေရုပ်ကိုမြင်တော့မှ ကျွန်မယောကျ်ားရဲ့လက်မောင်းဆိုတာ သိရတာကိုး ရှင့်"

"ထူးဆန်းလိုက်လေ - မစ္စစ်ဂရေးရယ်"

"ထူးဆန်းဆို - တစ်သက်နဲ့တစ်ကိုယ် ကြားပဲ မကြားဖူးပါဘူး ရှင်"

"အင်း - ဒီတော့ - ပြောစမ်းပါဦး"

"ဒီအခါမှာ ကျွန်မရော၊ မူကာဂျီလင်မယားရော၊ ညွှန့်သည်ရော၊ ဟူစိန်ရော အားလုံးအံ့အားသင့်နေကြတာကိုးရှင့်၊ ဒီတော့ - ကျွန်မလည်း ဆေးအနီအပြာနဲ့ ထိုးထားတဲ့ ယူနီယံဂျက်အလံနဲ့ တကယ့်တကယ် ရှေ့မှာမြင်ရတော့ စိတ်ကိုတင်းထားတာမရဘဲ တစ်ခါတည်း သတိမေ့သွားတာပါပဲရှင်၊ သတိရလို့ကြည့်လိုက်တော့ ကျွန်မဟာ မူကာဂျီအိမ်ထဲက ဆိုဖာတစ်လုံးပေါ်ရောက်နေပြီး ရေခဲရေနဲ့ မျက်နှာပက်သူကပက်၊ အော်ဒီကလုံးကို အရှူခိုင်းတဲ့သူက ခိုင်းနဲ့ ကျွန်မကို ဝိုင်းပြုစုနေတာတွေ့ရတာပါပဲ၊ နောက် ပုလိပ်ဘက်ကအရာရှိတွေ ရောက်လာတာ တွေ့ရတယ်၊ ရောက်လာတာက အခြားမဟုတ်ဘူးရှင့်၊



www.burmeseclassic.com

www.burmeseclassic.com

ဒီအခါမှာ ရောက်နေတဲ့ ဖည့်သည်က ကံအားလျော်စွာပဲ စုံထောက်ဘက်က မစ္စတာမှုကာဂျီရဲ့အသိ အလည်အပတ်လာတဲ့အခိုက်နဲ့ ကြုံကြိုက်နေလေတော့ ဌာနာကို ချက်ချင်း တယ်လီဖုန်းနဲ့အကြောင်းကြားလိုက်တာကိုး ရှင့်၊ ဒီတော့ - ပုလိပ်အရာရှိတွေလည်း ကျွန်မ အစစ်ခံချက်တွေရေးမှတ်ပြီး လက်ပြတ်ကြီးကို ယူသွားကြတာပါပဲ ရှင်"

"နို့ - မစ္စတာမှုကာဂျီကကော - ဘယ်လိုပြောသလဲ"

"သူ့အပြောကတော့ ကျွန်မယောက်ျားဟာ သူ့အိမ်ကို အလည်လာရင်း ရေကန်ကို ဝင်ကြည့်တုန်း မူးမူးနဲ့ခြေချော်ပြီး ကျသွားတာဖြစ်ရမယ်လို့ ပြောတာပဲ"

"ခင်ဗျားကကော - ဒီလိုပဲထင်သလား"

"ကျွန်မတော့ - ဘယ်လိုမှမထင်တတ်ပါဘူးရှင်၊ ကျွန်မယောက်ျားဟာ နည်းနည်းပါးပါး သောက်တတ်ပေမယ့် သူများအိမ်ကို အလည်အပတ်သွားတဲ့အခါမှာ ဘယ်နည်းနဲ့မှ ဒီလိုဣန္ဒြေပျက်လောက်အောင် အလွန့်အကျွံ မသောက်တတ်ပါဘူး ရှင်"

အင်(မ)ကြာရှိုးသည် ခေါင်းရင်းခန်းတွင် မစ္စစ်ဂရေးနှင့် တွဲ၍ရိုက်ထားသော (၁၂)လက်မဓာတ်ပုံကြီးကို လက်ညှိုးထိုးလျက် -

"ဒါဟာ - မစ္စတာဂရေးရဲ့ပုံ မဟုတ်လား"

"ဟုတ်ပါတယ် ရှင်၊ ကျွန်မနဲ့ ရခါစတုန်းက ရိုက်တဲ့ပုံပါ"

"အတော်အင်္ဂါရုပ်ကောင်းတဲ့ လူတစ်ယောက်ပဲ"

"ဟုတ်ကဲ့"

"မှုကာဂျီတို့လင်မယားနဲ့ကော အတော်ရင်းနှီးသလား"

"ရင်းနှီးပါတယ် ရှင်"

"အထူးသဖြင့် - မစ္စစ်မှုကာဂျီနဲ့ ဆိုပါတော့"

ဆရာကြီးသည် စကားကို ရှေ့သို့မဆက်ဘဲ ခပ်ပြုံးပြုံးလုပ်ကာ ဤနေရာတွင် ရပ်လိုက်ပြီးနောက် ဆေးတံကို မီးညှိလျက်ရှိလေ၏။



"မောင်လို နှမလို သဘောထားပြီး ဖွင့်ပြောစရာရှိရင် ပြောသာပြောပါ မစ္စစ်ဂရေး"

"ဆရာကြီးက ဗေဒင်နဲ့ လက္ခဏာတွင်မကဘူး၊ လူကဲခတ်လည်း အင်မတန်ကောင်းတာပဲကို ရှင့်၊ ကိုင်း - အခုမှတော့ သူလည်း သေပြီးတဲ့အတူတူ မထူးတော့ပါဘူး ရှင်၊ ကျွန်မ ဖွင့်ပြောပါတော့မယ်၊ သူက ရုပ်ကလည်းချော စကားပြောကလည်းကောင်း၊ သူတို့အိမ်လည်း မကြာမကြာ အလည်အပတ်သွား၊ အသက်ကလည်းငယ်ဆိုတော့ မစ္စစ်မှုကာဂျီနဲ့ သူတို့ချင်း အချိတ်အဆက်ဖြစ်နေသလို သတင်းဖြစ်နေတယ်ရှင့်၊ မှန်၊ မမှန်ကိုတော့ ဘုရားသခင်မှ သိမှာပဲ၊ ဒါပေမဲ့ - မစ္စတာမှုကာဂျီက ကျွန်မယောက်ျားအပေါ် သဘောမကောင်းဖြစ်နေတယ်ဆိုတာတော့ ကျွန်မ ရိပ်မိတယ်"

"မှုကာဂျီက ဖွင့်ပြောဖူးလို့လား"

"မပြောပါဘူးရှင်၊ ဒီလူကြီးက အကြံအစည်ရှိရင် အင်မတန် လျှို့ဝှက်တဲ့ လူတစ်ယောက်ပဲ"

"ဒီဟာ - ဘယ်လောက်ကြာပြီလဲ"

"မကြာလှသေးပါဘူးရှင်၊ သုံးလေးလလောက်ပဲ ရှိပါသေးတယ်"

"ဒါထက် - ကန်စောင့်တဲ့ကုလားကြီးကကော - ဘာပြောသလဲ"

"သူလည်း ဒီအကြောင်းနဲ့ပတ်သက်လို့ ဘာမျှမသိရပါဘူးတဲ့၊ ကန်ကလည်း အရံအတားမရှိတော့ လူတစ်ယောက်ဟာ ညမှာ ကန်ပေါင်ကို လမ်းလျှောက်ထွက်ရင်း ဖြုန်းခနဲ ခြေချော်ပြီးကျသွားမယ်ဆိုရင် ရုတ်တရက် မသိနိုင်ဘူးဆိုတဲ့အကြောင်း အစစ်ခံတယ် ရှင့်"

"ဒီတော့ - ပုလိပ်က နောက်ဆုံး ဘယ်လို အရေးယူသလဲ"

"အခုတော့ - ဘယ်လိုမျှ အရေးမယူသေးပါဘူး ရှင်"

"သူ့ဒွေးမျက်နှာကြီးလည်းဖြစ်ပြန်၊ သက်သေခံကလည်း မခိုင်လုံပြန်ဆိုတော့ ပုလိပ်ကလည်း ခပ်အေးအေးပဲ ထင်ပါရဲ့"

"ဟုတ်ကဲ့၊ အခုတော့ - ဒီလိုပဲဆိုပါတော့၊ ကျွန်မတို့ စောင့်ကြည့်ရဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း - ဒီကိစ္စမျိုးဆိုတာ ပုလိပ်မှသာ တတ်နိုင်တာကိုဗျ။ ကျုပ်တို့လည်း ဘယ်လိုမှ မတတ်နိုင်ဘူး။ နို့ - မစ္စစ်ဂရေးကကော ဘယ်လိုထင်သလဲ"

"ကျွန်မယောကျ်ား ပျောက်သွားသွားချင်း ပုလိပ်တိုင်မယ်လုပ်တဲ့အခါ သူက မတိုင်ဖြစ်အောင် ဟန့်တားပုံ၊ ငါးကြီးပါးစပ်ထဲက လက်မောင်းတစ်ဖက်ကို အန်ထုတ်လိုက်တဲ့အခါ သူ့မျက်နှာကြည့်ရတာ အံ့ဩရုံတင်မကဘူး၊ တစ်ခါတည်း ကြောက်ရွံ့သွားပုံတွေကိုတောက်တော့ ကျွန်မတော့ ဘယ်နည်းနဲ့မဆို သူ့လက်ချက် ပါရမယ်လို့ ထင်မိတာပါပဲ ရှင်"

ထို့နောက် ကျွန်တော်တို့လည်း မစ္စက်ဂရေးအား တတ်နိုင်သမျှ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီးလျှင် အိမ်သို့ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့ညဉ့်၌ ကျွန်တော်တို့လည်း ပင်လယ်ကမ်းစပ်မှ အိမ်ဘက်သို့ စကားတပြောပြောနှင့် ပြန်ခဲ့ကြလေ၏။

ထိုအချိန်မှာ (၈) နာရီကျော်ကျော်ခန့်မျှရှိပြီဖြစ်၍ လဆုတ် (၃) ရက်နေ့ညဖြစ်သည့်အတိုင်း လ.လကလေးသည် ထွက်ပြူစပြုလာပြီဖြစ်ရာ လမ်းဘေးတစ်ဖက်တစ်ချက်ရှိထန်းပင်ကလေးများပေါ်တွင် မထင်မရှားသာလျက်ရှိနေလေပြီ။

မှုကာဂျီအိမ်နှင့် မနီးမဝေးသို့ ရောက်သောအခါ ကျွန်တော်လည်း ယမန်နေ့က မစ္စက်ဂရေးပြောခဲ့သော အမှုအကြောင်းကို သတိရသဖြင့် -

"ကျွန်တော်တော့ မဟုတ်ခါမှလွဲရော မစ္စက်ဂရေးပြောတဲ့အတိုင်း ဒီကောင်ကြီး ဉာဏ်ပါသနဲ့ တူတယ်ဗျ"

"သူ့တွင်မကဘူး။ တကယ်လို့ မစ္စတာဂရေးကို ကန်ထဲတွန်းချလို့ဖြစ်စေ၊ တခြားတစ်နည်းနည်းနဲ့ ဖြစ်စေ မစ္စတာဂရေးရဲ့ကိုယ်ကြီးကို ငါးပါးစပ်ထဲရောက်အောင် လုပ်တဲ့နေရာမှာ ကန်စောင့်တဲ့ဟူစိန်ဆိုတဲ့ အကောင်ကြီးပါ ပါရမယ်ဗျ။ သူက ငါးကြီးကို နေ့တိုင်း အစာကျွေးနေရတဲ့အကောင်၊ ပြီးတော့



သူနေတဲ့အိမ်ကလေးကလည်း ကန်ပေါင်နားမှာ ကပ်နေလေတော့ သူ့ကို အသိမပေးရင် ဘယ်နည်းနဲ့မျှ မဖြစ်နိုင်ဘူး"

"အင်း - ခင်ဗျားပြောတာလည်းဟုတ်တာပဲ။ ပြီးတော့ လူသတ်မှုတိုင်းမှာ ရည်ရွယ်ချက်တစ်ခု ရှိရမယ်ဆိုတာက ထင်ရှားသားပဲ"

"ဘာလဲ - သူ့မိန်းမနဲ့ ဟိုကောင်နဲ့ တိတ်တိတ်ပုန်း ဖြစ်နေကြတယ်ဆိုတာလား"

"ဒါပေါ့ဗျ။ သည့်ထက်နိုင်လုံတဲ့ ရည်ရွယ်ချက် ဘယ်ရှိမလဲ"

"ဒါကတော့ - ထင်ကြေးလောက်ရှိတာပဲ - ကိုတင်မောင်ရဲ့ ရှုံးကျတော့ ထင်ထင်ရှားရှား ဘယ်သူက ထွက်ဦးမှာလဲ၊ မစ္စစ်ဂရေးကလည်း ကျုပ်တို့ကိုသာ ဖွင့်ပြောတာ ရုံးမှာတော့ သူ့လင်ရဲ့ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး ထွက်မှာမဟုတ်ဘူး၊ ဟော - ကိုတင်မောင် - ခြံထဲကို ကြည့်လိုက်စမ်း။ လူနှစ်ယောက် သတ်နေပါကလားဗျို့"

ထိုအချိန်၌ ကျွန်တော်တို့မှာ မှုကာဂျီအိမ်ခြံဂိတ်ဝ ရှေ့တည့်တည့်သို့ ရောက်လာခဲ့ပြီဖြစ်၍ အိမ်၏တောင်ဘက် ကန်ပေါင်အနီးတွင် လူနှစ်ယောက် ထွေးလုံးရစ်ပတ် ဖြစ်နေသည်ကို မြင်ကြရလေ၏။

သို့နှင့် ကျွန်တော်လည်း တစ်ခဏမျှ ရပ်၍ကြည့်နေကြပြီးနောက် လမ်းပေါ်မှ ခြံစည်းရိုးနားအထိ တိုး၍လာခဲ့ကြပြန်လေသည်။

နှစ်ယောက်အနက် တစ်ယောက်မှာ အရပ်အမောင်းမြင့်မားထွားကျိုင်းပြီးလျှင် အခြားတစ်ယောက်မှာ ခပ်ပုပုဝဝ ဖြစ်၏။

ကန်ပေါင်ရိုးမှာ ကျွန်တော်တို့နေရာမှ ကိုက် (၂၀) ခန့်မျှဝေးသည့်အပြင် ပိုးတဝါးလရောင်မှာလည်း ခနီပင်များ ပြောက်ကျားပြောက်ကျား ကွယ်နေသဖြင့် မည်သူမည်ဝါဟူ၍ သဲကွဲစွာ မမြင်ရချေ။

လူနှစ်ယောက်တို့သည် တစ်စုံတစ်ရာ အော်ဟစ်ခြင်းမပြုဘဲ တစ်ယောက်ကိုတစ်ယောက် သတ်ပုတ်သည်ထက် ကန်ဆီသို့ တစ်ယောက်ကို တစ်ယောက် ဆွဲ၍နေကြဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သတ်လေ–သတ်ပါလား။
သတ်ရင် ကြိုးစင်အတက်ခံရ
သက်သာတာပေါ့။ ဒီဟာတွေ
အားလုံးဟာ ဘယ်သူ့အတွက်
ကြောင့်ဖြစ်ရတာလဲ–သိလား။
အားလုံး နင့်အတွက်ကြောင့်ချည်းပါ။
ပါးကလေးနဲ့ နှုတ်ခမ်းကလေးတွေ
နီသလောက် အချစ်သွေးက
မညီးတွမ်းဘူး။ နင်တို့မိန်းမတွေဟာ
သေဖို့ရှိတယ်၊ မရှိတယ် မဆင်ခြင်ဘူး။
ချောချောလှလှမြင်ရင် ကြိုက်လိုက်
တာပဲ။ နင့်အတွက်ကြောင့်လည်း
ဂရေးတစ်ယောက်သေရပြီ။
ဂရေးကို ဘယ်သူသတ်လဲ
သိလား။

တစ်ယောက်သည် တစ်ယောက်အား လက်ကိုဆွဲ၍လည်းကောင်း၊ ခါးကိုဖက်၍လည်းကောင်း၊ ကန်ဆီသို့အတင်းဆွဲလျက်ရှိရာ အဆွဲခံရသူကလည်း ကန်ပေါင်မှ ဝေးသည်ထက်ဝေးအောင် အကြိတ်အနယ် ကုတ်ကတ်ရုန်းကန်လျက် ရှိလေသည်။

"သူတို့ပုံပန်းကြည့်ရတာ မူကာဂျီနဲ့ဟူစိန်တို့နဲ့ မတူဘူးလား"

"တူဆို – သူတို့မှသူတို့အစစ်ပဲ – ကိုတင်မောင်"

"ဒါဖြင့် – ခြံကို ကျွန်တော်တို့ ကျော်ကြစို့လားဗျာ"

"ခဏနေစမ်းပါဦး – ကိုတင်မောင်။ အရိပ်အခြည်ပဲ ကြည့်စမ်းပါဦး"



ဤသို့အကြိတ်အနယ် သတ်ပုတ်လျက်ရှိရာမှ တစ်ခဏမျှလူချင်းကွဲ၍ သွားပြီးနောက် ဟူစိန်သည် နောက်သို့ အတန်ငယ်ဆုတ်၍ အရှိန်ယူကာ မူကာဂျီအား ကိုယ်လုံးပစ်၍ တိုက်လိုက်ရာ မူကာဂျီသည် နှစ်ပတ်သုံးပတ် လိမ့်၍သွားပြီးလျှင် ကန်ပေါင်ပေါ်တွင် တင်လျက်ရှိလေ၏။

ထိုခဏ၌ အိမ်တွင်းမှ ဟစ်အော်ပြေးလွှားသံများ ဆူညံသံများကိုကြားရပြီးနောက် မိန်းမတစ်ယောက် ခေါင်းဆောင်ကာ ကန်ဆီသို့ လူ (၃၊ ၄) ယောက် ပြေးလာသည်ကို မြင်ရလေသည်။

သို့သော် သူတို့မရောက်မီကလေး၌ပင် ဟူစိန်သည် မူကာဂျီအား တအားဖိ၍တွန်းလိုက်ရာ မူကာဂျီသည် ကန်ပေါင်ပေါ်မှ အားလွန်ကာ တစ်ခါတည်း ကန်ထဲသို့ ကျ၍သွားလေ၏။

မူကာဂျီ၏ အားခနဲအော်လိုက်သော အသံနှင့် မရှေးမနှောင်းပင် ရေကန်ထဲမှ ရှီခနဲ မြည်သံပါ ကြားလိုက်ရပြီးနောက်၊ ကန်ထဲမှာ တဝုန်းဝုန်းမြည်သံများကိုလည်း ကြားရပြန်လေသည်။

ကျွန်တော်တို့သည် (၄)ပေကျော်ကျော်မျှမြင့်သော ဝင်းထရံကို ကျော်လွှားကာ အတွင်းသို့ ခုန်ချပြီးနောက် ရေကန်ရှိရာသို့ ပြေး၍လာကြလေ၏။

ဟူစိန်သည် မူကာဂျီကျသွားသည်နှင့် တစ်ပြိုင်နက် အံ့အားသင့်လျက် ရှိစဉ် ရှေ့မှ ခေါင်းဆောင်၍လာသော မိန်းကလေးအနီးမှ မီးပွင့်၍သွားသော ဖြန်းခနဲပစ္စတိုသံ (၂)ချက်မျှ ကြားလိုက်ရပြီးနောက် ကန်ဘောင်အနီး၌ပင် လဲ၍ကျသွားလေ၏။

ဒရဝမ်ကုလားများသည်လည်း ကျွန်တော်တို့ရှိရာသို့ တုတ်များဖြင့် ပြေးလာကြရာ ဆရာကြီးက မိမိတို့မှာ လူဆိုးများမဟုတ်ဘဲ မစ္စတာပရာဆပ်၏ အိမ်မှ ဧည့်သည်များဖြစ်ကြောင်း လမ်းလျှောက်လာစဉ် သေနတ်သံကြား၍ ဝင်လာမိကြောင်းကုလားဘာသာဖြင့် ချေငံစွာပြောသောအခါမှ သက်သာရာ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ကားလကလေးသည် သစ်ပင်ထိပ်ဖျားများပေါ်မှကြည်လင်စွာ သာ၍လာပြီဖြစ်ရာ ကျွန်တော်တို့မှာ ထိုအခါမှ တစ်ယောက်မျက်နှာတစ်ယောက် သဲကွဲစွာ မြင်လိုက်ရတော့၏။

ကန်တွင်းမှ တဝုန်းဝုန်းမြည်သံကြားရသဖြင့် ကျွန်တော်တို့လည်း လက်နှိပ်ဓာတ်မီးများ၊ မှန်အိမ်များဖြင့် ဝိုင်း၍ကြည့်ရှုကြရာ ငါးမန်းကြီးမှာရေကန်ထဲသို့ ကျသွားသော မူကာရျီ၏ကိုယ်ကို ဝါးမျိုလျက်ရှိနေပြီဖြစ်၍ ပေါင်လယ်လောက်သို့ပင် ရောက်၍နေလေပြီ၊

မစ္စစ်မူကာရျီသည် ပစ္စတိုကလေးနှင့် ငါးကြီး၏ဦးခေါင်းထဲသို့ သုံးလေးချက်မျှ ဆက်၍ ပစ်သွင်းလိုက်သေး၏၊ သို့သော် နောက်ကျခဲ့လေပြီ။

မစ္စစ်မူကာရျီ ပစ်လိုက်သောကျည်ဆန်မှာ ဟူစိန်အား သေကွင်းကို မထိမှန်ဘဲ လက်ယာဘက်ပေါင်ကိုတစ်ချက်၊ လက်ဝဲဘက်လက်မောင်းကို တစ်ချက်သာ ထိမှန်သွားသည်ကို တွေ့ရ၏။

ရင်ဝကိုထပ်၍မပစ်ရန် အိမ်သားများနှင့် ကျွန်တော်တို့မှာ အတော်သာ ဆီးတားရလေသည်၊

မစ္စစ်မူကာရျီသည် အံကြိတ်လျက် အင်္ဂလိပ်ဘာသာဖြင့် -

"ငါ့လင်ကို သတ်တဲ့အကောင်၊ အသေပစ်မသတ်လိုက်ရတာ နာတယ်ကွယ်"

"သတ်လေ - သတ်ပါလား၊ သတ်ရင်ကြိုးစင်အတက်ခံရ သက်သာတာပေါ့၊ ဒီဟာတွေအားလုံးဟာ ဘယ်သူ့အတွက်ကြောင့်ဖြစ်ရတာလဲ - သိလား၊ အားလုံး နင့်အတွက်ကြောင့် ချည်းပဲ၊ ပါးကလေးနဲ့ နှုတ်ခမ်းကလေးတွေ နီသလောက် အချစ်သွေးက မည်းတဲ့မိန်းမ၊ နင်တို့မိန်းမတွေဟာ လင်ရှိတယ် မရှိတယ် မဆင်ခြင်ဘူး၊ ချောချောလှလှမြင်ရင် ကြိုက်လိုက်တာပဲ၊ နင့်အတွက်ကြောင့်လည်း ဂရေးတစ်ယောက်သေရှာပြီ၊ ဂရေးကို ဘယ်သူသတ်လဲ - သိလား၊ နင့်ယောကျ်ားက မေ့ဆေးပေးပြီး ကြိုးနဲ့တုပ်ပေးလို့ ငါက ငါးကြီးကို ချကျွေးလိုက်ရတာ - နားလည်လား"



ထိုအချိန်၌ တစ်ယောက်ယောက်၏ သတင်းပေးချက်အရ ပုလိပ်များလည်း ရောက်လာကြပြီဖြစ်၍ ဟူစိန်သည် ပုလိပ်အရာရှိများအား မိမိပါဝင်သည့်ပြစ်မှုကို ဖြောင့်ချက်ပေးလျက် ရှိလေ၏၊

သူ၏အစစ်ခံချက်မှာ ဂရေးအား ငါးစာကျွေးလိုက်ရာတွင် မိမိကူညီခဲ့သည့်ကိစ္စမှာ ငါးကြီး အန်ထုတ်လိုက်သော လက်မောင်းတစ်ဖက်မှစ၍ တစ်စွန်းတစ်စ ပေါ်ပေါက်လာတော့မည်ကိုသိ၍ မူကာရျီထံ မိမိသည် အလုပ်မှ ထွက်ကာ တစ်ရပ်တစ်ကျေးသို့ သွားတော့မည်ဖြစ်သဖြင့် ခရီးစရိတ်ငွေ တစ်ထောင်မျှပေးရန် တောင်းဆိုကြောင်း၊

သို့သော် မူကာရျီသည် မပေးရုံမျှသာမက တစ်ခါတည်း နှုတ်ပိတ်စေရန် မိမိအား သတ်ဖြတ်မည်ကြံကြောင်း၊ သို့သော် သူ၏ခါးထဲမှ သေနတ်ကို ဆွဲထုတ်၍ မပစ်နိုင်မီ သူ၏လည်ပင်းကိုဖျစ်ကာ ကန်ဆီသို့ခေါ်လာ၍ နောက်ဆုံး သူအသေ ငါအသေ အကြိတ်အနယ် သတ်ပွဲ၌ မိမိ၏ခွန်အားကြောင့် သာ အနိုင်ရလိုက်ကြောင်း -

ဤမျှလောက် သူတစ်ပါးအပေါ်တွင် ကောက်ကျစ်ရက်စက်သူ တစ်ယောက်အား ပြန်လမ်းမရှိသော ငါးကြီး၏ခံတွင်းထဲသို့ ထည့်လိုက်ရသည့်အတွက် တစ်စုံတစ်ရာ ဝမ်းမနည်းသည့်အပြင် အစိုးရပေးသည့် ပြစ်ဒဏ်ကိုလည်း ခံယူရန် အသင့်ရှိကြောင်းနှင့် ရဲဝံ့စွာ ဖြောင့်ဆိုအစစ်ခံလေသည်၊

ပုလိပ်အရာရှိများသည်လည်း ကျွန်တော်တို့အား မစ္စတာပရာဆပ်၏ မျက်နှာဖြင့် အတော်ပင် လေးစားကြပါပေ၏၊

သို့နှင့် ဟူစိန်၏ ဖြောင့်ဆိုချက်ပေါ်တွင် ကျွန်တော်တို့နှစ်ယောက်က အသိသက်သေအဖြစ်ဖြင့်ပင် လက်မှတ်ရေးထိုးလိုက်ရသေး၏၊

မြန်မာပြည်သို့ ပြန်ရောက်၍ လအနည်းငယ်ခန့် ကြာသောအခါ ဆရာကြီးသည် မစ္စတာပရာဆပ်ထံမှ စာတစ်စောင်ရရှိရာ ထိုစာ၌ ဟူစိန်၏အမှုအကြောင်း ပါရှိလေသည်၊

ငါးကြီးမှာ လူနှစ်ယောက်ကို ဝါးမျိုရသဖြင့် အစာမကြေရှိနေစဉ် ဦးခေါင်းတွင် သေနတ်ဒဏ်ရာသုံးချက်လည်းရသဖြင့် နောက်တစ်နေ့တွင် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com

သွားကြောင်း၊ ဝမ်းကိုခွဲသောအခါ ရုပ်ပျက်လျက်ရှိသော မူကာဂျီ၏အလောင်းနှင့်တကွ ပစ္စတိုကလေးတစ်လက်ပါ တွေ့ရသဖြင့် ဟူစိန်အား ပစ်သတ်ရန် ကြံစည်သည်ဆိုခြင်းကို ရုံးမင်းက ယုံကြည်ကြောင်း၊ ဟူစိန် ဖြောင့်ဆိုသည့် အတိုင်း သူအနိုင် ငါအနိုင် အကြိတ်အနယ် သတ်ပုတ်ရာတွင် မူကာဂျီသည် ကန်ထဲသို့ အားလွန်၍ကျသွားသည်ဖြစ်ကြောင်းနှင့် ထိုအမှုအတွက် ဟူစိန် မှာ လွတ်မြောက်သွား၏။

သို့သော် မစ္စတာဂရေးအား မူကာဂျီက သတ်သည့်အမှုတွင် ပါဝင် အားပေးကူညီသည့်အတွက် သူ့အား ထောင်ဒဏ်ဆယ်နှစ် အပြစ်ပေးလိုက် သည်။

မစ္စစ်မူကာဂျီကိုမူ လင့်အတွက် ရတ်တရက်ဒေါသထွက်၍ ပစ်ခတ်ခြင်း ဖြစ်သောကြောင့် အမှုကို ပလပ်လိုက်ကြောင်း ရေးသားပါရှိလေသတည်း။

⟹ **ဒဂုန်ရွှေမျှား**


**တစေ့တစောင်း** [illegible]

ပေးပို့လိုပါက

**အယ်ဒီတာအဖွဲ့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။





www.burmeseclassic.com

www.burmeseclassic.com

# လူသားစားကျားတစ်ကောင်က
# လူတစ်ယောက်ကိုကိုက်ဖြတ်စားသောက်ရန်
# ချီလာရာ ထိုပုဂ္ဂိုလ်သည်
# လူဆိုးတစ်ယောက်ဖြစ်နေပုံကို...

**ထူးကြီး**တောတန်းသည်ညအမှောင်မည်းမည်းတွင် အိပ်ပျော်နေဆဲ။ လရောင်သည် အနောက်ရိုးမထိပ်ဖျားမှ ရုပ်သိမ်းသွားပြီမှာ မကြာသေး။ ပို၍မှောင်သွားသည်။ သစ်ပင်ရွက်များ တဖျပ်ဖျပ်နှင့် လှုပ်ခါနေသည်။ လေက အေးမြလွန်းသည်။ သစ်ရိုပ်ဝါးရိပ်များကြောင့် ပိုအေးစိမ့်သည်။ ရွက်ကြွေခြောက်နှင့် သစ်ကိုင်းခြောက်များ နင်းမိတိုင်း ရင်အေးသလို ခံစားမိ၏။

ခြေသံလုံလုံနင်း၍လက်နှိပ်ဓာတ်မီးကို မကြာမကြာ ဘေးနှစ်ဖက် ဝါးရုံနှင့် ချုံကြီးများ ထိုး၍ကြည့်ရသည်။ မုဆိုး ကိုတင်နှင့် မျှင်ဝါးတောင် သစ်ထုတ်လုပ်ရေးမှ ကျွဲခေါင်း ဦးဖောင်တို့ ကျွန်ုပ်၏နောက်မှ ပါလာသည်။

အချိန်မှာ နံနက် သုံးနာရီ။

မိုးဦးကျရာသီဖြစ်၍ ကောင်းကင်ပြင်တွင် မိုးသားများ ဟိုတစ်ကွက်၊ သည်တစ်ကွက်နှင့် အရှေ့ကောင်းကင်ပြင်သို့ ချီတက်နေဆဲ။

www.burmeseclassic.com

အိပ်ပျော်နေသော ယုန်ကလေးများနှင့် ရှူဝပ်ငှက်ကလေးများ ကျွန်ုပ်တို့ခြေသံနှင့် လက်နှိပ်ဓာတ်မီးရောင်ကြောင့် "ဖလူး" ခနဲ ထွက်ပြေးကြ၏။ မုဆိုးများအဖို့ သားကောင်ကို ငယ်သည်၊ ကြီးသည်မဟူ ဖမ်းရသည်။ သို့တစေ၊ သည်သားကောင်ငယ်ကလေးများတော့ ကျွန်ုပ် ဘယ်တော့မှ မဖမ်း။ ဝါသနာမရှိ။

မိုးဦးကျတွင် သစ်တွေ မျှောရမည်။ ဆင်နှင့် ကျွဲသည် ကုန်ထုတ်လုပ်ရေးကိရိယာပစ္စည်းတွင် အဓိကအခန်းမှ ပါဝင်သည်။ နိုင်ငံတော်သစ်ထုတ်လုပ်ရေးတွင် ပြည်တွင်းသုံးနှင့် နိုင်ငံခြားတင် သစ်များ အပြည့်အဝထုတ်လုပ်ရေးမှာ သစ်ထုတ်လုပ် လုပ်သားများက အောက်ခြေလုပ်သားများဖြစ်သည့်အတိုင်း အပြည့်အဝ ထုတ်နိုင်အောင် ကြိုးစားကြရ၏။ သို့မှသာ နိုင်ငံခြားငွေ ရလာမည်။ နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံခြားမှ ဝင်ငွေသည် အရေးကြီးသည်၊ သစ်ထုတ်လုပ်ရေးလုပ်သားကြီးများကိုယ်တိုင် သဘောပေါက်သည်။

ကျွဲနစ်ရှဉ်းမှာ မျှင်ဝါးတောင် သစ်ထုတ်လုပ်ရေး ကြိုးဝိုင်းမှ ယနေ့ ညဉ့်ဦးပိုင်းက သူ့ခိုး အနိုးခံရသည်။ ကျွဲများကို သစ်ထုတ်လုပ်ရေးဌာနမှ ငှားထားရသည်၊ ကျွဲခေါင်းကြီး ဦးဖောင်သည် ကျွန်ုပ်တပ်ခွဲသို့ ပြေးလာကာ အကူအညီ တောင်းသဖြင့် တပ်ခွဲမှူးက –

"ဗိုလ်စိန်တင်ရေ – ခင်ဗျားနဲ့လိုအပ်ရင် တပ်စိတ်နှစ်စိတ် လိုက်သွား" ဟု အမိန့်ပေးသည်။

သူ့ခိုးတွေကို ဖမ်းဆီးဖို့မှာ ရဲဘော်တွေ ခေါ်စရာ မလိုပါ။ "တစ်ယောက်တည်း လိုက်သွားမည်" ဟု ဆုံးဖြတ်သည်။ တပ်စုတပ်ကြပ်ကြီးကိုမှာ၍ ကျွန်ုပ်ကိုယ်တိုင် ရိုင်ဖယ်တစ်လက်ဆွဲ၍ လိုက်ခဲ့သည်။ ငြိတ်သွျတပ်သုံး ဒသမ ၃၀၃ နှင့် ဒသမ ၄၀၅ စစ်သုံး ခြောက်လုံးပြူးကြီးတစ်လက် ပါသေးသည်။

အမဲပစ်ဝါသနာပါသော ကျွန်ုပ်သည် သည်တော၊ သည်တောင်ကို ကျွမ်းသည်၊ တောင်သူတွေနှင့် ရင်းနှီးသည်၊ တောင်ပေါ်ရွာများ ကင်းလှည့်ရင်းက

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဖျား၊ ဝမ်းကိုက် စသော ရောဂါသည်များကို ဆေးဝါးများ ကူညီ၍ဆေးကု ပေးသည်။

တောင်ပေါ်မှ အသက်ကြီးသော သက်ကြီးရွယ်အိုများသည် အလွန် သန်မာဖျတ်လတ်သည်။ များသောအားဖြင့် အရပ်ပုကြသော အသက်(၇၀) ကျော် လူကြီးများသည် ကုန်စိမ်းများထမ်း၍ တောင်ပေါ်မှဆင်းပြီး ထူးကြီးမြို့ ကလေးနှင့် အင်္ဂပူ၊ မဲဇလီကုန်း စသော မြို့များသို့ ဈေးလာရောင်းကြ၏။

သို့သော် ငှက်ဖျားရောဂါနှင့် ဝမ်းကိုက်ရောဂါက ကြီးစိုးနေဆဲ၊ တောင် ပေါ်ရွာများတွင် ငှက်ဖျားရောဂါကြောင့် ဗိုက်ပူနံ့ကြပ် ကလေးငယ်တွေကို အများဆုံး တွေ့ရ၏။

ကျွန်ုပ်တို့ တပ်မတော်ဆေးဝန်ထမ်းများက တောင်ပေါ်သို့ မကြာမကြာ လှည့်လည်၍ ဆေးကုသပေးသည်။ တောင်ပေါ်ကျေးရွာသားများအဖို့ ခြင် ထောင်ဆိုသည်မှာ နစ်အိမ်တစ်လုံး တွေ့ရသည်။ ခြင်ကိုက်သည်၊ ရေက လည်း ချောင်းရေ၊ သည်တော့ - ရေကို ကျိုချက်သောက်ပါဟု ပညာပေးရ သည်။

"အဘရေ - ဆင်စီးပြီး ဗုံတီးပါ"

ကျွန်ုပ်က မြန်မာသမားတော်ကြီးတစ်ဦးက ပညာပေးသော ဆေးပညာ ဖြင့် တောင်ပေါ်ဦးကြီးများကို ပညာပေးသည်။ သဘောကတော့ ဆင်ဆိုသည် မှာ ဆင်တုံးမနွယ်၊ ဗုံတီးပါ ဆိုသည်မှာ ဘုမ္မရာဇဆေးပင်၊ တောင်ပေါ်တွင် ပေါသည်။

သည်ဆေးတွေက သက်ကြီးပုဂ္ဂိုလ်များအတွက် အားဆေးတစ်လက် ဖြစ်သည်။ တောင်ပေါ်ပျားအုံကြီးများက ဆန်ပြာသည့် ဆန်ကောထက် ကြီး သည်။ "ပျားရည်သောက်ပါ"ဟုအကြံပေးရသည်။ စားပင်တွေထဲမှဖန်ခါးသီး ဆယ်လုံး ထုထောင်းပြီး ထန်းလျက်တစ်ဆယ်သားကို စိမ်ပါ၊ ဆား အနည်း ငယ်ထည့်ပါ၊ ပြီးတော့ - စမုန်စပါးရလျှင် အနည်းငယ်ထည့်ပါ၊ မရလျှင် မထည့်ပါနဲ့၊ သုံးလေးရက် စိမ်လျှင် ပြင်းသောစိမ်ရည် ရသည်၊ ဒူလာနှင့်



သွေးအား၊ ဝမ်းကိုက် ကောင်းသည်၊ အရက်ကဲ့သို့ မူးတတ်သည်၊ အရက် သမားအဖို့ အကြိုက်ဆေး။

အင်္ဂလိပ်အဖျားဖြတ်ဆေးမရလျှင် တမာခေါက်ကို သုံးခွက်တစ်ခွက် တင် ကျိုသောက်၊ သို့မဟုတ် ပျဉ်းမခေါက်ကို ကျိုသောက်ပါ၊ အလွန်ကောင်း သည့် မြန်မာ့ဆေးဟု ပညာပေးရသည်၊ တောင်ရိုးငှက်ဖျားကို နိုင်သည်ဟု၊

အချို့တောင်ပေါ်ရွာမှ မီးယပ်ပိန် ချည့်နဲ့အမျိုးသမီးများကို "ဟဲ့ - တော ခွေးသား ရှက်စား"ဟု ပြောရ၏။ မြို့အခေါ် "ဟောင်ကောင်"၊ တကယ်စွမ်း သော သားကောင်သေး၊ အယူအဆကိုဘေးဖယ်ထား၊ လူသားတွေအသက် ရှည်ဖို့မှာ သားကောင်၏သွေး၊ အရိုး၊ ချိုစသည့် ဆေးဝါးများ မလွတ်၊ ဥပမာ မြန်မာ့သွေးဆေးများတွင် ကြံ့သွေးပါသည်ဟုကြီးကြီးကျယ်ကျယ် ကြော်ငြာ သော ဆေးဝါးများတွင် ကြံ့သွေးခြောက်ခေါ် "နွားသွေး" ခြောက် အသုံးပြုနေ သည်၊ နွားသွေးက ပေါသည်၊ ကြံ့သွေးက အာဖရိကနိုင်ငံတွေမှလာလျှင် ရမည်၊ ကြံ့ချိုနှင့်ပြုလုပ်ထားသော ရိုးရာဓားတစ်ချောင်းကို ယီမင်နိုင်ငံတွင် အမေရိကန်ဒေါ်လာငွေ ခြောက်ထောင် ပေးရသည်ဟူ၏။

ကျွန်ုပ်သည် တောင်ပေါ်ရွာ တောင်ခြေရွာ စသည့် တောရွာကလေးများ ရောက်တိုင်း အထက်ပါအတိုင်း ပြောပြတတ်၏။ အကြံပေး၏၊ မြို့အခေါ် အာလူးပေးသည်ဟုဆိုဆို ကျွန်ုပ်၏စေတနာဖြစ်သည်။

အချိန်သည် လေးနာရီထိုးရန် ဆယ်မိနစ်။

ဘွာနေမှုဆိုး ကိုတင်သည် မျှင်ဝါးတောင် သစ်ထုတ်လုပ်ရေးမှ လုပ်သား တစ်ဦး ဖြစ်သည်၊ သူနှင့် ခင်မင်သည်မှာ ကြာပြီ၊ သည်တော သည်တောင် အကြောင်းကို နှံ့စပ်ကျွမ်းကျင်သည်။

"ကျွဲနိုးတွေဟာ သမြေတောင်က ဥမ္မိုတ္တိပါ - ဗိုလ်လေးရာ"

ကိုတင်ပြောသည်မှာ မှန်နိုင်သည်၊ သမြေတောင်သည် ကျောက်မိုင်း လုပ်သားတွေ ရှိသည်၊ နေ့စားများဖြစ်၏၊ ကျွဲသား၊ နွားသားကို အလွယ်

www.burmeseclassic.com

ကလေး ရောင်းချနိုင်သည်။ ရောင်းသူတွေက ဝယ်မရောင်း၊ အနီးဝန်းကျင်ရွာများက ကျွဲနွားများ ခိုးရောင်းကြသည်။ သည်တော့ ကုန်ထုတ်လုပ်ရေးမှာ သည်သူခိုးတွေကြောင့် ကျဆင်းရသည်။ ယခုအချိန်ဆိုလျှင် သားရေနှင့်ချို မှ ရပါဦးမည်လားဟု စိုးရိမ်ပူပန်ရသည်။ သွားလာရေးမှာ တောတောင်တွေ ဖြတ်သန်းရသည်။ စမ်းချောင်းတွေ ရေကျလျှင် အခက်၊ ခပ်စောစော ညဥ့်လယ်ပိုင်းကပင် မိုးက သဲသဲမဲမဲ ရွာခဲ့သည် မဟုတ်ပါလား။

ဒီကောင်တွေကို ကောင်းကောင်းပညာပေးရမည်။ ပညာပေးရပေါင်းကလည်း မနည်းတော့ဟုတွေးရင်း ပြုံးမိရသေးသည်။

သွားနေသောခရီးကို မိုးက နှောင့်ယှက်ပြန်သည်။ မိုးသားတွေ မည်း၍ လှိုင်းပမာ တက်လာသည်။ အပြိုးကြီးနှင့် သည်းတော့မည်၊ ဟုတ်ပါသည်။ ဝေါခနဲ ပြိုဆင်းလာ၏။ မိုးကာတွေ့ခြုံ၍ သပြေပင်ကြီးအောက် ခိုဝင်နေရ၏။

ရောက်ခါနီးမှ အဖျက်ဝင်ရသည်ဟု မိုးကို ဒေါသဖြစ်ရ၏။ ရုတ်တရက် ချောင်းရေတွေ တဝေါဝေါ ကျဆင်းလာသံ၊ လေက ကြမ်း၊ မိုးက ယမ်းသဖြင့် သစ်ပင်ကြီးများ၏ သစ်ကိုင်းများက တဝှမ်းဝှမ်းနှင့် ခါယမ်းသည်။ ဝါးရုံကြီးက တဝုန်းဝုန်း လှုပ်ခါကာ တစ်တောလုံး ပွက်ပွက်ညံ့ ဆူနေပြန်သည်။ သွားပါပြီ၊ ကျွဲတစ်ရှဉ်းတော့ သားရေနှင့်ခေါင်း။ သည်ပစ္စည်းတောင် ရချင်မှ ရပေမည်။

မိုးနှင့်လေ ပို၍ကြမ်းလာသဖြင့် သစ်ပင်ကြီးများ၏သစ်ကိုင်းများ ကျိုးကျလာသည်။ မနီးမဝေးရှိတောင်စောင်းသဘာဝကျောက်ဂူကြီးကိုတွေ့ရသဖြင့် ပြေး၍ဝင်ကြရ၏။ အနံ့အသက်ဆိုးများ ထောင်းခနဲ ရှူလိုက်ရသည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရ၏။ မျောက်မောင်းမ မျောက်ညိုတစ်အုပ်ကုပ်၍ ကျောက်ဂူနံရံတွင် စုကာ မိုးခိုနေကြ၏။ ကျွန်ုပ်တို့ဝင်လာသဖြင့် တကွိကွိနှင့် အချင်းချင်း စကားပြောလိုက်ကြသေး၏။ မိုးကြိုးသံကြောင့် တစ်ဂူလုံး တုန်လှုပ်သွားရသည်။



"ကိုယ်တိုင် အသိုက်မလုပ်တတ်တဲ့ မျောက်ပျင်းတွေ၊ သူများအသိုက် ဖျက်ဆီးတတ်တဲ့အကောင်တွေ၊ အခုတော့ သဘာဝဂူတွေရှိလို့ တော်သေးတယ်"

မုဆိုး ကိုတင်က ပြောလိုက်၏။ ကျွန်ုပ်နှင့် သူတို့သည် သဘာဝဘေးအန္တရာယ်ကြောင့် ငြိမ်းချမ်းရေးလုပ်ကာသာ နေလိုက်ကြရသည်။

ယင်းအခိုက် မိုးသည်း လေသည်းကြားမှ ပြေးလာသော သတ္တဝါကြီးတစ်ကောင်၊ အမဲတစ်ကောင်ကို ကိုက်ချီပြေးလာရင်း ဂူတွင်း ဝင်လာ၏။ မြန်းခနဲ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်ရာ "မြတ်စွာဘုရား" ဟု တ,လိုက်မိ၏။

တွေ့ရသည်မှာ ကိုးတောင်နီးပါးရှိ ကျွန်းပတ်ကျားကြီး၊ လက်နှိပ်ဓာတ်မီးရောင်တွင် တောကောင်ကြီး၏မျက်လုံးများ ဝင်းဝင်းတောက်နေသည်၊ သူ ကိုက်ချီလာသောသားကောင်မှာတောအမဲကောင်မဟုတ်၊ လူတစ်ယောက်၊ သေဆုံးနေလေပြီ၊ လည်ကုပ်မှခဲကာ အောက်ကို ချထား၏။ သွေးစိမ်းများ တစက်စက်။

"ဝေါင်း"

မီးပိတ်လိုက်စဉ် အော်၍ ထွက်ပြေးသွားတော့သည်၊ လူကို ကိုက်ချီလာသော တောကောင်ကြီးသည် လူကို တွေ့ရသောအခါ ကြောက်၍ မိုးသည်းလေသည်းကြားမှ ထွက်ပြေးသည်။ သူ ကိုက်ချီလာသော လူသေကို ကြည့်လိုက်ကြ၏။

"ဟာ - ကျွဲသူခိုး ငမှိုပါလား"

ဗြာနေမုဆိုး ကိုတင်က အာလုတ်သံနှင့် ပြောလိုက်သည်။

သည်အခိုက် တစ်တောလုံး တဝုန်းဝုန်းအသံတွေ ပေါ်လာသောအသံများလည်း ကြားရသည်။

"ကျီ - ကျီ"

"တောဆင်ရိုင်းတွေ - ဗိုလ်လေးရေ"

ကျွဲခေါင်းကြီးက အထိတ်တလန့် ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့ - သူ့လမ်း သူသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ပြောလိုက်စဉ် ချုံတိုးသံ၊ ဝါးရုံဆွဲချိုးသံ၊ ပြီး - တဝုန်းဝုန်းနှင့် မည်းမည်းသတ္တဝါကြီး ဆယ့်ငါးကောင်တစ်အုပ် ပြေးထွက်သွားကြ၏။

"အာဝု - ဝေါင်း"

တောကောင်ကြီးအော်သံ၊ ဆင်ရိုင်းအော်သံများ ပေါ်ထွက်လာပြန်သည်။

"ကွိ - ကွိ - ကွိ - ကွိ"

ရုတ်တရက် ဂူထဲမှ မျောက်မောင်းမအသံတွေ ဆူလာပြန်၏။ "ဖြန်း" ဟူသော အသံနှင့် လင်းနို့တချို့ပျံထွက်ပြေးကြ၏။ မျောက်တွေ စုန်ဆွ စုန်ဆွနှင့် ကျွန်ုပ်တို့ကိုတိုးကာ အပြင်ပြေးထွက်ကြသည်။

မုဆိုးများအဖို့ ဒက်ခနဲ သိလိုက်ရ၏။ အန္တရာယ်မရှိဘဲ မျောက်တွေ ထွက်မပြေးရာ။

ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးအရောင်က လင်းထိန်သွားစဉ် -

"ဩော် - ဒီအကောင်ကြီးကြောင့်ကိုး" ဟု ပြောလိုက်မိသည်။

အနည်းဆုံး အတောင်တစ်ဆယ်ကျော်ရှည်မည့် စပါးအုံးကြီး၊ အခွေပုံကြီးက နစ်ပေခန့်၊ တဖြည်းဖြည်း အခွေဖျက်၍ ဂူအတွင်း ဝင်နေ၏၊ အပြင်ထွက်မလာ၍ တော်ပါသေး၏။

"တောကောင်ကြီးက ကျွဲသူခိုးငမိုကို ချီလာတာ ထူးတယ် - ဗိုလ်လေး၊ ကြေနံ ဒီသူခိုးတွေ တောကောင်ကြီးနဲ့ တိုးပြီထင်တယ်"

ကိုတင်က ထင်မြင်ချက်ပေးသလို ကျွဲခေါင်းကြီးက "ဟုတ်တယ်" ဟု ပြောကာ ဆေးပြင်းလိပ်ကို မီးညှိသောက်သည်၊ မိုးက သည်းကောင်းတုန်း၊ မျောက်တစ်အုပ်တော့ ကောင်းကောင်းဒုက္ခဖြစ်ပြီဟု တွေးမိပြီး ကျွန်ုပ်လည်း ဟသံာတ မမလေး ဆေးပေါ့လိပ်ကို မီးညှိသောက်သည်၊ အမဲလိုက်ချိန် သက်သက်ဆိုပါက အဘယ်မှာ ဆေးလိပ်သောက်ပါမည်နည်း။ ဆီးပင်လုံခြုံစွာ ပေါက်ရ၏၊ ထုံးစံအတိုင်း ငမို ဘာကြောင့် တောကောင်ကြီး ဆွဲခြင်းခံရသည်ကို စဉ်းစားရသည်၊ စဉ်းစားမိပေပြီ၊



ငမိုသည် အသက်(၅၀)နီးပါးရှိပြီး ဆံပင်ရှည်ထား၏။ နှုတ်ခမ်းမွေးပါးပါး အသားညိုပြီး အရပ်ပု၊ ဗလကောင်း သူဖြစ်၏။ တောကောင်ကြီးက လည်ကုပ်ဆွဲထားခြင်းကြောင့် လည်ပင်းတစ်ခြမ်း အသားမရှိတော့။ ခေါင်းကြီးက တွဲလောင်းကျ ပါသေး၏။ ဖျဉ်အကျႌစအကြွမ်း စောက်တို၊ လုံချည်လည်းမရှိတော့။



"ဒီငမိုတို့အုပ်စုဟာ ခပ်စောစောကပဲ သပြေတောင်ချောင်းကို ဖြတ်ကြမယ်၊ အဲဒီတင် ချောင်းကျရေနဲ့တိုးပြီး ကျွဲတွေ ရေထဲမျောပြီး ငမိုတို့ ထွက်အပြေး၊ တောကောင်ကြီးနဲ့ တိုးတာပဲ၊ ကံဆိုးတော့ ငမိုကို တောကောင်က စားဖို့ ဆွဲလာတာပဲ၊ ဒီည မိုးတွေသည်းတော့ တောကောင်ကြီးလည်း ဟင်းစားရမယ်မဟုတ်ဘူး၊ ဒီတော့ တွေ့တဲ့သတ္တဝါ ဆွဲတာပေါ့ဗျာ၊ ဒါထက် အခုနေ တောကောင်ကြီးနဲ့ ဆင်ရိုင်းတွေ ပက်ပင်းတိုးနေပြီဗျ၊ ဒါပေမဲ့ - တောကောင်ကြီး လွတ်သွားတယ်၊ လူသားစားပြီးရင် လူသားပိုစားလာလို့ သတိထားကြပေတော့"

"ဟုတ်တယ် - ဟုတ်တယ် - ဒါထက်"

ကျွဲခေါင်းကြီးက ပြောပြီး ငမို၏အလောင်းကြီး မေးငေါ့ပြသည်၊

"ကျွဲသူခိုး လိုက်ပါတယ်၊ အခုတော့ - ကျွဲသူခိုးရဲ့အလောင်းကို ကျုပ်တို့က ထမ်းပြန်ရမှာ မသတီစရာကြီးဗျာ - ဟင်း"

"ထမ်းပြန်ရမှာထက် အင်္ဂပုဂါတ်တဲကိုပို့ရမှာဗျ၊ အဲဒီကတစ်ဆင့် ဆေးရုံပို့ရမယ်၊ ဒီတော့ - မိုးပါးတာနဲ့ အလောင်းကိုကြိုးပုခက်လုပ်ထမ်းပြီး မြို့ရွာ

www.burmeseclassic.com

ပို့၊ အဲဒီကမှ သပြေကျောက်မိုင်းရထားနဲ့ ထူးကြီး ပို့ရမယ်၊ ထူးကြီးကင်းဂါတ် အကြောင်းကြား၊ အင်ပူကို ရထားနဲ့ သစ်တွဲမှာ တင်ပို့ရမယ်၊ ဒါမှ ဥပဒေပေါင် ဝင်မှာဗျ၊ အဲ - အမှုတိုင်ရမှာက ကျွဲခေါင်းကြီးပဲ တရားလိုလုပ်ဗျာ"

မိုးသည် အနည်းငယ်ပါးစပြုလာသည်၊ အလင်းရောင်မှုန်ဝါးဆဲ၊ လျှပ်စီး ရောင်ခြည်များကြောင့် တောရိပ်မည်းမည်း ကွက်စနဲ မြင်နေရ၏၊ လေက အရှိန်လျော့ပါးလာသည်၊

"ဒီကောင် - ဟိုတုန်းကတော့ လူကောင်းဗျ"

ကျွဲခေါင်းကြီးက ငမှီအလောင်းကိုကြည့်၍ ပြောသဖြင့် ကျွန်ုပ်က -

"သူက ဘာကောင်းတာတုံး"

"သူက ဂျပန်ခေတ်မှာကင်ပေတိုင်လူကြီး လုပ်လိုက်သေးတယ်၊ တောင် ရိုးဓားပြတွေကိုတောင် လိုက်ဖမ်းတယ်၊ စစ်ပြီးတော့ သပြေတောင်ကျောက် မိုင်း မဖွင့်သေးဘူး၊ ဒါနဲ့ မျှင်ဝါးတောင်မှာ ဆင်ပွဲစီး ဝင်လုပ်တယ်၊ သစ်ဖောင် ဖွဲ့ခေါင်းဆောင် ဖောင်သူကြီးလည်း လုပ်တယ်၊ နောက် သပြေတောင် ကျောက်မိုင်းဖွင့်တော့ အလုပ်သမားခေါင်း၊ အဲဒီမှာ အရက်သောက် ဖဲရိုက်နဲ့ ရှိတာလေး ပြောင်တယ်၊ တောအရက် ချက်ရောင်းတယ်၊ အဖမ်းခံရလို့ အလုပ်က ပြုတ်သွားပြီး ကျွဲသူခိုး၊ နွားသူခိုးတွေနဲ့ပေါင်းပြီး ပျက်သွားတာပဲ၊ အခုတော့ - သူ့ဘဝ သူ့အလုပ်က သူ့ကို ပြန်ပြီးတော့ တရားစီရင်သွားတာပဲ ဗိုလ်လေး"

"အင်း - ဒီနယ်မှာ လူဆိုးတစ်ယောက် ပြုတ်သွားတော့ အတော်စိတ် အေးသွားတာပဲ"

"သူ့မိန်းမ မိပိုကတော့ အတော်စိတ်အေးသွားရမယ်၊ ကလေးသုံး ယောက်နဲ့ မိပိုက သပြေတောင်ကျောက်မိုင်းမှာ ဈေးရောင်းတယ်၊ ရတဲ့ အမြတ်ကလေး သူ့လင် အရက်သောက် ဖြုန်းတာနဲ့ ရှောတာပါပဲ"

ကိုတင်က မှတ်ချက်ပြု၏၊ အလင်းရောင် ပိုးတဝါး၊ လေနှင့် မိုးစဲသွား လေပြီ၊ တောကြက်များ တွန်ကြွေးသံ ဆူညံစ ပြုလာသလို ဒရယ်ကလေး များအသံ၊ တောငှက်များအသံပါ ကြားလာရသည်၊



အလောင်းကို ဖျံမနိုင်နွယ်များနှင့် ချည်လိုက်ပြီး ဝါးတစ်ချောင်းခုတ်၍ တံပိုးလုပ်ကာ ကိုတင်နှင့် ကျွဲခေါင်းကြီးက ထမ်း၏၊ ကျွန်ုပ်က ဝင်ထမ်းမည် ပြုရာ "နေပါစေ" ဟု ပြောကြ၏၊

ငမှီသည်အသက်(၄၀)နီးပါးရှိပြီး ဆံပင်ရှည်ထား၏၊ နှုတ်ခမ်းမွေးပါးပါး အသားညိုပြီး အရပ်ပု၊ ဇလကောင်းသူ ဖြစ်၏၊

တောကောင်ကြီးက လည်ကုပ်ဆွဲထားခြင်းကြောင့် လည်ပင်းတစ်ခြမ်း အသားမရှိတော့၊ ခေါင်းကြီးက တွဲလောင်းလုပ်ကာ ပါလာ၏၊ ဖျဉ်အင်္ကျီစ အကြမ်း လက်တို၊ လုံချည်လည်း မရှိတော့၊

မြို့ရွာမှတစ်ဆင့် သပြေတောင် ကျောက်မိုင်းရထားဖြင့်တင်ကာ ထူး ကြီး ပို့ရသည်၊ သေဆုံးသူ ငမှီ၏ဇနီး မပိုနှင့် ကလေးတစ်ယောက် လိုက်လာ သည်၊

အင်ပူသို့ ကျွန်ုပ်ပါလိုက်ကာ ဂါတ်တွင် မျက်မြင်သက်သေအဖြစ် အမှု စစ်ထဲတွင် စစ်ဆေးချက်ကို ထွက်ဆိုပေးခဲ့သည်၊

ထူးကြီးပြန်ရောက်သောအခါတွင် သတင်းကောင်းတစ်ခု ကြားရသည်၊ တောကောင်ကြီး ဆွဲခြင်းခံရသော ငမှီတို့ ခိုးသွားသည့် ကျွဲနှစ်ရှဉ်းမှာ မျှင်ဝါး တောင်သို့ နံနက်စောစော ပြန်ရောက်လာသည်ဟု၊

မှန်သည်၊ ကျွဲများသည် ရေကူးကျင်လည်၍ ချောင်းရေနှင့်မျောကာ ကမ်းတက်ပြီး မျှင်ဝါးတောင်သို့ ပြန်ပေမည်၊

အလုပ်တစ်လုပ် ပြီးပေပြီဟု စိတ်အေးရမည် ထင်ဆဲ၊ တောခေါင်းကြီး ဦးကျော်နှင့် ဝေါင်ညိုသစ်ထုတ်လုပ်ရေးမှ လုပ်သားဌာနေမှူးဆိုးဖြစ်သော စောဘဲလူး၊ မှူးဆိုး ကိုတင်တို့ပါ ထူးကြီးတောင်ခြေတပ်စခန်းသို့ ရောက်လာ ကြသည်၊

တောခေါင်းကြီး ဦးကျော်က -

"ဗိုလ်လေးရေ - ဟို - ငမှီဆွဲစားတဲ့ တောကောင်ကြီး မွေ့နေပြီ၊ သစ် ထုတ်လုပ်ရေးစခန်းကို ဝင်လို့ ခြောက်လှန့်တာ မရဘူး၊ ဦးမှိုင်သာက မထယ်

www.burmeseclassic.com

ဆိုတဲ့ကလေးမလေးညဘက်မှာ ဝင်ဆွဲသွားလို့အလောင်းတောင် ရှာမရကြသေးဘူး"

ကျွန်ုပ်က တပ်ခွဲမှူးထံ တင်ပြပေးမည်ဟုပြောကာ တပ်ခွဲရုံ ခေါ်သွားပြီး အမှုကိစ္စကို ပြောပြသည်။ ထုံးစံအတိုင်း -

"ခင်ဗျားနဲ့ရဲဘော်တွေ ခေါ်လိုက်သွား - ဗိုလ်စိန်တင်၊ ဆင်တောင်ကိုပါ လှည့်ပြီးတော့ ရေနံတောင်ဘက်ပါ ကင်းလှည့်ပေးလိုက်ပါ" ဟု အမိန့်ပေးသည်။

သည်တစ်ကြိမ် ကျားဆိုးနှိမ်နင်းရုံမက ကင်းလှည့်ရမည့်တာဝန်ရှိသဖြင့် တပ်စိတ်သုံးစိတ်နှင့် ဆေးဝါးရိက္ခာပါ ယူ၍ တောင်ညိုသစ်ထုတ်လုပ်ရေးသို့ လိုက်ခဲ့သည်။

မျှင်ဝါးတောင်သစ် ထုတ်လုပ်ရေးစခန်းအရောက်တွင် ကျွဲခေါင်းကြီး ဦးဖောင်က ကြိုဆိုနေ၏။ သူ့မျက်နှာက ခပ်ပြုံးပြုံး။

"ကျွဲခေါင်းကြီးရေ - ခင်ဗျားတို့နဲ့ ဒီတစ်ခါ ကံဆုံကြရပြန်ပြီ၊ ကျုပ် မပြောလား၊ ဟိုလူသားစားတောကောင်ကြီးဟာ ခင်ဗျားတို့ သတိသာ ထားပေရော့လို့လေ၊ အခုတော့ - ဒီအကောင်ကြီးက တောင်ရိုးမှာ မွှေနေပြီမို့လား"

"ဟုတ်ပါ့ဗျာ၊ ဒါကြောင့် - ကျုပ်လုပ်သားတွေကို အပြန်ကတည်းက သတိပေးထားပါတယ်၊ အမြဲလည်း သတိထားပြီး ကင်းပါ ချထားလိုက်တယ်၊ မနေ့ညက ကျုပ်တို့ဘက်ကိုပါ ဒီကောင်ကြီးရောက်လာလို့ ခြောက်လှတ်ကြရသေးတယ်"

ထိုနေ့နံနက် မျှင်ဝါးတောင် သစ်ထုတ်လုပ်ရေးမှာပင် နံနက်စာ စားကာ တောင်ညိုခရီး ဆက်ရှိတက်ခဲ့ကြပါသည်၊ ဤတွင် ကျွန်ုပ်က မုဆိုး ကိုတင်ကိုပါ တစ်ပါးတည်း ခေါ်ခဲ့၏။

အထူးသဖြင့် သစ်ထုတ်လုပ်သားများစိတ်ချမ်းသာစေရန် မျှင်ဝါးတောင်တွင် တပ်စိတ်တစ်စိတ် ချထားပေးခဲ့သည်၊ တောင်ညိုသို့ ရောက်သောအခါတွင် မှောင်စ ပြုပေပြီ၊



ချက်ချင်းပင် တပ်စိတ်တစ်စိတ်ကို တောင်ညိုသစ်ထုတ်လုပ်ရေးတွင် တာဝန်ချထားပေးလိုက်ပြီးနောက် တပ်စိတ်တစ်စိတ်နှင့် မုဆိုးနှစ်ဦးဖြစ်သော စောဘဲလူး၊ မုဆိုး ကိုတင်တို့အား ခေါ်၍ ဦးမိုး ယာဆီသို့ ထွက်ခဲ့ပါသည်၊

ဦးမိုး ယာကျမှ စခန်းချ စားသောက်ပြီးလျှင် ချက်ချင်း တောကောင်ခြေရာ ကောက်ကြည့်မည်ဟု ဆုံးဖြတ်မိသည်၊

"ကံကောင်းချင်တော့ ကျားဆွဲသွားသော ကလေးမလေးအလောင်းကို ပြန်တွေ့ပြီ၊ ဦးမိုး ယာထဲသို့ ယူထားပြီ"

ထိုသတင်းသည် ဦးမိုး ယာမှ သတင်းပို့ရန်လာသော လူသုံးယောက်ထံမှ ကြားလိုက်ရသော သတင်းစကားဖြစ်ပါသည်၊ မည်သို့ဖြစ်စေ၊ ကျားစား၍ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေမည်၊ သို့သော် ကျွန်ုပ်တို့ မုဆိုးများအဖို့ အလောင်းတွေ့သောနေရာမှ အလောင်းကို မရွှေ့စေချင်၊ အလောင်းကိုထား၍ကျားအလာ စောင့်ပစ်လျှင် လွယ်လင့်တကူ လူသားစားကျားကို ရနိုင်ပါသည်၊ ယခုတော့ ကျားသည် သူစားထားသောအလောင်း မရှိတော့၍ လူသစ်ကိုသာ ရှာပေတော့မည်၊

ဦးမိုး၏ယာတဲသို့ရောက်လျှင် မထယ်၏အလောင်းကို ဖျာတစ်ချပ်ဖြင့် ဖုံးထား၏၊ အသက် (၂၀) ကျော် ဝမ်းဗိုက်ဟောင်းလောင်းပွင့်၍ ခြေတစ်ဖက်၊ လက်တစ်ဖက် မရှိတော့၊ မျက်နှာကျန်နေ၏၊ ကျားသည် တဖြည်းဖြည်း ဖိမ်ဆွဲစားရန် ကြံပုံရ၏၊

သူ၏မိဘများမှာ ဦးထိုက်နှင့်ဒေါ်ပန်း ဖြစ်သည်၊ ယာတွင် အိမ်ခြေငါးအိမ်ရှိပြီး တောင်စောင်းပေါ်ဟိုတစ်အိမ်၊ ဒီတစ်အိမ် ဆောက်နေကြသည်၊ ခြံစည်းရိုး မရှိ၊ ဝါးရုံပင်များ အများဆုံးပေါက်နေ၏၊ တောင်စောင်းအောက်တွင် ယာခင်းများ ရှိကြသည်၊

ထုံးစံအတိုင်းဆိုပါက အလောင်းကို ဆေးရုံပို့ရမည်၊ သံသယရှည်မည်ဖြစ်သည့်အတိုင်း ရှိစေတော့၊ အမြန်ဆုံး မြှုပ်နံပစ်ရုံသာ ရှိတော့သည်၊

အမြန်ဆုံး ညစာစား၍ တပ်စိတ်ကို ကင်းချပြီး ကျွန်ုပ်နှင့် မုဆိုးနှစ်ဦး လမ်းပြတစ်ဦးခေါ်ကာ အလောင်းတွေ့သောနေရာကို လာခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ဦးမိုး ယာခင်းနှင့် ကိုက်သုံးရာကျော်ကွာသော ကျောက်ခုံကြီး လျှိုကမ်းပါးအတွင်းမှ တွေ့ခဲ့ခြင်းဖြစ်သည်၊ ယင်းလျှိုကမ်းပါးတွင်း အိမ်တစ်လုံးမကသော ကျောက်ခုံကြီးသည် လိပ်ကျောကုန်းပမာ တည်ရှိသည်။

လူသားစားကျားသည် ရွာသားများကြောင့် ခပ်ဝေးဝေး ထွက်ပြေးသော်လည်း ညဦးအခါတွင် လျှိုထဲသို့ ပြန်လာမည်မှာ သေချာသည်၊ ဦးမိုးနှင့် ရွာမှ လူများအား ကျွန်ုပ်တို့ ကျောက်ခုံကြီးတွင် စခန်းချစောင့်မည်ဟု ပြောခဲ့သည်၊

ကျောက်ခုံကြီးလျှိုထဲသို့ ဆင်းခဲ့ကြသည်၊ မိုးချုပ်စ ပြုလာ၍ အမည်းရိပ်များ ထိုးကျလာသည်၊ မိုးမခပင်ကြီးနှင့် ဝါးရုံအောက် ဖက်သွပ်ရွက်များရှင်းနေသော တောင်ကုန်းပေါ်တွင် အလောင်းမှ သွေးကွက်များနှင့် လူသားစားခြေရာ၊

သည်တွင် မိုးမခပင်တွင် အမြန်လင့်စင်ထိုးရန်အတွက် မှဆိုး ကိုတင်နှင့် စောဘဲလူးတို့က ဝါးခုတ်ကြသည်၊ လမ်းပြသူအပါအဝင် ပေ(၂၀)ခန့်တွင် ရှိသော သစ်ကိုင်းခွဆုံတွင် လင့်စင်ထိုးလိုက်ရာ နာရီဝက်အတွင်းပြီးသွား၏၊ ဖက်ကြီးရွက်များမိုးကာ အကာကိုပင် ပြုထားလိုက်သေး၏၊

ထိုလင့်စင်မှာ လေးဖက်မြင်သာသည်၊ ကျောက်ခုံကြီး ကမ်းပါးထိပ်နှင့် ပေ ငါးဆယ်ကျော် ကွာသည်၊ တောကြက်များ တွန်ကြွေးသံ၊ ငှက်အုပ်များ အိပ်တန်းတက်သံတွေ ဆူညံနေ၏၊ လေက အထက်မှ ဖြတ်တိုက်နေ၍ သစ်ကိုင်းတွေ လှုပ်ရှားနေသည်၊ တရှဲရှဲအသံများ၊ ဖလပ်ဖလပ်နှင့် ရွက်ချင်းခတ်သံတွေ၊ ကောင်းကင်ပြင်မှ မိုးသားတစ်အုပ် ဖြတ်ကျော်သွား၍ ဟင်းရှမိသည်၊

တောထုံးစံအတိုင်း ဆေးလိပ်မသောက်ရ၊ ဆီးကိုဝါးလုံးဖြင့်သွား၊ အစာကို စားပြီးသောအခါ ရေဘူးတွင် လက်ဖက်ခြောက် အဖန်ခတ်ထားသည့် ရေနွေးထည့်ကာ ယူလာသည်၊ ကိုတင်က ကျပ်တိုက်ထားသော စိုင်သားကို မီးဖုတ်ကာ ဆီဆမ်း၍ ဖက်နှင့်ထုပ်ပြီး ဝါးဘူးတွင် ထည့်ယူလာသည်၊ စောဘဲလူးက မူ ဘူးသီးခြောက်ဘူးတွင် အရက်နှင့် ရေဘူး၊ သူတို့ဆေးများ ဖြစ်ကြ၏၊



ညဦးသည် တဖြည်းဖြည်းကုန်လွန်လာ၏၊ ကြက်သံ၊ ငှက်သံများ ပျောက်၍ တစ်ရှိုးတစ်ရှိုးဒရယ်ကလေးများအော်သံနှင့် ပုစဉ်းရင်ကွဲသံများ ဆူညံလျက်ရှိသည်၊

ညဉ့်ရှစ်နာရီတွင် "တိန်" ဟု ချေဟောက်သံပေါ်လာကာ ခပ်ဝေးဝေးမှ "တရိန် – တရိန်" ဟူသော ကျားသစ်သံ့သံ့ ကြားလာရ၏၊ ဤသည်မှာ တောကောင်ကြီးများ အစာရှာ ထွက်လာစဉ် တစ်ခုခုသောအကြောင်းကြောင့် ကြောက်၍ "ဟစ်" လိုက်ခြင်းဖြစ်သည်၊ "လူမရဲဟစ်၊ ကျားမရဲတစ်" ဆိုသည် မဟုတ်ပါလား၊

သို့သော် လူသားစားကျား ဟုတ်ချင်မှ ဟုတ်ပေမည်၊ သည်အခိုက် တဖြောင်းဖြောင်းနှင့် ဝါးရုံရိုးသံများ ပေါ်လာကာ "ကရိုး – ကစ် – ကစ်" ဟူသော ငှက်များ လန့်ဖျပ်ပျံပြေးသံ၊ "ကွိ – ကွိ" ဟူသော မျောက်အော်သံများပါ ကြားလိုက်ရသည်၊

"ဖြောက် – ဖြောက် – ဖြောက်"

ရုတ်တရက် မှဆိုး ကိုတင်က ဖက်သွပ်ရွက်များ ဖြန့်ခင်းထားသော နေရာမှ အသံပေါ်လာ၏၊ သူတို့က မြေကျင်းသုံးတောင်ကျော် တွင်းတူး၍ ဖက်ခင်းကာ ဖြောင့်ထောင်ထားသည်မှာ သုံးကျင်း၊

"ဂူး"

ချက်ချင်းပင် အသံကြီး ပေါ်လာ၏၊ နာကျင်သော ဝမ်းတွင်းအသံ၊ ငါး တောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်၊

ကိုးတောင်နီးပါးရှိ လူသားစားကျားကြီးသည် လက်နှစ်ဖက် မြေကျင်းထဲကျကာ ဖြောင့်စူး၍ ခုန်ဆွခုန်ဆွ ဖြစ်နေ၏၊ လက်နှိပ်ဓာတ်မီးရောင်ကြောင့် သူက ခေါင်းမော့၍ မီးရောင်ကို မော့ကြည့်ကာ "ဝေါင်း" ခနဲ ဟိန်းလိုက်သည်၊ ကြီးမားသော ပါးစပ်မှ အဝါရောင်သမ်းနေသည့် သွားနှစ်ဖက်အစွယ်များ၊ နှုတ်ခမ်းမွေးတွေ ထောင်ကာ ဒေါသဖြစ်နေ၏၊

တုံ့ဆိုင်းမနေတော့၊ ကျွန်ုပ်သည် ဗြိတိသျှစစ်သုံး ၃၀၃ ရိုင်ဖယ်ဖြင့် ဦးခေါင်းကို ပစ်ထည့်လိုက်၏၊ နှစ်ချက်၊



www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း-ဒိုင်း"

တစ်ဓတောလုံး ဟိန်းသွား၏၊ "ဝေါင်း" ခနဲအော်၍ နောက်ကျွမ်းပစ်ကာ ဝုန်းခနဲ မြေပေါ်ကျပြီး လိမ့်နေ၏၊

လင့်စင်မှ ဆင်းခဲ့ပြီး လူသားစား သတ္တဝါကြီးထံ သွား၏၊ အသက် ဖုတ်လိုက် ဖုတ်လိုက်နှင့်ငြိမ်နေ၏၊ နောက် အမြီးတစ်ချက်ပုတ်ကာငြိမ်သက်သွားတော့သည်၊ သတ္တဝါကြီးသည် လူဆိုးကံကြမ္မာအတိုင်း ခံစားသွားရပေပြီ၊

ယင်းအခိုက် လေသည် ကြမ်းလာကာ သစ်ကိုင်းတွေ လှုပ်ခါနေသည်၊ မိုးသားတစ်အုပ် မည်း၍ရိုတက်လာ၏၊

အမြန်ဆုံး ဖုံမနိုင်နွယ်များဖြတ်ကာ လူသားစားသတ္တဝါကြီးကို ချည်၍ ဝါးတစ်လုံးဖြင့်ထမ်းကာ ပြန်ရန် ပြင်လိုက်ကြသည်၊

"အမြန်ပြန်ကြမှ တောင်ကျရေတွေ ဒီလျှိုထဲ ဆင်းလာမယ်"

စောဘဲလူးက သတိပေး၍ လူသားစားသတ္တဝါကြီးကို အမြန်ထမ်းကာ ကျောက်ခုံကြီးကမ်းပါးပေါ်တက်ခဲ့ကြသည်၊

မိုးသည်းသည်း ရွာလာစဉ် မျောက်မောင်းများ အော်သံကို ကြားလိုက်ရသည်၊

ဩော် - လူတစ်ယောက်သေသည်မှာ ဝမ်းနည်းရသည်၊ သို့သော် ကျားတစ်ကောင် သေ၍ ကျားသားရေတစ်ချပ်မှာ နိုင်ငံခြားတွင် ဒေါ်လာငွေ တစ်သောင်းတန်နေသည် မဟုတ်ပါလား၊

⇒ မြဝတီ



www.burmeseclassic.com

# မီးသွေးဖုတ်သမားတို့ မီးသွေးဖုတ်ရန်ပြင်ဆင်နေချိန်တွင် မမျှော်လင့်ပဲတီရစ္ဆာန်နှစ်ကောင်၏ ရန်ပွဲကြောင့်..

“**တော့** – မြို့ကြီးပြကြီးတွေမှာ မီးသွေးတစ်ပိဿာ လေးငါးရာဖြစ်ကုန်ပြီတဲ့၊ ဒီနှစ်မှ တို့လက်မည်းကြီးတွေ ရွှေကိုင်ကြရတော့မယ်ဗျို့”

သိန်းအောင် အာကျယ်ကြီးသည် သူ ကြားခဲ့သောသတင်းကို ရွာရိုးကိုးပေါက် လျှောက်အော်သွားသည်၊

သူကြားခဲ့သော သတင်းစကားမှာ အမှန်ပင်ဖြစ်သည်၊

မကြာမီမှာပင် သူတို့ မြို့ငယ်လေးက မီးသွေးကုန်သည်များ၊ မီးသွေးပွဲရုံလုပ်သူများသည် ရွာစဉ်လျှောက်၍ ဆွေမျိုးသားချင်း တော်စပ်သူများကို ကြိုတင်စရန်ငွေပင် လာပေးနေကြ၏၊ မီးသွေးကောက်မည့်သူ၊ မီးသွေးဖိုတွေကို ကြိုတင်ချုပ်မည့်သူတွေလည်း ရောက်လာကြပြန်သည်၊

ထို့ကြောင့်လည်း မီးသွေးဖုတ်သူများမှာ သက်ဆိုင်ရာ တောခေါင်း၊ ချောင်းခေါင်းမှတစ်ဆင့် မီးသွေးဖုတ်ခွင့်ရရန် သူ့ထက်ငါဦး ခွင့်ပြုချက် ယူကြရသည်၊ ဒေသခံများအတွက် အိမ်သုံး၊ ယာသုံး ခွင့်ပြုထားသော “အပတော” များကို လိုင်စင်ယူကြရသည်၊

အထူးသဖြင့် သစ်မာ၊ သစ်ကောင်းများနှင့် ဆက်စပ်နေသော “အပတော” များကိုပို၍လက်ဦးမှု ရယူကြ၏၊ ထိုသို့ လက်ဦးအောင် လုပ်ကြရခြင်းမှာ “အပတော” ကို အကြောင်းပြုပြီး မီးသွေးကောင်းရနိုင်သော သစ်တောကြီးများထဲက သစ်မာများကို ဥပဒေလွတ် ခိုးခုတ်မီးသွေးဖုတ်နိုင်ကြရန်ဖြစ်သည်၊

ထို့ကြောင့် ခအောင်းကုန်းရွာက ဦးသာဖြူကြီးတို့အဖွဲ့သည် မီးသွေးဖုတ်ရန် တောတက်လာကြ၏၊ လှည်းသုံးစီးတွင် ရိက္ခာပို့သမားသုံးယောက်အပါအဝင် လူကိုးယောက်ပါ၏၊ သူတို့မှာ မီးသွေးဖုတ်ရင်းနှင့် တောထဲတောင်ထဲတွင် နှစ်လ၊ သုံးလ ရွာမပြန်ပဲ နေကြရသူများဖြစ်ရာ မီးသွေးဖုတ်ရာတွင် အသုံးပြုသော လွှ၊ တူးရွင်း၊ ဓား၊ ပဲခွပ်၊ ပုဆိန်တို့အပါအဝင် လက်နက်ကိရိယာများနှင့် စားအိုးစားခွက်တို့ကိုလည်း ယူလာခဲ့ကြရသည်၊

ရှေ့ဆုံးက သွားနေသော လှည်းပေါ်တွင် သိန်းအောင်၊ ရွှေမော်နှင့် ကြည်ဝင်းတို့ ပါသွားကြသည်၊ ဒုတိယလှည်းမှာ မောင်သိုက်၊ လှဝင်းနှင့် ထွန်းဆောင်တို့ဖြစ်ကြသည်၊ တတိယလှည်းတွင် ဦးသာဖြူကြီး၊ ကျော်ဖိနိနှင့် တင်ဆိုင်တို့ လိုက်ပါလာကြသည်၊

မနက်ကြက်ဦးတွန်စကပင် ရွာက ထွက်လာကြသော သူတို့အဖွဲ့သည် နေထွက်တပြူ၌ ဒေါင်းရန်ချောင်းကို ရောက်လာကြ၏၊ ဒေါင်းရန်ချောင်းမှာ အနောက်ရိုးမက မြစ်ဖျားခံ စီးဆင်းလာသော ချောင်းဖြစ်သော်လည်း နွေလတွင် ချောင်းအပြည့် ရေမရှိပေ၊ ချောင်းအထက်အောက်တစ်လျှောက်လုံးတွင် ရေအိုင်၊ ရေခွက်တွေသာ တင်ကျန်နေ၏၊ သူတို့ လှည်းသုံးစီးစလုံး ခဏလှည်းဖြုတ်ပြီး နွားကို ရေတိုက်ကြသည်၊ နွားများ ရေသောက်ပြီးသည်နှင့် တောပြန်တက်ကြသည်၊

ကြက်ဦးတွန်စကပင် ရွာက ထွက်လာကြသော သူတို့မှာ နေမွန်းမတိမ်း မီမီးသွေးဖုတ်ကြရမည့်တောနက်ထဲ ရောက်လာကြ၏၊ ထိုအခါ မနက်ကပင်

www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်ယူလာကြသော ထမင်းဟင်းများကို စုဝိုင်းစားကြပြီး ရိုက္ခာပို့သူများကို နေမဝင်မီ ရွာပြန်ရောက်အောင် လှည်းသုံးစီးနှင့် လူသုံးယောက်ကို ပြန်လွှတ်လိုက်ကြ၏။

ဦးသာဖြူကြီးအပါအဝင် ကျန်လူခြောက်ယောက်မှာ သူတို့နှစ်လ၊ သုံးလ စခန်းချနေကြရမည့်တဲကို မိုးမချုပ်မီ အပြီးထိုးကြ၊ အကာအရန်လည်း လုပ်ကြရ၏။ သူတို့ရောက်နေသော တောနက်မှာ လူကို အန္တရာယ်ပြုတတ်သော ကျား၊ ဆင်၊ ဝံနှင့် ချေ(ဂျီ)ဆတ်၊ ဝက်၊ စိုင်ကောင်များလည်းရှိသည်။ ထို့ကြောင့်လည်း သူတို့နေရန် တဲကို မိုးမချုပ်ပြီး အပြီးထိုးကြရခြင်းဖြစ်သည်။ သူတို့မှာ နောက်တစ်နေ့လည်း မီးသွေးဖုတ်ရန် မီးသွေးဖိုကို တည်ဆောက်ကြရပေဦးမည်။

ဦးသာဖြူကြီးနှင့် သူတို့အားလုံး တည်ဆောက်နေကြသော မီးသွေးဖိုမှာ "မြေတိုက်" ခေါ်သော မီးသွေးဖိုဖြစ်သည်။ မြေတိုက်မီးသွေးဖိုကို မြေပေါ်၌ တည်ဆောက်လုပ်ကိုင်ခြင်းကြောင့် "မြေတိုက်ဖုတ်နည်း" ဟုလည်းခေါ်၏။

မီးသွေးဖုတ်လုပ်ခြင်းကို မြန်မာနိုင်ငံတစ်နံတစ်လျား၌ ဖုတ်လုပ်ကြ၍ တစ်နေရာနှင့်တစ်နေရာ မတူကြချေ။ "တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း" ဆိုသလို ကိုယ့်နည်းနှင့်ကိုယ် လုပ်ကိုင်ကြသည်။ မည်သည့်နည်းနှင့် ဖုတ်ဖုတ် မီးသွေးကောင်း၊ မကောင်းမှာ မီးသွေးဖုတ်သောထင်းပေါ်တွင် မူတည်လေသည်။

အကောင်းဆုံးမီးသွေးထင်းမှာ ထောက်ကြံ့နှင့် ပျဉ်းကတိုးသားတို့ဖြစ်သည်။ မီးသွေးဖုတ်၍ရသော ထင်းပင်များမှာ သန်း၊ ဒဟတ်၊ ထိန်၊ ရုံး၊ ရေမှိန်၊ မြောက်ချော၊ မြင်းဂ၊ မဒမ၊ မာလကာ၊ နပဲ၊ ပတ်မ၊ သပြေ၊ အင်တို့ကို အဓိက ရွေးချယ်၍ မီးသွေးဖုတ်ကြရသည်။

မီးသွေးဖုတ်ရာ၌ ဆီးဖြူသားကို အများဆုံးရှောင်ကြရသည်။ ဆီးဖြူသားကို မီးသွေးဖုတ်မိလျှင် မီးသွေးဖြစ်သွားသော ဆီးဖြူသားမီးသွေးကို ဘယ်နေရာသုံးသုံး ဖျတ်ခနဲ ဖျတ်ခနဲ မီးဖြတ် မီးပေါက်ပြီး ချက်ပြုတ်ရာတွင် ဒုက္ခပေးသလို မီးပူတိုက်ရာ၌လည်း ဖျတ်ခနဲ ဖျတ်ခနဲ မီးပွားလေးတွေ ထထပေါက်သဖြင့် အင်္ကျီ၊ လုံချည်တွေ မီးပေါက်တတ်လေသည်။ ထို့ကြောင့် မီးသွေးဖုတ်သူများသည် ဆီးဖြူသားကို အထူးရှောင်ကြ၏။

သူတို့ပြုလုပ်နေကြသော မြေတိုက်မီးသွေးဖို၏ အရှည်ပေအလျားမှာ ပေ(၄၀)ခန့်ရှိ၏။ အနံမှာ ဖုတ်သစ်(၉)ပေ ရှိသည်။ အမြင့်မှာ (၈)ပေ ရှိ၏။

ထို့ကြောင့် မောင်သိုက်က မီးသွေးဖိုပေါ် တစ်ချက်မော့ကြည့်၍ -

"ဦးကြီးဖြူ - ဖုတ်သစ်တွေကို ကုန်းပေါင်ထိုးပြီး တင်ရလိမ့်မယ်"

ဟု ပြောလိုက်၏။

"အေး - ဟုတ်တာပဲ"

ဦးသာဖြူကြီးက မောင်သိုက်ကို တစ်ချက်လှမ်းကြည့်ပြီး -

"ကုန်းပေါင်ပေါ်ကတစ်ဆင့် ဖုတ်သစ်တွေကို လှိမ့်တင်ကြကွာ၊ ဟေ့ ကျော်စိန်တို့ - သေိန်းကြီးတို့ - ဗိုင်းကူကြလေကွာ၊ ထွန်းအောင် - မင်းကတောင့်ထားနော်၊ လိမ့်မယ် - လိမ့်မယ် - ဖြည်းဖြည်း - ဖြည်း - ဖြည်းဖြည်း"

ထွန်းအောင်နှင့် ရွှေမော်တို့က ထိပ်ဝတောင်ဆုပ်ခန့်ရှိသော ဖုတ်သစ်လုံးကြီးကို အစွန်းတစ်ဖက်စီကိုင်၍ ကုန်းပေါင်ပေါ်မှတစ်ဆင့် မီးသွေးထင်းပုံပေါ်သို့ ရောက်အောင်တွန်းတင်နေကြသည်။

"ကိုင် - တွန်းဟ - တွန်းဟ၊ သတိလည်း ထားကြ၊ အေး - ဟုတ်ပြီ၊ နောက်တစ်လုံးတင်"

ဦးသာဖြူကြီးသည် လူငယ်များ တွန်းတင်ပေးသော သစ်လုံးများကို သစ်ပုံပေါ်၌ နေရာတကျ စီတင်ရသည်။

"တို့ဖိုက အလျားပေလေးဆယ်၊ အနံက ကိုးပေဆိုတော့ ရန်ကိုင်တစ်စုစီနဲ့ အကွာအဝေးကတော့ ဆယ်ပေလောက်မှန်းပြီး စိုက်ကြတာပေါ့ကွာ၊ ကဲ လုပ်ကြပေ့ - လုပ်ကြ"

သည်လိုနှင့် ရက်ဆက်လုပ်လိုက်ကြရာ ပထမအသုတ် မီးသွေးဖိုသည် စလုံးပြီးစီးသွား၏။ ပထမအသုတ်ထဲက ပထမမီးဖိုကိုလည်း မီးတင်ထားကြ





www.burmeseclassic.com

ပြီ၊ ထို့ကြောင့် ဦးသာဖြူကြီးနှင့် လက်ထောက်နစ်တို့သည် မီးအခြေအနေကို စောင့်ကြည့်လေ့လာနေကြစဉ် သိန်းအောင်နှင့် ရွှေမော်တို့သည် နံနက်စာစားပြီးကတည်းက စမ်းချောင်းများကို ခရုရရ၊ ကဏန်းရရ၊ ဖားရရ၊ ငါးရရ ညနေစာဟင်းလျာရှာရန် စခန်းတဲက ထွက်လာကြလေသည်၊

နေမွန်းစောင်းကြီးလောက်တွင် ရွှေမော် အူးယားဖားယားနှင့် စခန်းသို့ ပြေးချလာသည်၊ ခရီးရောက်မဆိုင်း မောဟိုက်သံကြီးနှင့် –

"စခန်းရှိလူတွေကို ကိုသိန်းကြီးက ဓားလုံ့ယူပြီး မြန်မြန်လိုက်လာခဲ့ကြတဲ့"



ဒီကောင်နှစ်ကောင် ဘယ်အချိန်ကပင် တာလှေဖွေ့ခတ်နေကြလဲမသိဘူးကွ။ ငါနဲ့ ရွှေမော်က ချုံချုံငါးရိုက်၊ ခေါင်း တိုက်ကြသံကြားလို့ သွားချောင်းကြည့်ကြတာ ဆတ်ဖားကြီးနှစ်ကောင်ဖြစ်နေတယ်။ ချုံချုံငါးရိုက် ခေါင်းချုံငါးပစ်ကြသံ ကြားစတုန်းက ... ပြောင်နစ်ကောင်လားတောင် ... ကြရတာ။ အနားရောက်မ ... ကြီးနှစ်ကောင်မှန်း သိရတော့တယ်။



ရွှေမော်၏စကားက စခန်းရှိလူတွေကို အံ့သြတကြီး အထိတ်တလန့် ဖြစ်သွားစေသည်၊

"ဟင် – ဘာတဲ့လဲကွ – ရွှေမော်၊ သိန်းအောင်ကြီး – ဘာဖြစ်လို့လဲ"

သိန်းအောင်ကြီးကို ဝက်ပက်ထားပြီးလား၊ ဝံကုတ်သွားတာလားဟု ပိုးရှုံ့စိတ်နှင့် ကမန်းကတန်း တစ်ယောက်က မေး၏၊

"ဆတ်၊ ဆတ်ဖားကြီးနှစ်ကောင် တာလုခတ်နေကြတာ ကြာလှပြီ၊ နှစ်ကောင်စလုံး ပါးစပ်က အမြှုပ်တွေတောင် ထွက်ကုန်ကြပြီ၊ အဲဒါ – ရေထဲ ဆင်းရင် ဝိုင်းခုတ်ကြရအောင် အမြန်လိုက်လာခဲ့ကြပါ ပြောခိုင်းလိုက်လို့ ပြေးလာပြောရတာ၊ လုပ်ကြစမ်းပါဗျ – မြန်မြန်"

ကြားမျှဆိုလျှင် အားလုံးသဘောပေါက်သွားကြပြီ၊ ဆတ်ဖားကြီးများ တာလုကြပြီးဆိုလျှင် တစ်ကောင်နှင့်တစ်ကောင် အရှုံးပေး၍ မပြေးမချင်း အသေအလဲ ဖွေ့ခတ်တိုက်ခိုက်ကြ၏၊ မောလာလျှင် ရေထဲဆင်းပြီး ရေစိမ်ကြသည်၊ ရေစိမ်ရင်း ရေထဲ၌လည်း တစ်ကောင်နှင့်တစ်ကောင် ဖွေ့ခတ်ကြပြန်သည်၊ ယခု ပါးစပ်ကပင် အမြှုပ်ထွက်နေကြပြီဆိုလျှင် မကြာမီ ရေစိမ်ရန် ရေအိုင်ထဲ ဆင်းကြတော့မည်၊

ထိုအခါ ရေထဲတွင် ရုတ်တရက် ကုန်းပေါ် ပြန်တက်မပြေးနိုင်သော ဆတ်ဖားကြီးနှစ်ကောင်ကို သူတို့က ထိုးခုတ်သတ်ဖြတ်ကြရမည်၊ ထို့ကြောင့် ဘော်စိန်၊ မောင်သိုက်၊ တင်ဆောင်တို့မှာ ချက်ချင်း ဓားလုံ့ဆွဲ၍ အခေါ်လာသူရွှေမော်နှင့် သိန်းအောင်ကြီးရှိရာသို့ အပြေးလိုက်လာကြရသည်၊ တဲစောင့် စောင့်အဖြစ်မှ ဦးသာဖြူကြီးနှင့် တင်ဆိုင်၊ လှဝင်းတို့ကို ထားပစ်ခဲ့ကြ၏၊

အသံတိတ် ပြေးလိုက်လာကြသော သူတို့သည် မကြာမီ ရွှေမော်လမ်းပြမှု့ ဆတ်ဖားကြီးနှစ်ကောင် တာလုဖွေ့ခတ်နေကြရာသို့ ရောက်လာကြသည်၊ သို့မှတစ်ခါ သိန်းအောင်ကြီး ချောင်းကြည့်နေရာတွင် အသံတိတ် လူစုမိကြသည်၊

သူနိုင်ကိုယ်နိုင် ဖွေ့ခတ်နေကြသော ဆတ်ဖားကြီးနှစ်ကောင်မှာ စမ်းချောင်းဘေး မြက်စိမ်းသောင်စတွင်ဖြစ်ပြီး သိန်းအောင်ကြီးတို့လူစု

www.burmeseclassic.com

ချောင်းကြည့်နေကြသောနေရာမှာ စမ်းချောင်းအထက်ဘက်ရှိသစ်တောထဲတွင်ဖြစ်၏၊ ထို့ကြောင့် ဆတ်ဖားကြီးနှစ်ကောင်ကို ရှင်းရှင်းလင်းလင်းမြင်နေကြသည်၊

"တင်ဆောင် - ဒီကောင်နှစ်ကောင် ဘယ်အချိန်ကပင် တာလုဇွေ့ခတ်နေကြလဲမသိဘူးကွ၊ ငါနဲ့ ရွှေမော်က ချုံချင်းရိုက်၊ ခေါင်းတိုက်ကြသံကြားလို့ သွားချောင်းကြည့်ကြတာ ဆတ်ဖားကြီးနှစ်ကောင်ဖြစ်နေတယ်၊ ချုံချင်းရိုက်၊ ခေါင်းချင်းပစ်ကြသံကြားစတုန်းက ပြောင်နှစ်ကောင်လားတောင် ထင်လိုက်ကြရတာ၊ အနားရောက်မှ ဆတ်ဖားကြီးနှစ်ကောင်မှန်း သိရတော့တယ်၊ အဲဒါကြောင့် မင်းတို့ကို အခေါ်လွှတ်ရတာ - ခု တွေ့လား၊ မောလွန်းလို့ ပါးစပ်ကတောင် အမြှုပ်ထွက်နေကြပြီ၊ မကြာခင် ရေထဲ ဆင်းကြလိမ့်မယ်၊ အဲဒီအခါကျမှ တို့လည်း ရေထဲ ပြေးဆင်းပြီး ထိုးခုတ်သယ်ယူကြရုံပဲ၊ ခု - မင်းတို့အားလုံး ငြိမ်ငြိမ်လေးကြည့်နေကြဦး၊ နှစ်ကောင်စလုံး ရေထဲဆင်းပြီး ရေထဲမှာလည်း တစ်ကောင်နဲ့တစ်ကောင် ဇွေ့ခတ်ကြမယ့်အချိန်ကို စောင့်ကြမယ်"

သိန်းအောင်ကြီးက တင်ဆောင်နှင့်တကွ သူ့လူတွေအားလုံးကို ရှည်ရှည်လျားလျား တီးတိုးပြော၍ သူ့အတွေ့အကြုံနှင့် သူ့စီမံကိန်းကို ရှင်းပြနေသည်၊

သိန်းအောင်ကြီးပြောသည်မှာ အမှန်ပင်ဖြစ်သည်၊

တစ်နေ့လုံး ဇွေ့ခတ်နေကြသော ဆတ်ဖားကြီးနှစ်ကောင်မှာ ဒဏ်ရာဒဏ်ချက်တွေနှင့် မောဟိုက်နေကြပြီ၊ တစ်ချက်တစ်ချက်တွင် တစ်ကောင်လည်ပင်းပေါ် တစ်ကောင်လည်ပင်းတင်၍ အမောဖြေ ငေးငြိမ်နေကြသည်လည်းရှိ၏၊ သို့သော် မကြာမီမှာပင် သတိရပြီး တစ်ကောင်နှင့်တစ်ကောင် သဲကြီးမဲကြီး ဇွေ့ခတ်ကြပြန်၏၊

သူတို့အားလုံး တိုးတိုးတိတ်တိတ် စောင့်ကြည့်နေကြစဉ် ကွမ်းတစ်ယာညက်ပင် မကြာ၊ ချုံရင်းမှ သွေးထွက်လာသော ဆတ်ဖားကြီးသည် ယိုင်တိယိုင်တိုင်နှင့် စမ်းထဲက ရေအိုင်ထဲ ဆင်းသွား၏၊ ထိုအခါ နောက်တစ်ကောင်ကလည်း ယိုင်နဲ့ယိုင်နဲ့နှင့် ရှေ့ဆတ်ဖားကြီးနောက် ဆင်းလိုက်သွားသည်၊ နှစ်ကောင်စလုံးမှာ အားကုန်နေကြပြီးဖြစ်သဖြင့် ပြေးလည်း မပြေးနိုင်ကြတော့၊ ရေထဲ ရောက်သည်နှင့် နှစ်ကောင်စလုံးမှာ သူတို့ကိုယ်လုံးကြီးကို ရေထဲ လူးလိမ့်နှစ်ပစ်လိုက်ကြ၏၊ တစ်ကောင်နှင့်တစ်ကောင်ပင် ဂရုမစိုက်ကြတော့သလို ငေးငြိမ်နေကြ၏၊

သို့သော် မကြာပါချေ ရေထဲတွင် မတ်မတ်ရပ်လိုက်ကြပြီး တစ်ကောင်နှင့်တစ်ကောင် စိမ်းစိမ်းကြီးကြည့်ကာ ရေထဲတွင် ဇွေ့ခတ်နေကြပြန်သည်၊ ရေအနက်မှာ ဆတ်ကြီးနှစ်ကောင်၏ ပေါင်ရင်းနားထိ နစ်မြုပ်နေသည်၊

ဇွေ့ခတ်နေကြရင်းက တစ်ကောင်သောဆတ်ဖားကြီးမှာ ရေထဲတွင် ခလုတ်ကန်သင်း တိုက်မိ၍လား၊ ကျောက်ခဲ ကျောက်လုံးတွေကို နင်းမိ၍လား၊ သဲကျွံ၍လားမသိ၊ ယိုင်သွားစဉ် နောက်တစ်ကောင်က ကိုယ်လုံးကို ဝင်အောင်းသည်၊ သူ ဝင်အောင်းလိုက်သော ရန်သူတော်က ရေထဲ လဲကျသွားသလို၊ အောင်းလိုက်သောအကောင်မှာလည်း သူ့ကိုယ်လုံးကို သူ မထိန်းနိုင်သဖြင့် ရေထဲ ခေါင်းစိုက်ကျသွားပြန်သည်၊ ထိုအချိန်မှာပင် ချောက်ကောင်းကို စောင့်နေကြသောလူများထဲက သိန်းအောင်ကြီး အသံထွက်ပေါ်လာ၏၊

"လာကြဟေ့ - လာကြ - လာကြ၊ နှစ်ကောင်စလုံးကို ဝိုင်းခုတ် ဝိုင်းထိုးကြကွ"

သိန်းအောင်ကြီးသည် ပြောပြောဆိုဆိုနှင့် ရေအိုင်ထဲ ပြေးဆင်းသွားကာ ရေထဲမှ အားယူထနေသော ဆတ်ဖားကြီးတစ်ကောင်၏လည်ပင်းကို ခုတ်ချလိုက်သည်၊ သူ့နောက်က ပြေးလိုက်လာကြသော ရွှေမော်၊ တင်ဆောင်၊ မောင်သိုက်၊ ကျော်စိန်တို့မှာလည်း သိန်းအောင်ကြီးလိုပင် နှစ်ကောင်စလုံးကို ဝိုင်းခုတ်ထိုးသတ်လိုက်ကြသည်၊ စမ်းအိုင်ကြီးတစ်ခုလုံးမှာ ဆတ်ဖားကြီးနှစ်ကောင်၏ သွေးတွေနှင့် ချင်းချင်းနီသွားသည်၊

သူတို့သည် ဆတ်ဖားကြီးနှစ်ကောင်ကို ခြေလက်တုပ်နှောင်ကာ ထမ်းချလာကြ၏၊

www.burmeseclassic.com

ဤသည်ကို လှမ်းကြည့်ပြီး ဦးသာဖြူကြီးက -

"ဟ - တို့လက်မည်းကြီးတွေ - ဒီနစ် ရွှေကိုင်ရမှာက မီးသွေးမဟုတ်ပဲ ဆတ်သားခြောက်တွေပါလားကွယ်ရို့"

ဟု အားရပါးရ အော်ဟစ်လိုက်လေသည်။

⟹ ဖိုးကျော်


## စာဖတ်သူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့
မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ခိုမဂ္ဂဇင်း





www.burmeseclassic.com

www.burmeseclassic.com

**မြန်မာ့ရိုးရာတောလိုက်မုဆိုးများ ရှေးရိုးနည်းအရ တောပစ်လက်နက်ဖြင့် အသုံးပြုသောလက်လုပ်သေနတ်၊ ကျည်ဆန်ရှားပါးလှပေရာ ပြန်လည်ပြုပြင်ကာ အမဲကြီးများကို သက်စွန့်ဆံဖျားပစ်ခတ်ရပုံကို ဖတ်ရှုရမည်..**

## "ဂူး - ဂူး - ဂူး"

ဆိုင်ကယ်စက်သံ ဆူဆူညံညံကြောင့် အိပ်ရာထဲ စောင်နှင့် ခွေးခွေးထွေးထွေးနေရာက လန့်နိုးလာသည်၊ နိုးနိုးချင်း လက်မှနာရီကို ကြည့်လိုက်ရာ အချိန်မှာနံနက်(၅)နာရီရှိနေပေပြီ၊ တဲအပြင်သို့မျက်စိကစားလိုက်သောအခါ အလင်းရောင်က မပီပြင်သေး၊ လောကဓာတ်ကြီးတစ်ခုလုံး မှိုင်းမှိုင်းမှုန်မှုန်နှင်းကမ္ဗလာစောင်က ခြုံထားဆဲ၊ သို့သော် တဲရှေ့က မီးပုံကြီးမှာတော့ ထင်းတုံးရဲရဲ မီးကြီးခဲ အပြင်းအလျှံငြီးငြီး မီးတောက်တွေက တဟည်းဟည်း၊

ကျွန်တော် အိပ်ရာမှထ၍ မီးဖိုရှိရာလာခဲ့သည်၊ မီးဖိုဘေးတွင်တော့ မုဆိုးကြီး ကိုအောင်ဆန်း၊ မိုးကုတ်မုဆိုး ကိုရာကွတ် (ကိုမျိုးလွင်)နှင့် မုဆိုးမျိုးဆက်သစ်၊ မောင်အုန်းကျော်တို့ (၃)ယောက်မှာ မီးလှုံရင်း စကားပြောနေကြသည်၊

တဲရှင်မုဆိုးကြီး ကိုအောင်သန်းက မီးဖိုတွင် ညကကျန်သော ထမင်းကြမ်းကို ဒယ်အိုးတစ်လုံးနှင့် ကြော်နေသလို မောင်အုန်းကျော်က မီးဖိုတွင်းသို့ ထင်းတုံးများထည့်ပေးနေသည်၊ ကိုရာကွတ်ကတော့ မီးခိုးခေါင်းတိုင်အလား ပါးစပ်ဖျားမှာ စီးကရက်တဖွာဖွာ၊

"ဟော - ကိုမင်းတောင် နိုးလာပြီလား၊ ဒီမှာထိုင် - အုံးကျော်၊ ဗင်ထိုင်ခုံတစ်လုံး ပေးလိုက်"

ကိုရာကွတ်က ကျွန်တော် သူတို့နား မီးဖိုဘေး ရောက်လာသည်နှင့် ပြောလိုက်ခြင်းဖြစ်သည်၊

"မနိုးခံနိုင်ရိုးလားဗျာ ...၊ ခင်ဗျားတို့ ဆိုင်ကယ်စက်သံ တဂူးဂူးကြီးက လှန့်နှိုးလိုက်တာကိုး"

"ဆရာမင်း - အိပ်မက်လှလှကလေးတွေ မက်နေတာ ပျက်သွားပြီနဲ့တူတယ်"

မီးဖိုပေါ်မှ ထမင်းကြော်ဒယ်အိုးချရင်း ကိုအောင်သန်းက ဆိုလိုက်သည်၊

"အင်း - ဟုတ်တယ်ဗျ၊ အိပ်မက်ထဲမှာ ကျုပ်က လင့်စောင့်နေတုန်း မင်းသမီးတစ်ပါးနဲ့ တွေ့နေတာ၊ ဆိုင်ကယ်သံနှိပ်စက်လို့ အိပ်မက်ပျက်ပြီး ထလာခဲ့ရတာ၊ နို့မဟုတ်ရင် အခုလောက်ဆို မင်းသမီးလေးနဲ့ ဘယ်အခြေဆိုက်နေမလဲ မပြောတတ်ဘူး - ဟင်း - ဟင်း"

"ခင်ဗျား အိပ်မက်လှလှလေး ပျက်သွားတာအတွက်တော့ ဆောရီးပဲကိုမင်းရာ ၊ စခန်းဝင်ချောင်းတက်ကလေးက မတ်စောက်တော့ ဆိုင်ကယ်လီဗာ ဟဲတက်လိုက်ရလို့ဗျ"

ကိုရာကွတ်က တောင်းပန်စကား ဆိုလိုက်ပါသည်၊

"ဟုတ်တယ်လေ - လေးလေး ဘမင်းရ၊ ဆိုင်ကယ်က ကျွန်တော်တို့နှစ်ယောက်အပြင် ချေတစ်ကောင်နဲ့ ဒေါင်းတစ်ကောင်ပါတင်လာရတော့ ဒီချောင်းကမ်းပါးအတက်မှာ ဝတ်သွားလို့ မနည်းလီဗာဟဲတက်ခဲ့ကြရတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ - ဟုတ်လား။ မင်းတို့ ချေတစ်ကောင်၊ ဒေါင်းတစ်ကောင်ရလာတယ်ဟုတ်လား - ဘယ်မှာလဲ"

"ဟို - ဆိုင်ကယ်ပေါ်မှာလေ။ အေးလွန်းလို့ မချနိုင်သေးဘဲ မီးအရင်လှုံနေရတာ - လေးလေးရ"

"မင်းတို့ ဆိုင်ကယ်အဖွဲ့ကမှ ဟုတ်သေးတယ်။ ဟိုကားအဖွဲ့၊ ခြေကျင်အဖွဲ့တွေက အေးလွန်းလို့တဲ့ ညဝက်လောက်နဲ့ ပြန်ရောက်လာကြတာ။ ကြောင်ကလေးလောက်တောင် ပါမလာကြဘူး - ကွ"

မှန်ပါသည်၊ ကျွန်တော်တို့ မန္တလေး - မိုးကုတ်မုဆိုးအဖွဲ့တွေ ဖေဖော်ဝါရီလ၏ လမိုက်ညတစ်ည၊ ဆည်တော်ကြီးမုဆိုး ကိုအောင်သန်း၏ "ရွှေဒန့်ဒင်" စခန်းတွင် စတည်းချတောလည်ကြရာ ကျော်မိုးတို့အဖွဲ့၊ စိုးဝင်းနိုင်၊ ကိုတင်ဌေးတို့အဖွဲ့တွေက အေးလွန်းသဖြင့် ညဝက်လောက်နှင့် ဘာကောင်မှမပစ်ကြရဘဲ စခန်းပြန်အိပ်ကြသော်လည်း ဆိုင်ကယ်နှင့်လည်သော ကိုရာကွတ်နှင့် မောင်အုန်းကျော်တို့အဖွဲ့က ဖွဲကောင်းကောင်းနှင့်လည်ရာ ဒေါင်းတစ်ဖနှင့်ဂျီ(ချေ)တစ်မ ရလာကြခြင်းဖြစ်သည်။

"ကိုင်း - ဆိုပါဦး၊ ဒီဂျီ(ချေ)နဲ့ဒေါင်းက ဘယ်သူ့လက်သံလဲ"

"မာမူရာကွတ်က သွားကတည်းက ဆတ်တွေ့ရင် ငါပစ်မယ်၊ ဂျီ(ချေ) ကြောင် အကောင်ငယ်တွေတွေ့ရင် မင်းပစ်လို့ ဆိုလို့ ကျွန်တော်ပစ်ခဲ့တာပါ"

"ဟုတ်လား - ကွန်ဂရက်ကျူလေးရှင်း (Congratulation) မောင်အုန်းကျော်ရေ"

ကျွန်တော်က မောင်အုန်းကျော်လက်ကို ဆွဲနှုတ်ဆက်ရင်း အားရဝမ်းသာ ချီးကျူးထောပနာ ပြုလိုက်သည်။

မှန်ပါသည်။ တကယ်ဆိုတော့လည်း မောင်အုန်းကျော်မှာ ဝါရင့်အတွေ့အကြုံရင့် မုဆိုးတစ်ယောက်မဟုတ်သေး။ ယခုမှ မုဆိုးလက်သင်ဝါသနာရှင်



ဒီတော့ - ကြောင်က
ကိုင်းပေါ် ထိုးထိုးပိုးနေရာက
ရှေ့သွားလို့ မီးထဲက ပျောက်
သွားပြန်တယ်။ နှစ်ယောက်သား
စိတ်မလျှော့ဘဲ ဆက်ပြီး
မတွေ့မချင်း မီးထိုးရှာလိုက်မှ
ကိုင်းဖျားအရွက်များကြား
မျက်စိဝင်းဝင်းကလေးနှစ်လုံးကို
ပြန်တွေ့ကြရတယ်။



ဘဝနှင့် ဂျီ(ချေ)ရော ဒေါင်းပါ ပစ်ရလာသည်ဆိုသဖြင့် ကျွန်တော်က ချီးကျူးထောပနာ ဩဘာပေးလိုက်ခြင်းဖြစ်ပါသည်။

"ကိုင်း - ဆိုပါဦး - မင်း ပစ်ခဲ့၊ ခတ်ခဲ့၊ ရခဲ့ပုံလေးကို"

ကျွန်တော်က ရေနွေးအကြမ်းတစ်ပန်းကန် ကောက်ယူလိုက်ရင်း အမေးပြုလိုက်သည်။

"အထူးအထွေကြီး ခဲရာခဲဆစ်ကြီးလုပ်ခဲ့ရတာတော့ မဟုတ်ပါဘူး လေးလေးရာ။ ဒီစခန်းကထွက်သွားတုန်းကတော့ မာမူရာကွတ်က ဆတ်တွေ့ရင် သူပစ်မယ်၊ ဂျီ(ချေ)ကြောင်တို့တွေ့ရင်တော့ ကျွန်တော့်ကို ပေးပစ်နိုင်းမယ်ဆိုလို့ ကျွန်တော်က ဆိုင်ကယ်မောင်းပြီး မာမူက နောက်ကထိုင်၊ သေနတ်ကိုင်ရင်းမီးလည်းရှာတယ်။ ဒါပေမဲ့ - အသွားခရီးတစ်လျှောက်လုံး ဆတ်၊ ဂျီ(ချေ)၊ ကြောင်၊ ဘာကောင်၊ ဘာမျက်လုံးမှ မတွေ့ကြရဘူး။ ဒါနဲ့ - ကျွန်တော်တို့လည်း စိတ်မာတ်ကျကျနဲ့ မြစ်ကလေးဘေးက ဦးကျော်ကို ရွှေလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

စခန်းမရောက်ခင် လက်ဖက်ရည်ဆိုင်ကလေးမှာ ဝင်အနားယူ လက်ဖက်ရည်မှာသောက်ပြီး အချိန်ဖြုန်းနေလိုက်ကြတယ်။

ည(၂)နာရီထိုးတော့မှ လက်ဖက်ရည်ဆိုင်က ထထွက်ခဲ့ကြပြီး အပြန်ခရီးမှာတော့ မာမူကဆိုင်ကယ်မောင်းလို့ ကျွန်တော်က သေနတ်လွယ်ခါ မီးရှာခဲ့တယ်၊ တကယ့်နေရာကောင်း သားကောင်အတွေ့များတဲ့ "မအူကျစ်" နားမှာ အသေချာစေ့စေ့စပ်စပ်ရှာတာတောင် အကောင်မတွေ့ရတော့ ပိုစိတ်မာတ်ကျလာတာပေါ့၊ ဒါပေသိ - မအူချောင်းကျော်လို့ "ညောင်အိုင်" လမ်းခွဲအလွန်လောက်ရောက်လာတဲ့အခါ အမြီးရှည်ရှည်၊ နှုတ်သီးချွန်ချွန်နဲ့ ကြောင်ဝံပိုက်တစ်ကောင်က ဆိုင်ကယ်ရှေ့မီးရောင်ထဲကလမ်းကို ကန့်လန့်ဖြတ်ကူးသွားတာ တွေ့လိုက်ရတယ်။

မာမူက သားကောင်ကူးတဲ့နေရာရောက်တော့ ဆိုင်ကယ်ကိုရပ်ဒေါက်ထောက်ပြီး နှစ်ယောက်သား၊ မီးနဲ့ရှာကြတယ်၊ ကြောင်ဝံပိုက်ကို သစ်ဆိမ့်ပင်ကြီးပေါ်မှာ တွေ့ရတာနဲ့ မာမူက ကျွန်တော့်ကိုပစ်ခိုင်းတယ်၊ ကျွန်တော်က ပစ်မလို့ နှစ်လုံးပြူးသေနတ်ကို အကောင်ရှိရာ ထိုးချိန်လိုက်တယ်၊ သေနတ်ပစ်နေကျမဟုတ်၊ အပစ်အခတ်နည်းသေးတဲ့ ကျွန်တော့်အဖို့ တကယ်ပစ်ရမယ်ဆိုတော့၊ လန့်တန့်တန့်ဖြစ်နေတာရယ်၊ ငါပစ်လိုက်ရင် မှန်မှမှန်ပါ့မလားဆိုတဲ့ သံသယစိတ်တွေ ဝင်နေတာရယ်ကြောင့် ချက်ချင်းမပစ်ဖြစ်ဘူး။

ဒီတော့ - ကြောင်က ကိုင်းပေါ်ထီးတည်းပိုးနေရာက ရွေ့သွားလို့မီးထဲက ပျောက်သွားပြန်တယ်၊ နှစ်ယောက်သားစိတ်မလျှော့ဘဲ ဆက်ပြီးမတွေ့မချင်း မီးထိုးရှာလိုက်မှ ကိုင်းဖျားအရွက်များကြားမှာ မျက်စိဝင်းဝင်းကလေးနှစ်လုံးကို ပြန်တွေ့ကြရတယ်၊

မာမူက မီးထိုးပေးပြီး "ပစ် - ပစ်" လို့ ခိုင်းလိုက်တယ်၊ ကျွန်တော်က အကောင်မမြင်ရဘူး၊ မျက်လုံးကလေးတွေပဲ မြင်ရတာ၊ ဘယ်နေရာပစ်ရမှာလဲလို့ ပြန်မေးလိုက်တော့ မြင်ရတဲ့မျက်လုံးဘဲ ချိန်ပစ်လိုက်လို့ ပြောတာကြောင့် ကျွန်တော်လည်း ပြောင်းတန်းပြီး လန့်လန့်နဲ့ ခလုတ်ဖြုတ်ချလိုက်တယ်၊ သေနတ်သံက "ဒိုင်း" ခနဲ မြည်ဟည်းသွားပြီး ပဲ့တင်ထပ်သွားတယ်၊ ကျွန်တော်က တအားကန်ဆောင့်သွားမလားလို့ စိတ်က ကြောက်နေတာ၊ အခုတော့ - ငြိမ့်ခနဲသာဖြစ်သွားလို့စိတ်သက်သာရာရသွားတဲ့အပြင် နောက်ထပ်ပစ်ဖို့ ရဲသွားတယ်၊

ကြောင်ကိုကြည့်လိုက်တော့ အောက်ကို ကျမလာပေမဲ့ သွေးပေါက်တွေကျလာလို့မှန်သွားတာတော့ သေချာတယ်ဆိုတာ သိရပြီး ဝမ်းသာသွားမိတယ်၊ ခဏနေမှ သစ်ပင်ပေါ်က ပြုတ်ကျလာပေမယ့် အောက်ကဝါးရုံကြီးကြားထဲတင်သွားလို့ ဘာမှမတတ်နိုင်ဘဲ ထားခဲ့ရတော့တယ်၊ အကောင်လက်ဝယ်မရခဲ့ပေမဲ့ပစ်လိုက်ရတာနဲ့တင်စိတ်ရွှင်လန်းအချမ်းပြေသွားတော့တယ် - လေးလေးရာ၊

သေနတ်ကို ယမ်းတောင့်ထပ်ထိုးပြီး ရှေ့ခရီးဆက်ခဲ့ကြပြန်တယ်၊ "ကျွန်ခင်း" တောပြန့်နားရောက်တော့ အနောက်ဘက်ချောင်းကမ်းပါးထိပ်က အပင်တစ်ပင်ပေါ်က "အိုးဝေ - အိုးဝေ" "တောက် - တောက် - တောက်" ဆိုတဲ့ ဒေါင်းတွန်သံကြားရပြန်တော့ ကျွန်တော်က မာမူ့ကို ဒေါင်းပစ်ဖူးချင်တယ်ပြောလိုက်တာနဲ့ မာမူက ဆိုင်ကယ်ရပ်ထားခဲ့ပြီး တွန်သံကြားရာ သစ်ပင်ဆီသို့ နှစ်ယောက်သား ဖြည်းဖြည်းချင်း ခြေသံမကြားအောင် တိုးသွားကြတယ်၊ အောက်ခြေမြေက ချောင်းရိုးသဲမြေဆိုတော့ ခြေသံကမကြား၊ ဒေါင်းနားတဲ့အပင်နား ရောက်ခဲ့ကြတယ်၊ ကံကောင်းသည်ပဲ ဆိုရမလား၊ ဒေါင်းနားတဲ့သစ်ပင်က အရွက်များမှာ ဖေဖော်ဝါရီလကုန်မို့အတော်ကြွေကျနေပြီဖြစ်သည်၊

www.burmeseclassic.com

ဘေးထွက်နေတဲ့ သစ်ကိုင်းဖျားမှာ အိပ်နေတဲ့ ဒေါင်းပုံသဏ္ဌာန်မည်းမည်းကြီးကို နောက်ခံကောင်းကင် အလင်းရောင်နဲ့ မြင်နေရလို့ မီးထိုးစရာမလိုတော့ဘဲပစ်ချလိုက်တော့တယ်။ "ဒိုင်း" ဆိုတဲ့သေနတ်သံ၊ အောင်အောင်မြင်မြင်နဲ့ "ဗုန်း" ဆိုတဲ့ သားကောင်အမြင့်မှ မြေပေါ်ပြုတ်ကျလာသံတွေကို ကြားရတာ အားရလိုက်တာ - လေးလေးရာ၊ ကျကျချင်း ပြေးကောက်ပြီး ဟာလာလုပ်လိုက်တယ်၊ ဒေါင်းကြီးက အထီး၊ အမြီးကြီးနဲ့ဗျ၊ မရစဘူးရလိုက်လို့ ပျော်လိုက်တာလည်း မိုးမမြင်လေမမြင်ပဲ၊

ဒေါင်းကြီးကို အားရပါးရ ပိုက်ခဲ့ပြီး ရှေ့ဆက်ခရီးထွက်ခဲ့ကြပြန်တယ်၊ ဆိုင်ကယ်ကိုလည်း မာမူက ဖြည်းဖြည်းမှန်မှန်လေးပဲ မောင်းရင်း မီးရှာခဲ့ကြပြန်တယ်၊ "ချောင်းငယ်"ချောင်းကူးမရောက်ခင် လမ်းအရှေ့ဘက်ခြမ်းကို မီးထိုးလိုက်တယ်ဆိုရင်ပဲ ဆီးဖြူပင်တစ်ပင်အောက် ဆီးဖြူသီးကောက်နေတဲ့ ဂျီ(ချေ)တစ်ကောင်ကိုပေါ်တင်ရှင်းရှင်းကြီး မြင်လိုက်ကြရတယ်၊ ဆိုင်ကယ်ကို ဘရိတ်အုပ်ရပ်လိုက်တော့ ဂျီ(ချေ)နဲ့ကျွန်တော်တို့အကွာအဝေးက (၁၅) ကိုက်လောက်ပဲ ဝေးမယ်ထင်တယ်၊ ဆိုင်ကယ်ပေါ်ကတောင် မဆင်းပဲ သေနတ်ကိုတန်ထိုးချိန်လိုက်တယ်၊ သားကောင်က နီး၊ ရှင်းရှင်းကြီးဆိုတော့ လက်တွေတောင် တုန်နေတယ်၊

ရင်တွေခုန်၊ လက်တွေ တုန်နေတာကြောင့်လား မပြောတတ်ဘူး၊ သေနတ်မောင်းခလုတ်ကိုဖြုတ်လိုက်ပြီး ကြည့်လိုက်တော့ ဂျီ(ချေ)မှာ ရှေ့လက်နှစ်ချောင်းသွင်သွင်ကျိုးပြီး တအဲ့အဲ့ အော်မြည်နေတယ်၊ မသေသေးလို့ ပြေးမှာစိုးပြီး ကျွန်တော်က ထပ်ပစ်မယ်လုပ်တော့ မာမူက "မပစ်နဲ့ - မပစ်နဲ့တော့ လက်နှစ်ချောင်းစလုံး ကျိုးနေပြီ - မပြေးနိုင်တော့ဘူး" လို့ ပြောတာနဲ့ သေနတ်ချပြီး "ဟာလာ" သွားလုပ်လိုက်ရတော့တယ်၊ ချေက အမလေး၊



"ဒေါင်းတစ်ဖ၊ ဂျီတစ်မ" ရပြီဆိုတော့ ကျွန်တော်လည်း ဝမ်းသာလွန်းလို့ ထကမိမတတ်ပဲ - လေးလေးရေ၊ မာမူကလည်း ကျွန်တော့်ကိုကြည့်ပြီး "အုန်းကျော် - မင်းမဆိုးဘူး(၃)ကောင်ပစ်ရတာ၊ တစ်ကောင်မှမလွဲဘူးဆိုတော့ မင်းတော်တယ်လို့" ဆိုလိုက်တယ်၊

တကယ်တော့ - ကျွန်တော် တော်လွန်းလို့မဟုတ်ပါဘူးဗျာ၊ လေးလေးတို့၊ မာမူတို့ သင်သမျှ၊ ကြားသမျှတွေကို ကြားနာမှတ်သားထားပြီး လက်တွေ့ပစ်တဲ့အခါမှာ လိုက်နာပြုကျင့်လို့ပါ၊ အထူးသဖြင့် - အခုလိုမလွဲတန်းမှန်တာဟာ လေးလေးရဲ့သေနတ်နဲ့ ယမ်းတောင့်တွေကောင်းလို့လို့ ကျွန်တော်ထင်တယ်၊ သေနတ်ကတော့ ထားပါတော့ ကျွန်တော်တွေ့ဖူး ပစ်ဖူးတဲ့သေနတ်တွေနဲ့ သိပ်မကွာဘူး၊ စိုင်မောင်းနဲ့ မောင်းဖုံး ဖြုတ်တာနဲ့ အတိုအရှည်ကွာတာလောက်ပဲ၊ ဒါပေမဲ့ - ကျည်ဆန်တွေပစ်ရတာတော့ကွာတယ်၊ ကျွန်တော်ပစ်ဖူးတဲ့ ကျည်ဆန်တွေက တချို့တအားပြင်းပြီး တချို့ကျတော့ ပျော့ဟာဟာကြီး၊ ပစ်ရတာကိုအရသာမတွေ့ဘူး၊ ဒီထဲ - တစ်ခါတစ်ရံ "ဒိုင်း" ခနဲ မမြည်ဘဲ "ဖောင်း" ဆိုတဲ့ အသံလောက်သာမြည်ပြီး ခဲစေ့တွေ ရှေ့နားတင် ကျကုန်တာမျိုးလည်း ကြုံဖူးတယ်၊

တအားပြင်းတဲ့ ကျည်ပစ်တဲ့အခါ ပခုံးကို ဆောင့်ကန်လိုက်တာ လန်သွားတော့ ဘယ်မှန်တော့မှာလဲ၊ ပျော့တဲ့အတောင့်ကျတော့လည်း ကျည်စေ့တွေက လိုရာပစ်မှတ်ကို ထိထိရောက်ရောက်မရှိလို့ ဘယ်ရမှာလဲ၊ "ဖောင်း" ဆိုတဲ့ ကျည်ဆိုရင်တော့ ပြောစရာတော်မလိုဘူး၊ ကျည်စေ့တွေက သားကောင်ဆီတောင် မရောက်တာ၊ အခုပစ်ရတဲ့ လေးလေးကျည်ဆန်တွေကျ အားလုံးတစ်သံတည်း "ဒိုင်း" ခနဲ "ဒိုင်း" ခနဲထွက်တဲ့အပြင် တအားလည်း မပြင်း၊ ပျော့လည်း မပျော့တော့။ ပစ်ရတာ ငြိမ့်ခနဲ၊ ငြိမ့်ခနဲ အရသာလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်၊ ကျည်သွားလည်းမှန်ပြီး လိုရာပစ်မှတ်ကို ကွက်တိထိတာလို့ ကျွန်တော်ထင်တယ်…”

“အေး – ဟုတ်တယ် – အုန်းကျော်ရေ၊ မင်းပြောသလို သေနတ်ပစ်ရာမှာ ကျည်အားပြင်းအားကြီး၊ ပျော့အားကြီးရင် မထိရောက်တာတော့ အမှန်ပဲ ကွ”

ကိုရာကွတ်က အုန်းကျော်ရဲ့အဆို ထင်မြင်ချက်ကို အားဖြည့်ထောက်ခံပေးလိုက်သည်၊

“မင်းထင်မြင်ယူဆချက်တွေမှန်ပါတယ်၊ သေနတ်ပစ်ရာမှာကျည်ဆန်ပြင်းလွန်း၊ ပျော့လွန်းရင် လိုသလိုကွက်တိမမှန်တာတော့ သေချာတယ်ကွ”

မုဆိုးကြီး ကိုအောင်သန်းကလည်း ထမင်းကြော်ပန်းကန်များကို ကမ်းပေးရင်း အုန်းကျော်ရဲ့ယူဆတင်ပြချက်ကို အကြွင်းမဲ့ထပ်ဆင့် ထောက်ခံလိုက်ပြန်သည်၊

“လေးလေးအနေနဲ့ရော – ကျွန်တော့်ထင်မြင်ယူဆချက်ကို ဘယ်လိုမြင်လဲ – ပြောပါဦး”

“အထူးအထွေပြောစရာလိုမယ်တောင် မထင်ပါဘူးကွာ၊ “သူ့ဒိုးနဲ့ သူ့ဆန် တန်ရုံကောင်းတယ်” ဆိုတဲ့ စကားရှိသားပဲ၊ ဘယ်အရာမဆို ဘာပဲလုပ်လုပ် မလွန်ကဲ၊ မလျှော့ပေါ့တာ အကောင်းဆုံးပေါ့၊ နိုင်ငံခြားက သေနတ်ယမ်းတောင့်တွေလုပ်ရာမှာ စံချိန်စံညွှန်းနဲ့ စမ်းသပ်ပြီးမှ သူ့ဒိုးနဲ့သူ့ဆန် တန်ရုံလုပ်ထားကြတာ၊ တို့တစ်တွေလို အရမ်းကာရော လုပ်ကြတာမဟုတ်ဘူး၊ ယမ်းတောင့်တွေလုပ်ရာမှာ ယမ်းတို့ ခဲတို့ကို အချိန်အဆ၊ အတိအကျလုပ်ကြတာ၊ ဒါကြောင့် – သူတို့ယမ်းတောင့်(Original)အော်ရီဂျင်နယ်တွေ ပစ်ရတာ၊ မပြင်းလွန်း၊ မပျော့လွန်းဘဲ အရသာလဲရှိ ထိရောက်မှုလဲ ရှိကြတာပေါ့”

“နိုင်ငံခြားဖြစ် အော်ရီဂျင်နယ်ယမ်းတောင့်တွေ ကောင်းတာတော့ ထားလိုက်ပါတော့၊ အခု – လေးလေးယမ်းတောင့်တွေ ပစ်ကောင်းတာကတော့ ဘယ်လိုလုပ်ထားတာတုံး”

“လေးလေးလုပ်တာကလည်း သူများတွေလုပ်သလို၊ သမရိုးကျ လုပ်ထားတာပါပဲ၊ ဒါပေမဲ့ – စနစ်တစ်ခုတော့ ထားတယ်၊ လေးလေးတို့က နိုင်ငံခြားကို စံချိန်စံညွှန်း အချိန်အဆစက်နဲ့ အတိအကျ မလုပ်နိုင်တော့ အနီးစပ်ဆုံးအတိုင်းအတာနဲ့လုပ်ပြီး လက်တွေ့ပစ်စတ်ကြည့်ပြီး အသင့်တော်ဆုံး အကြိုက်ဆုံးအနေအထားရမှ မှတ်သားပြီး လုပ်တာပဲ”

“အဲဒီလုပ်နည်းကိုင်နည်းလေးတွေကိုရော ကျွန်တော့်ကို မျှဝေသင်ပြမပေးနိုင်ဘူးလား – လေးလေးရာ၊ မှန်တာပြောရရင်ကျွန်တော်တကယ်တော ပစ်ဝါသနာပါတော့ ကျည်ဆန်လုပ်နည်းကိုင်နည်းကို စနစ်တကျသိချင်တတ်ချင်နေတာ၊ ဒါပေမဲ့ – သင်ပြလမ်းညွှန်ပေးမဲ့သူမရှိလို့၊ ဖြစ်နိုင်မယ်ဆိုရင် ကြုံတုန်းဆုံတုန်း၊ လေးလေးရဲ့ကျည်ဆန်လုပ်နည်းကိုင်နည်းလေးကို ပြောပြသင်ပြပေးပါလား”

“မင်းတကယ် မုဆိုးဝါသနာပါလို့ စိတ်ဆန္ဒရှိတယ်ဆိုရင်တော့ လေးလေး အနေနဲ့ ပြောပြ၊ သင်ပြပေးဖို့ မခက်ခဲပါဘူး၊ မင်းတင်မဟုတ်ပါဘူး၊ ဘယ်သူမဆို ဝါသနာပါသူတိုင်းကို သင်ပြ၊ တတ်မြောက်စေချင်ပါတယ်၊ ဒါပေမဲ့ အခုချက်ချင်း လက်တွေ့လုပ်ပြလို့တော့ မလွယ်ဘူး၊ နားလည်သဘော ပေါက်အောင်တော့ ပြောပြလို့ရပါတယ်”

www.burmeseclassic.com

"လုံးဝကြီး မသိတာ၊ မတတ်တာနဲ့ စာရင် ကြားနာမှတ်သားရရင်ကို တော်ပါပြီ - လေးလေးရာ၊ လက်တွေ့လုပ်ပုံကိုတော့ ကြုံမှသင်ပြပေါ့"

"အေးလေ - ဒါဆိုရင် - (၁၂)ဘို့နှစ်လုံးပြူးကျည်လုပ်နည်းကိုင်နည်းကို လေးလေး ပြောပြပေးမယ်၊ မင်းမှတ်ထားပေါ့၊ မရှင်းတာ၊ မသိတာပါရင် လည်း မေးပေါ့"

ကျွန်တော်က ကျည်ဆန်လုပ်နည်းပြောပြဖို့ ဘယ်ကစရပါ့မလဲလို့ ရေနွေးကြမ်းတစ်ပန်းကန် ယူသောက်ရင်း ခေတ္တစဉ်းစားလိုက်သည်။

❖

ဝါသနာပါလို့ ငါတို့မြန်မာပြည်မှာ မုဆိုးလုပ်မယ်ဆိုရင်တော့(Local)လို့ ကယ်ကုန်းပြန်လုပ်ကျည်ဆန်ကောင်းကောင်း၊စနစ်တကျလုပ်တတ်ဖို့တော့ လိုမယ်ကွ၊ ဘာလို့လဲဆိုတော့၊ ငါတို့တိုင်းပြည်မှာက(Original)အော်ရီဂျင် နယ်ကျည်ကို လိုသလောက် ဝယ်ချင်တိုင်းဝယ်လို့ရတာမဟုတ်ဘူး၊ ဒီတော့ ကိုယ့်အားကိုယ်ကိုး၊ လုပ်ကျည်ဆန်ကိုပဲ အလေးထား ပစ်ကြရတာကွ၊

"ကြားဖြတ်မေးတယ်လို့တော့မအောက်မေ့ပါနဲ့ - လေးလေး၊ လုပ်ကျည် ဆန်နဲ့ နိုင်ငံခြားဖြစ် အော်ရီဂျင်နယ် ကျည်တွေကို သုံးရမှာထိရောက်မှုက ဘယ်လိုကွာလဲ"

မောင်အုန်းကျော်က သူသိချင်တာကို ကြားဖြတ်မေးလိုက်ပါသည်။

"အင်း - နိုင်ငံခြားဖြစ် အော်ရီဂျင်နယ်က စက်နဲ့စနစ်ကျ အချိန်အဆ အတိုင်းအတာနဲ့ လုပ်ထားတော့ အသုံးပြုရာမှာ ပိုတိကျထိရောက်တာပေါ့၊ ဒို့များပြန်လုပ်ကျည်တွေကတော့ အများဖြင့် ယမ်းခဲ၊ ဂျပ်၊ ကူရှင်တွေကအစ စနစ်တကျမဟုတ်၊ ကြုံသလိုဖြစ်သလို လုပ်ကြတာဆိုတော့ ထိရောက်မှုမှာ ကွာခြားသွားတာပေါ့ကွ၊ ဒါပေသိ - လုပ်တဲ့သူက ခဲ၊ ယမ်း၊ ဂျပ်ကူရှင်တွေကို



ကြုံသလိုမလုပ်ဘဲ စနစ်တကျအတတ်နိုင်ဆုံးအတိုင်းအတာနဲ့လုပ်ရင်တော့ အဆိုးကြီးမဟုတ်ပါဘူး၊ နိုင်ငံခြားဖြစ် အော်ရီဂျင်နယ်နီးနီး ကောင်းပါတယ်"

"လေးလေးလုပ်တဲ့ ကျည်တွေလိုပေါ့နော် - ဟုတ်လား"

"အေး - ပြောမယ်ဆိုလည်း ပြောနိုင်ပါတယ်၊ လေးလေးက ခဲယမ်း၊ ဂျပ်ကူရှင်ကအစ ဖြစ်သလိုကြုံတာနဲ့ မလုပ်ဘူး၊ စမ်းသပ်ပြီး အကြိုက်ဆုံး ဟာတွေကို သုံးတာဆိုတော့ မင်းပစ်ခဲ့တဲ့အတိုင်းပဲ"

"ဟုတ်ကဲ့ - ဆက်ပြောပြပါဦး"

နှစ်လုံးပြူးကုန်းပြန်လုပ်ကျည်ဆန်လို့ လွယ်လွယ်ပေါ့ပေါ့ ပြောဆိုရပေ မယ့် လုပ်ကျည်ဆန်တစ်တောင့်ဖြစ်ဖို့က အတော်အတန် အတွေ့အကြုံရှိရုံနဲ့ တော့ စနစ်တကျမဖြစ်ဘူး၊ လိုအပ်တဲ့ပစ္စည်းပစ္စယ၊ သဘောသဘာဝ၊ ဗဟု သုတလည်း ရှိထားဦးမှကွ၊ တချို့တတ်ယောင်ကန်းလူတွေကတော့ ကျည် ဆန်လုပ်တာလွယ်ပါတယ်ကွာလို့ ပေါ့ပေါ့ပြောပြီးဖြစ်ကတတ်ဆန်း အလုပ် ဖြစ်ကြတော့ ဖြစ်သင့်တာမဖြစ်၊ မဖြစ်သင့်တာတွေ၊ မလိုလားအပ်တာတွေ ဖြစ်ကုန်ကြရော၊ တချို့ကကယ့်အရေးကြီးမှ ယမ်းတောင့်က မထွက်၊ ထွက် ပြန်တော့မအောင်မမြင်၊ မထိမရောက်၊ တချို့ကျတော့လည်း ယမ်းသဘော နားမလည်ဘဲ ယမ်းဆိုရင်အတူတူ မီးလောင် ပေါက်ကွဲတာကြီးပဲဆိုပြီး တွေ့ ရာယမ်းနဲ့ လုပ်လိုက်မိလို့ သေနတ်ကွဲ ပြောင်းပြတ်ဖြစ်ကုန်ပြီ၊ အခန့်မသင့်ရင် လူပါ အန္တရာယ်ရောက်သွားကြတော့တယ်၊

(Local)လို ကယ်ကုန်းပြန်လုပ်ကျည်ဆန်လုပ်ဖို့ဆိုရင် ကျည်ဆန်ရဲ့ အမျိုးအစား၊ ကျည်ဆန်ရဲ့ သဘောတရား၊ တည်ဆောက်ပုံ၊ အစိတ်အပိုင်း တွေကို အသေးစိတ်သိထားမှဖြစ်မယ်"


ကျွန်တော်က မြေပြင်ပေါ်မှာ မီးသွေးခဲနဲ့ ကျည်ဆန်တစ်တောင့်ပုံကိုစုံ အကြမ်းရေးပြလိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

## (နောက်ဆက်တွဲ - ပုံ၁)




၁၂-ဘိုးကျည်ဖွဲ့စည်းပုံ　ကျည်ခွံပုံ　ဆိုက်ကျဉ်းပိုက်

ကတ်ထုတ်တံ　ကတ်ဖောင်းတံ　ဂျပ်ဖောက်ပန့်

(၁၂)ဘိုးနစ်လုံးပြူးကျည် အကောင်းအသစ်တစ်တောင့်ကို ယူကြည့်လေ့လာမယ်ဆိုရင်"အခွံ""ယမ်း""ခဲလုံး"(ကျည်စေ့)သုံးမျိုးသုံးပိုင်း ပေါင်းစပ်လုပ်ကိုင်ထားတာတွေ့ရမယ်။ အခွံပိုင်းကိုလေ့လာပါက စက္ကူခွံ၊ သတ္တုခွံ၊ ကြေးခွံ၊ သံခွံ(ကြေးရည်စိမ်)၊ ပလပ်စတစ်ခွံ၊ နိုင်လွန်ခွံလို့(၆)မျိုးလောက်တွေ့ရမှာဖြစ်တယ်။

အခွံပိုင်းမှာ ပါဝင်ဖွဲ့စည်းထားတဲ့ အစိတ်အပိုင်းတွေကို ဆက်ပြီးလေ့လာမယ်ဆိုရင် စက္ကူ၊ပလတ်စတစ်၊ နိုင်လွန်ခွံများမှာ၊ နောက်အထိုင် အုံးပိုင်းအခွေးပိုင်းကို ကြေး၊ သံ(နီကယ်ရောင်)(ကြေးဝါရည်စိမ်)တို့နဲ့ အထိုင်ကွတ်ထားပြီး အဲဒီအထိုင်မှာ(Primer)ပရိုင်မာ ကတ်အုံတစ်ခုတပ်ထားတယ်။ ကတ်အုံကို ထပ်ဆင့်လေ့လာလိုက်ရင် ကတ်အုံအထိုင်အတွင်းမှာ ယမ်းဘီလူး(ဖိမိ၊ညှပ်မိ၊ ထိမိလျှင် ပေါက်ကွဲစေသောယမ်း)ပါတဲ့(EAP)ကတ်တွတ်ပီ၊ (ANVIL)အင်းဗေး၊ ပေခုံ အခုအခံဒေါက်ကလေးတစ်ခုနဲ့ ဖိကပ်တပ်ထားပါရှိတာ တွေ့ရမယ်။

ကတ်အုံနဲ့ ကက်(တွတ်ပီ)တွေကိုလည်း အကြီး၊ အလတ်၊ အငယ်၊ အသေးဆိုပြီး အမျိုးမျိုးလုပ်ထားကြတယ်(France)ပြင်သစ်ကလုပ်တဲ့(GAME KING) ဂိမ်းကင်းအမျိုးအားတွေမှာ ကက်အိပ်နဲ့ ကက်ကို အကြီးစားတွေနဲ့တွေ့ရပြီး ကက်အုံအလတ် တွတ်ပီအလတ်တွေကိုတော့ (I.C.I) အိုင်စီအိုင်ကုမ္ပဏီကလုပ်(ELEY KYNOCH)အီလီကိုင်းနော့ကျည်တွေမှာတွေ့ရသလို U.S.Aအမေရိကန်လုပ် (Winchester)AA ဝင်ချက်စတာအေအေ Wincheste AA ဝက်စတန်း၊ ဒဗလျူ၊ ဒဗလျူတွေမှာလည်း တွေ့ရမယ်။ ကက်အုံအငယ်ကိုတော့ အမေရိကန်လုပ် (Reminton) ရီမင်တန်၊ (Peter)ပီတာအမျိုးအစားတွေမှာ တွေ့ရပြီး ကက်အုံအသေးမျိုးကိုတော့ ပြင်သစ်လုပ် (Gillia)ဂီလီယာယမ်းတောင့်၊ (Olympic)အိုလံပစ်ယမ်း

www.burmeseclassic.com

တောင့်နဲ့ (Gevelop) ဂဲဗဲလော့ သတ္တုခွံယမ်းတောင့်တွေမှာ အများဆုံးတွေ့ကြရမယ်။

"ပြင်သစ်လုပ် ကက်အုံအသေးတွေနဲ့ ဂီလီယာ၊ အိုလံပစ်၊ သတ္တုယမ်းတောင့်တွေကိုတော့ ကောင်းကောင်းတွေ့ဖူးတယ်။ ဂီလီယာ၊အိုလံပစ်ယမ်းတောင့်တွေက ဂျပ်စတ္တုအစိမ်းရောင်တွေနဲ့ လာတာမို့လား - လေးလေး"

"အေး - ဟုတ်တယ်။ တို့မြန်မာပြည်မှာ ၁၉၈၈ - ခု အရေးအခင်းမတိုင်မီက နောက်ဆုံးအစိုးရထုတ်ပေးတဲ့ ယမ်းတောင့်အစိမ်းနဲ့ သတ္တုယမ်းတောင့်တွေလေကွာ - မင်းမှတ်မိသားပဲ"

"ဟုတ်ကဲ့"

"ကိုင်း - မင်းသတိရှင်တာလေးတွေ ဆက်ပြောမယ်။

ကက်အုံနဲ့ ကက်ကို အကြီးအသေး အမျိုးမျိုးလုပ်ကြသလို၊ အတွင်းက (Anvil)အင်ဗေးပေနံ အခုအခံဒေါက်ကိုလည်းတက်တွေကိုလိုက်ပြီး အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုး လုပ်ကြပြန်တယ်။ မင်းမျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ပြောရရင်တော့ ခေါင်းလောင်းပုံ စေတီမုခ်ဦးပုံမြားနောက်မြီးအရွက်ပုံတွေနဲ့ အတော်တူတယ်ကွ"

(ဒီနေရာတွင် ကျွန်တော်က မောင်အုန်းကျော်အား မြေပြင်ပေါ်တွင် မီးသွေးခဲနှင့် ပုံရေးပြလိုက်ပြန်သည်။)

"အခုပြောခဲ့ပြီးတာတွေက အခွံပိုင်းနဲ့ပတ်သက်လို့ သိစရာတွေကွ။ အခွံပိုင်းသိသွားပြီဆိုရင် အတွင်းယမ်းပိုင်းကို ပြောပြမယ်"

"ဟုတ်ကဲ့ - လေးလေး"

ကက်အုံရဲ့ ရှေ့တည့်တည့် အခွံအတွင်းပိုင်းကို ကြည့်လိုက်မယ်ဆိုရင် ပင်မယမ်းပိုင်းကို တွေ့ရမှာဖြစ်တယ်။ ပင်မယမ်းကို တွန်းယမ်း၊ ကန်ယမ်းနဲ့ လုပ်ထားပြီး ကွဲယမ်း၊ ဖြိုယမ်းတွေနဲ့ မလုပ်ရဘူး။



"(Local)လိုကယ်၊ ကုန်းပြန် ကျည်ဆန်လုပ်တော့မယ်ဆိုရင်တော့ ကွဲယမ်း ဖြိုယမ်းနဲ့ တွန်းယမ်း ကန်ယမ်းလောက်တော့ လေ့လာသိထားဖို့လိုတယ်ကွ"

"ဟုတ်ကဲ့ - ကွဲယမ်း ဖြိုယမ်းနဲ့ တွန်းယမ်း ကန်ယမ်းဆိုတာက ဘယ်လိုလဲ၊ ခွဲခြားသိသာအောင်လည်း ပြောပြပေးပါဦး - လေးလေး"

"ကွဲယမ်း၊ ဖြိုယမ်းဆိုတဲ့ သဘောကတော့ အရာဝတ္ထုတွေကို ပေါက်ကွဲပြတ်သတ်သွားစေတဲ့သဘောပဲ။ ဥပမာပြောရရင်တော့ ဗုံးယမ်း၊ မိုင်းခွဲယမ်းမျိုးတွေပေါ့။ ပုံပန်းပြောရရင်တော့ အမှုန့်၊ အချောင်း၊ ဖယောင်းအပျော့ဆီးမှုန့်ကို မလိုင်ခဲ၊ မလိုင်ချောင်းအရောင်ပုံသဏ္ဍာန်မျိုးတွေကပဲကွ။

တွန်းယမ်း ကန်ယမ်းတွေကတော့ ကျည်ဖူး၊ ခဲစေ့တွေကို ရှေ့သို့တွန်းကန်လွှင့်ထုတ်တဲ့အာနိသင်ရှိတယ်။ ပုံပန်းကတော့ အမှုန့်၊ အဖတ်၊ အခဲ၊ အချောင်း၊ အမျှင်၊ ကြာဆံ၊ ခဲဆံ၊ ဗုံတို၊ ကြာရိုးပုံသဏ္ဍာန် အမျိုးမျိုးရှိကြတာပဲကွ။ စောစောနှောင်းပိုင်း နိုင်ငံခြားလုပ်ကျည်တွေကို ကြည့်မယ်ဆိုရင် အနီးထွက်ယမ်းမှုန့်(Black Powder)တွေကို အသုံးများပြီး နောက်ပိုင်းခေတ်ရောက်လာမှ မီးခိုးမထွက်ယမ်း (Smokeless Powder) အဖတ်သေးသေးအဝိုင်း၊ လေးထောင့်၊ အတုံးလေးများအပြင် ရိုင်ဖယ်ယမ်းတောင့်များကို ခဲဆံ၊ ဗုံတို၊ ကော်ဒိုက်ချောင်းတွေနဲ့ လုပ်လာကြတယ်။

တို့မြန်မာမှုဆိုးလောကမှာတော့ ယမ်းက နိုင်ငံခြားလို ယမ်းမရနိုင်တော့ ရှိတဲ့ယမ်း၊ ရတဲ့ယမ်း(တွန်းယမ်းဖြစ်ပြီးရော) Cordite အချောင်း၊ အမျှင်၊ ကြာဖံ၊ ခဲဆံ၊ ဗုံတို၊ ကြာရိုး၊ ငါးပေါက်ဆံ၊ ခနှစ်ပေါက်ဆံစသည့်ပုံသဏ္ဍာန်အမျိုးမျိုးယမ်းများကို မြန်မာ့နည်း၊ မြန်မာ့ဟန်နှင့် ကြံဖန်ထုထောင်း၊ ကြိတ်ချေ၊ အမှုန့်လုပ်ပြီးမှ လုပ်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားမှ ကျည်များလုပ်ရာမှာ ယမ်းပြင်းအား ယမ်းတောင့်အမျိုးမျိုး အစားလိုက်ပြီး ယမ်းကို(Grain)ဂရိမ်နဲ့ ချိန်တွယ်ထည့်ကြတာ၊ အကြမ်းဖျင်း ပြောရရင် နစ်လုံးပြူး(၁၂)ဘိုးယမ်းတောင့်၊ တစ်တောင့်ကို ယမ်း(၃၃)ဂရိမ် လောက် ထည့်ကြတယ်၊ တို့မြန်မာမုဆိုးလောကမှာတော့ စောစောပိုင်းက ဘာချိန်တာ၊ တွယ်တာမှမလုပ်ကြဘဲ နေရာတကာအလွယ်တကူရနိုင်သော ဘီလပ်ရည်အဖုံးနဲ့ မောက်မောက်ထည့်ပြီး လုပ်လိုက်ကြတာပဲ၊ အခုနောက် ပိုင်းကျမှ အော်ရီဂျင်နယ်ယမ်းတောင့်ဖောက်ပြီး အတိုင်းအတာကို ချိန်ခွက် ကလေးများတိုင်းလုပ်ပြီး အသုံးပြုလာကြတာ၊

နိုင်ငံခြားဖြစ်ယမ်းတောင့်တွေမှာ ယမ်းထည့်ပြီးတာနဲ့ ဂျပ်ဝိုင်းတစ်ခုကို ဖိစက်နဲ့ ဖိသိပ်ထည့်လိုက်ပြီး အဲဒီဂျပ်ဝိုင်းအပေါ်ကမှ(WAD)ဝက်ခေါ်ကူရှင် ၈ ၁/၂ လက္ခလောက်ထူတဲ့ သတ္တုလတ်စဝိုင်းတစ်ခုနှင့် နောက်ထပ်ဂျပ်ဝိုင်း တစ်ခုကို ဖိသိပ်ထည့်လိုက်ပြန်တယ်၊

(WAD)ဝက်ကိုအသုံးပြုရာမှာလည်း သတ္တုလတ် ၁/၂လက်မအထူစ၊ အပြင်စတ္တုဂျပ်ကို ဗုံတိုပုံသဏ္ဌာန်လုပ်ပြီးလည်း ထည့်ကြတယ်၊ နောက်ပိုင်း ဒီဘက်ခေတ်ရောက်လာတော့ တိုးတက်လာတာနဲ့အမျှ သတ္တုလတ်၊ ဂျပ် စက္ကူအစား၊ ပလတ်စတစ်ကို လိုသလို ပုံလောင်းပြီး လုပ်လာကြပြန်တယ်၊

တို့တိုင်းပြည်မှာတော့(WAD)ကို သတ္တုလတ်စထူထူမရရင် ဂျပ်ဝိုင်း အထပ်ထပ်၊ ဒါမှမဟုတ် ရာဘာဖိနပ်၊ ဖိနပ်အောက်ခံဆိုးပြားစ၊ အဲဒါမှ မလွယ်ရင် မြန်မာဖြစ်သိုးမွှေးကော်ဇောအကြမ်းများကို ကော်တင်၊ ဖောက် ပန်နဲ့ဖောက်ပြီး ကြံဖန်လုပ်ကြတော့တာပဲ၊

"အဲဒီ(WAD)ကူရှင်ထဲတာကလည်း အရေးပါတာပေါ့နော်"

"အေးပေါ့ - သူ့နေရာနဲ့သူ လိုအပ်တာဆိုတော့ ထည့်နိုင်ရင်ကောင်းတာ ပေါ့"



"ဟုတ်ကဲ့ - ဆက်ပါဦး"

အုန်းကျော်က ကျွန်တော့်ဆီမှ စားပြီးထမင်းကြော်ပန်းကန်ကို လှမ်းယူ ရင်း စကားဆက်နိုင်းနေသည်၊ ထို့နောက် -

"ယမ်းပေါ်မှာ ဂျပ်ဝိုင်း၊ ကူရှင်တွေ သိပ်ပြီးတာနဲ့ ခဲလုံးကျည်စေ့ဆိုက်စုံ ထည့်ထားတယ်၊ နောက်ပြီး - (Ball, LG, Spsg, SSG, AA, BB, 1, 2, 3, 4) အစရှိတဲ့အမှတ်အသားပါ ဂျပ်ဝိုင်းတစ်ခုစီ ပိတ်ထားတာတွေ့ရမယ်၊

ကိုင်း - အခုပြောခဲ့တာတွေကတော့ နစ်လုံးပြူးကုန်းပြန်၊ လုပ်ကျည်ဆန် လုပ်မည့်သူများ သိထားရမယ့်ကျည်တစ်တောင့်ရဲ့အပိုင်းကဏ္ဍ၊ အသေးစိတ် ပဲ၊ ဒါတွေသိသွားပြီဆိုရင် ကျည်ဆန်တစ်တောင့် လက်တွေ့လုပ်ပုံလုပ်နည်း ကို ဆက်ပြောပြမယ်"

❖

ကျွန်တော်က စကားမဆက်မီ မောင်အုန်းကျော်ပစ်ခဲ့သော ကျည်အခွံ တွေကို တောင်းယူလိုက်ပြီး မြင်သာအောင် လက်ဖဝါးပေါ်တင်ထားလိုက် သည်၊

"ပထမဦးဆုံး(ပုံ - ၂) ပစ်ပြီးသားအခွံတွေကိုအရွေ့၊ အထိုင်၊ ဖောင်းကား မကားကြည့်ရမယ်၊ ကားနေ၊ ဖောင်းနေရင် ပုံမှန်ဖြစ်သွားအောင်(Resizer) ရီဆိုက်ဇာ၊ ဆိုက်ကျည်းကိရိယာ(ပုံ - ၃)အတွင်းထဲ ထည့်ပြီးရိုက်ရမယ်၊

"(Resizer)ဆိုက်ကျည်းကိရိယာဆိုတာက ဘယ်လိုဟာလဲ - ရှင်းပြ ပေးပါဦး - လေးလေး"

"ဆိုက်ကျည်းကိရိယာဆိုတာ ထွေထွေထူးထူး မဟုတ်ပါဘူးကွာ၊ ကျည် ဆန်အခွံနဲ့ တိုင်းလုပ်ထားတဲ့သံပိုက်ပါပဲ၊ သေနတ်ပြောင်းရင်း ကျည်ဆန် အထိုင်နဲ့ အတူတူပါပဲ"




www.burmeseclassic.com

www.burmeseclassic.com

"အော် - ဟုတ်ပြီ - သိပြီ - လေးလေး"

"အေး - ဆိုက်ကျည်းထဲ ထည့်ရိုက်လို့ ပုံမှန်ဖြစ်သွားတာနဲ့ ကက်အုံ အထိုင်၊ အကြီး၊ အလတ်၊ အငယ်၊ သေ ဘယ်အမျိုးလည်းလို့ ကြည့်ရမယ်။ သိပြီဆိုတာနဲ့ ကက်အုံ၊ ကက်ဆံ အမျိုးအစားလိုက်ပြီး အရန်သင့် တိုင်းထွာ လုပ်ထားတဲ့ ကက်ထုတ်ခုံခွက် ( ကျည်ဆန်ဖင် အစွေးနှင့်တိုင်း၍ အံကျလုပ် ထားသော ကက်ထက်အနည်းငယ်ကျယ်ပြီး အလယ်မှ အပေါက်ပါသည့် သံတုံး) (ပုံ - ၄) ပေါ်စာင်ထားပြီး ဆိုက်ကိုက်သောကတ်ထုတ်တန် (အရှည် (၆) လက်မလုံးပတ် (၁/၄) လက်မလောက်ရှိသော သံလုံးအဖျားကို ကက် အိမ်ပေါက်နဲ့ အံကျဖြစ်အောင် ရှူးလုံးထားသောသံချောင်း) (ပုံ - ၅) နှင့် အခွံ အတွင်းဘက်မှရိုက်ထုတ်လိုက်ပါ၊ ကက်ဆန်ထွက်ကျလာပေမည်၊ (ကက် ထုတ်၊ ကက်သွင်း၊ ဖိခုံကလေးရှိရင်တော့၊ ကက်ထုတ်ငုတ်ကလေးပေါ်အခွံ ကို မှောက်စွပ်လျက် ဖိတန်မောင်းတန်နှင့် ဖိလိုက်ရုံနဲ့ ကက်ဆံကို အလွယ် တကူ ထုတ်ယူနိုင်ပေသည်၊

(ပုံ - ၉)




ကက်သွင်း၊ ကက်ထုတ်မီးခုံ



ထွက်ကျလာတဲ့ ကက်ခွက်ကလေးများ အတွဲပါလာတဲ့ (Anvil) ပေခုံ အစုအစ်ဒေါက်ကလေးကို ဖယ်ထုတ်ထားပြီး ပိန်ချိုင့်ဝင်နေတဲ့ ကက်ခွက် ကလေးကို မျက်နှာပြင် ညီသွားသည်အထိ ကက်ဖောင်းတန် ( အရှည် (၆) လက်မ၊ လုံးပတ် (၁/၄) လက်မလောက်ရှိသော သံလုံးကို ထိပ်ပိုင်းက ကက် ခွက်နဲ့ အံကျအောင်လုပ်ထားသောသံချောင်း) ပုံ - ၆နှင့် ရိုက်ဖောင်းပေးရ တယ်၊ လိုချင်တဲ့ အနေအထားအထိ ရိုက်ဖောင်းပြီးတာနဲ့ အဲဒီကက်ခွက် ကလေးထဲကို အိန္ဒိယပြည်မှလာတဲ့ ကလေးကစားစရာသေနတ်မှာ အသုံး ပြုတဲ့ယမ်းလိပ် (ဝါ) ယမ်းဖတ်အဝိုင်းကလေး (၂) ခုလောက်ကိုထည့်ပြီး စောစောက ထုတ်ထားတဲ့ (Anvil) အင်ဖေး၊ ဒေါက်ကလေးနဲ့ ဖိသိပ်ထား လိုက်ရမယ်၊

"အိန္ဒိယကာပတ်ယမ်းလိပ်ကလေးတွေ မရရင်၊ မရှိရင်လည်း မြန်မာ နည်း၊ မြန်မာ့ဟန် မီးခြစ်ဆံခေါင်းယမ်းနဲ့ ဘေးယမ်းနှစ်ခု ရောထည့်ရင်လည်း ရတယ် - အုန်းကျော်ရ"

အုန်းကျော် အမေးစကားလာတော့မည်ကိုသိသော ကိုရာကွတ်က ကျွန်တော့်အစား ကြိုပြီးအဖြေစကား ပြောကြားလိုက်ခြင်း ဖြစ်သည်၊

"ဟုတ်တယ်ကွ - ကိုရာကွတ်ပြောသလို အိန္ဒိယကာပတ်ယမ်းလိပ် အခက်အခဲဖြစ်နေရင် ယမ်းမီးခြစ်ဘူး (နတ်သမီး၊ တယော) ခေါင်းယမ်းနဲ့ ဘေးယမ်းရွှေပြီး လုပ်ရင်လည်း ရပါတယ်၊ ဒါပေမဲ့ - အိန္ဒိယကာပတ်ယမ်း လိပ်လောက်တော့ စိတ်မချရဘူး၊ မသေချာဘူးကွ"

ကက်ခွက်ကလေးထဲ ကာပတ်ယမ်းထည့် အစ်ဒေါက်ကလေးတပ်ပြီး တာနဲ့ အခွံက ကက်အုံမှာ တစ်ပြေးတည်းညီသွားတဲ့အထိ ဖိသွင်းလိုက်ရ တယ်၊ ကက်အုံမှာ ကက်အထိုင်တပ်ပြီးသွားတာနဲ့ မီးကူးလွယ်စေရန် ဘေးကု ယမ်းမှုန့်အနည်းငယ်ကို ကက်အုံအပေါက်ထဲဝင်အောင် ထည့်ထားရတယ်၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအပေါ်ကမှ ကိုယ်အသုံးပြုမယ့် ယမ်းကိုချိန်ခွက်နဲ့ ချိန်ပြီး လောင်းထည့်လိုက်ရမယ်။

ယမ်းထည့်ပြီးတာနဲ့ (၃/၄)သုံးမတ်(ဝါ) (၃/၄)တစ်ပြားတင်း ဂျပ်ဝိုင်း(ပုံ-၇)နစ်ဝိုင်းကို ထိုးတန်း၊ ဂျပ်သိပ်တန်း(ပုံ-၈)နှင့် နာနာဖိသိပ်ပေးလိုက်ရတယ်။ ပြားသိပ်ပြီးတာနဲ့ အပေါ်က မိမိအသုံးပြုခဲ့တဲ့ သတ္တုလတ်ကူရှင်(ဝါ) ရာဘာဖိနပ်ကူရှင်(ဝါ) သိုးမွှေးကော်ဇောကြမ်းကူရှင်ကို (၁/၂)လက်မထုလောက်ထည့်ရမယ်။ ကူရှင်ထည့်ပြီးတာနဲ့နောက်ထပ်ဂျပ်ပြားဝိုင်း(၂)ဝိုင်းထပ်ထည့်ပြီး ဖိသိပ်ပေးရပြန်တယ်။

ကျန်အပိုင်းမှာ ကျည်စေ့၊ ခဲလုံးများထည့်ရမယ့်အပိုင်းပဲရှိတော့တယ်။ ကျည်စေ့ခဲလုံးများကိုတော့ ကြိုက်တဲ့အရွယ်အစားရွေးပြီး ထည့်နိုင်တယ်။ အမဲကြီးစိုင်၊ မြောင်၊ ဆင်၊ ကျား၊ ဝက်ဝံလို သတ္တဝါများပစ်ဖို့ဆိုရင် (Slug) စလတ်အခွက်၊ (Sperical Ball)ဘောအလုံးအစရှိတဲ့ ခဲတစ်လုံးတည်းထည့်ရသလို ဆတ်၊ ဝက်၊ ဆိတ်၊ သမင်ပေါက်လို သတ္တဝါအမဲလတ်တွေအတွက်ဆိုရင် (LG)(၆)လုံးကျည် (SG)(၉)လုံးကျည် (SPSG)(၁၂)လုံးကျည်များကိုထည့်ရမယ်။ အမဲလေးဖြစ်တဲ့ ဂျီ(ချေ)၊ ဒရယ်၊ ယုန်၊ ကြောင်တွေအတွက်ဆိုရင်တော့ (SSG)(၁၆)လုံးကျည်(အလုံး(၂၀)ကျည်) (4BUCK) (၂၈)လုံးကျည် အစရှိတာတွေကိုသုံးနိုင်ပြီး ကြက်၊ ငှက်သတ္တဝါ၊ အတောင်ပံပါသားကောင်များအတွက်ကိုတော့ (AA-BB-No1-No2-No3-No4) အစရှိတဲ့ စရိတ်ခဲလုံးများကို သုံးရတယ်။

အဲဒီလို သတ္တဝါနဲ့ လက်နက်မျှအောင် ကျည်ဆန်ကို အသုံးပြုတတ်မှလည်း ပိုထိထိမိမိ အရာရောက်တယ်။ အမဲကြီးသတ္တဝါများကို စရိတ်ခဲယမ်းတောင့်နဲ့ ပစ်မိလို့ကတော့ အယားဖျောက်ပေးရသလိုနေမှာပဲ၊ သားငှက်အငယ်များကို အမဲကြီးပစ်ယမ်းတောင့်တွေနဲ့ပစ်ခဲ့ရင်လည်း လိုသလောက်ခရီးမရောက်တော့ဘူး။



(Local)လိုကယ်ကုန်းပြန်၊ လုပ်ကျည်ဆန် လုပ်နည်းကိုင်နည်းနောက်ဆုံးအဆင့်ကတော့ ကိုယ်လုပ်ပြီး ခဲလုံးအမျိုးမျိုးထည့်ပြီး ကျည်များကိုအလွယ်တကူမှတ်မိစေရန်၊ မှားမပစ်မိစေရန် (Ball, SLUG, LG, SG SPSG, SSG, AA, BB 1,2,3,4,) အစရှိသည့် ဂဏန်းစာတန်း အမှတ်အသားပါသော ဂျပ်ဝိုင်းကလေးများနှင့် ထိပ်ဆုံးမှ ပိတ်သိပ်ပြီး နှုတ်ခမ်းလုံးစက်ရှိရင် လုံးစက်ထဲ ထည့်ပိတ်လိုက်တာနဲ့ အရင်သင့်ပစ်လို့ရတဲ့ လုပ်ကျည်ဆန်တွေ ဖြစ်လာတော့တာပဲကွ။

"အေး-တစ်ခုပြောဖို့ သတိမေ့သွားတယ်။ ကျည်ခွံက လုံးပိတ်တဲ့ပုံစံမဟုတ်ဘဲ (Star Crimp) ကြာဖူးပုံပိတ်ပိတ်ခဲ့ရင်တော့ ကြာဖူးပုံပိတ်စက်နဲ့ဖိပိတ်ရတယ်"

"နှုတ်ခမ်းလုံးစက်၊ ကြာဖူးပိတ်စက်တို့မရှိခဲ့ရင်ရော ဘယ်လိုလုပ်ရမှာလဲလေးလေး"

အုန်းကျော်က သူသိလိုသော နောက်ဆုံးမေးခွန်းကို မေးနေပြန်သည်။

"အေး-ဟုတ်တယ်။ နှုတ်ခမ်းလုံးစက်၊ ကြာဖူးပိတ်စက်တွေမရှိရင်တော့ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ ဂျပ်သိပ်တန်(ပုံ-၈)နဲ့ထိုးဖိပိတ်ပြီး၊ အလွယ်တကူ ရွင့်မကျအောင် ဖယောင်းရေနဲ့ ရှေ့က အစက်ချပိတ်လိုက်ရင်လည်း ရတာပေါ့ကွာ"

"အား-လေးလေးပြောလိုက်မှ ရှင်းသွားတော့တာပဲ။ အခုလို နစ်လုံးပြူးကျည်ဆန်လုပ်နည်းကိုင်နည်းကို မေးသမျှစိတ်ရှည်ရှည်နဲ့ ခရေစေ့တွင်းကျပြောပြတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်-လေးလေး၊ နောက်ကြုံရင်တော့ လက်တွေ့လုပ်ပုံလုပ်နည်းလေးတွေ သင်ပြပေးပါဦးနော်"

"အေး-အေး-အဲဒီကိစ္စက နောက်ကြုံတော့မှ၊ အခုတော့-အိပ်နေတဲ့သူတွေကိုနှိုးပြီး မင်းတို့ရလာတဲ့ ဒေါင်းတစ်ဖနဲ့ ဂျီ(ချေ)တစ်မကို ဖုတ်ရချက်ရအောင် နှိုးလိုက်ဦးမယ်"



www.burmeseclassic.com


www.burmeseclassic.com


"ကိုင်း - အိပ်ရာထဲမှာ ဖိမ်နဲ့ကွေးနေတဲ့ကာလနဂါးမင်းအဖွဲ့တွေ၊ သူများပစ်လာတဲ့အကောင်တွေ ဖျက်ရ၊ ချက်ရအောင်၊ ထကြတော့ဟေ့"

ကျွန်တော် တပ်လှန့်သံပေးလိုက်မှ အိပ်ရာတွင်းက ကျန်မှုဆိုးအဖွဲ့များ ကဗျာဆရာ နိုးထလာကြပါတော့သတည်း။

ရည်ရွယ်ချက် (နောင်လာမည့် အနာဂါတ်မျိုးဆက်သစ်မှုဆိုးများ (local)ကုန်းပြန်လုပ်ကျည်ဆန်၊ လုပ်နည်း၊ ကိုင်နည်း၊ နည်းပညာရယူနိုင်ကြပါစေတော့ရယ်လို့ ...)


⇒ မန္တလာသား




www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ကြွေးဆိုသည်မှာ
နောင်ဘဝထိ မယူဆောင်ပဲ ယနေ့လက်ရှိ
ဤလက်မှောက်ဘဝ၌ပင် ဝဋ်လည်တတ်ပုံကို
သံဝေဂရစရာအါကိ

# မောင်ညိုမှိုင်း (သန်လျင်)

**တံငါလှေသမားထဲမှာ** မိုက်မိုက်ရိုင်းရိုင်းနဲ့ ရမ်းကားချင်းကြွားချင်တဲ့ကောင်က ရွက်လှဆိုတဲ့ကောင်ပဲ။
အရက်ကလည်း သောက်သလား မမေးနဲ့၊
ပိုက်သိမ်းပြီး ငါးအပ်ငွေရှင်းပြီးတာနဲ့ မညိုတို့အရက်ဆိုင်မှာ
သောက်တော့တာပဲ၊အရက်သောက်တော့လည်းကြည့်၊
အာပြဲခြောက်(ငါးနပ်ခြောက်)ကြော်နဲ့ အမြည်းလုပ်နေတား
ဒီအတက်ပိုင်းက ကြွေသွက သောက်ရင်းမေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ရွက်လှ - မင်းမလည်း နေ့တိုင်း အာပြဲခြောက်နဲ့ချည်း အရက်သောက်နေတာပဲ၊ အမဲအူသုပ်တို့၊ ရောက်သီးသုပ်လေးနဲ့များ တစ်ခါတလေ သောက်ပါဦး - ရွက်လှရာ - အေ့ - ဝေ့"

"ဟ - ကြေည်ရ - မင်းတို့ခင်ရွှေတို့က အစုမှအသုပ်လေး၊ ငါးကြော်လေးနဲ့ သောက်ဖူးတာပါကွ၊ ငါက ဟိုတယ်မှာ ကုန်းဘောင်ကြီးကြော်တို့၊ ဘဲကင်တို့နဲ့ စားသောက်လာတဲ့ကောင်ပါကွ၊ ဟော့ကောင် ကြေည် - မင်း ဝီစကီ သောက်ဖူးလား - မြင်ဖူးလား - အေ့ - ဝေ့"

"မင်းက ဝီစကီ တစ်ခါလေး သောက်ဖူးတာများ၊ တစ်သက်လုံး ပြောမဆုံး ဖြစ်နေတယ်၊ အခု - မင်းသောက်နေတာ အရက်ဖြူနဲ့ အာပြဲခြောက်ကြော်ပါ - ရွက်လှရာ - ဟား - ဟား - ဟား - ဟား၊ လာပါ - ငါတို့ အမြည်းလာစားပါကွာ - လာပါ"

ဒီမှာ ခင်ရွှေက လှမ်းပြောလိုက်တယ်၊

"ဘယ်နေ့သောက်ပြမှာတုံး - ရွက်လှရ - ဟေ - အေ့"

ကြေည်က လက်ကျန်အရက်ကို မော့လိုက်ပြီး အော်ပြောလိုက်တယ်၊

"သေပြီး နောက်နှစ်ဘဝ ..."

"ဟား - ဟား - ဟား - ဟား - ရွက်လှ - ဟုတ်လားဟေ့"

"ဖွီ - ဝီစကီပုလင်းခွံတောင် မမြင်ဘူးတဲ့ တံငါဖွတ်ကြားတွေ - အေ့ - ဖွီ"

---

သူတို့အလုပ်က ရန်ကုန် - ပဲခူးမြစ်သုံးဆိုင်နှင့် သီလဝါနားမှာ ပိုက်ချတဲ့ တံငါအလုပ်ပါ၊ ရေတက်ရေကျနဲ့လဆန်းလဆုတ်ရက်လေးတွက်ပြီး ပင်ပန်းကြီးစွာ ဝမ်းစာရှာကြရတာ၊

ဟိုမှာဘက်ခေတ်တုန်းကတံငါလှေသမားတွေခုခေတ်လိုစက်တပ်လှေကလေးတွေနဲ့ တင့်တယ်တာမျိုး မဟုတ်ဘူး၊

လှော်တက်နဲ့ခတ်ပြီး ရန်ကုန် - ပဲခူးမြစ်၊ မြစ်သုံးဆိုင် သီလဝါဝန်းကျင်မှာ တားပိုက်ချပြီး ငါးရှာရတာ၊



အချိန်တန် ပိုက်ဖော်လို့ ငါးများများရရင် အိမ်ပြန်မျက်နှာပန်းလှတာပေါ့၊

ငါးပုတ်သင်နဲ့ ငါးပုဏ္ဏား အရများတယ်၊

မိုးတွင်းဆို ငါးစင်ရိုင်း အရများတယ်၊

ကြေည်တို့က မိန်းမကိုယ်တိုင် ဈေးမှာ ရောင်းတာဆိုတော့ ရသမျှငွေအသားတင်ပဲ၊ ငါးများလွန်းရှိမှ အချို့ကို ဖောက်သည်ပေး၊ ကျန်တာရောင်း၊

ကြေည့်မိန်းမ မိရွှေကလည်း စီစီကုပ်ကုပ်ရှိတော့ ရွှေနဲ့ငွေနဲ့ ဖြစ်နေတာပေါ့၊

ရွက်လှက လည်ပင်းမှာ ငါးမူးသား ရွှေဆွဲကြိုးနဲ့ တစ်မတ်သားလက်စွပ်နဲ့ ငါးတွေ ရွေးနေ၊ ချိန်နေတဲ့ မိရွှေကို မြင်တော့ ရီသွားသေးတယ်၊

"မသာနဲ့ နားတောင်းနဲ့ တခြားစီပဲ" တဲ့၊

ကြေည့်မိန်းမ မိရွှေက အသားမည်းသမှ ကုလားမစစ်စစ်က အရှုံးပေးရတာကိုး၊ မည်းကြုတ်နေတဲ့လည်ပင်းပေါ်မှာ ရွှေတဝင်းဝင်းမြင်တော့ ရီတာပေါ့၊

"ဟဲ့ - ရွက်လှရဲ့ - ဘယ်မသာများရော နားတောင်းနဲ့လိုက်လို့တုံးဟဲ့၊ သေရင် နားကပ်နားတောင်းဖြုတ်ခဲ့ရတာချည်းပဲ၊ နားပေါက်ဟောင်းလောင်းနဲ့ သချိုင်းသွားရတာပဲဟဲ့၊ နင်သာ - မျောက်ပလွေမှုတ်နဲ့ - ကြားလား"

"ဖွီ - အေ့ - ဝေ့ - မိရွှေရာ - နင်တော့လားဟာ"

"ဟောဒီမှာဟေ့ - မျောက်ပလွေမှုတ်နေတယ်ဟ - ကြည့်ကြပါဦး"

မိရွှေက ခုနစ်သံချိုဟစ်ပြီး ရေဆိပ်က တံငါလှေမယားတွေကို အော်ပြောရော၊ ရွက်လှ ချာခနဲ လှည့်ထွက်သွားတယ်၊

ရွက်လှကလည်း ရွက်လှပဲ၊

သင်းကလည်း နေလောင်လေပက်ပြီး အသားမည်းနေတာပဲ၊ အခြားတံငါလှေသမားတွေက ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ လှေနားရှိန်သောက်ရင် ရွက်လှက အစီခံပါတဲ့ စီးကရက်နဲ့၊

စီးကရက် လက်ကြားညှပ်ပြီး -

"ခင်ရွှေ - မင်း ဘယ်နပိဿာရတုံး"



www.burmeseclassic.com

www.burmeseclassic.com

"ကြောင် - ငါးပုတ်သင်တွေချည်းပါလား"

"ဟင်း - ဟိုကောင်ပေသီး - အရနည်းလှချည်လား"

"မိန်းမ ဆဲဦးမယ်ဟ - သမ္မာဒွေ့ရှုတ်တော့"

သင်းက စီးကရက်လက်ကြားညှပ်နဲ့ အရက်တွေတွေနဲ့ လိုက်စစ်ဆေးမေးမြန်းနေတာ၊ ရိုနေတာ။

ရွက်လှ စီးကရက်ခဲနေတာမြင်ရင် မိရွှေတို့၊ မသန်းတို့၊ ဒေါ်အိမ်ကြီးတို့က စောင်းမြောင်းပြောကြရော။

"အရုပ်ပါးစပ် တုတ်တပ်ထားသလိုပဲဟေ့"

"မျောက်ပလွေ မှုတ်နေပြီဟေ့"

အဲဒီလိုပိုင်းအော်ကြရင် ရွက်လှကလည်း သိတယ်။ ဟိုက အော်လိုက်၊ ဒီက ပြောလိုက်နဲ့ သူ ခြေလှမ်းပျက်ကရော။

မဟန်တဲ့အဆုံးကျရင် သောက်လက်စ အစီခံစီးကရက်ကို မြေကြီးပေါ် ပစ်၊ ခြေထောက်နဲ့ နင်းချေပြီး "ထွီ - ဗွီ" လုပ်ပြီး စောင်းကန်းစောင်းကန်းနဲ့ အရက်ဆိုင်ဘက်ကို ထွက်သွားရော။

ဒါတောင် - အဝေးကနေ ပိုင်းအော်ကြသေးတယ်ဗျ။

"တန်ရာတန်ရာလုပ်ဟေ့ - ပါးစပ် မိုးကြိုးပစ်ဦးမယ်ဟဲ့"

တံငါလေ့ ပိုက်သမားမယားအချို့ ရွှေနဲ့ငွေနဲ့ဖြစ်နေကြပြီ၊ သူတို့လင်မယားတွေက မိုးနဲ့လေနဲ့ ရေလယ်မှာ အသက်စွန့်ငါးရှာရတာလေ။

သူတို့မှာ ကျောင်းနေသားသမီးတွေ ရှိတယ်၊

သူတို့ ပညာရေးအတွက် စုရသေးတယ်၊

တစ်သက်လုံး ဖအေက တံငါဦးစွာ၊ သားသမီးလည်း လှေတစ်စင်း၊ ပိုက်တစ်ဖုံ အမွေရရင် စားဖို့ရတာပဲ။



ဒီလိုတွေးတဲ့၊ ယုံကြည်တဲ့သူတွေလည်း ဒီတံငါစုလေးမှာ ရှိကြသလို တံငါသည်သား၊ တံငါသည်သမီး ပညာတတ်ရမယ်၊ သူ့အဖေလို နေ့နေ့ညည ရေထဲ မိုးထဲ လှိုင်းထဲ လေထဲ အသက် ဖက်နဲ့ထုပ် မလုပ်စေရဘူး။

ငါတို့သား အင်ဂျင်နီယာ ဖြစ်ရမယ်၊

ရုံးအုပ်ကြီး ဖြစ်ရမယ်၊

ကျောင်းဆရာကြီး၊ စစ်ဗိုလ်ကြီး ဖြစ်ရမယ်ဟေ့၊

ဆရာဝန်ကြီး ဖြစ်ရမယ်၊

ဒီလိုရည်မှန်းချက်ကြီးကြီးမားမား ရည်ရွယ်ထားတဲ့တံငါသည် (ရေလုပ်သား) မိဘတွေလည်း ရှိကြတယ်၊

ဒီထဲမှာ ကိုကြည်တို့၊ ခင်ရွှေတို့၊ ပေသီးတို့ကို တံငါ(ရေလုပ်သား)တွေလည်း ပါတယ်၊

အလုပ်ကို ကြိုးစားတယ်၊

ဖဲမရိုက်ဘူး၊ အရက် တရားလွန်မသောက်ဘူး၊

မကောင်းတဲ့မိန်းမ မလိုက်စားဘူး၊

သူတို့ဇနီးမယားတွေကလည်း ပေါ်ပင်တွေ ဝယ်မဝတ်ဘူး၊ မတန်မရာ ဝယ်မစားဘူး၊ နှစ်လုံးသုံးလုံး မထိုးဘူး၊ အိုးစားမင်းစာနဲ့ကျန်းမာရေး၊ သားရေး သမီးရေး၊ ပညာအနာဂတ်အရေးအတွက် ရွှေတိုရွှေစ ဝယ်စုကြတယ်၊

ဒီထဲမှာ ရွက်လှ မပါဘူး၊

ရွက်လှမှာ အမေမုဆိုးမ ဒေါ်ဆင် ရှိသေးတယ်၊

အသက်(၇၀)ကျော် မျက်စိမှုန်နေတဲ့အမယ်အို၊

ရွက်လှအဖေ ကိုရှိန်းက လေကြီးမိုးကြီးကျတဲ့ အချိန် တံငါလှေနဲ့ မြစ်သုံးဆိုင်ကို မျောပါ၊ လှေမှောက်၊ ရေနစ်သေခဲ့တယ်၊

တံငါသည်လည်း ရေနစ်ရင် သေတာပါပဲဗျား

ရွက်လှက ပညာလေးငါးတန်းပဲ တတ်တယ်လေ၊

အရွယ်လေးရောက်လာတော့ တံငါပိုက်သမားဖြစ်၊

သို့သော် ရသမျှကို ဖြုန်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com

အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ မိန်းမလိုက်စားတယ်။ လက်ထဲမှာ ငွေမမြဲဘူး။ ကုန်ရင် ရေထဲဆင်း၊ ပိုက်ချ၊

မအေအိုကြီးမှာ ထမင်းနပ်မမှန်ရှာဘူး။

တဲနီးတဲနားက ထမင်းဟင်းပေး၊ ကျွေးနေလို့ အသက်ရှင်နေရတာ။ အရက်မူးလာရင် သွေးဆိုးသေးတယ်။ သူ့အတွက် ထမင်းဟင်း ချန်မထားရကောင်းလားဆိုပြီး အမေအိုကြီးကို ဆဲရေးတိုင်းထွာသေးတယ်၊

တစ်ခါမှာ ငါးရှဲဒိုင်က ရန်ကုန်မှာ ပိုက်သွားဝယ်ဖို့ သူ့ကို အဖော်ခေါ်သွားရင်း (   )ဘားမှာ ဝီစကီသောက်သတဲ့၊

ဒီမှာ ဝီစကီနဲ့ ကုန်းဘောင်ကြီးကြော် စားဖူးပြီး တံငါရပ်ထဲမှာ ကြွားလို့ မဆုံးဘူး၊

ကြွားပုံကတော့ ရှားရော၊

တံငါလေ့သမားထဲမှာ စပို့ရှပ်ဝတ်၊ စီးကရက်ခဲတာ ရွှက်လှတစ်ယောက်ပဲရှိတယ်၊ ဟန်လေးကတော့ ပြဇာတ်မင်းသားပဲ၊

သို့သော် အိတ်ထဲမှာ ပိုက်ဆံမရှိဘူး၊

ဒါကြောင့် – အရက်ဖြူနဲ့ ငနုပ်ခြောက်ကြော်ပဲ သောက်နိုင်တယ်၊ အမ်မယ် – ငနဲသားက ရုပ်ရှင်တော့ တယ်ကြိုက်ပဲကိုး၊

ကောလိပ်ဂျင်နေဝင်း ကြိုက်တယ်၊

မင်းသားကြီး မြတ်လေးကို ကြိုက်တယ်၊

ဗိုလ်ဗကိုကို ကြိုက်တယ်၊

မင်းသား ဇော်လင်းနဲ့ မင်းသမီး ဝါဝါဝင်းရွှေကို ကြိုက်တယ်၊ ရုပ်ရှင်ကားလဲရင် အခြားတံငါသားတွေ မကြည့်ရှိမယ်၊ ရွှက်လှ ကြည့်ပြီးပြီ၊

ရေလယ်မှာ ပိုက်ချပြီး တံငါလေ့တွေ ခေါင်းချင်းဆိုင် လှေနံချင်းကပ် ဝိုင်းဖွဲ့ထမင်းစားနားရင်း သူကြည့်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားအကြောင်း အာပေါင်အာရင်းနဲ့ ပြောတာများ၊

ကိုကြည်က ပြောတယ်၊

ရုပ်ရှင်ဇာတ်ကား ကြည့်နေရသလိုပဲတဲ့၊



ရွှက်လှမှာ သူ ကြိတ်ပိုးနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်ချ၊ မသောင်းသောင်းနုတဲ့၊

ရွှက်ကြမ်းရေကျိုအလှလေး၊

ကိုယ်လုံးကိုယ်ပေါက်ကတော့ ခါးသေးရင်ချီကြီး၊

သောင်းသောင်းနုက တံငါရေဆိပ်မှာ ငါးပြန်ကောက်ပြီး မြို့ဈေးထဲမှာ ရောင်းတယ်၊ သူ့မှာ အဖေအိုကြီးနဲ့ ကျောင်းနေမောင်လေးနှစ်ယောက် ရှိတယ်၊ အမေက ပန်းနာရင်ကြပ်ရောဂါနဲ့ ဆုံးသွားတာ နှစ်နှစ်ရှိပြီ၊

အဖေက ခြေတစ်ဖက် လေဖျန်းထားလို့ အလုပ်မလုပ်နိုင်ဘူး၊ သောင်းသောင်းနုက ရှာကျွေးနေရတာ၊

တံငါရေဆိပ်က သူ့ကို "မနု" လို့လည်း ခေါ်ကြတယ်၊

မနုရဲ့ပါးပေါ်မှာ သနပ်ခါးကွက်ကြားက မိုးလင်းမိုးချုပ်ရှိနေတာပဲ၊ ဆင်းရဲပေမယ့် သန့်သန့်လေး နေတတ်တယ်၊

ငါးရောင်းစားပေမယ့် စကားပြော မကြမ်းဘူး၊ မရိုင်းဘူး၊

အလေးမခိုးဘူး၊ သည်းခံစိတ်ရှိတယ်၊

ဈေးဝယ်တော်တော်များများက အလေးမှန်၊ ဈေးမှန်၊ အပြောချိုသာတဲ့ မနုဆီမှာပဲ ဝယ်ကြတော့ အစောကြီး ရောင်းကုန်တယ်၊ ပြီးရင် – အိမ်ပြန်ချက်ပြုတ်၊ ကျောင်းသားတွေစားဖို့ အသင့်လုပ်၊ ကိစ္စပြီး ရေချိုး၊ သနပ်ခါးလူး၊

အားရင် မနုက ဝတ္ထုစာအုပ်ဖတ်တယ်၊

ဝတ္ထုတော့ သူက အရမ်းကြိုက်ပဲ၊

အထူးသဖြင့် စာရေးဆရာ အောင်လင်း၊ တက္ကသိုလ်ဘုန်းနိုင်၊ မဝင်းမြင့်၊ ခင်နှင်းယုတို့ရေးတဲ့ အချစ်ဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထုတွေကို ဖတ်တယ်၊

ဖတ်ပြီး စိတ်ကူးမယဉ်ဘူး၊

သူမက လက်တွေ့သမား၊

အိမ်ကို မကြာခဏ လာလာနေတာက ရွှက်လှ၊

ကွယ်လွန်သွားတဲ့ ရွှက်လှရဲ့အဖေ ကိုဒိန်းနဲ့ မနုတို့အဖေက အလွန်ချစ်တဲ့သူငယ်ချင်းလေ၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်သဘော်ကြီးပေါ်က
အလေနဲ့တကြား အော်ဟစ်သံတွေနဲ့
အတူ၊ သဘော်ရဲ့ အကူအညီ
ပေး၍သွယ်သံနဲ့အတူ
ခရီးသည်တင်သဘော်ကြီးဟာ
တစ်ဖက်ကို လူးနေရာက
သဘော်ပုံပိုင်း(ဖင်ပိုင်း)ဟာ
မြစ်သုံးဆိုင်ရေထဲကို စိုက်၊
မြုပ်သွားချိန် သဘော်ပေါ်က
များရဲ့ ထိတ်လန့်တကြား
အော်သံများနှင့်အတူ လှေအချို့
ရေထဲကို ခုန်ချကြပါချေ၏။

ရွှက်နတို့အမေနဲ့၊ ရွှက်လှတို့အမေကို နှစ်ယောက်စလုံး အရပိုးကြရင်း ကိုယ်စီကိုယ်င ရသွားကြတာတဲ့။

ဒီတော့ - ရွှက်လှက အိမ်ကို အဝင်အထွက်ရှိတယ်၊

အိမ်ကိုလာရင်အဖေ့အတွက် လက်ဖက်ရည်ပေါ့ကျဲလေးဝယ်ဝယ်လာတယ်၊ မနတို့အဖေက လက်ဖက်ရည်ပေါ့ကျဲဆို တယ်ကြိုက်ကိုး။

လာရင်းကနေ မနကို ပရောပရီလုပ်တယ်၊

မထီတထီ ပြောတယ်၊



အရောအရယ်လုပ်တယ်၊

"ဈေးရောင်း ကောင်းရဲ့လား - မန"

"အင်း"

"အစောကြီးကုန်တာပဲနော်"

"အင်း"

"ငါ့ဆီက ငါးဖောက်သည် ယူပါလား - မန"

"ဟင့်အင်း"

"မန - နင် တယ်လုပ်ပဲဟာ"

ဒီလိုပြောတော့ မနက သူ့ကို ခပ်တင်းတင်း စိုက်ကြည့်လိုက်တယ်၊ ရွှက်လှရဲ့ပါးစပ်က အရက်နံ့တလည်း မခံသာလို့ နှာခေါင်းတရှုံ့ရှုံ့လုပ်ရ၊

"တကယ် - ငါပြောတာ"

"ရှင်ပြန်တော့"

"ငါ - ငါ - နင့်ကိုလေ"

မန - ငါးစုတ်တဲ့ဓားမကို ဒေါသနဲ့ လှမ်းဆွဲလိုက်တော့မှ သင်း မရှိုမရှဉ် မျက်နှာနဲ့ လှည့်ပြန်သွားတယ်၊

သူ အိမ်ကို မကြာခဏလာတယ်၊

အဖေနဲ့ စကားပြောပြီးရင် မနကို စကားရော ဖောရော လာလာလုပ်လေ့ ရှိပေမယ့် မနက သင်းအကြောင်းသိလို့ အရေးမလုပ်၊ စကားမပြောဘူး။

ဒီအတွက် ရွှက်လှမှာလည်း ခံစားနေရတယ်၊

ရွှက်န - ဘာလို့ သူ့ကို အရေးမလုပ်ချင်တာတုံး။

ရွှက်နတို့အိမ်ကိုလာတဲ့ ကျောင်းဆရာလေးကြောင့်လား။

အရက်ပိုင်းမှာ သောက်ဖော်တွေနဲ့ဆုံတိုင်း မနဒေသနာကို သူ ရင်ဖွင့်သံနဲ့ဟောပြီး အရက်အမူးသောက်လေ့ ရှိတယ်၊

www.burmeseclassic.com

"မင်းကို ဘာကြောင့် မိနက အရေးမလုပ်လဲ – သိလား"

ကိုညိုကြီးက အမြည်းစားရင်း ပြောတယ်။

"ပြောပါ – ကိုညိုကြီး။ ဘာကြောင့်လဲ – အေ့ – ဇေ့"

"အရက်သောက်လို့ အမြဲမူးနေလို့ကွ"

"အရက်မသောက်ရင်ကော ချစ်မှာတဲ့လားဗျာ"

"မိန်းမ အတော်များများက မင်းလို အရက်သောက်ကြမ်းတဲ့လူစားကို အော့နလုံးနာတတ်တယ်ကွ – ငါ့ညီရ"

ဒီမှာ ကိုငချဉ်က ဝင်ပြောတယ်။

"ဒါကြောင့်လည်း မဟုတ်သေးဘူး – ကိုညိုကြီးရ"

"ကိုင်း – ဒါဆို – ဘာကြောင့်တုံး – မောင်ငချဉ်ရဲ့"

"ရွှေမရှိလို့၊ ငွေမရှိလို့ဗျ။ ရွှေနဲ့ငွေသာ ရှိ – ကြည့်စမ်းပါဗျာ။ ဟင်း – မိနထက် သာတာ ရတာပေါ့ – ကိုညိုကြီးရာ"

"အေး – ဒါလည်းဟုတ်တာပဲ။ ရွှေနဲ့ငွေကလည်းအချစ်ကိုရေစီးရေလာကောင်းစေတာပဲကွာ။ တို့ – ကမ်းနားပိုင်းက မင်းကြည်လှိုင်ကို ကြည့်လေကွာ၊ ရွှေရော၊ ငွေရော ရှိနေတော့ သူ့နှံဘေးမှာ မိန်းမတွေကို ဝိုင်းဝိုင်းလည်ပြီး မျက်နှာကို ပွင့်နေတာပဲ၊ အလုပ်ကို ကြိုးစားလုပ်ကွာ – ရွှက်လှရာ၊ ငွေရကွာ၊ ရွှေဖြစ်အောင်လုပ်ကွာ၊ ကြည့်တို့လည်းမင်းလိုပိုက်သမား၊ လှေသမားပဲ၊ သူ့မိန်းမကို ရွှေဆင်နိုင်တယ်ကွ၊ မင်းသာ ရသမျှ သုံးဖြုန်းပစ်နေတာ၊ အိမ်ထောင်ပြုမယ်ဆို အချစ်ချည်းသက်သက်နဲ့ မရဘူး။ ငွေနဲ့ရွှေ ပါရမယ်။ ဒါမှ လူမြင်တင့်တယ်ပြီး မိန အာရုံစိုက်လာမှာပေါ့ကွ"

ရွှက်လှ အရက်ကို မျှဉ်းသောက်ရင်း စဉ်းစားနေတယ်။

အိမ်ထောင်ရေးမှာ ငွေ (သို့မဟုတ်) ရွှေက တယ်အရေးပါနေပါကလား။

သူ့မှာ အိမ်နဲ့ခြံ ရှိတယ်၊ ငွေမရှိဘူး၊ ရွှေမရှိဘူး၊



ငွေ ... ရွှေ ...

ရွှေ ... ငွေ ...

လောကကြီးမှာ ဒီနှစ်ခုက တယ်အရေးပါတဲ့ပစ္စည်းပါလား။

အချစ်ကို အရောင်ပြောင်းနိုင်သလား – ရွှေ၊

ကံကောင်းတယ်ပဲ ပြောရမလား။

ကံဆိုးချင်လို့ လမ်းကြောင်းဖန်လာသလား မသိ၊

သူတို့ မြစ်သုံးဆိုင်မှာ ပိုက်ချနေတုန်း၊

ရွှက်လှက မြစ်သုံးဆိုင် သင်ပေါင်းတောအစပ်မှာ ပိုက်ချပြီး လှေပေါ်မှာ အရက်သောက်နေတယ်၊

ကိုကြည်တို့၊ ခင်ရွှေတို့က ရေနံ့ရှာဖွေရေးအနီးမှာ ပိုက်ချနေကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဝေးလို့မမြင်ရဘူး။ ကောင်းကင်က ညို့လို့၊ လေပြင်းလေးကလည်းတိုက်နေတော့ မြစ်ရေနောက်ကျိကျိဟာ လှိုင်းထပြီး လှေရေပြင်ပေါ် လူးနေတယ်၊

ဒီအချိန်မှာပဲ –

"ဘော် – ဘော် – ဘော် – ဘော် – ဘော် – ဘော်"

"ဟင်"

ဒီအသံက မြစ်သုံးဆိုင်ရေလယ်က ခရီးသည်တင်သင်္ဘောရဲ့အရေးပေါ် အကူအညီတောင်းတဲ့အသံပါလား။

ရွှက်လှသင်ပေါင်းတောစပ်လှေပေါ်ကနေရီဝေဝေနဲ့လှမ်းကြည့်နေတုန်းမှာပဲ နှစ်ထပ်သင်္ဘောကြီးပေါ်က အလန့်တကြား အော်ဟစ်သံတွေနဲ့အတူ သင်္ဘောရဲ့ အကူအညီတောင်း အချက်ပေးဥသြသံနဲ့အတူ ခရီးသည်တင် သင်္ဘောကြီးဟာ တစ်ဖက်ကို လူးနေရာက သင်္ဘောပဲ့ပိုင်း(နောက်ပိုင်း)ဟာ မြစ်

www.burmeseclassic.com

သုံးဆိုင်ရေထဲကိုစိုက်၊ နစ်မြုပ်သွားချိန် သင်္ဘောပေါ်က ခရီးသည်များရဲ့ထိတ်လန့်တကြားအော်သံများနှင့်အတူ လူအချို့ရေထဲကို ခုန်ချကြပါရော။

"ကယ်ကြပါဦး ရှင်"

"အမလေး - လုပ်ကြပါဦး - ကယ်ကြပါဦး"

"ဂုန်း - ဂုန်း"

"ဗွမ်း - ဗွမ်း"

မိန်းမသားတွေရဲ့ကယ်ပါ၊ ယူပါအော်သံ၊ ကလေးတွေရဲ့ငိုသံတွေနဲ့အတူ နစ်ထပ်သင်္ဘောကြီး ရေအောက်ကို နစ်မြုပ်သွားတော့တယ်။

မြစ်သုံးဆိုင်ရေပြင်ပေါ်မှာ မိန်းမတွေ၊ ယောကျ်ားတွေ၊ ကလေးတွေ ကြောက်လန့်တကြား ကူးခပ်အော်ဟစ်ကြရင်း ရေအောက်ကို နစ်မြုပ်သွားကြတယ်။

ဒီအချိန်မှာ တံငါလှေသမားတွေ၊ သဲသမ္ဗန်သမားတွေဟာ သင်္ဘောနစ်နေတာမြင်လို့ ရေထဲ ကူးခပ်နေသူတွေကို လှေသမ္ဗန်တွေ အပြင်းလှေခပ်ပြီး လာကယ်ကြတယ်။

နီးတာနဲ့ ဆွဲတင်ကြ။

ရေတွေကို အန်ချပေးကြ၊ အချို့ထမိမပါ၊ ပုဆိုးမပါ။

ဆံပင်တွေ ရေပြင်ပေါ်မှာ မည်းမည်းလှုပ်လို့၊ ဆံပင်ကို လှမ်းဆွဲကယ်ကြတယ်၊ သို့သော် မိလိုက်ကြဘူး၊ ရေအောက်ကို စုန်းစုန်းမြုပ်သွားပါရော။

တံငါလှေတွေ၊ သဲသမ္ဗန်တွေပေါ်မှာ ဒုက္ခသည်တွေ ငိုယိုအော်ဟစ်နေကြ၊

အဖေရေ ခေါ်သံ၊

အမေရေ ခေါ်သံ၊

အမေကြီးရေ ... ညီမလေးရေ၊

ရင်ကွဲသံတွေ မြစ်သုံးဆိုင်ရေပြင်ပေါ်မှာ ညံနေကြတယ်၊ ကယ်လို့ရတဲ့ ဒုက္ခသည်တွေကို ကိုကြည်တို့တံငါလှေတွေက သာကေတဘက်ကမ်းကို ပို့ပေးတယ်၊



ပြီ - နောက်ထပ်ကယ်ရမည့်သူတွေကို တံငါလှေတွေနဲ့ လိုက်ရှာကြတယ်၊ ဒီအချိန်မှာ မော်တော်တစ်စီး ရောက်လာပြီး ရေကူးနေတဲ့သူတွေကို ဘောကွင်းတွေ ပစ်ချ၊ ကြိုးတွေ ပစ်ချပြီးကယ်ကြ၊

ရွက်လှ လှေကို အပြင်းလှော်လိုက်တယ်၊ ရေကျရေစီးက အရှိန်ရနေလို့ အားစိုက်ပြီး လှော်လိုက်တယ်၊

မြစ်သုံးဆိုင် ပင်လယ်ဝရှိရာကို လူသုံးဦး ကူးခပ်မျောပါနေတယ်၊ သူ့ရှေ့ကနေ ပန်းပြီးကြိုလိုက်တော့ ဆံပင်ရေစိုရွှဲနှင့် အသားဖြူဖြူ ခပ်ရွယ်ရွယ် မိန်းမတစ်ဦးက ရွက်လှရဲ့လှေနံကို လှမ်းဆုပ်ပြီး ရေမွန်းသံနဲ့ မောဟိုက်ပါတယ်၊

ကျန်နှစ်ဦးကတော့ ပင်လယ်ဝကို ဦးတည်မျောနေပြီ၊

အမျိုးသမီးဟာ လှေနံကို လက်နှစ်ဖက်နဲ့ကိုင်ပြီး မောနေတဲ့အသံနဲ့ သူ့ကို ဆွဲတင်ဖို့ ကြောက်လန့်ကြီးစွာ ပြောနေရဲ့၊

ရွက်လှ ရေထဲ ကိုယ်နစ်နေတဲ့ မိန်းမရဲ့လည်ပင်းပေါ်က ဆွဲကြိုးကိုရော၊ လှေနံကိုင်ထားတဲ့ လက်က လက်စွပ်နှစ်ကွင်းကိုရော မြင်ပြီး စိတ်ထဲမှာ တစ်မျိုးပြောင်းသွားတယ်၊

နံဘေးနဲ့ဘီကိုကြည့်လိုက်တော့ ဘယ်လှေသမားမှ မရှိကြဘူး၊ သင်္ဘောနစ်မြုပ်တဲ့နေရာဝန်းကျင်မှာပဲ ကယ်ဆယ်ရေးလုပ်နေကြတယ်၊

ဟုတ်ပြီ၊

လူရှင်းတယ်၊ ငါ လုပ်ရားရင် ဘယ်သူမှ မမြင်နိုင်ဘူး၊

ဒီလိုအခွင့်အရေးဆိုတာ နောင်ရစရာလည်း မမြင်ဘူး၊

"မောင်လေး - မောင်ကြီး - ကျွန်မကို ဆွဲတင်ပေးပါရှင်"

ရွက်လှ တစာစာအော်ပြောနေတဲ့ ဒုက္ခသည်မိန်းမရဲ့ လည်ပင်းပေါ်က ရွှေဆွဲကြိုးကို ဆောင့်ဆွဲဖြုတ်ယူလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - အို - မောင် - ကြီး"

သည့်နောက် လေ့ဝမ်းထဲက ဆောင်ဓားရှည်ကို လှမ်းယူပြီး ဒုက္ခသည် မိန်းမရဲ့ ရွှေလက်စွပ်နစ်ကွင်းလက်ဆစ်တွေကို ဓားနှင့် ခုတ်ဖြတ်လိုက်တယ်။

"ဒုတ်"

"အားမလေး - သေပါပြီ - ရှင့် - အား - အ - အ - အ"

မိန်းမရှယ်လက်ကသွေးတွေထွက်တာမြင်ရောလန့်ပြီးလေ့နံကိုင်လက်ကိုလွှတ်ပြီး ရေစီးထဲ မျောပါသွားတာကို မြင်လိုက်ရတယ်။

ရွှက်လှကြည့်နေတုန်းမှာပဲ။

ရေပြင်လှိုင်းတွေပေါ်မှာ သူမရဲ့ပြန်ကျဲဝဲနေတဲ့ဆံပင်တွေ မြင်ရရင်းက ရေအောက်ကို စုန်းစုန်းနစ်မြုပ်သွားတော့မှ ရွှက်လှ လေ့ကို ပြန်ဆုတ်လိုက်တယ်။

ပြီး - ချထားတဲ့ ပိုက်တန်းတွေကို ဆယ်ပြီးလေ့ပေါ်ကို တင်လိုက်တယ်။ ခု - သူလိုချင်တဲ့ရွှေ ရပြီ။

တစ်သက်လုံး ရှာရင်တောင် မရတဲ့ရွှေ ကံကြီးလှစွာရပြီ။

မြို့ပေါ်မှာ သင်္ဘောနစ်ပြီး ကွယ်လွန်အနိစ္စရောက်သွားကြတဲ့ အသုဘတွေဟာ ရပ်ကွက်တိုင်းလိုလိုမှာရှိပြီး တစ်မြို့လုံး ပူဆွေးသောက ရောက်နေချိန်။

ရွှက်လှကတော့ အရမ်းကို ပျော်နေလေရဲ့။

သူရထားတဲ့ ရွှေလက်စွပ်နစ်ကွင်းနဲ့ ဆွဲကြိုးတစ်ကုံးအနက်က ရွှေလက်စွပ်တစ်ကွင်းကို ရန်ကုန်အထည်ပျက်ဆိုင်မှာ သွားရောင်းလိုက်လို့ လက်ထဲမှာ ငွေသီးနေတယ်။

ဒါကြောင့် - အကြောင်းပြချင်တာနဲ့ ခါတိုင်းသောက်နေကျ မညီအရက်ဆိုင်မှာ ဝီစကီပုလင်းကို ထောင်ပြီး ဝယ်လာတဲ့ ကုန်းဘောင်ကြီးကြော်နဲ့ သောက်ပြလိုက်ရော။

တံငါကြည့်တို့၊ ခင်ရွှေတို့ အံ့ဩသွားကြပါရောဗျာ။



"ဟော့ကောင် ကြည် - မင်းမသောက်ဘူးရင် လာနမ်းကြည့်၊ ဝီစကီဆိုတာ ဟောဒါပဲကွ"

"ဟေ - ဟုတ်လှချီလားဟ - ရွှက်လှရ"

"ဟောဒါ ကုန်းဘောင်ကြီးကြော်ပဲ - ကြည့်ထား"

အရက်ဖြူဆိုင်မှာ ရွှက်လှက ဝီစကီလေးထောင်၊ ပုလင်းဖွင့်ပြီး ကုန်းဘောင်ကြီးကြော်အမြည်းနဲ့ တကယ်စားပြ၊ သောက်ပြနေတော့ မယုံလို့မရတော့ဘူးလေ၊

ရွှက်လှက စပို့ရှပ်အဝါလက်တိုနဲ့ ပြီး - ရွှေရောင်နာရီအသစ်နဲ့ တကယ့်ပြဇာတ်မင်းသား၊ ရုပ်ရှင်မင်းသား အရက်သောက်နေတဲ့စတိုင်မျိုး ဖမ်းနေတာ၊

လက်ကြားမှာလည်း စီးကရက်နဲ့၊

စီးကရက်တောင် ဘူးလိုက် သောက်နေတာဗျာ၊

"ယုံလား - ကြည်"

"အေး - ယုံပါပြီကွာ၊ မင်း - ခုလို စားနိုင်၊ သောက်နိုင်တာ ငါတို့ ဝမ်းသာတယ်ကွာ၊ ဒါနဲ့ - မင်း ဘယ်လိုလုပ်ပြီး ငွေရှင်နေတုံး - သူငယ်ချင်းရ"

"သုံးလုံးပေါက်တယ်"

"ဟေ - ဘယ်လောက်ဖိုးပေါက်တုံးဟ - ရွှက်လှရ - ဟင်"

"ငါးရာဖိုး"

"ဟာ - ဒါဆို - မနည်းဘူး ရပြီပေါ့ကွာ၊ အေး - အေး - သောက်လည်း သောက်၊ စားလည်း စားကွာ - နော - သူငယ်ချင်း"

"ဟင်း - ဟင်း - ဟင်း"

ဒီအချိန်မှာ ကိုချေဉ်နဲ့ ကိုညိုကြီးတို့ ဆိုင်ထဲ ဝင်လာပြီး -

"ဟော့ကောင် ရွှက်လှ - မင်း သုံးလုံးရဆိုကွ - ဟေ"

"ဟုတ်တယ် - ကိုညိုကြီးရေ၊ လာ - ကိုချေဉ် ထိုင်ဗျာ၊ သောက် - ဒါ ဝီစကီဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဝီစကီ - ဟုတ်လား၊ ဈေးကြီးမှာပေါ့ကွာ - နော"

"အရေးမဟုတ်ပါဘူးဗျာ - သောက်"

သူတို့ဝီစကီကိုအားရပါးရသောက်ပြီးမနုရဲ့အကြောင်းကိုတိုးတိုးတိုင်ပင်ပြီး ကြိတ်ရယ်နေကြတယ်၊

"ဒီကောင်မက ရွှေမက်တယ်ဆိုရင် ကျုပ် စိန်လက်စွပ်ပါ ဝယ်ပြီးတင်တောင်းမယ်ဗျ - ကိုညိုကြီးရ - အေ့ - ဂေ့"

"မင်္ဂလာဆောင်မှာ ဆိုင်းပါ ထည့်ကွာ - ဂေ့"

"ဟာ - ချေ၌ရာ - ငတုံးရာ၊ တီးဝိုင်းလို့ ပြောပါကွာ - ရှီးမှပဲ"

"ဆောတီးဗျာ - ဆောတီး"

သည်မှာ ကိုကြည့်ရဲ့သမီးလေး အရက်ဆိုင်ဝကနေ သူ့အဖေကို လှမ်းခေါ်နေတယ်၊

"သမီး - ဘာတုံးဟေ"

"အိမ်မှာ ဧည့်သည်တွေ ရောက်နေလို့ - အဖေ"

"ဘယ်ကဧည့်သည်တုံး - သမီး"

"ကျောက်တန်းကတဲ့၊ ဟိုတစ်နေ့က သင်္ဘောနစ်တုန်း အဖေ လှေနဲ့ကယ်လို့တဲ့၊ အဲဒါ လာကန်တော့တာတဲ့ - အဖေ"

"ဟေ ..."

ကိုကြည်ရော၊ ခင်ရွှေရော သောက်လက်စကို ရပ်ပြီး သမီးနဲ့အတူ အိမ်ကို အမြန်ပြန်ခဲ့လိုက်တယ်၊

အလို - လာကန်တော့တာတဲ့၊

သင်္ဘောနစ်တဲ့နေ့က အမျိုးသမီးဝဝကြီးအပါအဝင် ဒုက္ခသည်တွေကို သူ့ရဲ့တံငါလှေနဲ့ ဆွဲတင်ကယ်ခဲ့တယ်၊ အမျိုးသမီးကြီးကိုယ်ပေါ်မှာလည်း ရွှေတွေ ညွတ်လို့၊ နားကပ်ကလည်း နေထိုးရင် ဝင်းဝင်းဝါဝါ၊




သူ ဘာကိုမျှ မမျှော်လင့်ခဲ့ပါဘူး၊

မိမိတို့က ရေတံငါလှေသမား ဆင်းရဲသားတွေပဲ၊

အကုသိုလ်အလုပ်နဲ့ အသက်မွေးခဲ့ရပေမယ့် လူ့အသက်ကို ကယ်ခွင့်ရရင် ကယ်ရမယ်ဆိုတဲ့ လူ့စိတ်လေးနဲ့ ကယ်ခဲ့လိုက်တာပါ၊ ဒါကို ကုသိုလ်လို့ မှတ်ပါတယ်၊

အေးလေ - အသက်သခင် ကျေးဇူးရှင်ဖြစ်မှန်းမသိ ဖြစ်သွားတာကို အသိအမှတ်ပြုတာ ကျေနပ်ဝမ်းသာလှပါပြီ၊






www.burmeseclassic.com

www.burmeseclassic.com

ရှက်လှ – ဝတ်ကောင်းစားလှတွေ ထည့်လဲနဲ့ ရွှေရောင်နာရီနဲ့ မနတို့အိမ်ကိုခြေလှမ်းများနေတယ်၊ ရှက်လှ – ရွှေလက်စွပ်ဆိုလား၊ စိန်လက်စွပ်ဆိုလား ဝယ်ထားသတဲ့၊

မိနဖို့ ဆွဲကြိုးလည်း လုပ်ပေးမှာတဲ့၊

မိနကို သူငယ်ချင်းတွေက ပိုင်းမေးကြတော့ မိနက နှုတ်ခမ်းကိုရွဲ့ပြီး တတ်နိုင်လို့ စိန်တစ်တောင်းတင်တောင်းတောင် လုံးဝပဲတဲ့၊ မှတ်ကရော၊

ဒါတောင် – ရှက်လှက အရပ်ထဲ ပြောသွားသတဲ့ဗျ၊

အခု – ဘုရားဖူးသွားလိုက်ဦးမယ်၊

ခန္ဓာကိုယ်ပေါ်က ငါးညှီနံ့တွေ သန့်စင်ဖို့တဲ့၊

ပြန်လာရင် လူကြီးတွေနဲ့ နားဖောက်မယ်ဆိုပဲ၊

ဒီကောင် ငကြွားမှန်းသိတော့ ရယ်ကြတာပေါ့၊

ရယ်ကြစမ်းပါစေ – ရယ်တဲ့လူတွေ ရှက်လှကြွားတာလား၊ တကယ်လား၊ ဘုရားဖူးပြန်လာရင် သိရမယ်ပေါ့၊ ရှက်လှတို့၊ ကျိုက်ထီးရိုးဘုရားဖူးသွားကြတယ်၊ ကံဆိုးချင်တော့ လမ်းမှာ ကားပျက်ပါရော၊ အချိန်က ညကြီးသန်းခေါင် ကားဆရာက ကားကို စစ်ဆေးတယ်၊ စက်နိုးတယ်၊ မနိုးဘူး၊ ကားပေါ်ကလူတွေက စိုးရိမ်ကြနေရာက လူပြတ်တဲ့နေရာ၊ ဒီမှာပဲ လက်နိပ်မီးတွေနှင့်လူတစ်စု လာနေလို့ သူတို့ ဝမ်းသာသွားကြတယ်၊

အနီးလည်း ရောက်ရော မေးတော့တာပဲ၊

"ဘုရားဖူးကား မဟုတ်လားဟေ့"

"ဟုတ်ပါတယ်ဗျာ – ကားစက်ရပ်သွားလို့ပါ – ကူညီပါဦးဗျာ"

"ကူညီရမှာပေါ့ – အကုန်အောက်ဆင်းကြစမ်း"

"ဗျာ"

"ဟေ့ – ပြောနေတာ မကြားဘူးလား၊ သေချင်ပြီနဲ့တူတယ်"



"ချောက် – ချောက်"

"ဖြောင်း – ဖြောင်း"

အမလေး – ဒုက္ခပါပဲ၊ ကူညီမည့်သူမဟုတ်ဘူး၊ ဓားပြတွေဗျ၊ သေနတ်တွေ မောင်းတင်ပြီး အားလုံးကို လမ်းဘေးမှာ ငုတ်တုတ်ထိုင်နိုင်းတယ်၊

"ရှိသမျှ ပါသမျှ ရွှေငွေ အကုန်ဖြုတ်၊ ဒီပေါ်မှာ လာပုံ၊ ငါတို့ ရှာလို့တွေ့ရင် သေပြီသာမှတ်၊ မြန်မြန်လုပ်ကြစမ်း – တယ် – ငါလေ"

အားလုံး ဆွဲကြိုး၊ လက်စွပ်၊ နားကပ်၊ ငွေ စသည် ပါသမျှကို လာပုံကြရတယ်၊ ဓားပြတွေက ဆဲလိုက်၊ ရိုက်လိုက်၊

"မော့မကြည့်နော် – သေသွားမယ် – ကိုင်းဟာ"

ရှက်လှလည်း သဘော်နစ်ရေးက ဒုက္ခသည်မိန်းမထံက ဓားနဲ့ခုတ်လုယူဖြတ်ယူလာတဲ့ ဆွဲကြိုးကို ကြောက်ကြောက်နဲ့ ချွတ်ပြီး ရှေ့အပုံထဲ လာထည့်လိုက်တယ်၊

လက်စွပ်ကိုတော့ မချွတ်ပဲ ကိုယ်လုံးနဲ့ကွယ်ပြီး သူတို့မမြင်အောင် ချွတ်၊ ပါးစပ်ထဲ ငုံထားဖို့လုပ်နေတုန်း လက်စွပ်က စိန်လက်စွပ်လို့ ရွှေဆိုင်က ပြောထားတော့ အဖိုးတန်တယ်လေ၊ ဒါက မိနကို တင်တောင်းဖို့ ရွယ်ထားတာ၊

"ဟိုကောင် – ဘာလုပ်နေတာတုံး"

"ဗုန်း – ဖောင်း"

"အားမလေးဗျာ"

နောက်ကနေ ဆောင့်ကန်ပြီး သေနတ်ဒင်နဲ့ ကျောကို ထုလိုက်တာ ရှက်လှ မှောက်လျက်လဲရော၊

"အမ်မာ – ခွေးသားက လက်စွပ်ကို မချွတ်ပဲ ဝှက်မလို့လုပ်နေတာကိုး၊ ငါတို့အမိန့်ကို နားမထောင်တဲ့ကောင် – သိကြရောပေါ့"

လူထွားကြီးက ခါးကြားက ဓားကောက်ကြီးထုတ်ပြီး စိန်လက်စွပ်ဝတ်ထားတဲ့လက်ကို ဆွဲကိုင်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"မ-မ-လုပ်ပါနဲ့ဗျာ၊ ပေး-ပေးပါမယ်ဗျာ"

"ဒုတ်"

"အားမလေး-သေပါပြီဗျာ-အားမလေး"

ရွှက်လုရဲ့စိန်လက်စွပ်ဝတ်ထားတဲ့လက်ဟာ ဓားကောက်နဲ့ ခုတ်ဖြတ်လိုက်တာ လက်ကောက်ဝတ်ကနေ ပြတ်ထွက်ပြီး မြေပြင်မှာ လက်ပြတ်က တဆတ်ဆတ်တုန်ပြီး ခုန်နေတယ်၊

ခုန်နေတဲ့လက်ကို ဓားပြတစ်ဦးက ကောက်ယူသွားတယ်၊ ရွှက်လု သွေးတွေပန်းထွက်နေတဲ့လက်ကို ဆုပ်ပြီး မြေကြီးမှာ လူးလွန့်အော်ဟစ်နေတယ်၊

ဒါနဲ့အတူ-သူ့မျက်စိထဲမှာ သဘော်နစ်တုန်းက လှေနံကိုကိုင်ပြီး လှေပေါ်တင်ကယ်ဖို့ ငိုယိုပြောနေတဲ့ သဘော်နစ်ဒုက္ခသည်မိန်းမရဲ့မျက်နှာကို မြင်ယောင်ပြီး ...၊

သူ ကြောက်လန့်ကြီးစွာ အော်ဟစ်ရင်း သတိလစ်သွားခဲ့လေရဲ့၊

⇒ မောင်ညိုမှိုင်း(သန့်လျှင်)



ဝေယံသိန်း

ဆရာကြီးနှင့် ကျောင်းကြီးပေါ်က

မိစ္ဆာမ

www.burmeseclassic.com

www.burmeseclassic.com

**တရားကျင့်ကြံသူများသရဲတစ္ဆေ ပူးကပ်သလိုလို၊ ဆေးမိသလိုလိုယုန်ထင်ကြောင်ထင်ဖြစ်နေရာမှ အမှန်တကယ်ဆန်းစစ်လိုက်သောအခါ..**

**သမထတရား** ကျင့်ကြံအားထုတ်ကြကုန်သောယောဂီသူတော်စင်အချို့တွင် မိရိုးဖလာအစွဲတစ်ခု ရှိနေတတ်၏။ ထိုအစွဲမှာ အခြားမဟုတ်၊ အမိဋ္ဌာန်အောင်မြင်လုနီးအချိန်တွင် အဖျက်အနှောင့်အယှက်များ ဝင်တတ်သည်ဟူသော အချက်ပင်ဖြစ်၏။ ထိုအစွဲကြောင့် အမိဋ္ဌာန်ဝင်သူများအပြင် အခြားသော တရားအားထုတ်ကြသည့် ယောဂီများသည်လည်း တရားရခါနီး၌ အဖျက်အဆီးဝင်တတ်သည်ဟူသော အသိတစ်ခုရှိနေကြ၏။ ထိုအသိသည် ကောင်း၏၊ ဆိုး၏၊ မဆိုလိုပါ။ တကယ်ဖြစ်သင့်သောအရာဖြစ်ဖို့သာ လိုပါသည်ဟု ပြောရပေမည်။ ဥပါဒါန်အစွဲကြီးမားလွန်းလျှင် ဒုက္ခရောက်နိုင်သည်ကို လူအတော်များများသိသည်။ သို့သော် မဆင်ခြင်နိုင်ကြသေးသူများလှသဖြင့် ယခုဖြစ်ရပ်ကို ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ တင်ပြလိုက်ပါသည်။

ပဲခူးတိုင်း၊ ဥသျှောင်မြို့သစ်ရှိ မဟာဗြဲလောကရတန ဘုန်းတော်ကြီးစာသင်တိုက်တွင် သတင်းတစ်ခုထွက်နေ၏။ ဘုန်းကြီးကျောင်းမှ ထူးဆန်းသောသတင်းဟု ဆိုလိုက်သည်နှင့် ဆရာတော်က ရဲဂဏန်း၊ နှစ်လုံးထီဂဏန်းပေးနေသည်ဟု မထင်ပါနှင့်။ ထိုကျောင်းတိုက်ရှိ ဆရာတော်ကြီးဦးနရိန္ဒသည် လောကီအရှုပ်အရှင်းကင်းလှသလို ဝိနည်းတော်အညီ ကျင့်ကြံနေထိုင်သူဖြစ်သည်။ သို့သော် ဖြစ်ပုံမှာ ဆရာတော့်အနီးတွင် ယခုတလော မိန်းမတစ်ယောက် လာရောက်နှောင့်ယှက်နေသည်ဟုပါ။ ထိုမိန်းမသည် လူလည်းမဟုတ်၊ နတ်လည်းမဟုတ်၊ ဥစ္စာစောင့်လိုလို၊ ဘီလူးမလိုလို အကောင်မျိုးဖြစ်သည်ဟုလည်း ဆရာတော်က ပြော၏။

ကပ္ပိယကြီးနှင့် စာသင်သားများ၊ ဘုန်းကြီးကျောင်းသားလေးများလည်း စိတ်ဆင်းရဲနေကြရသည်။ တချို့က ဘီလူးမဟု ဆိုလိုက်သည်နှင့် ကျောင်းပေါ်မှ ဆင်းပြေးသွားကြ၏။ ကပ္ပိယကြီး ဦးနေလွင်မှာ မစားနိုင်၊ မအိပ်နိုင် တမှိုင်မှိုင် တတွေတွေဖြင့် ပိန်ချုံးနေရှာသော ဆရာတော်ကြီးကို နည်းမျိုးစုံဖြင့် အားပေးကုသရှာပါသည်။ ဖြစ်ပုံကို ဆရာတော်ကြီး အမြဲပြောပြ၏။

"ကပ္ပိယကြီးရယ် - ကျုပ်လည်း တရားအားထုတ်ခါနီးတိုင်း သတ္တဝါတွေကို မေတ္တာပို့အမျှဝေပါတယ်။ မေတ္တာသုတ်၊ ရတနသုတ်လည်း ရွတ်ပါတယ်။ ဒါပေမဲ့ - ဒီမိစ္ဆာမက အမြဲတမ်းအနားမှာ လာထိုင်နေတယ်။ တငိုငို တရီရီနဲ့ ပြောတဲ့စကားတွေကလည်း ရှက်စရာပါ"

ဆရာတော်ကြီးကပြောသော် ကပ္ပိယကြီးက ပြန်မေး၏။

"ဘာများပြောလို့လဲ ဆရာတော်၊ သိခွင့်ရမလား"

"ဘာပြောရမှာလဲ - ကပ္ပိယရယ်။ သူ့ကို ကျုပ်က ယူရမယ်တဲ့။ သူ့ကို ယူပါတဲ့။ သူ့ကိုမယူရင် ကျောင်းကလူတွေကို စားပစ်မယ်တဲ့၊ ဘီလူးမပဲ ထင်ကြသယ်ကွယ်"

ဆရာတော့်စကားကြောင့် ကပ္ပိယ ဦးနှောက်ခြောက်သွား၏။ ဒီတော့ ဘီလူးမက အခုဘယ်မှာထိုင်နေသလဲဟုမေးတော့ ဆရာတော်က ခေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟ - ဘီလူးမကမင်းရှေ့မှာထိုင်နေတာမတွေ့ဘူးလား။ မင်းကတစ်မျိုးတယ် - ငါ - ဖနောင့်နဲ့ ပိတ်ကန်လိုက်ရ"

"တင် - တင်ပ့ါ - တပည့်တော် မျက်စိမှုန်နေလို့ထင်ပါတယ်ဘုရား"

တကယ်တော့ တစ်ကျောင်းလုံးတွင် မိန်းမနှင့်တူသောအရာ ဘာတစ်ခုမျှမရှိ။ ဆရာတော့်အနီးတွင်လည်း မည်သည့်ဘီလူးမမျှ ထိုင်နေသည် လိုက်ပါနေသည်ကို မတွေ့ရချေ။ ဒီတော့ - တစ်ကျောင်းလုံး စိတ်ညစ်ကုန်သည်။ ဆရာတော်ကို တစ်စုံတစ်ယောက်ကများ အောက်လမ်းပညာဖြင့် လုပ်ကြံနေပြီလောဟုလည်း ထင်နိုင်စရာရှိပြီ၊ ဒါကလည်း မဖြစ်နိုင်။ ဆရာတော်က တစ်မြို့လုံး၊ တစ်နယ်လုံး ချစ်ခင်လေးစားရသော သာသနာ့ဝန်ထမ်း ဘုန်းကြီးတစ်ပါးမို့ လုံးဝမဖြစ်နိုင်ပေ။ ထို့ပြင် သီလသမာဓိကြီးမားသော ဘုန်းတန်ခိုးရှိ ရဟန်းတော်ကို အောက်လမ်းနည်းဖြင့် လုပ်ကြသည်ပဲထား



ကပ္ပိယကြီးအနီးတွင် ဘီလူးမ နောက်တစ်ကောင် ပေါ်လာသော ဟူ၏။ ကပ္ပိယကြီး စားခြင်း၊ အိပ်ခြင်း၊ သွားခြင်း နေရာမှန်သမျှ တကောက်ကောက် လိုက်၍ နှောင့်ယှက်နေသည်။

"အား–မလာနဲ့ မိစ္ဆာမ သွား သွား" ညသန်းခေါင်ကြီး တရေးနိုး အပေါ့သွားရန် ကြံလိုက်စဉ် မီမီ အိပ်ရာဘေး၌ ဘီလူးမတစ်ကောင် ထိုင်နေသည်ဟုမြင်သဖြင့် ကပ္ပိယကြီး ကျုံးအော်လိုက်သည်

ဦးတော့ နတ်ဒေဝါများက ဒီအတိုင်းကြည့်နေနိုင်ပါ့မလေ။ ဒါကြောင့် - လုံးဝမဖြစ်နိုင်ဟု အားလုံး သုံးသပ်ကြသည်။

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့မတိုင်မီ (၃) ရက်အလိုဖြစ်၏။ ဆရာတော်က ကပ္ပိယကြီးကို ခေါ်ပြန်သည်။

"ကပ္ပိယရေ - ကျုပ်တော့ ဒီပုံစံအတိုင်းနေရရင် စိတ်ထောင်းလို့ ကိုယ်ကျေပြီး သေသွားနိုင်တယ်။ ဒီတော့ - ဒါယကာ၊ ဒါယိကာမတွေရဲ့ ကုသိုလ်ရေးကို ရှေးရှုပြီး တင့်တင့်တယ်တယ် တရားကို နလုံးသွင်းမှဖြစ်မယ်။ ဒီမကောင်းဆိုးဝါးမဟာ ကျုပ်တရားအားထုတ်နေတာ ပေါက်မြောက်တော့မှာမို့လို့ လာနှောင့်ယှက်နေတာပဲ ဖြစ်ရမယ်။ ဒီလိုဆို တရားအားထုတ်ဖို့ လွယ်ဘူး"

"အဲဒီလိုတော့လည်း မလုပ်ပါနဲ့ - ဆရာတော်ရယ်၊ ဘယ်သူမပြုမိမိမှုပဲလေ၊ ကိုယ့်အလုပ်ကိုတော့ ကိုယ်အပျက်မခံပါနဲ့။ ဒါယကာ၊ ဒါယိကာမတွေ အမြင်တင့်တယ်ဖို့တပည့်တော် ကြည့်စီစဉ်လိုက်ပ့ါမယ်။ ကျက်သရေခန်းထဲ ဘာ စားဖွယ်တွေထုတ်ပြီး လာသမျှဧည့်သည်တွေကို ကျွေးမွေးလို့ ကျောင်းဘိုက်ကြီး စည်ကားအောင် တာဝန်ယူပါတယ်။ ဒါဆို - ဆရာတော့်အနားမှာ အတာ၊ ဒကာမတွေနဲ့ စကားပြောချိန် ဟိုဘီလူးမ သိပ်မနှောင့်ယှက်နိုင်တော့ဘူးပေ့ါ။

ကပ္ပိယစကားကြောင့် ဆရာတော့်မျက်နှာတွင် အပြုံးရိပ်ကလေး သန်းသွားသည်။

"ဟား - တယ်တော်တဲ့ ကပ္ပိယပါလား။ ရော့ - ဒီမှာ ဆုချတဲ့အနေနဲ့ ဒါဆိုလပြည့်နေ့က လာကန်တော့ထားတဲ့ နိုင်ငံခြားဖြစ် လက်ဖက်ခြောက်ဘူးကိုစွန့်တယ်၊ တစ်ဝက်ကျော်ကျော်လောက်ကျန်သေးတယ်။ အနံ့ကတော့ မွှေးတယ်၊ ကပ္ပိယ ယူလိုက်တော့"

"တင်ပ့ါဘုရား - အရှင်ဘုရား စိတ်ချမ်းသာဖို့ တပည့်တော် ဘာမဆို လုပ်ပြီး ပါရမီဖြည့်ပေးပါရစေ ဘုရား"

ကပ္ပိယကြီးကား မေတ္တာတရားပြည့်ဝ၏။ ဆရာတော် စိတ်ချမ်းသာမှ အတာ၊ ဒကာမတွေလာမည်၊ လှူဒါန်းမှုတွေ ပြုလာမည်၊ ဒါမှ စာသင်သားများ




www.burmeseclassic.com

www.burmeseclassic.com

ဆွမ်း၊ ကွမ်းဆေးအဆင်ပြေမည်ဟု သူ ဆက်စပ်တွေးတောလေ၏၊ သို့နှင့်ပင် ကပ္ပိယကြီး ဦးနေလွင်သည် ကျောင်းကြီးအား တရားမွှသံများ ဝေဝေဆာဆာဖြင့် စည်ကားအောင် ပြုပြင်ကာ (၇)ရက်သားသမီး စိတ်ချမ်းသာဖို့ ကြိုးစားပါတော့သည်၊ ထိုသို့ကြိုးစားပြီးသကာလ ကျောင်းကြီးသည် ယခင်ကထက် ပိုမိုစည်ကား သာယာလာသည်၊ ဒကာ၊ ဒကာမတွေ ဝင်လိုက်ထွက်လိုက်၊ ဥပုသ်ယူ တရားမေးခြင်းဖြင့် စည်ကားလာလေသည်၊ သို့သော် ပြဿနာကား ကပ္ပိယကြီးအတွက် စရျှေပြီ၊

ကပ္ပိယကြီးအနီးတွင် ဘီလူးမနောက်တစ်ကောင် ပေါ်လာသောဟူ၏၊ ကပ္ပိယကြီး စားခြင်း၊ အိပ်ခြင်း၊ သွားခြင်း နေရာမှန်သမျှ တကောက်ကောက်လိုက်၍ နှောင့်ယှက်နေသည်၊

"အား - မလာနဲ့၊ မိစ္ဆာမ - သွား - သွား"

ညသန်းခေါင်ကြီးတရေးနိုးအပေါ့သွားရန်ကြံလိုက်စဉ်မိမိအိပ်ရာဘေး၌ ဘီလူးမတစ်ကောင် ထိုင်နေသည်ဟုမြင်သဖြင့် ကပ္ပိယကြီး ကျုံးအော်လိုက်သည်၊ ကျောင်းသားများ နိုးလာပြီး မေးကြမြန်းကြခြင်းဖြင့် ပွက်လောရိုက်သွား၏၊

"ကပ္ပိယကြီး - ဘယ်မှာလဲ ဘီလူးမ၊ ကျုပ်တို့ ဓားမနဲ့ ဝိုင်းခုတ်သတ်လိုက်မယ်၊ ပြစမ်းပါဗျာ"

ကျောင်းသားများ၊ ကိုရင်များ ဝိုင်းမေးတော့ ကပ္ပိယကြီးက သူ့အိပ်ရာခြေရင်းသို့ လက်ညှိုးထိုးပြလိုက်၏၊ အားလုံးဝိုင်းကြည့်ပြီး အံ့အားသင့်သွား၏၊

"ဟင်"

ဘာမျှမရှိချေ၊ အားလုံး သိလိုက်ချေပြီ၊ ကပ္ပိယကြီးသည်လည်း ဆရာတော်ကြီးနည်းတူ အောက်လမ်းဖြင့် အလုပ်ခံရပြီလောဟု တွေးလိုက်ကြသည်၊ တစ်ကျောင်းလုံးရှင်းသည်၊ မိန်းမလည်း မရှိ၊ ဘီလူးမလည်း မရှိချေ၊ ကပ္ပိယက ပြောသေး၏၊



"ငါ - အမိဋ္ဌာန်ဝင်တာကြာပြီကွ၊ ဒီဘီလူးမက ငါ့အမိဋ္ဌာန်ကို နှောင့်ယှက်ချင်လို့ပဲ ဖြစ်ရမယ်"

ဒီစကားကို ဦးပဋ္ဌင်း ဝိမလက စဉ်းစား၍ ပြော၏၊

"ဒါဟာ ဖြစ်နိုင်တယ်၊ ဒီလို ဘီလူးတို့၊ ဥစ္စာစောင့်တို့ဆိုတာ တရားအားထုတ်တဲ့လူကို နှောင့်ယှက်တတ်တာ ဘုရားလက်ထက်တော်ကတည်းကပဲလေ၊ ကျုပ်တို့မမြင်ရပေမဲ့ ကာယကံရှင်တွေ မြင်ရအောင် ဒီဘီလူးမတွေက လုပ်ထားတာ ဖြစ်မှာပေါ့"

ဦးပဋ္ဌင်းဝိမလစကားအား ကိုရင်ငယ်လေး တစ်ပါးကဝင်၍ -

"ဒါနဲ့ - အဲဒီဘီလူးမတွေက ဘယ်ကလာတာလဲ၊ ဒီကျောင်းဝင်းထဲမှာ နေတာ ကြာပါပြီ၊ အရင်က မရှိပါဘူး"

ဟုပြောရာ ကျန်သောကျောင်းသားများကလည်း ဝိုင်း၍ထောက်ခံကြလေ၏၊ ထိုကဲ့သို့သောသတင်းသည် တစ်မြို့လုံးသို့ တုန်လှုပ်သွားစေ၏၊ ဒကာ၊ ဒကာမတွေ ကျောင်းသို့ မလာရဲကြပြန်တော့ချေ၊ ကိုရင်များမြို့ထဲ ဆွမ်းခံကြွလျှင်ပင် ဘီလူးမ ပြုစားခံရမည်စိုး၍ သိပ်မလှုချင်ကြ၊ ရတ်အတော်ကြာပင်မဟာဗြိလောကရတနစာသင်တိုက်ကြီးသည် ဆရာတော်ကြီးနှင့် ကပ္ပိယကြီး၏စကားကြောင့် ခြောက်သွေ့ခြောက်သွေ့ ခြောက်ခြားမြည့်ဖွယ်ရာ ဖြစ်နေလေ၏၊ ပို၍ဆိုးသည်မှာ ဘုန်းကြီးကျောင်းနှင့်ကပ်လျက်ခြံမှ ကြက်များ ပျောက်ဆုံးခြင်း ခဏခဏဖြစ်နေခြင်းပင်တည်း။ ကျောင်းသားများခိုး၍ ထားသလားဟု ထင်ရအောင်လည်း ဤကျောင်းမှ ကျောင်းသားများသည် အခြားကျောင်းသားများနှင့်မတူ၊ လွန်စွာမှ စာရိတ္တကောင်း၏ဟု လူတိုင်းသိထားကြသည်၊ ထို့ထက်ပြောရလျှင် ကျက်သရေခန်းထဲမှ ငါးခြောက်များ၊ ပုစွန်ခြောက်များ ခဏခဏပျောက်ဆုံးနေခြင်းပင်တည်း၊ မြို့ရွာရပ်ကွက်ထဲတွင် ဤဘုန်းကြီးကျောင်းကား ဘီလူးမနစ်ကောင် ဒုက္ခပေးနေသည်တဲ့ ကျော်စောကာ ကျောင်းကြီးကို ရွှေ့ပြောင်းစေချင်လာကြသည်ဟု ကြားရသည်၊ အားလုံး စိတ်ဆင်းရဲခြင်းများဖြင့် မကြာမီတွင် ကျောင်းကြီးကိုပစ်၍ ဝေးရာသို့ ပြေးရတော့မည်ဟု သိနေကြသည်၊

www.burmeseclassic.com

တစ်နေ့တော့ ဆရာတော်ကြီးသည် လန်းလန်းဆန်းဆန်းဖြင့် သိမ်ထဲကြွလာ၏။ ပြီးသော် - သူ၏ဒကာရင်း ကိုသန်းဖော်တို့ လှမ်းခေါ်ကာ ထိုဘီလူးမ ကိစ္စကို တိုင်ပင်လေ၏။ ကိုသန်းဖော်ကား ဆရာဝန်ဖြစ်သဖြင့် သဘာဝကျကျ တွေးတောစီစဉ်နိုင်သူဖြစ်သည်။

"အင်း - ဒကာသန်းဖော်လည်း သိပြီးဖြစ်မှာပါ။ အခုဖြစ်နေတဲ့ပြဿနာဟာ ဦးပဉ္စင်းအနေနဲ့ ဖြေရှင်းဖို့ မတတ်သာဘူး။ အားလုံးဒုက္ခရောက်တော့မှာမို့ ဒကာသန်းဖော်ကူညီပါ။ ဒါဟာ အောက်လမ်းဆိုရင်လည်း အထက်လမ်းလိုက်စားတဲ့ဂိုဏ်းဆရာပင့်ပြီး နှိမ်နင်းစေချင်ပါတယ်။ ဦးပဉ္စင်းကတော့ လောကုတ္တရာသမားမို့ လောကီပညာရပ်တွေ မတတ်ပါဘူးလေ"

ကိုသန်းဖော်က တွေးတွေးဆဆဖြင့် ပြန်ဖြေသည်။

"တင်ပါ့ - ဒီကိစ္စဟာ အောက်လမ်းဟုတ်.မဟုတ် သိချင်ပါတယ်။ တပည့်တော်မှာ တော်တော့်ကိုအားကိုးရတဲ့ ဆရာတစ်ဆူ ရှိပါတယ်။ သူက နယ်လှည့်နေလို့အမြန်ဆက်သွယ်ရဦးမှာပါ။ သူ့နာမည်က ဆရာကြီးဦးခင်စိုးတဲ့ - ဘုရား"

"ဟေ - အဲဒါဆို မြန်မြန် ပင့်ခဲ့ကွာ။ ကျေးဇူးဆပ်ပါ့မယ်"

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ဒေါက်တာသန်းဖော်သည် ဆရာကြီးဦးခင်စိုးအား ဆက်သွယ်စုံစမ်းရန် ရန်ကုန်သို့ ထွက်သွားသည်။ ရန်ကုန်နှင့် ပဲခူးသည် နေ့ချင်းပြန် (၂)နာရီကျော်ကျော် သွားရသော ခရီးပေမယ့် ဒေါက်တာသန်းဖော်က ရက်သတ္တပတ်မျှကြာသွားသည်။ လုံးဝပေါ်မလာချေ။ မဟာတြိရတနလောကစာသင်တိုက်ကြီး၌လည်း အဖြစ်အပျက်တွေက ဆိုးဝါးဆဲပင်ဖြစ်သည်။ ရပ်သူရပ်သားများသည် ဆရာတော်ကြီး ဦးနရိန္ဒနှင့် ကပ္ပိယကြီး ဦးနေလွင်အား ကယ်တင်မည့်ပုဂ္ဂိုလ်ကိုသာ စောင့်မျှော်ရင်း ဘုန်းကြီးကျောင်းသို့မှ သတင်းမေးဖော်ပင်မရဘဲ မသွားရဲ ရှိကြလေ၏။



တစ်ခုသော ညသန်းခေါင်ယံတွင် ကျောင်းဝင်းအတွင်းသို့ ဆိုင်ကယ်တစ်စီး ဝင်ရောက်လာ၏။ ထိုဆိုင်ကယ်ပေါ်မှ စီးနင်းလာသူသည် အသက် (၅၀) ခန့် လူကြီးတစ်ဦးဖြစ်ပြီး ထိုလူကြီးသည် လွယ်အိတ်တစ်လုံးကို လွယ်ကာ မြင်းရေးရောင် စပို့ရှပ်နှင့် ကြက်သွေးရောင်ပိုးပုဆိုးတို့ကို ဝတ်ဆင်ထားသည်။ သူသည် ကွမ်းတမြုံ့မြုံ့ဝါးလျက် ကျောင်းပေါ်သို့ လှေကားအတိုင်း တစ်ထစ်ချင်းတက်သွားကာ ချောင်းဟန့်အသံပေးလိုက်သည်။ တစ်ချိန်လုံး အိပ်မပျော်နေသော ကိုရင်များ၊ ဦးပဉ္စင်းများ လန့်နိုးသွားကြပြီး အနီးပုဂ္ဂိုလ်ထံသို့ လာကြလေ၏။

"ဘယ်သူလဲ - ဘာကိစ္စလဲ"

"အရှင်ဘုရား - တပည့်တော်က ဒီကျောင်းတိုက်က ပင့်လို့လာခဲ့တာပါ။ ခရီးရောက်မဆိုက် အိပ်စရာလေး အရင်ပေးပါလား၊ ပင်ပန်းလာလို့ပါ"

လူကြီး၏ ပြန်ဖြေလိုက်သောစကားကြောင့် ဦးပဉ္စင်းများ ရုတ်တရက် ကြောင်ငေးသွားသည်။ ဘုန်းကြီးက လူကို ပြန်ပင့်ထားသည်ဟု ဆိုသဖြင့် စိတ်ဝင်စားသွားသည်။

"နေပါဦး - ဒကာကြီးရဲ့ ဒကာကြီးကို ဘယ်သူက ပင့်တာလဲ"

"ဒေါက်တာ သန်းဖော်ပါ"

"အော်"

ဦးပဉ္စင်းများ "အော်" ဟုသာ ရေရွတ်မိသော်လည်း သူ့ကိုလုံးဝမသိချေ။ မနက်မှ မေးတော့မည်ဟု ဆိုကာ လောလောဆယ် အိပ်စက်ရန်နေရာတစ်ခုပေးလိုက်ပြီး အသီးအနှံအချို့ဖြင့် ဧည့်ခံလေသည်။

အနီးပုဂ္ဂိုလ်သည် ကျောတစ်ခင်းစာနေရာရသည်နှင့် ဘုရားရှိခိုးပြီး အိပ်လေတော့၏။ သို့သော် မအိပ်မီ သူ၏ လွယ်အိတ်ထဲမှ သက်န်းတစ်ထည်ကိုထုတ်ကာ ခြုံလေသည်။ ပြီးသော် အေးဆေးစွာပင် အိပ်ပျော်သွားတော့၏။ ထိုအခါ ဦးပဉ္စင်းကြီး ဝိမလက သူ့အထင်ကိုပြော၏။

"သင်္ကန်းခြုံပြီး အိပ်နေတယ်၊ ဒါ ဘာသဘောလဲ။ အောက်လမ်းဆရာများလား။ သာသနာကို မထေမဲ့မြင် ပြုတာလား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်လောက်ဘူး၊ သူ့မှာ စောင်မရှိလို့ တွေ့ကရာ ဆွဲယူပြီး ခြုံတာလည်း ဖြစ်နိုင်တယ်"

"ဟာ - ယတြာချေတာ ထင်တယ်ကွ၊ သင်္ကန်းခြုံရင် ဘုန်းကံကြီးမယ်ထင်လို့ဖြစ်မယ်၊ ဒါကြောင့် - တချို့မိဘတွေက သူတို့ကလေးတွေကို ဘုန်းကံကြီးစေချင်ရင်၊ အရပ်ရှည်စေချင်ရင် ဘာမဆိုင်ညာမဆိုင် သင်္ကန်းဆီး ဘုန်းကြီးဝတ်ပေးတာပဲ"

ထိုသို့တစ်ယောက်တစ်ပေါက်ဖြင့်ပြောရင်းတစ်ညကုန်ဆုံးသွားတော့သည်၊ နံနက်မိုးလင်းတော့ဆရာတော်ကြီးကြွလာပြီး အနီးပုဂ္ဂိုလ်ကို မေးမြန်း၏၊

"ဒကာက ဘယ်သူတုံး"

"တင်ပါ့ - တပည့်တော်က ဦးခင်စိုးပါ ဘုရား၊ ဒေါက်တာသန်းဇော်လာပင့်လို့ ရောက်လာတာပါ"

"ဟေ"

ဆရာတော်ကြီး အပါအဝင် ကပ္ပိယကြီးနှင့် ကြားလိုက်ရသူအပေါင်း ပျော်သွားကြ၏၊ ဆရာတော်ကြီးက ဦးခင်စိုးအား -

"ဒကာကြီးက ဘုန်းကြီးတို့ရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးမယ်ပေါ့၊ ဟုတ်လား"

ဟု မေးလိုက်ရာ ဆရာစိုးက ခေါင်းညိတ်ပြလေ၏၊

"တပည့်တော်က ဒေါက်တာသန်းဇော်က ဖြစ်ကြောင်းကုန်စင် ရှင်းပြထားပါတယ် ဘုရား၊ အရှင်ဘုရားတို့ဘေးမှာ ရှိနေတဲ့ ဘီလူးမဆိုတာကိုလည်း တပည့်တော် နှိမ်နင်းပေးပါ့မယ်၊ (၃)ရက်ပဲ အချိန်ပေးပါ"

"ရပါတယ် - ကြိုတင်ပြင်ဆင်စရာရှိတာတွေပြင်ဆင်ပေါ့၊ ဘုန်းကြီးက ဒကာကို ကျေးဇူးတင်ပါတယ်"

ဆရာစိုးသည် ဆရာတော်ကြီးနှင့် စကားပြောပြီးသောအခါ ကပ္ပိယကြီးနှင့် စကားပြောလေ၏၊

"ဘီလူးမကို မြင်ရတယ်ဆိုတဲ့အကြောင်း ပြောပါဦး၊ ကပ္ပိယကြီး ဘယ်လိုပုံစံလဲ"

ဆရာစိုးက မေးရာ ကပ္ပိယက သူသိသမျှ တွေ့သမျှ ပြန်ရှင်းပြသည်၊



"အင်း - ဘီလူးမက တော်တော်တော့ ချောတယ်၊ ကျုပ်ဘေးမှာလာလာထိုင်နေတာ ဆရာရေ၊ အစတော့ ဟိုမှာ ထိုင်နေ ကယ်"

ကပ္ပိယကြီး ညွှန်ပြရာသို့ကြည့်တော့ ဘာမျှမတွေ့သဖြင့် ဆရာစိုး အံ့အားသင့်သွား၏၊ ပြီးတော့ ထပ်မေး၏၊

"ကဲ - ဟုတ်ပါပြီ၊ ဒီတစ်ကျောင်းမှာ မျက်မြင်ဘီလူးမတော့ မရှိဘူး၊ ဆရာတော်ကြီးနှင့် ကပ္ပိယကြီးပဲ တွေ့နေရတဲ့ ဘီလူးမနစ်ကောင်ဆိုပါတော့၊ ဘယ်ကဘယ်လို ဝင်လာတယ်ထင်လဲ - ကပ္ပိယကြီး"

"အင်း - ကျုပ်ထင်တာတော့ ကျုပ်နဲ့ဆရာတော်ကြီးက အရမ်းတရားထိုင်ကြတာကလား၊ အမိဋ္ဌာန်တွေ ဘာတွေလည်း ဝင်တယ်လေ၊ ဒီတော့ ခရီးဘယ်လောက်ပေါက်မြောက်နေပြီဆိုတာ ကိုယ့်ဘာသာကိုယ်မသိဘူးပေါ့၊ သိတဲ့မကောင်းဆိုးဝါး မိစ္ဆာတွေက မအောင်မြင်အောင် လာနှောင့်ယှက်တယ်ထင်တာပဲ"

ကပ္ပိယကြီးစကားကို ဆရာစိုးက အသေအချာတွေး၍ တစ်ခုခုလွဲနေပြီဟု သိလိုက်သည်၊ သမ္မာဒိဋ္ဌိမကျသော အယူအဆတစ်ခုကို လက်ကိုင်ပြု၍ နေသည်ဖြစ်ရာ မှန်ကန်သောအဖြေမရဟု သိလိုက်၏၊ အချိန်ယူ၍ ဖြေရှင်းပေးမည်ဟု ကတိပေးလိုက်သည်၊ ကပ္ပိယက ဆရာစိုးအား -

"အင်း - ဆရာကြီးက ဘယ်လိုဂိုဏ်းဂဏများထဲကလည်း သိပါရစေဦး၊ ပြီးတော့ - ဒီပြဿနာကို ဘယ်လိုထင်လည်းဆိုတာလည်း ပြောပါဦး ခင်ဗျ၊ ဒါမှ - ဆရာတော်ကြီးကို ပြန်လျှောက်တင်ရမှာကိုး"

ဟု မေးရာ ဆရာစိုးက ကွမ်းတစ်ယာ ဝါးလျက် ပြန်ဖြေ၏၊

"ကျုပ်က မနောစိတ္တဇပ္ပဂိုဏ်းက အန္တမဆရာကြီးပါ၊ (၆၆)မျိုးသောစုန်း၊ ကဝေ၊ ဖုတ်၊ ဘီလူးတို့ရဲ့နှိပ်စက်ဖမ်းစားခြင်းကို ခံရတဲ့ (၇)ရက်သားသမီးကို ကယ်တင်ဖို့ နယ်လှည့်နေတာပါပဲ၊ တစ်ခါတစ်ရံတော့လည်း သဘာဝလွန်ထူးခြားဖြစ်စဉ်တွေ၊ အမှုအခင်းတွေကိုတောင် ရင်ဆိုင်ဖြေရှင်းပေးခဲ့ရပါတယ်၊ ကျုပ်မနိုင်တဲ့ အောက်လောကသားဆိုတာ မရှိစေရဘူး၊ ဒါပေမဲ့ - အခုခင်ဗျားတို့ကိစ္စကတော့ ထူးဆန်းတယ်ဗျ"

"ဗျာ - ဘယ်လို ထူးဆန်းတယ် - ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - ထူးဆန်းတယ်ဆိုတာ အခု ခင်ဗျားနှင့် ဆရာတော်ကြီး ကြုံနေရတာဟာ တကယ်မဟုတ်ဘူးဗျ၊ ပယောဂဇမ်းတာလည်း မဟုတ်ဘူး၊ ဒီကျောင်းထဲမှာ ဘာမကောင်းဆိုးဝါးမှလည်း မရှိဘူး၊ ကျုပ်ပြောတာယုံ"

"ဟင် - တကယ်"

ကပ္ပိယကြီး မျက်လုံးပြူးသွားသည်၊ ဆရာစိုးက ဆက်၍ -

"ကျုပ်အထင်အရတော့ ခင်ဗျားနဲ့ ဆရာတော်ဟာ တစ်စုံတစ်ခုကြောင့် စိတ်ဆန္ဒမှာ ထင်ယောင်မြင်မှားဖြစ်နေတာဖြစ်မယ်၊ ကေန္တ - ဆေးဝါးတစ်ခုခုကြောင့်လား၊ အရာဝတ္ထုတစ်ခုခုကြောင့်လား၊ ဒါပဲ ဖြစ်နိုင်တယ်"

ဟု ပြောရာ ကပ္ပိယကြီးက ပြုံး၍ သဘောကျစွာရယ်၏၊

"အင်း - ဆရာကြီးပြောမှပဲ ကျုပ်နဲ့ ဆရာတော်ကြီးက အရူးလုံးလုံးဖြစ်တော့တယ်၊ ထားပါလေ - အဆင်ပြေသွားနိုင်ပါတယ်၊ ကဲ - ရေနွေးကြမ်း သောက်ဦးဗျ"

ကပ္ပိယကြီးက ပြောပြောဆိုဆိုဖြင့် ဓာတ်ဘူးထဲသို့ ဆရာတော်ကြီးထံမှ သူ လက်ဆောင်ရထားသည့် လက်ဖက်ခြောက်ဘူးကို ဖွင့်ထည့်လိုက်၏၊ ထိုအခိုက်မှာပင် ဆရာစိုးသည် အနီးလက်ဖက်ခြောက်ဘူးကို ဆတ်ခနဲ ဆွဲယူ၍ လက်ဖဝါးပေါ်သို့ သွန်ချလိုက်တော့သည်၊

ထိုအခါတွင် လက်ဖက်ခြောက်မှုန့်များနှင့်အတူ ဂမုန်းရွက်ကဲ့သို့သော အဖတ်ကလေးများ၊ အပွင့်လေးများကို တွေ့ရလေ၏၊ ဆရာစိုးသည် ထိုအရာများကို ကြည့်လျက် -

"ဒါ ဘယ်ကရတာလဲ၊ ထူးဆန်းတဲ့ လက်ဖက်ခြောက်ပဲ"

ဟု မေးရာ ကပ္ပိယကြီးက -

"အင်း - ဒါက ဆရာတော်ကြီးကို မြို့က ဒကာ၊ ဒကာမတွေ လာလှူသွားတဲ့ နိုင်ငံခြားဖြစ် လက်ဖက်ခြောက်လေ၊ ဂမုန်းနဲ့ လုပ်တယ်ဆိုလား မပြောတတ်ဘူး၊ အနံ့ကတော့ တော်တော်မွှေးတယ်ဗျ"

ဟု ဖြေလေသည်၊ ထိုအခါ ဆရာစိုးသည် ကျောင်းသားတစ်ယောက်ကို ခေါ်၍ ၎င်းလက်ဖက်ခြောက်ခပ်ထားသော ရေနွေးကြမ်းတစ်ခွက်ကို သောက်ခိုင်း၏၊ ကျောင်းသားလည်း ကြောင်တောင်တောင်ဖြင့် ရေနွေးကြမ်းများကို (၃) ခွက်မျှ ငုံ့သောက်ပြီးနောက် ထွက်သွားလေသည်၊



"ဆရာကြီးခင်ဗျား - ဘာတွေလုပ်နေတာလဲဗျ"

"မကြာခင် သိရမှာပေါ့ - ညနေအထိ စောင့်ပါဦး - ဟဲ - ဟဲ - ဟဲ"

ကပ္ပိယကြီး၏ အမေးကို ဆရာစိုးကပြုံး၍ ကွမ်းတစ်ယာကို ထပ်မံဝါးကာ ဖြေပေးလိုက်လေသည်၊

"အား - မလာနဲ့၊ မိစ္ဆာကြီး - သွား - သွား"

ည (၁၀) နာရီခန့်တွင် ဘုန်းကြီးကျောင်းသားလေး ဝင်းနိုင်အောင်တစ်ယောက် အိပ်ရာထဲတွင် ကြောက်လန့်တကြားအော်ဟစ်နေ၏၊ တစ်ကျောင်းလုံး သူ့အနားသို့သွားကာ မေးကြမြန်းကြသည်၊ ဆရာစိုးသည် အနီးကျောင်းသားကိုကြည့်လျက် ကပ္ပိယကြီးအား -

"ဒါ - နေ့လယ်က ကျုပ် လက်ဖက်ရည်ကြမ်းတိုက်လိုက်တဲ့ကလေးပဲ၊ ဘာဖြစ်တာပါလိမ့်"

ဟု မေးလေရာ ကျောင်းသားလေး ဝင်းနိုင်အောင်က ပြောသည်၊

"ကျွန် - ကျွန်တော့်အနားမှာ တင်းပုတ်နဲ့ မိစ္ဆာကောင်ကြီးတစ်ကောင် လာထိုင်နေတယ် - ဆရာကြီး၊ ကယ်ပါဦး - မနက်က မရှိဘူး၊ ဒီညမှ ရောက်လာတာ"

ထိုစကားကြောင့် တစ်ကျောင်းလုံးရှိ ဦးပဥ္စင်းများ၊ ကိုရင်များ ကြက်သီးထသွားကြသည်၊ ကပ္ပိယကြီးလည်း အံ့ဩစွာဖြင့် ဆရာစိုးကို မေးလိုက်သည်၊

"တစ်ခုခုတော့ မှားနေပြီထင်တယ် - ဆရာကြီးရေ"

"ဟုတ်တယ်လေ - ကျုပ် အစကမပြောဘူးလား၊ ကျုပ်တပ်အပ်ပြောလိုက်မယ်၊ ခင်ဗျား သောက်နေတဲ့ လက်ဖက်ခြောက်ကြောင့်ဗျ"

"ဗျာ"

များမကြာမီတွင် ဆရာစိုး၏ အကူအညီတောင်းမှုကြောင့် လက်ဖက်ခြောက် လာရောက်လှူဒါန်းသွားသော ဒကာ၊ ဒကာမများကို ဆင့်ခေါ်စေ၏၊ ဆရာစိုး၏အယူအဆသည် ၎င်းလက်ဖက်ခြောက်ထဲရှိ ဓာတ်ပစ္စည်းတစ်ခုခုကြောင့် ၎င်းကဲ့သို့ စိတ်ကစဥ့်ကလျား ရောဂါမျိုးဖြစ်ရသလိုဟု၍ ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ခြောက်လာလှူသွားသူမှာ ရန်ကုန်မှ လက်ဖက်ခြောက်ပွဲရုံပိုင်ရှင် ဦးညွန့်ဝေမောင်ဖြစ်၏။ ဦးညွန့်ဝေမောင် ရောက်လာသောအခါ ဆရာစိုးက လက်ဖက်ခြောက်ဘူးလှလှလေးကို ထုတ်ပြ၍ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်သော် ဦးညွန့်ဝေမောင်သည် သူ့နဖူးအား လက်ဝါးဖြင့်ရိုက်ကာ ပက်လက်လန်ကျသွားတော့၏။

"ဟာ – မှားပြီ ဆရာရေ၊ ဒီလက်ဖက်ခြောက်ဘူးက မှားပါလာတာပါ၊ မိန်းမ အသုံးမကျဘဲ မှားထည့်ပေးမိတာကို ကျွန်တော်က အမှတ်တမဲ့နဲ့ ကန်တော့လိုက်မိတာပါ – ဆရာကြီး – ခွင့်လွှတ်ပါ"

"အင်း – ခွင့်လွှတ်တယ်၊ ဒီလက်ဖက်ခြောက်ရာဇဝင်လေး ပြောပါဦး"

ဆရာစိုးက မေးသော် ဦးညွန့်ဝေမောင်လည်း သူသိသမျှ ပြန်ရှင်းပြတော့၏။

"ဒီလိုပါ – လွန်ခဲ့တဲ့ (၃)လလောက်က ကျွန်တော်ပိုင်တဲ့ လက်ဖက်ခြောက်ကုန်ပစ္စည်းကို ဟိုတယ်တွေ၊ နိုင်ငံခြားတင်ပို့ဖို့အတွက် ရည်ရွယ်ပြီး ပန်းရနံ့မျိုးစုံနဲ့ ဖော်စပ်စမ်းသပ်ပါတယ်။ စံပယ်ပန်းရနံ့၊ ကောက်ညှင်းမွှေး၊ ခရေ၊ နှင်းဆီ အစုံပါပဲ။ အဲဒီမှာ ထူးခြားတာက ရှမ်းပြည်က သူငယ်ချင်းတစ်ယောက်က သူတို့ဆီမှာ အလွန်ဆေးဖက်ဝင်ပြီး ရနံ့မွှေးတဲ့ တောင်ဂမုန်းတစ်မျိုးရှိတယ်တဲ့၊ အဲဒီဂမုန်းကို အခြောက်လှမ်းအမှုန့်ဖြူးပြီး ပို့လိုက်တယ်။ ကျွန်တော်လည်း အဲဒါကို (၁) ကီလိုသာသာလောက် စမ်းသပ်ပြီး လက်ဖက်ခြောက်နဲ့ ရောစပ်သောက်ကြည့်တော့ ခေါင်းတွေမူးလာပြီး အနားမှာ သရဲလိုလို၊ တစ္ဆေလိုလို အကောင်တွေ လာနေတာ မြင်ရတာပဲဗျို့။ ဒါနဲ့ – ဆရာဝန်ဆီသွားပြီး ကိုယ့်ကိုယ်ကိုယ် သွေးလေစစ်ကြည့်တော့ ဆရာဝန်က ဆေးတစ်ခုခုအစစ်ခံရတဲ့ပုံစံပဲလို့ သူ့အမြင်ကို ပြောတယ်။ ဒါနဲ့ ကျွန်တော်က ဂမုန်းနဲ့လုပ်ထားတဲ့ လက်ဖက်ခြောက်ကို ပြလိုက်တော့ ဆရာဝန်လည်း မျက်လုံးပြူးသွားပြီး အဲဒါကြောင့်လို့ တပ်အပ်ပြောတယ်၊ ဒီဂမုန်းကို ဩစတေးလျမှာဆိုရင် (Devil Lily Orchid)လို့ ခေါ်တယ်တဲ့၊ ကောင်းကျိုးကတော့ ယောကျ်ားခွန်အားတိုးဖို့ အစွမ်းထက်တယ်၊ အဲ လက်ဖက်ခြောက်ဓာတ်နဲ့တွေ့တော့ ဓာတ်ပွားပြီး အဆိပ်ဖြစ်တော့တာပဲ၊ ဒီလက်ဖက်ခြောက်နဲ့ ဂမုန်းစပ်ထားတာကိုသောက်ရင် ဘယ်သူမဆို ကိုယ့်စိတ်ထဲမှာ ထင်ချင်တဲ့ပုံကိုထင်၊ အနားမှာရှိနေသလိုပဲ၊ စိတ်ကစဉ့်ကလျားပေါ့ဗျာ၊ ဆေးခြောက်တို့၊ ဘိန်းဖြူပင်တို့ ထက်ဆိုးတယ်၊ ဒါကြောင့် – ကျွန်တော်က လွှင့်မပစ်ဘဲ ဗဟုသုတရအောင်ဆိုပြီး နိုင်ငံခြားကလာတဲ့ လက်ဖက်ခြောက်ဘူးခွံသံဘူးလေးထဲ ထည့်ထားလိုက်တာ၊ အဲဒါကို အိမ်ကမိန်းမက မှားထည့်ပေးလိုက်တာဗျ၊ တောင်းပန်ပါတယ်ဗျာ"

ဦးညွန့်မောင်၏ ရှည်လျားစွာ ရှင်းပြခြင်းကို ဆရာစိုးနှင့်အတူ ဆရာတော်ကြီးနှင့် ကပ္ပိယကပါနားထောင်လျက် တအံ့တဩဖြစ်ကြရလေသည်၊ အမြင်လည်း ရှင်းသွားပြီမို့ ပြုံးပျော်နိုင်ကြလေပြီသည်၊

ထိုအချိန်မှစ၍ ဆေးမိထားသော သူများသည် အခြားသော အာဟာရဆေးများကို မှီဝဲပြီး အာရုံကို ပြန်ဖျောက်လိုက်ကြသည်၊ ရက်များ မကြာမီမှာပင် အားလုံး ဆေးဓာတ်ပြယ်၍ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြလေ၏၊ ဆရာတော်ကြီးက ဆရာကြီးဦးခင်စိုးအား ကျေးဇူးတင်လွန်းသဖြင့် ငွေတစ်သိန်းဖြင့် ဆုချသော် ဆရာစိုးက လက်ခံသော်လည်း ကျောင်းသားများကို တစ်ဝက်ဝေပေးလိုက်၏၊ တစ်ဝက်ကိုတော့ လမ်းစရိတ်ဟုဆိုကာ ယူထားပြီး ပြန်ခါနီးတွင် အားလုံးကို အမှာစကားတစ်ခု ပြောသွားသည်၊

"ဒီလောက် ခေတ်မီတိုးတက်နေတဲ့အချိန်မှာ မဟုတ်မမှန်တဲ့ ဥပါဒါန်အစွဲတွေ၊ ရှေးရိုးအယူအဆတွေနဲ့ ဘဝကို မဖြတ်သန်းကြပါနဲ့၊ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် တရားအားထုတ်ရင်လည်း လုပ်သလောက်ပဲရမယ်ဆိုတာ သိကြပါ၊ (၁၀၀)ဖိုးလုပ်ပြီး နတ်ဒေဝတာတွေက (၁၀၀၀)ဖိုးလောက် မ.စမယ်မထင်ကြနဲ့၊ သမ္မာဒိဋ္ဌိအမြင်ရှိကြ၊ သံယာကို ဆရာလုပ်တာ မဟုတ်ပါဘူး၊ လမ်းမှားမှာစိုးလို့ လမ်းမှန်ညွှန်ပေးတာ၊ သွားပြီဟေ့"

အထက်ပါစကားကိုပြောပြီး ဆိုင်ကယ်ကို ဂူးခနဲ မောင်းထွက်သွားသော ဆရာစိုးအား ကျောင်းသားများ ငေးကျန်ခဲ့လေ၏၊ ဆရာတော်ကြီးနှင့် ကပ္ပိယကြီးသည်လည်း လောကီပညာသာမက ခေတ်ပညာဗဟုသုတ၊ စဉ်းစားအတွေးအခေါ်ရှိသော ဂမ္ဘီရဆရာကြီး ဦးခင်စိုးကို လေးစားစွာဖြင့် ငေးကြည့်ရင်း ပြုံးလိုက်ကြတော့သည်၊

သဒ္ဓါအားဖြင့် အမြင်ရှင်းပါစေ ...

⟹ ဝေယံသိန်း



www.burmeseclassic.com

www.burmeseclassic.com



# ရေယုမင်းသျှင်

မိုးနဲ့ရေ

ထောင်မင်းသားဟု
ခေါ်ဆိုလောက်သည့်ထောင်လူမိုက်တစ်ယောက်၏
နောက်ဆုံးသွားရာလမ်းကား..

**"ဆရာ ထောင်မှူးကြီးရေ ...**

ဒီထောင်မှာတော့ ဒီ"တိုက်မောင်း"ဆိုတဲ့မောင်ကိုပဲ အထူးသတိထားရမှာ။ ကျန်တဲ့ကိစ္စတွေက အားလုံးအေးဆေးပဲ၊ လှည့်ကြည့်စရာတောင်မလိုဘူး။ ပြဿနာရှာရင်ထောင်ဆူထောင်ပူတာပဲ။ ဒီကောင်ငြိမ်ငြိမ်ဝပ်ဝပ်ဖြစ်နေရင် တစ်ထောင်လုံး ရေခဲနှင်းဆောင်း။ အဲဒါကြောင့် ဒီထောင်ကို အသစ်ရောက်လာသမျှထောင်ပိုင်၊ ထောင်မှူးကြီးတွေက "တိုက်မောင်း"ကိုအနားလေးခေါ်ပြီး ထိန်းထားတတ်ကြတာဟာ ဒီထောင်ရဲ့ထုံးစံပဲဗျ"

အလှဲ့ကွယ်၊ မြန်မာပြည်မြောက်ဖျားစွန်းက ပြည်နယ်ထောင်ကြီးတစ်ထောင်သို့ပြောင်းရွှေ့ရောက်ဦးစ ထောင်မှူးကြီး ကျွန်တော့်ကိုအလုပ်တာဝန်လက်ခံပြီးပြီးချင်း ထောင်၏လုံခြုံရေး၊ အုပ်ချုပ်ရေး နိစ္စဓူဝလုပ်ငန်းများ (Routine works)ကို ခြေသိမ်းခေါင်းပိုက် စီစဉ်ကွပ်ကဲပေးနေရသည့်

www.burmeseclassic.com

www.burmeseclassic.com

တပ်ကြပ်ကြီး ဦးသာမောလေးက ဆောက်နှင့် ထွင်းလိုက်လေသည်။ ခြောက်သည်ထောင်၏ပြဿနာသော့ချက်က "တိုက်မောင်း" တဲ့လား။

ကျွန်တော်တို့ ထောင်လုပ်ငန်းတွေမှာ ပြုံမြဲထုံးစံလေးတွေရှိသည်။ ကိုယ့်ထောင်မှာ အကျဉ်းသား၊ အချုပ်သားဦးရေ ဘယ်လောက်ရှိရှိ ကိစ္စမရှိ၊ အရေးမကြီး။ ထောင်ပူအောင်၊ ထောင်ဆူအောင် မီးမွှေးတတ်သည့် ပြဿနာမောင်တွေ (Problem personers)ကိုသာ ရနိုင်သမျှ ရှာဖွေဖော်ထုတ်ပြီး အုပ်အုပ်စီးစီး စီမံထားနိုင်လေက အစစ အရာရာ အဆင်ပြေပြီ၊ အိုကေ။ သို့ဖြစ်၍ ထောင်သစ်တစ်ထောင်ကို ပြောင်းရွှေ့ရောက်ရှိရလေတိုင်း ကိုယ်ဆက်တာဝန်ယူရတော့မည့်ထောင်ရှိ လူဆိုးလူမိုက်စာရင်းကို အလျင်ဦးအောင် အသေအချာ စနည်းနာရစမြဲ၊ အနာသိမှ ဆေးရှိမည်လေ။

"အင်း - အင်း - ဒီမောင်တစ်ယောက်တည်းပဲလားဗျ - ဆရာကြီး။ နည်းလှချေကလား။ ကျုပ်ရောက်ဖူးသမျှ ထောင်တွေမှာတော့ အမျိုးသားအိပ်ဆောင်တွေ၊ တိုက်(Cell)တွေဘက်မှာ ထိတ်ထိတ်ကြဲ ဆရာကြီးအဆင့် လက်ကောက် သုံး,လေး,ငါးယောက်၊ မိန်းမဆောင်ဘက်မှာ အာဂဇော်ဂလီ ရှက် အာပြဲခြောက်မတွေက နှစ်ယောက်၊ သုံးယောက် ရှိတတ်တာချည်းပဲ။ ခင်ဗျားတို့ထောင်က "တိုက်မောင်း" တစ်ယောက်တည်းပဲဆိုတော့ ခြောက်ကပ်ကပ်နဲ့ ..."

ဟုတ်သည်၊ ထောင်ဆိုသည့်အရပ်သည် ယေဘုယျအားဖြင့် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်း၍ အချုပ်ကျ (Prisoners)၊ ထောင်ကျ (Convicts)မောင်မောင်၊ မမများကို လက်ခံထိန်းသိမ်းထားပေးရသည့်ဌာနဟု ဆိုစေဦး၊ ဓါသအလျောက်၊ လောကအလျောက် မအူမလည် ယောင်နနနှင့် တစ်ကြိမ်တစ်ခါမျှ ထောင်ရောက်လာသူတွေက အနည်းစုသာ။ ကျန်သည့် ပုဂ္ဂိုလ်ကျော်များအား အကျဉ်းထောင်ပြင်ပ လူ့အဖွဲ့အစည်းအတွင်း ဆိုးနည်းအမျိုးမျိုး၊ မိုက်နည်းအသွယ်သွယ်ဖြင့် လက်ကုန်ကြဲခဲ့ကြသည့် လူ့အမိုက်သရိုက်၊ နိုး,ဆိုး,နိုက် လူမိုက်ပဂေးများချည်း။ လူလွန်မသား,သမီးများ (above the law)သာတည်း။ အဲသည့်အထဲကမှ ချွန်ချွန်ထက်ထက်



မိုက်တွင်းအနက်ဆုံးလူက "ထောင်မင်းသား" ဘွဲ့ခံကာ နာမည်တစ်လုံးနှင့် တစ်ထောင်လုံးကို မိုက်ဂုဏ်ပြစားစတမ်းပေကိုး။

ဘာပဲပြောပြော ထောင်တစ်ထောင်မှာ "ထောင်မင်းသား" တို့၊ "ပေါက်ကျော်မ" တို့က သုံး,လေး,ငါးယောက်မှသည် ဆယ်ဂဏန်းအထိ ရှိတတ်စမြဲသာ၊ သည်ထောင်မှ "တိုက်မောင်း" တစ်ယောက်တည်း "လူစွာ" ရှိသတဲ့ဆို၍ ထူးချက်က ဆန်းလှ၏။

"မထင်နဲ့ - ဆရာ၊ တိုက်မောင်းကပေမယ့်လည်း တစ်ယောက်ဆိုဆိုသလောက် ငြိုဟ်မွှေတတ်တဲ့ ပြဿနာ့ဦးခေါင်းကြီးရယ် ခင်ဗျ။ သင်းစိတ်ထင်ရင် မထင်သလို ထထကြမ်းတတ်၊ ရမ်းတတ် ပြဿနာရှာတတ်လွန်းလို့ ထောင်ပိုင်၊ ထောင်မှူးကြီးတွေ ခေါင်းခဲကြရတာဟာ ခဏခဏ၊ တစ်ခါတစ်ရံ နေ့စဉ်ရက်ဆက်၊ သိပ်သောင်းကျန်းလွန်းရင်တော့ တစ်နေ့တည်း သုံးလေးခါ ခင်ဗျ။ လျှော့မတွက်လိုက်နဲ့၊ တခြားထောင်က "မိုက်ခဲ" တွေ လေး,ငါး,ဆယ်ယောက်စာလောက်ကို တစ်ယောက်တည်းနဲ့ ဒိုင်ခံပြီး ဒုက္ခပေးတတ်တဲ့မောင် ခင်ဗျ"

"ဟား - တယ်စာတဲ့ဆိုပါလားဗျို့"

"အဟုတ်ပြောနေတာ - ဆရာ၊ တကယ် - အမိုက်ပွေ့တတ်လွန်းတဲ့ကောင်၊ "မိုးပေါ်မှာ မာဃ၊ ကြမ်းမှာက ဂျပိုး(ကြမ်းပိုး)၊ အဆိုးမှာ တိုက်မောင်း" လို့ သူ့ဘာသာသူကိုယ်တိုင် စာချိုးပြီး ရွတ်တဲ့ပေတဲ့ကောင်ရယ်"

"အောင်မယ် - လုပ်စမ်းပါဦး၊ ခင်ဗျားအပြောကောင်းတာနဲ့ စိတ်တောင်ဝင်စားချင်လာပြီ၊ ခင်ဗျားကောင် ဆိုးပုံဆိုးလက်ကလေးကို၊ နမူနာလောက် မြည်းကြည့်စမ်းပါရစေ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့၊ ဆရာ ထောင်မှူးကြီးမြင်လွယ်အောင် သင်း "ရွတ်" ခဲ့တဲ့ ကိစ္စလေးနှစ်ခုလောက်ကိုပဲ ပြောပြပါ့မယ်၊ တစ်ခုက အလွန်သဘောကောင်းတဲ့ ထောင်မှူးကလေး ဦးခင်မောင်မြင့်(တန့်ဆည်) နဲ့ဖြစ်တာ၊ နောက်တစ်ခုက စိတ်ကြမ်းလူကြမ်း ပြန်းပြန်းကွဲသမား ထောင်မှူးကြီး ဦးရွှေသိန်းနဲ့ ဖြစ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ပြီ - ဟုတ်ပြီ”

“တစ်နေ့သားမှာဒီကောင်တိုက်မောင်းကတကယ်ပဲကော်ဖီမစ်သောက်ချင်တာလား၊ သက်သက်မဲ့ သူ့အဆောင်မှူးဖြစ်တဲ့ ထောင်မှူးဦးခင်မောင်မြင့်ကိုကျီကျချင်တာလားတော့မသိဘူး၊ အဆောင်မှူးရုံးခန်းထဲထိုင်နေတဲ့ထောင်မှူးဆီသွားပြီး ‘ဆရာ - ကျွန်တော့်ကို ကော်ဖီမစ်တစ်ခွက်လောက်တိုက်ပါ၊ ကျွန်တော် ကော်ဖီသောက်ချင်လို့’ လို့ပြောသတဲ့၊ ထောင်မှူးကလည်း သင်းဘာသာသင်း ကော်ဖီသောက်ချင်တာများ သူနဲ့ဘာဆိုင်တာမှတ်လို့လို့တွေးပုံရပါရဲ့၊ ဒါမှမဟုတ်ရင်လည်း တိုက်မောင်းရဲ့ ညာဉ်ဆိုးနဲ့ ‘ဇ’ ကို သိပ်ဂရုမထားမိလိုက်တာလည်းဖြစ်မှာပေါ့၊

‘ဟဲ့ - ကောင်ရဲ့- မင်းကော်ဖီသောက်ချင်ရင်မင်းဘာသာ သွားရှာဖျော်ပြီးသောက်လေ၊ ဘယ့်နယ် ကျူးကျူးကျော်ကျော် ငါ့လာပြောနေရတာတုံး၊ သွား - သွား - ငါ အလုပ်ရှုပ်နေတယ်’ လို့ ထောင်မှူးက ပြောရော၊ အဲတော့ ဒီကောင်က ဘာပြန်ပြောတယ်မှတ်လဲ၊ ‘ကော်ဖီမစ်တစ်ထုပ်က ဘာတန်ဖိုးမှမရှိပါဘူး - ဆရာရယ်၊ အကျဉ်းသားအချင်းချင်းသွားတောင်းရင်ဗိုလ်ကျတယ်မိုက်ကြေးခွဲတယ်ဖြစ်မှာစိုးလို့ပါ၊ ဆရာကပြောရင် ဆရာ့တပည့်တန်းစီးဟာရာတွေက ပေးလိုက်ကြမှာပေါ့’ တဲ့၊ ဒု - အဆောင်မှူး တပ်ကြပ်ဆရာမြသိန်းက ‘ဟေ့ကောင်တိုက်မောင်းပြဿနာရှာတယ်ဆိုတာလည်း ကာလဒေသ ကြည့်တတ်ရသေးတယ်၊ မင်း သွားတော့၊ ဒီမှာ - ထောင်မှူးအလုပ်ရှုပ်နေလို့’ လို့ မျက်နှာစပ်မာမာနဲ့ ဝင်ဟန့်လိုက်သေးရဲ့၊ ဟုတ်လည်းဟုတ်တယ်၊

ထောင်မှူးက ရဲဘက်စခန်းပို့မယ့် အကျဉ်းသားတွေကို စစ်နေရတာ မအားဘူး၊ အဲဒါကို ခင်ဗျာ - ဒီကောင်ပြောလိုက်ပုံကို ကြည့်ဦး၊ ‘ကော်ဖီမစ်တစ်ထုပ်ရဲ့ပြဿနာကိုတောင် အေးချမ်းအောင် မဖြေရှင်းပေးနိုင်ပဲနဲ့ အရာရှိလုပ်နေလို့ဘာဖြစ်လာမှာတုံး၊ ကော်ဖီမစ်တစ်ထုပ်ကြောင့်ဘာမှကြီးကြီးကျယ်ကျယ်တွေ ဖြစ်မလာဘူးလို့ မထင်လိုက်လေနဲ့၊ ပြဿနာဆိုတာ ရှာတဲ့လူက မရှာသေးလို့သာ မရှိတာ၊ ရှာချင်ရင် အလွယ်ကလေး၊ ကိုင်း - ကြည့်ထားလိုက်ကြ’ ဆိုတဲ့ပြီး ထောင်မှူးရှေ့စားပွဲပေါ်က နှစ်ပေလောက်ရှိတဲ့ ပိတောက်



သားမျဉ်းလုံးကိုကောက်ယူ၊ သူ့နားမှာရပ်နေတဲ့တန်းစီးကဲချွန်နဲ့အဆောင်မှူးစာရေးပြူးမောင်တို့ခေါင်းတွေကို ခွမ်းခနဲ ခွမ်းခနဲ ရိုက်ခွဲပစ်လိုက်ရောတဲ့၊ ဘဲကောင်းလွန်းလို့ သေမကုန်ကြတာ၊ ဆေးရုံကို ကမန်းကတန်း သယ်ပြေးပြီးလေး.ငါး.ခြောက်ချက်စီ ချုပ်လိုက်ကြရသတဲ့၊ သင်းလည်း တိုက်ပိတ်ခံထိရော၊ ထောင်မှူးကလေးနဲ့ဒု - အဆောင်မှူးတပ်ကြပ်လည်းအစစ်ဆေးခံထိ၊ နယ်စွန်နယ်ဖျားက အလုပ်စခန်းတွေဆီ ပြောင်းရွှေ့တာ ခံလိုက်ကြရသတဲ့၊ တိုက်မောင်းဆိုတာ အဲဒီလိုကောင် ...”

“အိုဟိုး - မလွယ်ကြောပါကလား” ဟုဩချမိရသည်၊ “တပည့်တို့ထောင်ထဲမှာလေ လူဆိုး၊ သူခိုးကိုမကြောက်နဲ့၊ သူတို့က ထောင်အပြင်မှာပဲဆိုးတာ၊ ထောင်ထဲမှာ မဆိုးရဲဘူး၊ လူမိုက်ဆိုတာကတော့ သူလုပ်ချင်တာကို လုပ်ချင်တဲ့အချိန် မထင်မထင်သလို ထလုပ်ချင်လုပ်တတ်တာမျိုး၊ အဲဒီလို အဖောက်ကန်းလူမိုက်မျိုးကိုသာ သတိထားကြ” ဟု ဆုံးမခဲ့ဖူးသည့် ဆရာထောင်ပိုင်ကြီးတစ်ဦး၏အသံကို အမှတ်ထင်ထင်ကြားယောင်မိ၏၊ မလွယ်သော တိုက်မောင်းပေပဲ၊

အဲဒီပြဿနာကြီးဖြစ်ပြီးလို့မှ ဘာကြာတုံး၊ ဦးစီးထောင်မှူးကြီးဦးရွှေသိန်းကဒီအကောင်ကိုတိုက်ပိတ်ထားတဲ့တိုက်ခန်းဆီကိုရောက်လှည့်ဖို့ရောက်လာပါရောလား၊ ကိုယ်တော်မြတ်က ထောင်မှူးကြီးဆီက ဆေးလိပ်တောင်းသောက်သတဲ့လေ၊ ဦးရွှေသိန်းဆိုတဲ့ပုဂ္ဂိုလ်က လူဖြောင့်စိတ်ဆိုး လူ့သဘောကောင်းကြီး၊ လေး.ငါး.ဆယ်လိပ်လောက် ကျန်နေသေးတဲ့ သန်ဒန်စီးကရက်ဘူးကို ဘူးလိုက်ကြီး ပေးပစ်ခဲ့တာတဲ့လေ၊ အဲဒီအထိတော့ ချောလို့ပဲ ခင်ဗျ၊

“နောက် ထောင်မှူးကြီးက ဒီကောင် တိုက်မောင်းကို ပြောတယ်၊ ‘တိုက်မောင်း - တိုက်မောင်း - မင်းဟာ သိပ်မိုက်တဲ့အကောင်၊ မင်းကြောင့် ချွန်နဲ့ ပြူးမောင်လည်း ခေါင်းပေါက်ထိပ်ကွဲဖြစ်၊ ထောင်မှူးနဲ့ တပ်ကြပ်ကိုတလည်း အပြောင်းအရွှေ့ခံကြရ၊ မင်းကကျတော့ တိုက်ထဲမှာ အပိတ်ခံရတယ်၊ ဒါတောင် - ဟိုနှစ်ကောင်က သဘောကောင်းလွန်းလို့၊



www.burmeseclassic.com

www.burmeseclassic.com

နောက်မှမဖွင့်လို့၊ ဖွင့်များဖွင့်ခဲ့ရင် မင်း နောက်ထပ် ခြောက်လ.တစ်နှစ် ထောင်ထပ်ကျဦးမယ်၊ ဘာကောင်းတာများရှိလို့လဲ၊ မင်းလုပ်လိုက်ရင် သောက်ရမ်းချည်းပဲ" လို့ ဆူတာပေါ့၊ အဲဒီအခါဒီကောင်က ထောင်မှူးကြီးကို "ကော်ဇီမစ်တစ်ထုပ်လောက်ကို နမြောကြလို့ သူတို့အပြစ်နဲ့ သူတို့ခံကြရတာ၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး" လို့ ကြက်ခေါင်းဆိတ်မခံ ပြန်ခွပ်ပါလေရော၊ ထောင်မှူးကြီးကလည်း ဒေါသအိုးကိုး၊ တိုက်တာဝန်ခံကို "တံခါးဖွင့်လိုက်စမ်းကွာ၊ ဒီအကောင်ကို ငါကိုယ်တိုင် ဆုံးမစမ်းမယ်" ဆိုတဲ့ပြီး တိုက်ခန်းထဲဝင်မယ်အလုပ် "ဒီမှာ ထောင်မှူးကြီး - ကျုပ်ကို ရိုက်ရလို့ ပင်ပန်းနေဦးမယ်၊ ထောင်မှူးကြီးကိုယ်စား ကျုပ်ဘာသာကျုပ် အပြစ်ပေးလိုက်ပြီ၊ ဟောဒီမှာကြည့်" လို့ ပြောပြောဆိုဆိုနဲ့ တိုက်ခန်းနံရံကို ခေါင်းနဲ့ ဆောင့်ဆောင့်ပြီး တိုက်ပစ်လိုက်တာ သွေးရဲရဲ၊ သံရဲရဲမတ်တတ်က မေ့လဲကရော၊ အဲဒီ့ကျော့(စ်) ကြောင့် ဦးရွှေသိန်းခမျာ မှတ်တမ်းတင် သတိပေး အပြစ်ဒဏ် ခံလိုက်ရတဲ့ အပြင် နှစ်တိုး နှစ်နှစ်ရပ်ဆိုင်းတာလည်း ခံလိုက်ရသတဲ့၊ ကဲ ..."

"အား - တကယ့်ပြဿနာအိုးနဲ့တော့ တည့်တည့်ကြီး တန်းတိုးပြီဟော့" ဟု ကျွန်တော့်ရင်ထဲ စလုံးစရ ဖုတုတုကြီး ဖြစ်လာရလေသည်၊

ဘာပဲဖြစ်ဖြစ်၊ တိုက်မောင်းဟူသည့် သူကောင့်သားကိုကား ထောင်မှူးကြီးကိုယ်တိုင် မျက်စိဒေါက်ထောက်၍ စောင့်ကြည့်ရမည့် အရေးကြီးပုဂ္ဂိုလ် (VIP)စာရင်းသို့ အရေးတကြီး ချက်ချင်းထည့်သွင်းထားလိုက်ရပါသတည်း။

"တိုက်မောင်း"

"ခင်ဗျား"

"မင်း တော်တော်မိုက်သလား"

"မမိုက်ပါဘူး - ထောင်မှူးကြီး"

"လူမိုက်ကြီးလို့ နာမည်တစ်လုံးနဲ့နေရတာကိုလည်း မင်းတော်တော် အရသာတွေ့နေသလား"

"မဟုတ်ပါဘူး"

"ဒါဆိုရင် - ဒီလို ဘာလို့မိုက်မိုက်ကန်းကန်းလုပ်ရသလဲကွ - ဟင်"

"..."

"တခြားအကျဉ်းသားတွေ၊ အချုပ်သားတွေက မင်းနဲ့ဖက်ပြိုင်ပြီး ပြဿနာမဖြစ်ချင်ကြတာဟာ မင်းကိုကြောက်လို့လို့ မင်းထင်နေသလား တိုက်မောင်း"

"..."

"မင်းကို ကြောက်လို့မဟုတ်ဘူးကွ၊ နှစ်ကောင်မဖြစ်ချင်ကြလို့၊ မင်းနဲ့တူပြီး တိရစ္ဆာန်မဖြစ်ချင်ကြလို့ - သိရဲ့လား"

"..."

လူမိုက်ကြီး တိုက်မောင်းသည် ကျွန်တော်မေးသမျှတွေကိုလည်း မဖြေ၊ မျက်နှာအောက်စိုက်ရှုလျက် ငူငူကြီး တုံ့ကိုဘာဝေ လုပ်လျက်ရှိကာ ကျောက်ဆစ်ရုပ်တစ်ရုပ်လို မတုန်မလှုပ် ငြိမ်နေလေ၏၊

တစ်မိုက်ခန့်ဆံပင် ပွစုတ်စုတ်နှင့် အသားမည်းမည်း မျက်နှာပြူးပြဲ မျက်နှာတစ်ပြင်လုံးလည်း ဝက်ခြံဖုတွေ ဗရပျစ်ဖုထစ်လျက် တုတ်တုတ်ခိုင်ခိုင် ကိုက်ကောင်းကောင်း "ထောင်မင်းသား တိုက်မောင်း" သည် စင်စစ်အားဖြင့် အသက်မကြီးလှသေးပါ၊ အလွန်ဆုံးရှိလှမှ နှစ်ဆယ့်သုံး၊ နှစ်ဆယ့်လေးပေါ့၊ ကျွဲပေါက်တစ်ကောင်လို သန်မာလှသည့်အပြင် မထင်လျှင် မထင်သလို လက်ရဲဖက်ရဲ ဒိုင်းခနဲ ဒုန်းခနဲ လက်ယဉ်လွန်းလှသူ၊ ရှေ့မကြည့် နောက်မကြည့် တစ်စတစ်ဆုံး လုပ်လုပ်ပစ်တတ်သူဖြစ်၍ တစ်ထောင်လုံးက တိုက်မောင်းကိုခွေးရူးတစ်ကောင်နယ်ကြည့်ထားကြလေရာ တိုက်မောင်းကလည်း အားကျမခံ "ဘယ်ခွေးမှ လူမထင်ဘူး" အရိုးမျိုးချည်း ချိုးတတ်လွန်းသဖြင့် ကျွန်တော်တို့ထောင်မှာ ခွေးကိုက်တတ်ကို ကြိုးဖြေလွှတ်ထားခြင်း ခံရသည့် လူနေရပ်ကွက်ပမာ လူတိုင်းကိုယ်စီ နောက်ဆံတငင်ငင်နှင့် "ဘယ်အချိန် ဘာဖြစ်မလဲ" ကိုစိုးရိမ်ပူပန်ရင်း နေ့မီးညမီးဆက်၍ နေကြရလေ၏၊ သင်းဘဝ



www.burmeseclassic.com

www.burmeseclassic.com

လည်း ထုံးအိုးလို ကြာလေ အဝကျဉ်းလေ၊ အများမေတ္တာရေစူးကာ ငပေ၊ ငတေဘဝသို့ ရောက်ချင်းမလှ ရောက်နေရလေ၊

ယခုဖြစ်ရပုံကိုပဲကြည့်၊ သူနှင့် မည်သို့မျှမဆိုင်သည့်ကိစ္စထဲမှာ ကန့်လန့်ကန့်လန့်နှင့် "မဆိုင်သည့်အပေါက် ကလိုက်နှင့်ဝင်ခေါက်" ခဲ့သဖြင့် ပစ်တိုင်းထောင်အရုပ်က ကြိုးမရှိဘဲ ကြိုးပြီကြိုးရှုပ်ခဲ့ရခြင်းဖြစ်သည်၊

ထောင်လျှောက်လမ်းတွင် စီထားသည့် အုတ်ခဲကို ဖြုတ်၊ ပုံစံပုဆိုးနှင့် ထုပ်၍ သူ့ဗလကြီးနှင့် အားရပါးရ အရိုက်ခံလိုက်ရသည့် လူသစ်ပုံစံပြ ဘုတ်ကိုင် ဒူးရှည်(ခ)သန်းရင်ခများ သေမလား၊ ရှင်မလားမသိ၊ ထုံးစံအတိုင်း ပြဿနာက မိုက်ကြေးခွဲ၊ ငွေညှစ် ငွေတောင်းသည့်ကိစ္စ၊ ထောင်က လူသစ်ကလေးများဖြစ်သည့် မောင်ငယ်နှင့် ငမျိုးတို့ကို လူသစ်ခန်း တန်းစီး ရွှေမန်းနှင့် ပုံစံပြဘုတ်ကိုင် ဒူးရှည်တို့က ပညာပြနှိပ်စက်၍ ငွေမထွက်ထွက်အောင် ညှစ်ကြ၊ ရစ်ကြသည်၊ လူသစ် အကျဉ်းသားနှစ်ယောက်ကလည်း အိမ်က ထောင်ဝင်စာလာလျှင် ပေးပါမည်ပေါ့၊ ရောင်းသူဝယ်သူ အသံတူလျက် ဟန်တွေကိုကျလို့၊ ကိစ္စက ပွဲပြီးနေပြီ၊

သို့သော် ကြားထဲမှ ကိစ္စမပြီးနိုင်သူက တိုက်မောင်း၊ လူသစ်ကောင်ကလေးနှစ်ယောက်က သူနှင့်ရပ်သူရပ်သားတစ်ရွာတည်းသားတွေ၊ ထောင်အခေါ်အရပ်သားတွေ၊ ထို့ကြောင့် သူ့လို ထောင်မင်းသားလူမိုက်ပဂေးကြီးတစ်ယောက်လုံးရှိနေပါလျက် သူ့အရပ်သားတွေကလိုင်းဝင်ပြီး "သြကာသ" ရဦးမည်ဆိုလေက လူကြား၍မျှမကောင်း၊ တာပေါ် ရေလျှံသည့်အလုပ်၊ တိုက်မောင်း လက်မခံနိုင်၊ လက်မခံနိုင်သည့်အကြောင်းကိုလည်း ကောင်ကလေးတွေကို တစ်ဖက်တစ်ချက် လက်ဆွဲ၍ ရွှေမန်းနှင့်ဒူးရှည်ဆီ တည့်တည့်ကြီးသွားလျက် ပြောပြထားပြီးသား၊ "တိုက်မောင်းနှင့်ပတ်သက်မှန်း မသိ၍ တောင်းမိပါသည်၊ ယခု အိုကေပါပြီ" ဟူ၍လည်း အာမဘာန္တေခံခဲ့ကြပြီးသား၊ သို့ပါလျက်၊ တိုက်မောင်းလည်း ကွယ်ရာ ဒုံရင်းဒုံရင်းအတိုင်း ဖြဲခြောက်မြဲခြောက်နေကြပြန်၏ ... တဲ့၊ တိုက်မောင်းကလည်း သည်လိုမျိုး



သူ့နားရှက်ကို တံတွေးတက်ဆွတ်ခြင်းအတွက် ကျောင်းမှန်းကန်မှန်းသိအောင် ချက်ချင်းလက်ငင်း လက်စွမ်းပြလိုက်တော့သည်၊

စာရင်းချုပ်လိုက်တော့ ရဲအရေးပိုင်သော ပြစ်မှုကြီးစာရင်းဝင် ထောင်တွင်းရိုက်မှုကြီးတစ်မှု ကျူးလွန်တော့ထောင်ထဲမှာ ဖြစ်ပွားခဲ့ရတော့၏၊

"ကိုင်း - ကိုရင်တိုက်မောင်း - မင်းရဲ့ဘူမိနက်သန်ဖြစ်တဲ့ပြစ်ဒဏ်တိုက်ကိုသာ ကြွပေရော့၊ ပြစ်ဒဏ်စေ့ပြီး တိုက်က လွှတ်လာမှပဲ မင်းနဲ့ငါနဲ့ ထပ်တွေ့ကြမယ်"

✿

ပြစ်ဒဏ်စေ့၍ တိုက်က လွှတ်လာသည့်အခါတွင်လည်း ဘသားချော တိုက်မောင်း အချိုးပြောင်းသလား၊ ဝေးစွခြောက်ပါး၊ သူ့နဂိုနေအတိုင်းပဲ နေမြဲနေဆဲ၊

တိုက်ပြန်တိုက်မောင်း ... ဘယ်လိုပြဿနာရှာမလဲ၊ လူတိုင်းတကြောင့်ကြကြနေကြရသည်၊ ဘာမျှလုပ်စရာမရှိလျှင် ကိုယ့်ခေါင်းနှင့်ကိုယ်တိုက်ခန်းနံရံကို ပြေးဆောင့်၍ မိုက်ကန်းပြခဲ့ဖူးသူမို့လည်း တိုက်မောင်းကို ဖြစ်နိုင်လျှင် အဆက်အဆံ မလုပ်ချင်ကြ၊ တိုက်မောင်းနှင့်ယှဉ်၍လည်း ပြဿနာမဖြစ်ချင်ကြ၊ ဝေရာမဏီ ဝေးဝေးရှောင်ကြ၏၊

တိုက်မောင်းကလည်း သူ့ဂုဏ်ကိုအပျက်မခံ၊ တိုက်ကထွက်လျှင်ထွက်ချင်း ဘာသာခြားဖိုခေါင်းချက်စူဆီ ဝင်၍မိုက်ကြေးခွဲသည်၊ ရိက္ခာအဖြစ် ထုတ်ပေးထားသည့်ကြက်ဥ(၁၀)လုံးကိုကြောခိုင်းပြီးစိမ်ပြေနပြေထိုင်စားသွား၏၊ ဆေးရုံဖိုမှနွားနို့တစ်ပုလင်းနှင့်ရိက္ခာပေါင်မုန့်နှစ်လုံးနသားပါရဆွဲသွားသည်၊ အချုပ်ဆောင်တန်းစီးငရှိထံမှ စူပါကော်ဖီမစ်အထုပ်ကြီးတစ်ထုပ် သုတ်သွားသည်၊ ထောင်ဝင်စာတန်းစီးဘဲလေးထံရှိဆေးလိပ်နှင့်စားရာမှန်သမျှကို အကုန်သိမ်းကျုံးသွားပြီး ဆေးရုံဆောင်မှ နာလန်ထ လူမမာများနှင့် ဆေးကြီးဆောင်က ဘအိုများအား သဒ္ဓါဗရပ္ပ ဝေခြမ်းပေးပစ်လိုက် သည်၊



www.burmeseclassic.com

www.burmeseclassic.com

တိုက်မောင်းကြောင့် နစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ မှန်မှန်ကြီး စိတ်ညစ်နေကြရသည်။ တိုက်မောင်းသည်ကား တကယ့်ပြဿနာကောင်၊ ဂြိုဟ်ကောင်အဖြစ် လက်ခံလိုက်ရတော့မလိုလို ဖြစ်လာ၏။ တိုက်မောင်းအား ဘယ်လိုမှ ပြုပြင်၍မရနိုင်တော့ဘူးလား။

"တိုက်မောင်း ... ရေ"

"ဗျား"

"ဒီထောင်ထဲမှာ ကောင်းစွာမွန်စွာ မင်းလုပ်တတ်တဲ့အလုပ်ရယ်လို့ မရှိတော့ဘူးလားကွာ – ဟင် – တပည့်"

"ဟာ – ဆရာ ထောင်မှူးကြီးကလည်း – ကျုပ်က နိုင်းရင် လုပ်တတ်ပါတယ်ဗျ၊ ကျုပ်ကိုသာ ဘယ်သူကမှ မသုံးကြတာ၊ ဆေးဖော်ကြောဖက် မလုပ်ကြတာ"

"ဩ – ဒီလိုလား"

လုယက်မှု၊ လက်နက်မှု၊ အပြင်းအထန်နာကျင်စေမှုများဖြင့် ထောင် (၁၀)နှစ်ကျထားသောတိုက်မောင်းတွင် အဖေမရှိ၊ အမေမရှိ၊ သားချင်းဆွေမျိုးများက လုံးဝဥဿုံ ကျောခိုင်းစွန့်ပစ်ထားသော ဥတစ်လုံးတစ်ကောင်ကြွက်၊ လူ့အဖွဲ့အစည်း၏အဖယ်ခံ အကြည့်ခံ စိတ်ဒဏ်ရာများစွာက သူ့နှလုံးသားမှာ အမာရွတ်တွေအဖြစ် တင်းကျမ်း၊ ထို့ကြောင့်ပဲ စွတ်စွတ်ရွပ်ရွပ် မိုက်ကန်းနေခြင်းဖြစ်ပေလိမ့်မည်။

"ဘယ်သူခိုင်းခိုင်း၊ မခိုင်းခိုင်း ငါခိုင်းရင် မင်းလုပ်မလား"

"ခံဗျာ"

မယုံကြည်နိုင်ဟန် သူ့မျက်နှာသည် တလှဲ့လှဲ့ ဝင်းပြက်လျက်၊ တိုက်မောင်းကလည်း လူပဲလေ၊ လူလူချင်း အလေးထား အသိအမှတ်ပြုခြင်းကိုဖြင့် စံချင်ရှာပေမည်ပေါ့၊ လူကိုလူ့အဖြစ် လူ့အဖွဲ့အစည်းက တန်ဖိုးထား၊ အသိအမှတ်ပြုခြင်းလောက် မြတ်နိုးဖွယ်ကောင်းသည့်အရာမရှိ။

"ဒါပေမဲ့ – မင်း ငါ့ကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်၊ ပေးပြီးပြန်ရင်လည်း ဖျက်လို့တော့ မရဘူးနော်၊ တကယ်ကတိတည်မှုဖြစ်မှာ ..."



"အဲဒါတော့ စိတ်ချ – ထောင်မှူးကြီး၊ ကျုပ်က ထွက်ပြေးလို့ လွတ်ခဲ့ရက်သားနဲ့တောင် ကျုပ်အမှုတွဲတွေ အဖမ်းခံကြရတဲ့အခါ သူတို့ကိုငဲ့ပြီး ရဲစခန်းသွားကိုယ်တိုင်အဖမ်းခံခဲ့ကောင်း၊ အသက်သာ အသေခံပစ်လိုက်မယ်၊ ပေးပြီးသားကတိတစ်လုံးကိုတော့ အဖျက်မခံဘူးဗျ – စိတ်ချ"

"ကောင်းပြီ – ကြိုက်တယ် – အဲဒီလိုမှပေါ့၊ အဲဒီတော့ – ငါပေးတဲ့အလုပ်ကို မင်းလုပ်တဲ့အခါ မင်းကလည်း သူများကို စပြီးပြဿနာမရှာရဘူး၊ ကိုယ်ထိလက်ရောက်လည်း မလုပ်ရဘူး၊ မင်းကို လာပြဿနာရှာ၊ ကိုယ်ထိလက်ရောက်လုပ်လာခဲ့ရင်လည်း ဘယ်လိုမှမတုံ့ပြန်ရဘူး၊ သည်းခံပြီး နေရမယ်၊ နီးရာဆရာတွေက ရှင်းပေးလိမ့်မယ်၊ မင်းကတော့ ဘာမှပြန်မလုပ်ရဘူး သိလား"

"ဟုတ်"

"ကိုင်း – အဲဒါဆိုရင် – မင်း မိန်းဂျေး(လ်)မှာ စည်းကမ်းထိန်းသိမ်းရမယ် ဟုတ်ပြီနော်"

"ဗျာ ..."

ထောင်တစ်ထောင်၏အသက်သည် ထောင်အလယ်ဗဟို ကွက်လပ်ကြီးရှိ စည်းကမ်းထိန်းသိမ်းရေးရုံး (Main Jail)မှသည် ထိုမိန်းဂျေးလ်ကွင်းကြီးကို ဦးတိုက်ထားသည့် အိပ်ထောင်များ၊ တိုက်ခန်းများ၊ အလုပ်ရုံများ၊ ဆေးရုံထောင်၊ ထမင်းချက်ဖိုကြီး အစရှိသည့် ထောင်တွင်း အင်္ဂါအစိတ်အပိုင်း အသီးသီးတို့အား ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားနိုင်ခြင်းပင် ဖြစ်သည်။

တိုက်မောင်းကို မိန်းဂျေးလ်မှာထားလျှင် သင်းလည်း ခြေငြိမ်မည်၊ ကိုယ့်မျက်စိရှေ့မှာပဲ တစ်လစေ့ရှိနေလိမ့်မည်၊ သင်းကို လက်လှမ်းတစ်မီ ထိန်း၍ရမည်၊ ထောင်လည်း သေဝပ်လိမ့်မည်၊ ထိုသို့ ထောင်မှူးကြီး ကျွန်တော်က ကိုယ့်တွက်ကိန်းနှင့်ကိုယ် "တွက်ရေးက စက်သူဌေး" မျှော်လင့်ထား၏။

သို့ပါသော်လည်း ...

၈ ၈ ၈



www.burmeseclassic.com

www.burmeseclassic.com

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

"ဒေါင် - ဒေါင် - ဒေါင်"

"တွီ - တွီ - တွီ - တွီ"

"တွီ - တွီ - တွီ"

"ရိုက်ကုန်ကြပြီ - ရိုက်ကုန်ကြပြီ၊ အကျဉ်းသားတွေ အချင်းချင်းရိုက်ကုန်ကြပြီ"

"FRC တရုပ်အချုပ်သားတွေနဲ့ ဗမာအကျဉ်းသားတွေ အုပ်စုလိုက်ရိုက်နေကြပြီ"

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

"တွီ - တွီ - တွီ - တွီ"

သည်အကျဉ်းထောင်သမိုင်းတွင် တစ်ခါဖူးမျှဖြစ်ခဲ့ဖူးခြင်းမရှိ၊ တစ်ခါမျှလည်း သည်လောက် FRC နိုင်ငံခြားအချုပ်သား အကျဉ်းသား အများကြီးမရှိခဲ့၊ မထားခဲ့ရစဖူး။ ရောဝတီမြစ်ဆုံတွင် တရားမဝင် ရွှေတူးဖော်ရေးလုပ်ငန်းလုပ်နေကြသည့် ရွှေဖောင်းများ၌ တစ်ဖက်နိုင်ငံမှ ခိုးဝင်အလုပ်လုပ်နေကြသည့် တိုင်းခြားသားများကို စီမံချက်ဖြင့် ဖမ်းဆီးချုပ်နှောင်ထိန်းသိမ်းထားခြင်းဖြစ်၍ FRC တွေက များချင်တိုင်း များနေရခြင်းဖြစ်သည်၊ သူတို့က မြန်မာစကားလည်း မပေါက်၊ အနေအစားကလည်း နည်းနည်းအရိုင်းဆန်ချင်သည်၊ သူတို့ကို မတရားဖမ်းဆီးထားသည်ဟုလည်း ထင်နေကြသဖြင့် မျက်နှာကြောတွေက စပ်တင်းတင်း စပ်မာမာ၊ ထောင်သို့ရောက်လာခဲ့ကြသည်မှာ ခုနစ်ရက်တစ်ပတ်မပြည့်သေးသည့်တိုင် ရောက်ကတည်းက အတူနေ မြန်မာအကျဉ်းသားများနှင့် အစေးမကပ်နိုင်ဘဲ တကျက်ကျက်ဖြစ်နေခဲ့ကြပြီး ခွန်းကြီးခွန်းငယ် ခဏခဏဖြစ်တတ်၍ "ဘယ်နေ့ ဘာဖြစ်မလဲ" ရင်တမမဖြင့် သတိဝီရိယထားကာ စောင့်ကြည့်နေခဲ့ကြရ၏၊ ကိုင်းယစတော့ဖြစ်ပြီ။

လူစုလူဝေးဖြင့် ဖြစ်တတ်သည့် ထောင်တွင်းရိုက်ပွဲမျိုးကား အချိန်မီမထိန်းသိမ်းနိုင်လျှင် တစ်ထောင်လုံး လူကုန်လူစုံပါဝင်လာကာ ဆူပူမ်းကြီး





ဟေး—ဟေး—တိုက်မောင်းကြီး
စိုက်လဲသွားပဟေ့၊ အမယ်မယ်
ကုန်းကျုံးပြီး ပြန်ထလာပြန်ပဟ၊
ဟော—ဟော—ဗမာအကျဉ်းသား
တွေကို ဖွတ်တွန်းထုတ်နေပြန်ပြီ၊
အား—လဲပြန်ပြီဟေ့၊ ခေါင်းကို
အုတ်ခဲကျိုးမှန်သွားတာပဟ၊
ဒုက္ခပါပဲကွာ—ဒီကောင်
တိုက်မောင်းနယ်၊

လောင်းပွဲကြီး၊ ထောင်တွင်း အဓိကရုဏ်းကြီး (Doit) အထိ ကြီးကျယ်လာတတ်သည်၊

"ဂိတ်ကြီး - အသင့်"

"အသင့်ဖြစ်ပါပြီ"

"လက်နက်ကိုင်အဖွဲ့ - အသင့်"

"အသင့်ဖြစ်ပါပြီ"

"အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့ - အသင့်"

"အသင့်ဖြစ်ပါပြီ"

အကျဉ်းထောင်အတွင်းအထိ ဝင်ရောက်၍ ရုန်းရင်းဆန်ခတ်အုပ်စုကြီးကို နှိမ်နင်းဖြိုခွဲရမည်မို့ အစစ အသင့်ရှိနေမှ တော်ကာကျတတ်၏၊

"ကဲ - ထောင်ပိုင်ကြီး - ကျွန်တော်တို့အဖွဲ့ ဝင်တော့မယ်၊ အခြေအနေ မဟန်ရင်တော့ သေနတ်နဲ့ မိုးပေါ် ထောင်ပစ်ပြီးသာ အလုန့်ပေးလိုက်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

"အိုကေ – ကိုယ့်ညီ၊ သတိဝီရိယလည်း ထားဦး"

နံပါတ်တုတ်ကိုင်၊ ဒိုင်းကိုင်တပ်ဖွဲ့ဝင်(၃၀)ပါသည့်တပ်စုကို ကျွန်တော်ကိုယ်တိုင် ဦးစီး၍ မိန်းဂျေးလ်ကွင်းဆီ ချီတက်ခဲ့ကြ၏။

စားဖိုကြီးဘေးကွက်လပ်တွေမှ လူအုပ်ကြီးကား သဲကြီးမဲကြီး ရိုက်နေကြတုန်း။ စားဖိုကြီးတွင် ထမင်းဆွဲရာမှ ဗိုလ်သားအကျဉ်းသားများနှင့် FRC များ အချင်းများပြီး ရိုက်ပွဲဖြစ်ခဲ့ခြင်းတဲ့၊ FRC များက ဗိုလ်သားများကို ထမင်းထမ်း ထမ်းပိုးဖြင့် ဝင်ရိုက်သဖြင့် အိပ်ဆောင်များက မြန်မာအကျဉ်းသားများ ပြေးထွက်လာကြကာ ရန်ပွဲကြီးတစ်ပွဲကြီးကြီးကျယ်ကျယ်ဖြစ်သွားရခြင်း …တဲ့၊ မျက်မြင်အရတော့ ဟိုဘက်ဒီဘက် လူ(၃၀၀)ခန့် သဲကြီးမဲကြီး ရိုက်နေကြဆဲ။

"ဟိုမှာ – ဟိုမှာ – တိုက်မောင်း – တိုက်မောင်း မဟုတ်လား"

"ဟုတ်တယ် – ထောင်မှူးကြီး – တိုက်မောင်းရယ်"

"ဟာ – ဒီကောင် – လူအုပ်ကြားထဲမှာ ဘာဝင်လုပ်နေတာတုံး၊ ဒီလောက် ခွေးရူးကိုက်သလို ကိုက်နေကြတဲ့ သရဲမင်းရဲလူအုပ်ကြီးထဲမှာ …"

"ဟာ – ဟာ – ဒီကောင်က ရန်ပွဲကို လူစုခွဲပေးနေတာ ခင်ဗျ၊ ဟော – တွေ့လား၊ သူ့ဗလကြီးနဲ့ တစ်ယောက်ကို ဆွဲထုတ်သွားပြီ၊ ဟော – FRC နစ်ကောင်ကိုခါးက ဆွဲမြှောက်ပြီး လွှင့်ပစ်လိုက်ပြီ၊ ဟော – ဒူးရှည်လက်ထဲက တုတ်ကို အတင်းဝင်လုပြီး လွှင့်ပစ်လိုက်ပြီ၊ အဲဗျာ – အဲဗျာ – တိုက်မောင်း လက်ထဲ ဘာမှမပါတော့ သူ့ချည်းပဲ အဆော်ခံ အတီးခံနေရပါလား၊ အိုး မျက်နှာတွေလည်း ဖူးရောင်လို့၊ သွေးတွေလည်း ရဲပတောင်းခတ်လို့၊ အာ ဒီကောင် သေတော့မှာပဲ"

"ဟေး – ဟေး – တိုက်မောင်းကြီး – စိုက်လဲသွားပဟ၊ အမယ်မယ် ကုန်းကျူးပြီး ပြန်ထလာပြန်ပဟ၊ ဟော – ဟော – ဗမာအကျဉ်းသားတွေကို ဖွတ်တွန်းထုတ်နေပြန်ပြီ၊ အား – လဲပြန်ပြီဟေ့၊ ခေါင်းကို အုတ်ခဲကျိုးမှန်သွားတာဟ၊ ဒုက္ခပါပဲကွာ – ဒီကောင် တိုက်မောင်းနယ်"

"တွီ – တွီ – တွီ – တွီ"



"လူစုခွဲကြ – လူစုခွဲကြ"

"တွီ – တွီ – တွီ – တွီ"

"ပုံစံထိုင် – ပုံစံထိုင် – ရောက်ဟဲ့နေရာမှာ ပုံစံထိုင်နေနော်၊ မထိုင်ရင် ရိုက်မှာ – ထိုင် – ထိုင်"

"တွီ – တွီ – တွီ – တွီ"

ရန်ပွဲသည် (၁၅)မိနစ်၊ မိနစ်(၂၀)ခန့် အပြင်းအထန် ဆက်ဖြစ်နေသေး၏၊ ပြီးမှ တစ်စတစ်စ လူစုကွဲသွားပြီး ငြိမ်ဝပ်သွားတော့သည်။

"တိုက်မောင်းကောဟေ့ – တိုက်မောင်းကို ရှာကြစမ်း"

အလဲလဲ အကွဲကွဲ ဖရိုဖရဲ လူအုပ်ကို နင်းခွကျော်လွှားရင်း တပည့်ကျော် တိုက်မောင်းကြီးကို အမောတကော ရှာဖွေရသည်။

"ဟော – ဟောဒီမှာတွေ့ပြီ – ထောင်မှူးကြီး၊ အိုး – မြင်ရက်စရာလည်း မရှိတော့ပါလား – တိုက်မောင်းရယ်၊ မှန်း – အသက်မှ ရှိသေးရဲ့လား"

လူ့ကိုယ်ကောင်ကြီးတစ်ခုလုံး သွေးအလိမ်းလိမ်းဖြင့် ဖွဲ့အိတ်ကြီးလို ပုံပုံကြီးလဲနေသော တိုက်မောင်းကို ကြည့်လိုက်ရုံနှင့် တစ်သက်လုံးတခဲထားလေသမျှ သည်တစ်ပွဲမှာ အတိုးရော အရင်းပါ ပေါင်း၍ အားရပါးရ အကြွေးဆပ်လိုက်ကြပြီမှန်း သိလိုက်ပါပြီ၊

"တိုက်မောင်း – တိုက်မောင်း – တပည့် – သတိရရဲ့လား၊ ဟေ့ – တိုက်မောင်း – တိုက်မောင်း"

သူ့ပုခုံးကိုကိုင်၍ ခပ်ကြမ်းကြမ်း လှုပ်ကာမေးမိရ၏။

"ဆရာ – ထောင် – မှူး – ကြီး"

"ဟာ – မင်း – မင်း – သတိရသေးတာပဲ၊ ဘာမှမဖြစ်ဘူး – တပည့်၊ အခုပဲ ဆေးကုလိုက်ရင် မင်းချက်ချင်း နေလို့ကောင်းသွားမှာ – သိလား"

"ဆ – ဆရာ – ထောင် – မှူး – ကြီး"

"အေး – တပည့် – ပြော၊ ဆရာရှိတယ်"

"ကျုပ် – ကျုပ် – ဘယ်သူ့ကိုမှ ဘာမှမလုပ်ခဲ့ဘူးနော်၊ သိလား – ဆရာ ထောင် – မှူး – ကြီး"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ ..."

ကျွန်တော့်ကို စိုက်ကြည့်လျက် လက်ခနဲ တစ်ချက်ပြုံးပြကာ ပွက်ခနဲ သွေးတွေအန်၍ တိုက်မောင်း သတိမေ့သွားတော့၏၊ ခဏကလေးအတွင်းမှာပင် တိုက်မောင်း ဆုံးသည်။

ကျွန်တော်တို့ ထောင်ကလေးသည် ဤသို့ဖြင့် "ထောင်မင်းသားကြီး တိုက်မောင်း" ကို အပြီးအပိုင် စွန့်ပစ်လိုက်ရလေသည်။

၀☯၀

မည်သို့ပင်ဖြစ်စေ၊ တိုက်မောင်းကဲ့သို့သောလူမိုက် - အဲလေ - မှားလို့ တကယ့်လူကောင်းတစ်ယောက်ကို ယနေ့အထိ ထပ်ပြီးမတွေ့ရသေးချေ။

⇒ ဇေယျမင်းချွင်


**စာမူများ**

ပေးပို့လိုပါက


**အယ်ဒီတာအဖွဲ့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

အမှတ် (၅၀၈/၅၁၂)(၂/ခ)၊ ပထမထပ်

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


www.burmeseclassic.com

www.burmeseclassic.com

**ချစ်သူနှင့်အတူနေဖို့မိန်းမသွားတောင်းရာမှ ပြောင်းလဲသွားသောဘဝတစ်ကွေ့တစ်ဆစ်ချိုးကို ထိတ်လန့်ဖွယ်ဖတ်ရှုရမည်..**

"**လူ့ခန္ဓာကိုယ်မှာ** ထင်ရှားတဲ့အမှတ်အသားဆိုတာ ဘာကို ဆိုလိုတာလဲ - ဆရာမျိုး"

လက်ဖက်ရည် အတူသောက်နေကျမိတ်ဆွေ ကိုကြည်အေးရဲ့အရင်း မရှိ၊ အဖျားမရှိမေးခွန်းကြောင့် အံ့အားသင့်သွားရတယ်လို့ ပြောရမယ်။

"ဘာတွေစိတ်တူးပေါက်လာပြန်တာလဲ - ကိုကြည်အေးရယ်"

"မဟုတ်ဘူး - ဆရာမျိုးရဲ့၊ ကျွန်တော် နည်းနည်းရောထွေးနေလို့ပါ"

"ဘယ်လိုကြောင့် ရောထွေးနေရတာလဲဗျာ။ လူ့ခန္ဓာကိုယ်ပေါ်က မြင်သာထင်သာတဲ့နေရာတွေ (အထူးသဖြင့်ဦးခေါင်းပိုင်းလို့ ပြောရမှာပဲ)။ အဲဒီလိုမျိုးမှာ မွေးရာပါအမှတ်၊ စာ (အနီ - အနက်)၊ မှဲ့ (အနီ - အနက်)၊ အမာရွတ် စတာတွေဟာ ထင်ရှားတဲ့အမှတ်အသားပါပဲ"

"ဒါဖြင့် - လူတွေပြောနေကြတဲ့ (အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး၊ ဤသုံးချက်၊ ခုမပိုင်လျှင်၊ နောင်ပြင်ရန် ခက်သည့်အမျိုး) ဆိုတာထဲက ဆေးမှင်ကြောင် ထိုးတာကကောဗျာ"

"သူက ထင်ရှားတာတော့ မှန်တယ်။ မြင်သာထင်သာ မဟုတ်ဘူး။ အဝတ်နဲ့ ဖုံးကွယ်ထားတာကိုး။ ဒါကြောင့် - သိသာထင်ရှားတဲ့အမှတ်အသားလို့ မပြောခဲ့တာပေါ့။ အဝတ်အစားဖယ်လိုက်ရင်တော့ ဆေးမင်ကြောင်ထိုးတာတွေ ပေါ်မှာပါ"

"ထင်ရှားတဲ့အမှတ်အသားဆိုတာ ကြည့်လိုက်ရင် ရှင်းရှင်းကြီး မြင်နိုင်တဲ့ အမှတ်အသားကို ဆိုလိုတာလို့ ကျွန်တော် နားလည်လိုက်ပါပြီ"

"မှန်ပါတယ်။ ထင်ရှားတဲ့အမှတ်အသားဆိုရင် ထင်းခနဲ မြင်သာတာပါပဲ၊ ကိုယ်မှာရှိတဲ့ အမှတ်အသားဆိုရင်တော့ အားလုံးအကျုံးဝင်ပါလိမ့်မယ်"

"ဆရာပြောတော့ ကွဲပြားသွားပါပြီ။ ဒါပေမဲ့ - ကျွန်တော့်မှာ ဆေးမင်ကြောင်ထိုးထားတာနဲ့ပတ်သက်လို့ တစ်သက်မမေ့နိုင်တဲ့ အတွေ့အကြုံ တစ်ခု ရှိခဲ့ဖူးပါတယ်၊ တကယ်မမေ့လောက်စရာပါ"

"ဟုတ်လား - ဆိုစမ်းပါဦး"

"ဆရာက စာရေးတဲ့လူဆိုတော့ ဆရာအတွက် ကုန်ကြမ်းဖြစ်,မဖြစ် မပြောနိုင်ပေမဲ့ ထူးခြားတဲ့ဇာတ်လမ်းတစ်ခုလို့ ဆိုရမှာပဲ"

"ကဲ - ကိုကြည်အေး - မပြောသေးဘဲ ကြော်ငြာဝင်လုချည်လား"

ဒီစကားကို သဘောကျပြီး ကိုကြည်အေး တဟားဟား ရယ်လိုက်တယ်။

"ကျွန်တော့် အခု အသက် (၆၀) ကျော်မှာ အထိုင်တကျ ဆိုင်နဲ့ ကနားနဲ့ ရောင်းချနေနိုင်ပေမယ့် လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်က လမ်းလျှောက်ဈေးသည်တစ်ယောက်ပါ။ အညာထည်တွေ၊ ပုဆိုး၊ အင်္ကျီ၊ စွပ်ကျယ်လေးတွေကို ထမ်းပိုးပြီး ရွာစဉ်လှည့်ရောင်းခဲ့ရဖူးတယ်၊ အထူးသဖြင့် ဇာတိ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့ တာဝန်ဘာတခုရှိင်ထဲက မြို့နယ်ဝေးကျေးရွာတွေ ထိုးသလောက် ရောက်ခဲ့ဖူး တာပေါ့၊ အဲဒီအထည်တွေကိုတော့ ဖြတ်သာဝင်ဆိုင်ကြီးတွေက တချို့ယူပါလိမ့် မယ်၊ အဝတ်အထည်တွေကို ဈေးလမ်းမှန်း အသွားအပြန် ဆိုက်ခဲ့တဲ့ ဒေသ တွေမှာ ရောင်းရတယ်၊ အဲဒီခရီးအားလုံးမှာ ကျွန်တော်တို့ ဈေးသွားပါပဲ၊ ရောင်းရင်း ဝယ်ရင်း ကျွန်တော်လို ရောင်းချနေသူ နှစ်ဦးနဲ့ မိတ်ဆွေဖြစ်ခဲ့ ထယ်၊ တစ်ဦးက ကိုအုန်းကြည်တဲ့၊ တစ်ဦးက ကိုစိုးလွင်၊ ကိုအုန်းကြည်က ကျွန်တော့်ထက် အသက်ကြီးပြီး ကိုစိုးလွင်က ငယ်တယ်၊ လူမှုရေးချင်းတွေ ဖေမှည့် အဲဒီအချိန်က နယ်ခရီးသွားရုံမျှ သွားလာရမလွယ်သလို ယုံခြုံရေး လည်း သိပ်မကောင်းသေးဘူး၊ ဒါကြောင့် သွားဖော်လာဖက်ရအောင် ပေါင်း စည်းမိသွားကြတယ်ဆိုရမှာပဲ"

ကိုကြည့်အေး ပြောနေရင်းက အစကိုပြန်ပြောင်းသတိရသွားလေ သလားမသိ၊ မျက်နှာက ငိုင်ငိုင်တွေတွေ၊

•●•

"ဒီတစ်ခေါက် အရင်သွားခဲ့ဖူးတဲ့ မြန်အောင်နယ်စပ်က တောင်ခြေရွာ ကလေးတွေဘက်ကိုပဲ သွားမလားလို့"

ကိုစိုးလွင်က စကားစလိုက်ပါတယ်၊ ကျွန်တော်နဲ့ ကိုအုန်းကြည်တစ် ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး သိပါတယ် သဘောလိုက်ရမယ်) ဆိုတဲ့အပြုံးမျိုး ပြုံးမိကြတာ မြင်လိုက်တော့ ကိုစိုးလွင်တစ်ယောက် မလုံ မလဲ၊

"ကျွန်တော်က ရောင်းကောင်းလို့ အကြံပေးတာပါဗျာ၊ တစ်မျိုးမထင်ပါ နဲ့၊ တခြားမှာ ပိုရောင်းကောင်းမယ်ထင်ရင်လည်း သွားကြတာပေါ့"

"အေးလေကွာ - တို့က ဘာပြောသေးလို့လဲ၊ ရောင်းရဝယ်ရတာ သူ့လို ကိုယ်လိုဆိုတော့ သွားသင့်တဲ့နေရာပေါ့လေ၊ အသည်းစိုင်ကို ဆွဲကိုင်လှုပ်



နိုင်တဲ့ နေရာမတော့ရှောင်၊ ကိုအုန်းကြည်နဲ့ငါက လူအိုတွေဖြစ်သွားလို့ တို့ကွာ ထားတဲ့ အထဲမှာ မင်းတို့တွေကလည်း ရင်ခုန်ချင်တွေပဲပေါ့၊ မင်းတို့သာရောက်တာပည့် လုပ်ပျိုတွေဆိုတော့ မင်းတို့ကြိုက်တဲ့ဘက် ရွေးပါကွာ - ရပါတယ်"

"ဒီလိုပြောမယ်ထင်သားပဲ၊ အမှန်ပြောရရင် သွားချင်တာလည်း မှန်ပါ တယ်၊ ရောင်းကောင်းတာလည်း ဟုတ်ပြီး အမှန်ပါနော်"

ကျွန်တော်တို့ ရယ်နေလိုက်ကြတယ်၊ သူတကယ် ရှက်ပြီး မျက်နှာကြီးနီလို့၊ တစ်ခုတော့ ရှိတယ် ညီလေး ကိုစိုးလွင်၊ မင်းတို့လူငယ်ကိစ္စမှာ ပေါ့ချင် ပါဘူး၊ ဒါပေမဲ့ - ကျေးလက်တောရွာက လူတချို့ဟာ သူတို့ကို ထိနိုက်စော် ကားတယ်ထင်ရင် မစံတတ်ဘဲ ရန်ပြီးဖွဲ့လေ့ ရှိတယ်၊ လက်တုံ့ပြန်ဖို့လည်း ဝန်မလေးကြဘူး၊ ဒါကြောင့် - မင်းမေတ္တာရှိနေတဲ့ ကလေးမလေးကို အတည် ယူမယ်ဆိုရင် ကြံပါ၊ မဟုတ်လို့က အပျော်သဘော မလုပ်နဲ့၊ ခရီးမလွန်ခင် နောက်ဆုတ်လိုက်တော့၊ နောက်ကြွင်း မကောင်းဘူး - ညီလေး၊ ကြပ်ကြပ် သတိထားပါကွာ"

ကိုအုန်းကြည်ရဲ့စကားကို ကိုစိုးလွင် နားထောင်နေရှာတယ်၊

"စိတ်ချပါ - အစ်ကိုရယ်၊ ကျွန်တော် အချစ်ရေးကို ပေါ့ပေါ့တန်တန် မလုပ်ပါဘူး၊ သေချာစဉ်းစားဆုံးဖြတ်မှာပါ၊ ကျွန်တော်လည်း ငယ်တော့တာ မှမဟုတ်တာ၊ သတိထားပါ့မယ်"

ကိုစိုးလွင့်အဖြေစကားကလည်း လက်ခံလောက်တဲ့စကားပါ၊ ဒီလိုနဲ့ မြန်အောင်နယ်ထဲကို တစ်ပတ်ထပ်ရောင်းဖြစ်ပြန်ပါတယ်၊ တည်းတဲ့အိမ် တွေက ရွာကြီးတစ်ရွာမှာဆိုတော့ ပါလာတဲ့ ကုန်တချို့ထားခဲ့ပြီး ဝန်းကျင်ရွာ တွေကို လှည့်ရောင်းကြတာပါ၊ ရွာကလည်း ခပ်ကျဲကျဲမို့ နှစ်ရက်လောက် ရောင်းရင် နှံ့စပ်ပါတယ်၊ မှလရွာမှာ တစ်ရက်လောက်ပြန်နားပြီး ဆက်ရောင်း ရင်း မြို့နယ်ကူးဖို့ အစီအစဉ်၊ တစ်ဖက်မှာ အင်ပူမြို့နယ်က ရှိနေတာကိုး၊ မြန်အောင်အစပ် တောင်ခြေတစ်ဝိုက်မှာ ရွာသိမ်ရွာငယ်တွေ များတာပါ၊



www.burmeseclassic.com

www.burmeseclassic.com

ရေကြည်ရာ မြက်နုရာ လေးငါးဆယ်အိမ်လည်း တစ်ရွာဖြစ်နေသလား မသိဘူး။ ကျွန်တော်တို့စခန်းချတည်းနေတဲ့ရွာကတော့ အိမ်ခြေငါးဆယ်လောက်ရှိမယ်။ တောထူပြီး အသွားအလာခက်လို့ သုံးလေးရက်မှန်းပေမယ့် တစ်ပတ်နီးနီးလောက် ကြာသွားတယ်။

အဲဒီမှာကြာတာ ကျွန်တော်နဲ့ ကိုအုန်းကြည်ဖို့ အဆင်မပြေပေမဲ့ ကိုစိုးလွင်တို့အတွက် အကြိုက်ပဲပေါ့။ သူသဘောကျနေတဲ့ ကောင်မလေး (သူ့အဖော်အပြောအရ နောက်တစ်ပတ်လှည့်လာရင် အဖြေပေးမယ်လို့ ပြောတဲ့ကလေးမ)နေတာက ရွာနဲ့ မိုင်ဝက်လောက်ရှိမယ့် အစုလေးမှာပါ။ ပထမရက်တွေ အဖော်ခေါ်သွားသေးတယ်၊ နောက်ရက်တွေမှာ သူတစ်ယောက်တည်းသွားပြီး ညဉ့်နက်မှပြန်လာနေကျ။ ပြန်လာရင်လည်း ခြေကုန်လက်ပန်းကျလို့ တရှူးရှူး အိပ်သွားတော့တာပဲ။ သူ့ဖြေလှမ်းပျက်နေတာ သိပေမယ့် ကိုအုန်းကြည်နဲ့ ကျွန်တော်က ဘာမှမပြောတော့ဘူး။

ဒီတစ်ခေါက်ပြန်ပြီး နောက်တစ်ခါပြန်ထွက်တဲ့အထိ ကိုစိုးလွင် ရောက်မလာသေးလို့ ကျွန်တော်နဲ့ ကိုအုန်းကြည်(လေးမျက်နှာနယ်)ဘက် ထွက်ခဲ့တယ်။ ကျွန်တော်တို့အလုပ်က တစ်နှစ်သုံးခေါက်။ အလွန်ဆုံး လေးခေါက်ပဲ ထွက်တာပါ။

ကျွန်တော်တို့လည်း မြန်အောင်ကို ခြေဦးမလှည့်တာ ကြာပါပကော လား။ တွက်ကြည့်ရင် သုံးလေးလတော့ ရှိမယ်။

ခုတစ်ခေါက် ပြန်ထွက်ခါနီးလောက်မှာ ကိုစိုးလွင် ရောက်လာတယ်။ လူကလည်းပိန်ချုံးလို့၊ ကျွန်တော်က မြို့ခံသား၊ ကိုအုန်းကြည်က ရှားစဲရွာက၊ ကိုစိုးလွင်ဟာ ဇလွန်မြို့နယ်တောပိုင်းကပါ။ အလုပ်ချင်းတူပေမယ့်နေတာက တစ်နေရာစီ။ ပြောမယ်ဆိုရင် ကျွန်တော်နဲ့ ကိုအုန်းကြည်ကို ဟင်္သာတမြို့နယ်သားဆိုနိုင်ပေမယ့် ကိုစိုးလွင်ဟာ ဇလွန်မြို့နယ်သားပါ။ တစ်ခရိုင်ထဲသားတွေတော့ မှန်ပါတယ်။ ကိုစိုးလွင်ပုံစံက နာလန်ထစပဲ ရှိဦးမယ် ထင်တယ်။



"ကျွန်တော် ဖျားလိုက်တာ သေကောင်းပေါင်းလဲပဲ၊ ဒီတစ်ချီ သေရောအောက်မေ့ရတယ်၊ ကံကောင်းလို့ ဆရာသမားရဲ့ဆေးချက် ဦးသွားပြီး အသက်ရှင်ခွင့်ရခဲ့တာပါ၊ ခင်ဗျားတို့ဆီလည်း အကြောင်းမကြားနိုင်ဘူးလေ"

"နို့ - အခုကော - လိုက်နိုင်လို့လား၊ နားပါဦးလားဗျာ"

"မနားတော့ဘူး၊ တဖြည်းဖြည်း အားပြည့်ဖို့ပဲ လိုတာပါ၊ ကျွန်တော်လိုက်ချင်တဲ့အကြောင်းလည်း ရှိတယ်၊ ဒီတစ်ခေါက်လိုက်မှာက ကျွန်တော်ပိုးလေးနဲ့ လက်ထပ်တော့မယ်၊ အိမ်ကလည်း ခွင့်ပြုလိုက်ပြီ"

ကျွန်တော်တို့အားလုံးဟာ ကိုစိုးလွင်ရဲ့ချစ်သူကလေးမကို မမြင်ဖူးဘူး၊ (ကိုစိုးလွင့်အဖော် ကိုထွန်းဝေကတော့ လိုက်သွားဖူးလို့ မြင်ခဲ့ပါလိမ့်မယ်၊) ဒါပေမဲ့ - သူ တတွတ်တွတ်၊ တဖွဖွပြောနေတာမို့ ပိုးလေးဆိုတဲ့ နာမည်ကတော့ ရင်းနှီးနေခဲ့တယ်၊ ကျွမ်းကျွမ်းဝင်ဝင်ပါပဲ၊

ပိုးလေးရဲ့အဖေဟာ မုဆိုးကြီးဆိုတာရယ်၊ သူတို့အိမ်မှာ ခွေးဆိုးဆိုးတွေ လေးငါးခြောက်ကောင်မွေးထားပြီး အဲဒီအိမ်စုလေးရဲ့လူကြီးဆိုတဲ့အကြောင်းတွေ ခဏခဏကြားရတော့ နားယဉ်နေပြီ၊ ပိုးလေးဟာ တစ်ဦးတည်းသော သမီးတဲ့၊ သူ့မှာ အဖေကော အမေပါ ရှိသေးပေမယ့် သူ့အဖေက အချစ်ဆုံးဆိုပဲ၊ သမီးကို ချစ်လွန်းလို့ ကျောင်းမထားတော့ သေစာရှင်စာလောက်တောင် ခွေမျိုးတွေက သင်ပေးလို့ဆိုလား၊ ဟိုအရင်ကတည်းက ကိုစိုးလွင်ပြောခဲ့ဖူးတာတွေဟာ မကြားချင်အဆုံးပေါ့၊ သူ ပိုးလေးကို နစ်နစ်ကာကာချစ်တာပါ၊

"ဘာပဲဖြစ်ဖြစ်၊ ငါ့ညီ မင်း တည်တည်တံ့တံ့ အိမ်ထောင်ပြုမယ်ကြားရတော့ ဝမ်းသာတယ်၊ မင်းရဲ့မင်္ဂလာဆောင်ကို ငါရော၊ ကိုကြည်အေးရော လာမှာပါ၊ မင်းရဲ့လက်ဖျံပေါ်မှာ အသည်းပုံလေးကိုဆေးစိုက်ပြီး (ချစ်စိတ်)လို့ ဆေးမင်ကြောင်ထိုးထားတာကို တွေ့နေတာပဲ၊ တကယ်တမ်း မင်းရဲ့ချစ်စိတ်တာ နိုင်မြဲပါပေတယ်ကွယ်၊ ယောက်ျားဆိုတာ အဲဒီလိုမှပေါ့"

www.burmeseclassic.com

မိတ်ဆွေကြီး ကိုအုန်းကြည်ရဲ့ရင်ထဲက စကားအတိုင်း ကျွန်တော်တို့အားလုံးကလည်း ဝမ်းသာအယ်လဲ ရှိနေကြပါတယ်။ ကာယကံရှင်ကိုစိုးလွင် အနေနဲ့ ကြည်နူးရွှင်မြူးနေမယ်ဆိုတာ အသိသာကြီးပါ၊ သူ့မျက်နှာမှာ ပြုံးပန်းတွေဝေလို့၊ ကိုစိုးလွင် အထည်ပစ္စည်းတွေ ဝယ်အပြီးကို စောင့်ဆိုင်းထွက်ခဲ့ရတယ်၊ နောက်နေ့ ရထားစီးလို့ မြန်အောင်ကို ရောက်ခဲ့တယ်ပေါ့။ မြန်အောင်က ခြေကျင်အနောက်ဘက်ကို သွားရမှာပါ။ မြန်အောင်မြို့နယ် တစ်ဝက်လောက်ဟာ သစ်တောကြိုးဝိုင်းတွေပဲ။ ရခိုင်ရိုးမတောင်ခြေက တောင်ထိပ်အထိ သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ထားကြတယ်၊ ရောင်းရင်း ချရင်း တစ်စတစ်စ တောင်ခြေရွာနဲ့ နီးသွားမှာပါ။ မရောက်ခင်ကတော့ တစ်ရွာဝင်၊ တစ်ရွာထွက် ရောင်းနေရမှာပဲ။ နံ – ခရီးကလည်း ထမင်းမစားခင် ရွာအရောက် မှန်ထားပေမယ့် (၁၁)နာရီ ထိုးတော့မယ် မရောက်သေးဘူး။

"မင်းတို့ တွက်ထားသလို မရောက်ရင် စားရေးခက်မယ်၊ ထမင်းထုပ်တွေ ထုပ်ပေးဖို့ ပြောထားတယ်၊ စာတော့လည်း ကိုယ့်ထမင်းထုပ် ဖြေစားရုံ ရှိတော့မပေါ့၊ မလိုလေး လိုလေး ယူသွားတာ မမှားဘူးလို့ ထင်တယ်"

ကိုအုန်းကြည် အမြော်အမြင်ရှိလို့ တော်သေးရဲ့၊ ရွာရောက်မှ ချက်စားရရင် မလွယ်၊ အနည်းဆုံး နှစ်ချက်လောက်မှ စားရမှာ သေချာတယ်၊ ရွာကို မတွေ့ရသေးပေမဲ့ ရွာဝင်ဇရပ်ကလေးကို မြင်နေရပြီ၊ ဇရပ်မှာ ထမင်းစားပြီး အေးအေးဆေးဆေး ရွာထဲဝင်ကြဖို့ ဆုံးဖြတ်လိုက်တယ်၊ အချိန်က (၁၁) နာရီသာသာ၊

•●•

အသင့်တွေ့တဲ့ ရေအိုးစင်က ရေတွေ သောက်လို့ရပြီပဲ၊ ဘူးတွေထဲက ရေကျန်တွေ ခွက်တစ်ခုနဲ့ထည့်၊ လက်ဆေးပြီး ထမင်းထုပ်တွေ ဖြေစားဖို့ ပြင်နေကြတုန်း ဘုန်းတော်ကြီးတစ်ပါး သပိတ်လွယ်တက်လာတယ်၊ ခရီး



သွားကိုယ်တော်တစ်ပါးပဲ ဖြစ်မယ်၊ လွယ်အိတ်တစ်လုံး လွယ်ထားတာတွေ့နေရတာကိုး၊ ဒီအချိန်အထိ ရွာဆက်ကျဲနေတာကြောင့် ဆွမ်းဘုဉ်းပေးရဦးမယ်လည်း မထင်ဘူး၊ ကျွန်တော်တို့လူစု ဘုန်းတော်ကြီးရဲ့ သပိတ်တောင်းပြီး ကမန်းကတန်း ကိုယ့်ဝေစုတစ်ထုပ်စီက ဆွမ်းနဲ့ ဆွမ်းဟင်းတွေ ခပ်ထည့်လို့ ဆွမ်းကပ်တော့ ကိုယ်တော်ကြီးက လက်ခံဘုဉ်းပေးပါတယ်၊ တစ်ဦးစီမှာပါလာတဲ့ မုန့်ပဲသရေစာက အရံပွဲပေါ့၊ ဒီလိုနဲ့ အားလုံးထမင်းစားပြီးတော့ (၁၂)နာရီထိုးပြီ၊

"ဒကာတို့က ဈေးသည်တွေလား"

ဘုန်းတော်ကြီးက စတင်အမိန့်ရှိလိုက်တဲ့စကားပါ၊

"မှန်လှပါ၊ အထည်ရောင်းတဲ့ အထည်သည်တွေပါ ဘုရား"

"အင်း – ဘုန်းကြီးလည်း ဒကာတို့ ဆွမ်းကပ်လို့ ဘုဉ်းပေးလိုက်ရတာပါ၊ နို့မို့ မွန်းလွဲပြီလေ၊ ရေသောက်ဖို့ပဲ ရှိတော့တာပေါ့ – သာဓု – သာဓု – သာဓု"

အသေအချာဖူးရခါမှ ဘုန်းတော်ကြီးရဲ့သန့်စင်ဝင်းပတဲ့ အသားအရည်၊ ခန့်ညား တည်ကြည် အေးချမ်းတဲ့ ရုပ်အဆင်း၊ အသွင်အပြင်က ရင့်ကျက်မှုတွေ ပြည့်ဝနေတဲ့ ကုန္ဒြေတော်၊ အထူးသဖြင့် နေရိပ်တဲ့ အမိုးအကာအောက် တိုင်အောင်ကြည်လင်တောက်ပနေဆဲ မျက်လုံးအစုံ၊ ထူးထူးခြားခြားရဟန်းတစ်ပါးပါပဲ၊

"ဒကာတို့နဲ့ မခွဲခွာခင် ပြောချင်တာလေးတွေ ရှိတယ်၊ (အစိန္တိတမ္ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ၊) အစိန္တိတမ္ပိ – မကြံဘဲလည်း၊ ဘဝတိ – ဖြစ်တတ်တယ်၊ စိန္တိတမ္ပိ – ကြံပါလျက် လည်း၊ ဝိနဿတိ – ပျက်စီးတတ်တယ် (မဖြစ်ဘူးပေါ့၊) အားလုံးဟာ ကံစီမံရာအတိုင်း ဖြစ်နေတာပါ၊ ဘဝက ဝဋ်ကြွေးရှိရင် ကြွေအောင် ဆပ်ကြရမှာပဲ၊ ဘာပဲဖြစ်ဖြစ်၊ လာလမ်းဟာ ပြန်လမ်းဖြစ်သင့်တယ်၊ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်

www.burmeseclassic.com

ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကိုယ် ကောင်းစွာရွက်ဆောင်နိုင်ကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေ"

ကျွန်တော်တို့အားလုံး လက်အုပ်ချီမိုး ရှိခိုးကန်တော့နေစဉ်မှ ဖရုပ်ပေါ်က ဆင်းပြီးကြွသွားတယ်၊ တစ်ချက်ကလေး နောက်ပြန်လှည့်မကြည့်တော့ဘူး၊

"ကိုအုန်းကြည် – ကိုယ်တော်ကြီး မိန့်သွားတာက တစ်မျိုးပဲဗျား ဘာကိုဆိုလိုတာလည်း မသိဘူး၊ ကျွန်တော်တို့ မင်္ဂလာဆောင်မယ့်အစီအစဉ် ပျက်မယ်ပြောတာတော့ မဟုတ်လောက်ပါဘူး ... နော်"

"မင်းကလဲကွာ၊ ကိုယ်တော်ကြီးက တရားသဘောတွေ ပြောဟောသွားတာ အယူမသီးစမ်းပါနဲ့၊ ဘာဆိုင်တာမှတ်လို့ ..."

အဲဒီလို ကိုအုန်းကြည် ဖြေသိမ့်လိုက်ပေမယ့် သူကိုယ်တိုင် မျက်စိမျက်နှာ အပျက်ပျက်၊ ကျွန်တော့်ကိုလည်း မကြာခဏ လှမ်းကြည့်နေတယ်၊ သူ့သက်ပြင်းတချချဖြစ်နေတာ အသိသာကြီးပဲ၊ လာတဲ့လူတွေက ဈေးရောင်းဖို့ သက်သက်လေ၊ ကိုယ်ရေးကိုယ်တာကိစ္စပါနေတာက ကိုစိုးလွင်တစ်ယောက်တည်းပါ၊

"ကဲ – ထကြပော့၊ ရွာထဲကျမှ နားကြတာပေါ့"

ကျွန်တော်ကပဲ စကားဆက်ရှည်မှာစိုးလို့ စကားစ ဖြတ်လိုက်ရတယ်၊ ရွာထဲအသွားမှာ ကိုအုန်းကြည် ဦးမဆောင်ဘဲ နောက်ချန်နေခဲ့ပြီး ကျွန်တော့်နား ကပ်လာတာ တစ်ခုခုပြောချင်လို့ပေါ့၊ ကျွန်တော် အထာပေါက်လိုက်တယ်"

"ကျွန်တော်တော့ ကိုစိုးလွင်ကို စိုးရိမ်တယ်ဗျာ၊ သူက သူ့ရည်ရွယ်ချက်ကြီးနဲ့ လာခဲ့တာ၊ တစ်ခုခုလွဲချော်ရင် ဒီလူ ရင်ကွဲရောပဲ၊ ရဟန်းတော်ကြီး ပြောသွားတုန်းက သူ့ကို ကြည့်ပြောနေတာ၊ ပွင့်ပွင့်လင်းလင်း မပြောတာပဲရှိတယ်၊ သူ့ကို ရည်ညွှန်းတာ သေချာပါတယ်"



"ကျွန်တော်လည်း သတိထားမိခဲ့တယ်၊ ကိုအုန်းကြည်အမြင်နဲ့ ကျွန်တော့်အမြင် တစ်ထပ်တည်းပါပဲ၊ သူ့ စိတ်မကောင်းဖြစ်မှာစိုးလို့ စကားဖြတ်ပစ်လိုက်တာ၊ သူ့ကိစ္စ ချောချောမောမော အေးအေးချမ်းချမ်း ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ"

ရွာထဲရောက်တဲ့အထိ ကျွန်တော်တို့ စိုက်စိုက် စိုက်စိုက် လျှောက်လှမ်းလာပြီးတစ်ယောက်နဲ့တစ်ယောက် စကားမပြောမိ၊ အတွေးတွေ များခဲ့မြို၊

နောက်နှစ်ရက်အကြာမှာ ...၊

တောင်ခြေက စခန်းချမယ့်ရွာရောက်တော့ ကိုစိုးလွင်ခမျာ ဖင်တကြွကြွ၊ ပိုးလေးကို သွားတွေ့ပြီး မင်္ဂလာသတင်း ပြောချင်နေပြီလေ၊

"ကဲ – အမောအပန်းဖြေ ရေမိုးချိုး၊ စားသောက်ပြီးမှ သွားပါဗျာ၊ ခင်ဗျားကြည့်ရတာ မျောက်မီးခဲ ကိုင်မိသလို ဂနာကို မငြိမ်ဘူး"

"ပြောလည်း ခံရမှာပဲ၊ သူလေးနဲ့ တွေ့ချင်လို့ပါဗျာ၊ သူလေးကလည်း ကျွန်တော့်ကို မျှော်လှရော့မယ်"

ထမင်းစားပြီးချိန်အထိ ကိုစိုးလွင် အောင့်အည်းသည်းခံနေရသလားသိ၊ မြင်းဖောင်းက လွှတ်လိုက်တဲ့မြင်းလို စားလည်းပြီးရော ပိုးလေးရှိရာကို ပြေးတော့တာပဲ၊ ဒီအချိန်မှာ (ငယ်ခါစင်စစ်၊ မိုက်ရှယ်သစ်က၊ အချစ်တကျား၊ ညှိသစ္စာကား၊ ပါရမီတရား၊ မဟုတ်ခြားဘူး၊ ကြိုးစား၍သာ၊ ပယ်အပ်စွာ၏၊) ဟု မဃဒေဝက ဆိုတယ်ပြောလည်း၊ ကိုစိုးလွင်အဖို့ ဆိုဆိုပဲပေါ့၊

ကျွန်တော်တို့တည်းနေတဲ့အိမ်ဟာ အရင်က သမီးနဲ့သားမက်ကို တစ်အိမ်ခွဲထားတဲ့အိမ်ပါပဲ၊ အခု သားမက်ရဲ့ဖခင် ဆုံးပါးသွားတော့ သူ့အိမ်အလုပ်ကိစ္စတွေ သူပြန်ဦးစီးနေရတဲ့အခါ ဗိုလ်ဖြစ်သူကိုလည်း ခေါ်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါသွားတော့ မပိုးဖေ့ အဖေကြီးမျက်နှာက တစ်မျိုး ခပ်ထန်ထန်ပဲ။ နောက်ပြီး အမေ လေည်း အဝင်မခံဘူး။ ခြံထွက် ပြောနေတာ။ ကျွန်တော်တို့ ရောက်စက ဦးသံတစ်သံ ကြား သေးတယ်။ အဘိုးကြီးမာန်လိုက် ရပ်သွားတာပါ။ ခါတိုင်းတွေ့နေတဲ့ သူ့အမေကြီးလေည်း မတွေ့ဘူး။ ဘာတွေဖြစ်မှန်း မသိရတော့ ဆိုးတယ်။ သူ့အဖေကြီးဟာ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ။

ဒါကြောင့် အိမ်လွှတ်ဖြစ်နေတုန်း အစန့်သင့် ရက်ပိုင်းလောက် ငှားနေတာပါ။ သူတို့အိမ်ကပဲ အိုးခွက်ပန်းကန်တွေငှားလို့ ကိုယ့်ဘာသာ ချက်စားနိုင်ခဲ့ တယ်။ စားကုန်သောက်ကုန်တွေ ဝယ်လို့ရတဲ့ဆိုင်ကလည်း အဆင့်သင့်ပဲ။ ကိုစိုးလွင်က တစ်ခါတစ်ခါ (မတော်ရသေးတဲ့ယောက္ခမကြီး) ပစ်ရတဲ့ အသား စို၊ အသားခြောက်တွေ ဝယ်ဝယ်လာတတ်တော့ ဟင်းစားမရှားလှဘူး။ သူများ ရှားတာတောင် ကိုယ်က ရှုမြိန်းလို့။

ကိုစိုးလွင်တစ်ယောက် ယောက္ခမတွေ မျက်နှာလုပ်ဖို့ လက်ဆောင် ပဏ္ဏာတွေရယ်၊ သူ့ချစ်ချစ်လေးအတွက် ချစ်သက်လက်ဆောင်တွေ တစ်ဖွေ့



ဘစ်ပိုက်ကြီးနဲ့ သွပ်ပုံးလေးရဲ့ အထမ်းသမားတွေကတော့ လူစုံတယ်တွေ့မို့ အပူ အပင် မရှိလှဘူး။ ရယ်လိုက် မြောက်လိုက် ပျော်မြူးနေကြတယ်။ ကျွန်တော်နဲ့ ကိုအုန်းကြည်က ကိုစိုးလွင် မပြန်မချင်း သူသွားတဲ့ကိစ္စ အဆင်ပြေပါ့မလား ဆိုတဲ့စိုးရိမ်စိတ်နဲ့ ပူပန်နေကြရတယ်။ တဖြည်းဖြည်း မိုးတွေလည်း ချုပ်သွားပြီ။ လူငယ်တွေက ခေါင်းချရင် အိပ်ပျော်တာပဲ။ ည (၉) နာရီလောက်မှာ တိတ်တိတ် ဆိတ်ဆိတ်နေတဲ့ ရွာထဲ မီးရှူးအသံ၊ ဖောင်သံတွေက ညလို့ နားကွဲမတတ် ဆိုရ တယ်။ ကျွန်တော်က ကိုအုန်းကြည်ကို စကားစမိတယ်။

"ကိုစိုးလွင်က မလိုက်စေချင်ပေမဲ့ တကယ်ဆို အဖော်တစ်ယောက် လောက် ထည့်လိုက်ရမှာ၊ ကျွန်တော်တို့ ညံ့သွားတယ်ဗျာ"

"သူ့ကိစ္စ အဆင်ပြေ့မပြေသာ သိချင်တာပါ၊ ဒီလမ်းက သူသွားနေကျ မို့ သိပ်စိတ်ပူစရာ မရှိပါဘူး"

ကျွန်တော်တို့အိပ်တော့ (၁၁) နာရီထိုးပြီ။ မနက်ဘက်ရောက်ရင် ပစ္စည်း ဆောင်းရ၊ ချရဦးမှာ အိပ်ရေးပျက်လို့ မဖြစ်ဘူး။

မိုးစင်စင်လင်းတဲ့အထိ ....။

ကိုစိုးလွင် အိပ်ရာမှာ လူမတွေ့၊ မနေ့ညက လုံးဝပြန်မလာတော့ ရေသချာ သွားပြီ။ အရောင်းထွက်ဖို့ကိစ္စ အသာထား။ ကိုစိုးလွင်အတွက် စဉ်းစားရ တော့မယ်။

"ကဲ - ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော်က ကိုအုန်းကြည်ကို အကြံတောင်းလိုက်မိတယ်။

"ရှာလွှတ်ရမှာပေါ့၊ ဒါမှ သဲသဲကွဲကွဲ သိမယ်မဟုတ်လား"

ကိုစိုးလွင်သွားတဲ့ အိမ်ကို ရောက်ဖူးပေါက်ဖူးရှိတဲ့ သူ့အထမ်းသမား ကိုထွန်းဖေ ဦးဆောင်ပြီး အထမ်းသမားနှစ်ယောက် ထည့်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ပြောဆိုဆက်ဆံတာက အခု သတိထား၊ မရိုင်းစိုင်းနဲ့၊ ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာပြော၊ ကိုစိုးလွင် ပြန်ခေါ်ခဲ့ဖို့ အရေးကြီးတယ်၊ တွေ့တွေ့ရာရာတွေ မပြောမိစေနဲ့"

အထပ်ထပ် မှာပြီး လွှတ်လိုက်ရတယ်၊ ပြောမှား ဆိုမှားရှိခဲ့ရင် အခက်၊ သူများနယ်လေ၊ ကိုယ့်ရွာမှာ ကြက်ဖခေပမယ့် သူများရွာမှာ ကြက်မပဲပေါ့၊ သူတို့တစ်တွေ တစ်နာရီလောက် မရှိတတ်,ရှိတတ်မှာပြန်ရောက်လာတယ်၊ လက်ထဲမှာလည်း အထုပ်တစ်ထုပ်ဆွဲလို့ သုံးယောက်တည်းပါ၊

"အဲဒါ – ဘာထုပ်လဲကွ"

"ဟင်းစားထုပ် ပေးလိုက်တာပါ၊ ကျွန်တော် သွားချက်တော့မယ်"

"နို့ – ကိုစိုးလွင်ကော မတွေ့ဘူးလား – ကိုထွန်းဝေ"

"ကိုစိုးလွင်က မပိုးလေးနဲ့ သူ့အစ်ကိုရွာဘက် သွားတယ်တဲ့"

•●•

"အဲဒါ – မဖြစ်နိုင်ဆုံးစကား ကျွန်တော် မယုံဘူး၊ လှည့်စားတာပဲ"

ပြောလိုက်သူက ကိုထွန်းဝေကိုယ်တိုင်ပါပဲ၊

"ဘာဖြစ်လို့လဲ – ကိုထွန်းဝေ – ပြောပါဦး"

"တစ်ခါက မပိုးလေး ပြောခဲ့ဖူးတယ်၊ သူ့အစ်ကိုဟာ သူ (၁၅)နှစ်သမီးမှာ သေတာတဲ့၊ ဝမ်းကွဲအစ်ကိုလည်း မရှိတော့ ယောကျ်ားလေးအစ်ကိုတစ်ယောက်ရှိရင် သိပ်ကောင်းမှာပဲတဲ့၊ ကျွန်တော်ကတောင် နောက်မိသေးတယ်၊ အစ်ကိုလိုချင်ရင် အစ်မတစ်ယောက်နဲ့ ငွေပေးစားဆိုတော့ ရယ်လိုက်တာ၊ ဒီတစ်ခါသွားတာ မပိုးလေးအဖေကြီးမျက်နှာက တစ်မျိုး၊ ခပ်ထန်ထန်ပဲ၊ နောက်ပြီးအိမ်ထဲလည်း အဝင်မခံဘူး၊ မြဲဝထွက်ပြောနေတာ၊ ကျွန်တော်



တို့ ရောက်စက ငိုသံတစ်သံ ကြားသေးတယ်၊ အဘိုးကြီးမာန်လိုက်လို့ ရပ်သွားတာပါ၊ ခါတိုင်းတွေ့နေတဲ့ သူ့အမေကြီးလည်း မတွေ့ဘူး၊ ဘာတွေဖြစ်မှန်းမသိရတာ ဆိုးတယ်၊ သူ့အဖေကြီးဟာ တစ်ခုခုကိုဖုံးကွယ်ထားသလိုပဲ၊ ကိုစိုးလွင်အတွက် စိုးရိမ်မိတယ်ဗျာ"

ကိုထွန်းဝေပြောစကားတွေက ကိုစိုးလွင်အတွက် ပူပန်စရာပါပဲ၊

"ခေအာင်မယ်လေး – လာကြပါဦး – ဘာကြီးလဲ"

အိမ်ရှေ့မှာ စကားဝိုင်းဖွဲ့နေတဲ့လူတွေ နောက်ဖေးပြေးဝင်သွားကြတယ်၊

"ကျွန်တော် – ဟင်းတုံးကြီးက ကြီးလို့ – အရိုးဖယ်တုန်း တစ်နေတော့ ဒါကြီး ထွက်လာတာပဲ – ကြည့်ပါဦး"

အသားတုံးတစ်တုံးကို ရေဆေးပြလိုက်တယ်၊ သွေးစတွေ စဉ်သွားတဲ့ အခါအသားတုံးအပေါ်မှာထင်ထင်ရှားရှား(အမှတ်အသားတစ်ခု)၊ အသည်းပုံကို ဓားစိုက်ပြီး စာတန်းက (ချစ်စိတ်)၊

"ဒါ – ဒါ – ကိုစိုးလွင်ရဲ့လက် – လက်ဖျံပေါ်ကအရုပ်"

"ဟောကောင်တွေ – ပစ္စည်းမြန်မြန်သိမ်း – မြန်မြန်သိမ်း၊ တို့ဆီကို မီးကူးလာနိုင်တယ်၊ ခုချက်ချင်း ဒီကပြေးမယ်၊ ရဟန်းကြီးပြောတာ မှတ်မိရဲ့လား၊ လာလမ်းအတိုင်း ပြန်မယ်၊ တိုးတိုးတိတ်တိတ်လုပ်ကြ"

အိမ်ရှင်ကို ပစ္စည်း ပြန်အပ်ပြီး အဂ်ပူနယ် ကူးမယ်ပြောခဲ့ပေမယ့် လာလမ်းအတိုင်း ပြန်မှာပါ၊ အခု စခန်းချတဲ့နေရာကို အကြောင်းကိစ္စမရှိဘဲ ဝန်ထမ်းတွေ လာခဲတယ်၊ အပေါက်အရပ် မရှိကြဘူး၊ ဝေးလံခေါင်သီတဲ့ အရပ်မှာဖြစ်တဲ့ကိစ္စ ရင်ဆိုင်ဖြေရှင်းဖို့ လွယ်မတဲ့လား၊ သေသူကတော ရှင်လာမှာလား၊

မကျေနပ်စိတ်ကို အံ့ကြိတ်ပြန်ခဲ့ရတယ်၊ ကိုစိုးလွင်ကြောင့် သမီးဖြစ်သူ ထိပါးစော်ကားခံရတာလို့ တစ်စွန်းတစ်စသိသွားရာက သူတို့ပဒေသာဂနဲ့



www.burmeseclassic.com

www.burmeseclassic.com

သေနင်္ဂရဲတဲ့လေကျွေကျော်ပဲ၊ ပိုးလေးလည်း အသက်ရှင်လျက် ရှိမယ်မထင်ဘူး။ တစ်ကြောယ်ဆိုသူရှိလျက်နဲ့ သူချစ်သူကို အထိခိုက်မခံပါဘူးလေ။

အတွေးတွေကပဲလုံ့စီနေတော့တယ်။ ကျွန်တော်တို့တစ်တွေ ဆုံးဖြတ်လိုက်တာက တစ်သက် ဒီလို နယ်စွန်နယ်စပ် သွားမရောင်းတော့ပါဘူးဆိုတာကိုပါပဲ၊ အဖြစ်လို့လည်းဆိုတော့အဲဒီကပေးလိုက်တဲ့ထင်ရှားတဲ့အမှတ်အသားကို မမေ့နိုင်လို့ပါ၊ ကြုံဆုံဖူးတဲ့ ရဟန်းကြီး မိန့်ကြားခဲ့တယ်။

(ဘဝက ဝဋ်ကြွေးရှိရင် ကြေအောင် ဆပ်ကြရမှာပဲ)

သံဝေဂသတ္တာ တမ္ဗသကာ

⇒ မျိုးသစ်

# စာမူရှင်များသို့


မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com




...အောင် ရေးခဲ့သည့်စာအုပ်ကို အဝတ်သေတ္တာထဲ တရိုတသေ ပြန်သိမ်းရင်း ...ခဲ့တစ်ယောက် စိတ်ထဲမှာ မချင့်မရဲဖြစ်နေသည်။ အဘအောင်စာအုပ်က အုပ် ...ည်တပ်ခဲ့သော်လည်း မျက်နှာဖုံးမပါတော့၊ ပြီးတော့ - စာအုပ်တွေက ညိုညစ်ညစ် ...ထိုးသလို အပေါက်ပေါက်တွေ ဖြစ်နေပြီ။ နှစ်ကြာလာပြီဖြစ်သည့်အတွက် ...ရွက်မှာ ကြွပ်ဆတ်ဆတ်နှင့်။ သို့ကြောင့် ကျောက်ခဲမှာ ဒီစာအုပ်ကို တရိုတသေ ...ခဲ့ရတာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဒီစာအုပ်က ကျောက်ခဲအတွက် အသက်တမျှ အရေးကြီးသည်လေ။ စာအုပ်ထဲက အကြောင်းအရာတွေက ကျောက်ခဲ အလွန်ဖတ်ချင်၊ လိုချင်သည့်အကြောင်းတွေပါသည်။ ဒီအကြောင်းတွေကိုဖတ်ရင်း တစ်ဦးတည်း စိတ်ကူးနှင့် ရူးခဲ့သည်ဆိုရင်လည်း မမှား။ တစ်နေ့နေ့မှာတော့ ထိုစာအုပ်ထဲကအတိုင်း အကောင်အထည်ဖော်ပြမည်။ ရွာပေါ်မှာ ကျောက်ခဲမှ ကျောက်ခဲဖြစ်ရမည်ဟု ကြုံးဝါးခဲ့တာလည်း ကာလကြာခဲ့ပြီ။ ခုအချိန်မှာတော့ ရည်မှန်းချက် မပြည့်သေး၊ ရုပ်လုံးမပေါ်သေး၊ သည့်အတွက် ကျောက်ခဲအနေနှင့် မချင့်မရဲဖြစ်မိရင်း မကျေမနပ် ဖြစ်ခဲ့ရသည့်ရက်တွေ မနည်းတော့။

တကယ်တော့ - ကျောက်ခဲ ဖတ်ခဲ့သည့်စာအုပ်က အဖေဖြစ်သူရဲ့အဖေ၊ ကျောက်ခဲရဲ့အဘိုး၊ အဘအောင် ရေးခဲ့သည့် ဇလာစာအုပ်လေး။ ပြောရရင် အဘအောင်ရဲ့ တကူးတက ရေးမှတ်ခဲ့ သည့် စာအုပ်။ ထိုစာအုပ်ထဲက အကြောင်းအရာကို ကျောက်ခဲ စိတ်ဝင်စားသည်၊ လိုချင်သည်၊ ဖြစ်နိုင်လျှင် ငွေပေးမည်၊ ဖြစ်နိုင်လျှင် သူကိုယ်တိုင် ရအောင်ယူမည်၊ သည်သို့ဆုံးဖြတ်ထားသည့် ကျောက်ခဲ၊ အဲ - အခုထက်ထိတော့ ဘာကိုမှ အဖြေမရသေး၊ အဖြေရအောင်လည်း ကျောက်ခဲ ကြိုးစားဆဲ၊ ခုချိန်မှာတော့ ကျောက်ခဲ ရည်မှန်းချက်က မှုန်ဝါးဝါး။

စာအုပ်နှင့်ပတ်သက်ပြီး မှတ်မိသေးသည်လေ၊ လွန်ခဲ့သည့်ခြောက်နှစ်ခန့်က အဘအောင်ရဲ့အသက် ကိုးဆယ့်ငါးနှစ်ထဲအရောက် ဆုံးပါးခဲ့သည်။ အဘွားကတော့ အဘအောင်အလျင် သုံးနှစ်ခန့်ကတည်းက ဆုံးပါးခဲ့သည်လေ၊ ဒီတော့ - အဘအောင်သည် သားဖြစ်သူ ကျောက်ခဲအဖေတို့အိမ်မှာ သေသည်အထိ နေသွားခဲ့သည်၊ အဘအောင်က အဖေ့ကို ချစ်သည်၊ သားနှစ်ယောက်၊ သမီးတစ်ယောက်ရှိပြီး သူ့အိမ်ထောင်နှင့်သူ နေကြပေမယ့် အဖေ့အိမ်မှာ လာနေခဲ့ရှာသည်၊ အဘအောင်က ကျန်းမာရေးကောင်းသည်၊ သွားမကျိုး၊ မျက်စိမမှုန်ပေမဲ့ နားကတော့ နည်းနည်းထိုင်းချင်ချင်၊ ကွမ်းဝါး သည့် အဘအောင်ရဲ့သွားတွေ ဘယ်တော့ဖြစ်ဖြစ် ဖြူသေးသည်၊ အသေ



အချာကြည့်တော့ အဘအောင်က ကွမ်းယာထဲ ထည့်ဝါးသည့်ရှားစွဲတွေကို မီးဖုတ်ပြာချ၊ ပြီးတော့ - အိမ်သုံးဆားကိုရောပြီး မှုန့်ညက်အိနေအောင် ထောင်း၊ အဲဒီနှစ်မျိုးကိုသမပြီး ဘူးထဲထည့်ထားသည်လေ၊ မနက်တစ်ခါ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် သွားအမြဲတိုက်သည့် အဘအောင်၊ ဖွေးနေသည့် အဘအောင်ရဲ့သွားတွေ၊ ကျန်းမာရေးကလည်း ကောင်းခဲ့သည်လေ၊ ဘယ်တော့ဖြစ်ဖြစ် ရေအေးအေး အဝသောက်၊ ဘူးရွက်၊ ကန်စွန်းရွက်၊ ဒန့်သလွန်ရွက်၊ ရဲယိုရွက်၊ တမာနှင့် ခွေးတောက်ရွက်ဆို အသေအလဲကြိုက်သည့် အဘအောင်၊ ဘူးသီးပြုတ်၊ ရုမ်းသီးပြုတ်၊ သခွားသီးတို့ဆိုရင် အငမ်းမရ ကြိုက်သည့် အဘအောင်။

ဒါကြောင့်လားမသိ၊ အသက်ကိုးဆယ်ကျော်အထိ နေသွားခဲ့သည်၊ ဒါတောင် တစ်ရက်မှာ အိမ်သာသွားရင်း ချော်လဲခဲ့ရာ ဒူးခေါင်းနာသွားပြီး မသွားမလာနိုင်ဖြစ်ပြီး စိတ်ဓာတ်တွေကျခဲ့ရသည်၊ မသေခင်မှာ အမယ်လေး တ၊ ဘုရားတပြီး အော်ဟစ်မနေရတာကိုက အဘအောင်ရဲ့ ကျန်းမာရေးကြောင့် ဘုရားတရားမြဲလို့ဟု ကျောက်ခဲ ယုံကြည်သည်၊ ပါးစပ်က ဘုရားတရားမပြတ်သလို လက်ကလည်း စိပ်ပုတီး မပြတ်သည့်အဘအောင်၊ ပြီးတော့ - စာဖတ်ဝါသနာပါသည့် အဘအောင်။

အခုတော့ မရှိတော့ပြီ၊ အဘအောင် အသုဘချတော့ ကျောက်ခဲ ငိုခဲ့သေးသည်၊ နောက်တော့ မေ့မေ့ပျောက်ပျောက်၊ သို့သော် အဘအောင် ခေါင်းအုံးကို အဖေဖြစ်သူ ရှင်းရင်းနှင့် ဇလာစာအုပ်လေး တွေ့ခဲ့သည်၊ အဖေက စာအုပ်ကလေးကို ဘုရားကျောင်းဆောင်ထက်မှာ တင်ထားသည်၊ ဖတ်တော့ မကြည့်သေး၊ နောက်မှ ဖတ်ကြည့်မည်ဟု ကျောက်ခဲ အကဲခတ်မိသည်၊ ထိုစဉ်ကတော့အဖေဖတ်နေသည်မှာ တရားစာအုပ်ဟု ထင်ထားခဲ့ပြီး ကျောက်ခဲကိုယ်တိုင်ကလည်း ထိုစာအုပ်ကို ယူပြီးမကြည့်မိ၊ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေ သည်မို့ အလေးမထား၊ နောက်တော့ အဖေဖြစ်သူ အသက် ခုနစ်ဆယ်တွင်းအရောက် နေမကောင်းဖြစ်၊ အိပ်ရာထဲ လဲနေသည့်အချိန်

www.burmeseclassic.com

ဘုရားပန်းကပ်ရင်းနှင့်ထိုစာအုပ်ကလေးကိုတွေ့ပြီးကျောက်ခဲဖတ်ဖြစ်သည်ကို။

ဖတ်ရင်းနှင့် ကျောက်ခဲ စိတ်ဝင်စားလာသည်၊ အဘအောင် ရေးထားသည့်အကြောင်းက တကယ့်အဖြစ်အပျက်တစ်ခု၊ အဖြစ်အပျက်က ဆန်းကြယ်သလို အကြောင်းအရာကလည်း စိတ်ဝင်စားစရာကောင်းနေသည်၊ ပထမတော့တစ်ကြိမ်ယူပြီးဖတ်၊ ဘုရားကျောင်းဆောင်ပေါ်စာအုပ်ပြန်ထား။ နောက်ရက်တွေကျတော့ ပြန်ဖတ်၊ ဖတ်ရင်းနှင့် စာအုပ်ကို ဘုရားကျောင်းဆောင်ပေါ် မထားတော့၊ ကျောက်ခဲအိပ်ရာခေါင်းအုံးအောက် သိမ်းထားသည့်အထိ၊

"အင်း - ဟုတ်မယ်၊ ဖြစ်နိုင်တယ်၊ ငါ အဲဒါကို ရအောင်ကြိုးစားမယ်"

ရင်ထဲကကြံစည်နေပေမယ့် ဒီလိုအဖြစ်မျိုး ကြုံကြိုက်မှုဆိုတာ အတော်ခဲယဉ်းမည်မှန်းသိသည်၊ သို့ကြောင့် တောလည်ထွက်တတ်သည့် ပေသီး၊ ကြွက်သိုး၊ ပေါက်စ၊ ချစ်တီးတို့ကို မှာထားသည်လေ၊ ခုချိန်အထိတော့ ဘာကိုမျှ သတင်းမကြား၊ လူလုံးလည်း မပြတြသေး၊

တွေးရင်းနှင့် မျက်ဝန်းထဲမှာရော၊ နှလုံးသား ဗဟိုချက်မထဲမှာပါ မြင်ယောင်လာသူက အေးမိ၊

အေးမိရဲ့မျက်နှာက ကျောက်ခဲ အမြင်အာရုံထဲမှာ ပြက်ပြက်ထင်ထင်၊ အေးမိ ပြုံးနေသည်၊ အလှအပမလေး အေးမိ၊ လူတိုင်းကြိုက်နေသည့် အေးမိ၊ ပါးကွက်ကြားလေးနဲ့အေးမိ၊ တော်ကောက်မည့် သူများသည့် အေးမိ၊

"နင် တစ်ရက်ရက် ငါ့ကို ကြိုက်လာမှာပါ - အေးမိရာ၊ ငါ့အကြံ မအောင်သေးလို့၊ အောင်ပြီဆိုရင် နင် ငါ့အပေါ် ချစ်လာမှာပါ၊ ကောက်ကောက်ပါအောင် လိုက်လာမှာပါ"

ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်ရင်းပြုံးမိသည်၊ စောစောက အဘအောင်ရဲ့စာအုပ်လေးစံရာ အဝတ်သေတ္တာကို တစ်ချက်ငဲ့ကြည့်ပြီး ခုတင်ထက်က ထလိုက်သည်၊ အခန်းထဲက ထွက်ခဲ့သည်၊ အပြင်ရောက်တော့ နွားနီတစ်ရှဉ်း



နှင့် နွားပြာမတို့မှာ လှေစာကျင်းကနေမော့ပြီး စားမြုံ့တော်ပြန်နေကြပြီပဲ၊

သြော် - နွားစာကုန်နေပြီတဲ့ရဲ့၊

* * *

"ကိုကြီးကျောက်ခဲ - ကိုကြီးကျောက်ခဲ"

ထင်မှတ်မထားသည့်အချိန် ကြားလိုက်ရသည်က ပေသီးရဲ့အသံ၊ ပေသီးဆိုတာ ကျောက်ခဲတို့ရွာမှာတော့ တောလိုက်နာမည်ကြီး၊ အသက်က နှစ်ဆယ်မပြည့်တတ်သေးပေမယ့် တောလည်အသက်ကတော့ ဆယ်နှစ်ကျော်နေသည့်ကောင်၊ ကြွက်ထိုးရမလား၊ မြွေဖမ်းရမလား၊ ပုတတ်လိုက်၊ ယုန်လိုက်ရမလား၊ ပြီးတော့ - ဖားရှာ၊ ငါးရှာလိုက်ရမလား၊ အကုသိုလ်

ဝါးဖတ်ခမောက်ကို ဆောင်း၊

တောဝတ်ဖျင်အင်္ကျီကို ဝတ်

ပြီးတော့ - တောကိုင်းဓား ...

ဓားလှံတစ်ချောင်း၊ လေးခွနှင့်

လောက်စာလုံးထည့်ထားသည့်

လွယ်အိတ်ကိုလွယ်။ ပြီးသည်နှင့်

အမဲကို လယ်သွားကြည့်ဦးမယ်

ဟုပြောပြီး ထိမ်ခဲ့သည် ...

အစ်မဖြစ်သူက မေးသည်ကို ...

ပြန်ပြီးမဖြေခဲ့။





www.burmeseclassic.com

www.burmeseclassic.com

အလုပ်နှင့် အကျိုးပေးသန်သည့်ကောင်၊ အတန်းပညာကတော့ လေးတန်း နှစ်နှစ် ဆက်ကျလို့ ကျောင်းထွက်လိုက်ရသည်၊ ကျောက်ခဲအနေနှင့် အဘအောင်ရဲ့စာအုပ်ကို ဖတ်ပြီးကတည်းက အဲဒီစာအုပ်ထဲကလို ပစ္စည်းမျိုးစုံရဖို့ အကြောင်းဖန်လာရင် လာပြီးပြောဖို့ မှာထားသည်၊ မှာထားရုံမက ထန်းရေဖိုး အရက်ဖိုးလည်း ပေး၊ ကျောက်ခဲ မဝတ်တော့သည့် ပုဆိုးအကျီလည်း ပေးထားခဲ့ရသေးသည်လေ၊

အခုတော့ - ဒီကောင် ပေသီး အပြေးရောက်လာပုံထောက်ရင် မိမိမှာထားခဲ့သည့် အရာမျိုးတွေ့လို့ လာပြောတာဖြစ်မည်၊ ဒါမျိုးဆိုတာ တွေ့ခဲ့ကြုံခဲ့သည်ကို ကျောက်ခဲ သိပါသည်၊ သူများကိုလည်း အကျိုးအကြောင်းမှာထားရင်း မိမိအနေနှင့်ကလည်း အဲသလိုမျိုးကြုံလိုကြုံငြား တောထွက်ရင်း၊ လယ်ထွန်ရင်း၊ ကျိုးကန်းတောင်းမှောက် ကြည့်ရတာ အမော၊ အမောသာ အဖတ်တင်ခဲ့သည်၊ လုံးဝမကြုံခဲ့သေး၊

"ဘာလဲ - ပေသီး - ပြောကွာ"

ပေသီးကို ရှေ့က ဆီးကြိုရပ်ရင်း မေးသည်၊ နေလောင်ထား၍ ညိုမည်းမည်းမျက်နှာပြင်ထက်ရှိ ဆားပေါက်နေသည့်ချွေးစက်များကို ညစ်ထေးထေး လက်ဖမိုးနှင့်သုတ်ရင်း ပြောလာသူက ပေသီး၊

"ဒီနေ့ ကျုပ် ဟို ... ထိန်တောရဲ့ဟိုဘက် ညောင်ညိုချောင်းကိုသွားပြီး ငါးရှာရင်း ကြွက်ထိုးရင်းသွားတာ၊ အဲဒါ - ကိုကြီးကျောက်ခဲ မှာထားတဲ့ အကောင်နှစ်ကောင် တွေ့ခဲ့တယ်"

"ဟင် - တ - တကယ်"

ပေသီး သတင်းပေးချက်ကြောင့် ကျောက်ခဲရင်ထဲ ထီဆုကြီးပေါက်သထက်ဝမ်းသာသွားသည်၊ ဘေးဘီကိုအကဲခတ်ရင်းအိမ်ထဲကိုကြည့်သည်၊ အဖေသည် နာလန်ထစမို့ အိမ်ထဲမှာ၊ အမေက မီးဖိုချောင်ထဲမှာ၊ အစ်မဖြစ်သူက အိမ်ဘေးမှာ ထင်းခွဲနေသည်၊ ပေသီးအနားတိုးကပ်ရင်း ကျောက်ခဲက ပြောသည်၊"

"သေချာတယ်နော်"



"ဟုတ် - သေချာတယ်၊ အဲဒီနှစ်ကောင် မိတ်လိုက်တော့မှာ"

"ဟုတ်ပြီ၊ ဒီတော့ - မင်းက ငါနဲ့လိုက်ခဲ့၊ မင်းအတွက် နေ့တွက်ပေးမယ်၊ ငါ့ကို ကူညီပါကွာ၊ ဟုတ်ပြီနော်"

"စိတ်ချ - ကျုပ်သာ ပိုက်ဆံပေး၊ ကျုပ် ကြွက်မထိုးတော့ဘူး"

"အေး - ကောင်းပြီ"

ကျောက်ခဲက ဖြေရင်း အိမ်ထဲဝင်သည်၊ ဝါးဖတ်ခမောက်ကို ဆောင်း၊ တောဝတ်ဖျင်အကျီကိုလဲ၊ ပြီးတော့ - တောကိုင်ဓားရှည်၊ မားလုံတစ်ချောင်း၊ လေးခွနှင့် လောက်စာလုံးထည့်ထားသည့် လွယ်အိတ်ကိုလွယ်၊ ပြီးသည်နှင့် အမေ့ကို လယ်သွားကြည့်ဦးမယ်ဟုပြောပြီး လစ်ခဲ့သည်၊ အစ်မဖြစ်သူက မေးသည်ကို ပြန်ပြီးမဖြေခဲ့၊

"လာ - ပေသီး"

"ဟုတ်"

"မြန်မြန်လစ်ကြစို့ - တော်ကြာ"

ကျောက်ခဲ စကားဆုံးအောင် မပြောနိုင်၊ ရွာထဲကနေ၍ အပြေးထွက်ခဲ့ကြသည်၊ ဒီကြားထဲ ဘယ်လဲ၊ ဘယ်သွားမလို့လဲဆိုပြီး ရှေ့ကပိတ်ရပ်ပြီး မေးသူတွေက ရှိသေးသည်၊ စိတ်မရှည်ချင်တော့၊ ဒီနားပါလို့ ဖြေတန်ဖြေ၊ မေးငေါ့ပြပြီး ဖြေတန်ဖြေနှင့်လာခဲ့ရာ ရွာအပြင် ရောက်ခဲ့ပြီ၊

ရွာတောင်ဘက်အရောက် ရွာ၏အနောက်ဘက်ရှိ ချင်းတွင်းမြစ်ကို မြင်နေရသည်၊ ကွေ့ကောက်နေသည့်မြစ်ရေက ဖွေးနေသည်၊ ကျောက်ခဲတို့ရွာသည် ချင်းတွင်းမြစ်အရှေ့ဘက်တွင် ရှိသည်၊ ကမ်းနဖူး မေးတင်နေသည်၊ ရွာရဲ့စီးပွားရေးကအစုံ၊ အချို့က တောင်သူ၊ အချို့က ဈေးရောင်း၊ အချို့က သစ်ချဝါးချ၊ အချို့က တံငါအလုပ် လုပ်ကြ၊ မျိုးစုံရှိသည့်ရွာ၊ အိမ်ခြေကတော့ နှစ်ရာကျော်ရုံသာရှိသည့်ရွာလေး၊ ပြောရလျှင် ရေလုပ်သားလို့ခေါ်ကြသည့် တံငါလုပ်သူကများပြီး တောင်သူလုပ်ငန်းလုပ်သူက နည်းသည်လေ၊ အဲ - ကျောက်ခဲတို့ကတော့ စီးပွားရေးက မဆိုး၊ တောင်သူတစ်ရှဉ်းလုပ်ရှိသည့် လုပ်ငန်းရှင်၊



www.burmeseclassic.com

www.burmeseclassic.com

ယခု ကျောက်ခဲတို့ သွားနေသည်က ထိန်တော၊ ထိန်တောဆိုတာ ရွာရဲ့ တောင်ဘက် မိုင်ဝက်ခန့်ပင်မဝေး၊ အရပ်စကားနှင့်ပြောရလျှင် တစ်ခေါ်သာသာဝေးသည်၊ ထိန်တောဆိုပေမယ့် ထိန်ပင်နစ်ပင်သာရှိပြီး ထန်းပင်နှင့် မန်ကျည်းပင်အချို့သာရှိပြီး ကိုင်းတောက ကျယ်သည်၊ တောရိုင်းမြေတွေ၊ ဒါကြောင့် ချုပုတ်တွေက ဟိုမှာဒီမှာ အပြည့်၊ တောကောင်ကလည်း ပေါသည်၊ ကြွက်တွေ၊ မြွေတွေ ကျက်စား ကြီးစိုးရာတောဆိုရင်လည်း မမှား။

ထိန်တော၏တောစပ်မှာတော့ ညောင်ညိုချောင်းရှိသည်၊ ကျောက်ခဲတို့ ရွာ၏ အနောက်ဘက် တောင်မြောက်စီးဆင်းနေသည့် ချင်းတွင်းမြစ်မှနေ၍ အရှေ့အရပ်ဆီ ဦးတည်နေသည့်ချောင်း၊ ချင်းတွင်းမြစ် ရေကြီးချိန်ဆိုလျှင် မြစ်ရေများသည် ညောင်ညိုချောင်းထဲ စီးဝင်ပြီး ရေကျချိန်ဆိုလျှင် ရေမရှိ၊ မိုးတွင်းချိန်ဆိုရင် မိုးရေတို့သည် ညောင်ညိုချောင်းအတွင်း စီးဆင်းပြီး ဘေးတွင်ရှိ ကိုင်းတောများကို ရေလွှမ်းတတ်သည်၊

ကျောက်ခဲနှင့် ပေသီးတို့နှစ်ဦး ကိုယ့်အတွေးနှင့်ကိုယ် အမြန်ချီတက်လာရာ ထိန်တော တောရိုင်းမြေများ၊ ကိုင်းတောများကို စပြီးဖြတ်နေသည်၊ ဝန်းကျင်က တိတ်ဆိတ်နေသည်၊ တစ်ခါတစ်ရံ တောကျီးများအသံ၊ တစ်ခါတလေ တောကြွက်များ ပြေးလွှားသံသာ ကြားရသည်မှအပ အားလုံးဆိတ်ငြိမ်နေဆဲ၊

"မင်းပြောတာ ထိန်တောလား၊ ညောင်ညိုချောင်းထဲလား"

ခပ်သွက်သွက်လာရင်း ရှေ့မှသွားနေသည့် ပေသီးကို မေးသည်၊ ပေသီးက တောလိုက်ဓားကို ခါးမှာပြန်ထိုးရင်း ဖြေသည်၊

"ထိန်တော တောင်ဘက်ခြမ်း ညောင်ညိုချောင်းဘေးမှာဗျာ့"

"မင်း ဘယ်လိုစပြီးတွေ့တာလဲ"

"ထိန်တောစပ်မှာ ကျုပ်ရှေ့က ဖြတ်ပြေးတဲ့ တောကြွက်ကြီးတစ်ကောင်ကို လေးခွနဲ့ လိုက်ပစ်တာ၊ တစ်ချက်ပဲ မှန်ခဲ့ပေမယ့် တောကြွက်က ဆက်ပြေးနိုင်သေးတယ်လေ၊ အဲဒါ ကြောက်ကြောက်လန့်လန့်နဲ့ ဆက်ပြေးလိုက်



တာ၊ ထိန်တောအစပ် ညောင်ညိုချောင်းဘေးအရောက် ထင်မှတ်မထားဘဲ အဲဒီနှစ်ကောင်ကို မိတ်လိုက်တော့မယ့်ဆဲဆဲမှာ တွေ့တာ"

ပေသီးက ပြောသည်၊ တကယ်တော့ သူတို့နှစ်ဦး ဦးတည်နေသည်က တောစပ်နှင့် ချောင်းစပ်၊ သူတို့ရှာနေသည်က အကောင်နှစ်ကောင်၊ ထိုအကောင်နှစ်ကောင်ဆိုတာက လင်းမြွေ၊ မိတ်လိုက်သည့်အချိန်အခါ မိတ်လိုက်သည်ဟုလည်း ခေါ်သည်၊ မြွေအရှေ့လိုက်သည်ဟုလည်း၊ သုံးနှုန်းကြသည်လေ၊

ခုတော့ ကျောက်ခဲ မျှော်လင့်နေသည့်အချိန်အခါ ရောက်ခဲ့ပြီ၊ သည်လို လင်းမြွေနှစ်ကောင် မိတ်လိုက်တာမျိုးကို တွေ့ပါက မဖြစ်မနေ လာပြီးပြောဖို့ မှာခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီ၊ ပေသီးတင်သာမက၊ အခြားတောလိုက်သူတွေကိုလည်း ငွေပေးပြီး မှာပြီးသား၊ ခုတော့ ပေသီးကောင်းမှုကြောင့် လင်းမြွေနှစ်ကောင် မိတ်လိုက်သည်ကို တွေ့ခဲ့ပြီ၊ ဒါဆိုရင် သေချာပြီ၊ သေချာပြီဆိုတာ လင်းမြွေနှစ်ကောင် မိတ်လိုက်တာသေချာရင် ကျောက်ခဲ လိုချင်တာရပြီလေ၊ အဘအောင် ရေးခဲ့သည့်အဖြစ်မျိုးထဲကလို အရာဝတ္ထုမျိုးလေးရပြီ၊ အဲသလို လိုချင်တဲ့အရာမျိုးရလို့ကတော့ အေးမိကို မရမက ပိုးပန်းနေစရာမလိုတော့၊ အဘကလေး ခေါင်းခေါက်တော်ကောက်လိုက်ရုံသာ၊

ကျောက်ခဲတွေးရင်း ကျေနပ်နေမိသည်၊ ပေသီးကလည်း ရှေ့ကနေပြီး အပြေးတစ်ပိုင်း၊ ကျောက်ခဲကလည်း နောက်မှနေ၍ ပေသီး ဖနောင့်ကို နင်းတော့မတတ်လိုက်ဆဲ၊

"မင်းစပြီးမြင်တော့ အဲဒီနှစ်ကောင် မိတ်လိုက်နေပြီပေါ့"

အငမ်းမရ မေးမိသည်၊

"ဟုတ်တယ်ဗျာ့၊ လင်းမြွေကြီးနှစ်ကောင်က တစ်ကောင်နဲ့တစ်ကောင် ချက်ထောက်ရပ်ပြီး ကျီစယ်နေကြတာ၊ တွန့်လိမ်ပြီး ပျော်မြူးနေကြတာ၊ အဲဒါက ကျုပ်တစ်ရပ်တောင် ကျော်တယ်၊ ပြီးတော့ တုတ်တာကလည်း ကျုပ်လက်မောင်းထက်တောင် ကြီးဦးမှာ၊ လင်းဝါကြီးတွေ - ဟာ - နည်းတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

အားပါးတရ ပြောနေသည့် ပေသီးစကားကြောင့် ပိုပြီးအားရကျေနပ်ရသူက ကျောက်ခဲ၊ နာမည်နှင့်လိုက်ဖက်သည်ဟု ဆိုရမြိမ့်၊ ချင်းတွင်းမြစ်ထိပ်ချောင်းဦးအစပ်မှာတော့ သက်တမ်းရင့် ညောင်ညိုပင်ကြီးက စိုစိုစိမ်းစိမ်း၊ တောကျီးများက တအာအာ၊ အဖြူရောင်ငွေချိုင်းတစ်အုပ်က ညောင်ညိုကိုင်းတွေထက်မှ နားနေသည်က ကြည့်လို့ကောင်းပါဘိတော့၊

"ရောက်ပြီလား"

"နီးပြီဗျာ"

"ဘယ်နေရာလဲ - ပေသီး"

ပေသီးက မဖြေ၊ သုံးလေးလှမ်း လှမ်းအပြီး တုံ့ခနဲ ရပ်သည်၊ ပြီးတော့ ဝန်းကျင်ကိုကြည့်သည်၊ ချုံနွယ်ပိတ်ပေါင်းတွေ၊ ကိုင်းပင်ဝါဝါတွေ၊ တောင်ပို့တွေ၊ တောကြွက်တွင်းတွေက ဝန်းကျင်မှာအပြည့်၊

"ဟိုမှာ ကြည့် - ကြည့်"

"ဟင် - တကယ်ဟ"

"ကျုပ်က ပိုက်ဆံရမယ့်ဟာ လိမ်မလားဗျ"

အမှတ်မထင် ပြောမိသည့် ကျောက်ခဲစကားကို ပေသီးက ပြန်ပြီးပက်ပြောပြောသည်၊ တကယ်လည်း ပေသီးပြောသည့်နေရာမှာ လင်းဝါနှစ်ကောင်ရှိနေသည်၊ ပေသီးလက်မောင်းထက်မက ကျောက်ခဲလက်မောင်းခန့်တုတ်သည့် လင်းမြွေနှစ်ကောင်၊ နှစ်ကောင်စလုံး လင်းဝါတွေချည်း၊ ယခုတော့ ထိုလင်းဝါနှစ်ကောင်သည် ဖိုမစိတ်ကြောင့် ဝန်းကျင်ကိုသတိမထားကြတော့၊ တစ်ကောင်နှစ်ကောင် တွန့်လိမ်ရင်း မိတ်လိုက်ပြနေကြသည်၊ ဖိုမစိတ်ရဲ့ဆန္ဒတွေက သူတို့နှစ်ကောင်စလုံး လွှမ်းခြုံထားသည်ကို ကြည့်ရုံနဲ့သိသာသည်၊

"ဘယ်လိုလုပ်မှာလဲ"

ပေသီးက နားမလည်စွာဖြင့်မေးသည်၊ သည်တော့ အဘအောင်စာအုပ်ထဲက အကြောင်းအရာကို သတိရသည်၊ စာထဲမှာတော့ လင်းဝါနှစ်ကောင်



မိတ်လိုက်ရင် အဝတ်နှင့်အုပ်လိုက်ပါတဲ့၊ သည်သို့ပါသည်၊ သို့ကြောင့် ကျောက်ခဲ အရဲကိုးရတော့မည်လေ၊

"အဲဒီနှစ်ကောင်အနား ကပ်မယ်၊ ပြီးရင် - ဒီစောင်ပါးပါးနဲ့အုပ်ရမယ်"

"ကိုကြီးကျောက်ခဲ - သွားအုပ်လေ"

"ဟ - မင်းကိုခေါ်လာတာ အဲဒါအုပ်ဖို့ခေါ်လာတာ - သွားအုပ်ပေး"

"ဟာဗျာ - ကျုပ်"

ပေသီးက ဆက်မပြောတော့၊ တောကျွမ်း၊ အကောင်ဘလောင်တွေ အမျိုးမျိုး ဖမ်းခဲ့သူဖြစ်နေပြီး ဒီတစ်ခါ ဒီလိုပွဲမျိုးကို ငြင်းပါက ပေသီးသိက္ခာကျတော့မည်လေ၊ ပြီးတော့ - ကျောက်ခဲဆီက ပိုက်ဆံလည်း လိုချင်သည်၊

"အဲသလိုမိတ်လိုက်ချိန်ဆိုရင် မိတ်လိုက်တဲ့မြွေနှစ်ကောင်ကို အခြားမြွေတွေက ဘေးကနေပြီး စောင့်ပေးတယ်ဆို၊ လူကို အန္တရာယ်အပြုနိုင်ဆုံး အချိန်တဲ့"

"အဲဒီတော့ ..."

"အဲဒါကြောင့် - ကျုပ် စဉ်းစားနေတာ"

ကျောက်ခဲက မျက်စောင်းခဲသည်၊ ပေသီးက ရယ်ကျဲကျဲလုပ်ရင်း စောင်ကို လှမ်းယူသည်၊

"ငါလိုချင်တာရရင် ပိုက်ဆံပိုပေးမယ် - ပေသီး - ကြားလား"

"ရပါတယ်၊ ဒါမျိုးတော့ ပေသီးတို့က အပျော့"

စောင်ကိုယူ၊ ပြောရင်း မိတ်လိုက်နေသည့်မြွေနှစ်ကောင်ဆီ သွားနေသည့်ပေသီးကိုကြည့်ရင်း ကျောက်ခဲက လေးခွနှင့်မားလုံကို အရံသင့်ကိုင်ထားသည်၊ ပေသီးကို မြွေနှစ်ကောင်က အန္တရာယ်ပြုရင် ခုခံဖို့၊

ရှေ့ကို ခပ်ရွှေ့ရွှေ့တိုးရင်း သွားနေသည့်ပေသီး၊ တလူ့လူ့နှင့် မိတ်လိုက်နေသည့် လင်းဝါနှစ်ကောင်၊

လင်းဝါနှစ်ကောင်ကိုကြည့်ရင်း လိုချင်တာရတော့မည့်အတွက် ကျေနပ်နေသူက ကျောက်ခဲ၊

www.burmeseclassic.com

www.burmeseclassic.com

ကျေနပ်စိတ်နှင့်အတူ မှတ်မှတ်ထင်ထင် အေးမိရဲ့မျက်နှာလေးကို မြင်ယောင်နေမိသေးသည်။ ရှောသော၊ ယဉ်သော၊ လှသော အေးမိ။ ချစ်ပါတယ်လို့လိုက်ပြောတာတောင် ကျောက်ခဲအချစ်ကို လက်မခံသည့်အေးမိ။ အောင်သွယ်တွေမွေးပြီး အားကိုးအားထားပြုတာတောင် စဉ်းစားပါဦးမယ်ဆိုသည့် အေးမိ၊ မိဘနှစ်ပါးကိုအပူကပ်၊ အေးမိ - မိဘနှစ်ပါးထံသွားပြီးစကားကြောင်းတာကိုတောင် လက်မခံပါရစေနဲ့၊ စဉ်းစားပါဦးမယ်ဆိုတဲ့အေးမိ။ ချစ်ပါတယ်လို့ပြော၊ ခေါင်းညိတ်မပြသေးသော်လည်း မုန်းတယ်ဟဲ့လို့လည်းမဆို၊ ခေါင်းလည်း မခါသေးသည့်အေးမိ။

"ဟင်း - ငါလိုချင်တာ ရလို့ကတော့"

ကျောက်ခဲတွေးရင်း ကျေနပ်နေမိသည်။ ရင်ထဲမှာတော့ တသိမ့်သိမ့်။

၄၄၄

လွတ်လပ်ရေး မရမီအချိန်။

လွတ်လပ်ရေးရဖို့တိုက်ခိုက်ရင်း လွတ်လပ်ရေးရပြီးသည့်နောက်ပြည်တွင်းသောင်းကျန်းမှုကြီး မြန်မာတစ်နိုင်ငံလုံး လွှမ်းမိုးနေချိန်တွင် ကျွန်ုပ်တို့သရက်တောရွာသို့ အသက်(၂၅)နှစ်ခန့် ဦးဇင်းလေးတစ်ပါး ကြွလာသည်။ ထိုဦးဇင်းလေး၏ဘွဲ့ဖခံတော်မှာ အရှင်ဝါယမဖြစ်သည်။ အရှင်ဝါယမသည် အသားဖြူပြီး အရပ်အမောင်း ကောင်းသည်။ မျက်လုံးမျက်ဖန်ကောင်းပြီး နှာတံနှင့် မထူးမပါး နှုတ်ခမ်းအစုံသည် အရှင်ဝါယမ၏ အရပ်အမောင်း၊ အသားအရေနှင့်လိုက်ဖက်လှန်းသည်။ ဦးဇင်းလေးဝတ်ထားသည့်ခပ်ညိုညိုဆေး ဆိုးသင်္ကန်းနှင့် ဝင်းဝင်းမွတ်မွတ်၊ ဦးပြည်းစိမ်းစိမ်းတို့သည်လည်း လိုက်ဖက် လှန်းပါသည်။ ပြောရလျှင် အရှင်ဝါယမသည် ကြည်ညိုစရာ အလွန်ကောင်း လှပြီး မိန်းမများ မဆိုထားနှင့်၊ ယောကျ်ားသားအချင်းချင်း ကပင် ငဲ့ကြည့်ငေးကြည့်ယူရသည်အထိ သပ္ပါယ်လှန်းလှ၊ ကြည်ညိုလှန်းလှပါသည်။



ဦးဇင်းလေး၌ သင်္ကန်းတစ်စုံသာ အပိုပါပြီး ပရိက္ခရာ အစုံပါသည်။ မထင်မှတ်ဘဲ ကြွလာသည့် ဦးဇင်းလေးသည် ကျွန်ုပ်တို့ရွာထိပ်ရှိ ဦးတေဇနိယ တဲကျောင်းသို့ကြွလာခဲ့ခြင်းဖြစ်ပြီး မငြိမ်သက်သော ခေတ်ဆိုးကာလအချိန်၌သို့ တစ်ပါးတည်း ကြွလာသည်ကို အံ့သြနေမိကြပါသည်။ ဦးဇင်းလေးသည် ဦးတေဇနိယအား တဲကျောင်း၌ သုံးညခန့် သီတင်းသုံးခွင့်ပြုရန် လျှောက်ထားရာ ဦးတေဇနိယကလည်း ခွင့်ပြုခဲ့သည်။

ကျောင်း၌ယခင်ကထက်ဝတ္ထုများ များလာသည်ဟု ကျွန်ုပ်ကြားသိရ၍ တဲကျောင်းသို့သွားကြည့်ရာ တစ်ရွာလုံးနီးပါး ဆွမ်းကွမ်းများရွက်၍ လာလှူ ရုံသာမက ရဲဘော်နီ၊ ရဲဘော်ဝါများပင် တဲကျောင်းသို့ လာရောက်ကန်တော့ လာကြသည်ကို ထူးထူးဆန်းဆန်း တွေ့လိုက်ရပါသည်။ မူရင်း သီတင်းသုံး နေသည့်ကျွန်ုပ်တို့ရွာမှ ဆရာတော်ကြီးဦးတေဇနိယထံပါးထက်ချည့်အာရုံ အရှင်ဝါယမထံသို့ ချဉ်းကပ်ပြီး လှူဖွယ်ဝတ္ထုများ လှူဒါန်းနေကြသည်ကို တွေ့လိုက်ရ၍ ကျွန်ုပ်အနေနှင့် ပို၍ပြီးအံ့သြဘနန်း ဖြစ်ရပါတော့သည်။

နောက်ရက်တွင် ကျွန်ုပ်နှင့် ဆရာတော် ဦးတေဇနိယတို့ ရှိစဉ်အတွင်း အရှင်ဝါယမက မိန့်ကြားလာပါသည်။

"ဆရာတော်ကြီးနဲ့ ဒကာမကြီးတို့ကို တပည့်တော် အမှန်အတိုင်း လျှောက်ထားပါ့မယ် ဘုရား။ တပည့်တော်ဇာတိက ဟိုး ... အောက်အရပ် ပုသိမ်ဒေသကပါ ဘုရား။ တပည့်တော် အကြောင်းတရားတွေရှိလို့ အထက်ပညာကို ကြွလာရခြင်းဖြစ်ပါတယ် ဘုရား"

အရှင်ဝါယမသည် ခဏနားပြီး ဆက်လျှောက်ပါသည်။

"တပည့်တော် - ဒီမှာသီတင်းသုံးနေစဉ်အတွင်း ထူးခြားမှုရှိနေတာကို သတိပြုမိကြမယ်လို့ ထင်ပါတယ် ဘုရား"

"ထင်တယ် - မောင်ပဉ္စင်း"

"ထင်ပါတယ် ဘုရား"

ဟု ဆရာတော် ဦးတေဇနိယနှင့် ကျွန်ုပ်တို့အပြိုင် ပြန်ဖြေကြပါသည်။ အရှင်ဝါယမက ဆက်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့်ပါ - ဘုရား။ တပည့်တော်ကို မြင်ရ၊ ကြည်ညိုကြသူတိုင်း တပည့်တော်ကို မြင်ရသူတွေအားလုံး မကြည်ညိုဘဲ၊ မလှူဒါန်းပဲ မနေနိုင်ကြပါဘူး - ဘုရား။ အဲဒါကြောင့် - တပည့်တော်ကို တပည့်တော်စိတ်ထဲမှာ တစ်မျိုးခံစားနေရပါတယ် - ဘုရား။ အဲဒါ - ဘာကြောင့် အခုလို တပည့်တော်ကို အလွန်အမင်း မတရားကြည်ညိုသလဲဆိုတာ တပည့်တော် သိပါတယ် ဘုရား၊"

အရှင်ဝါယမ စကားကို အနည်းအကျဉ်းသာ သဘောပေါက်သည့် ကျွန်ုပ်နှင့် ဆရာတော်ကြီးတို့သည် ငြိမ်နေမိပါသည်၊

"မောင်ပဥ္စင်းကို ဒီမှာလက်ခံလိုက်တဲ့အချိန်ကစပြီး ရွာထဲကလူတွေ တစ်ဦးနဲ့တစ်ဦး တစ်ဆင့်စကား တစ်ဆင့်ကြားပြီး အရင်က မလှူဘူးတဲ့လူတွေ၊ နမြောတဲ့လူတွေတောင် ရှိတဲ့ဆွမ်းကွမ်းတွေနဲ့လာပြီး လှူကြတာ၊ ပြီးတော့ တိုက်ပွဲဆင်နွှဲနေကြတဲ့ရဲဘော်ဝါ၊ ရဲဘော်နီတွေလာပြီး ဝတ္ထုငွေကပ်လှူကြတာ။ ဒါတွေကိုကြည့်ရင်း ဆရာတော့်အနေနဲ့ မောင်ပဥ္စင်းလေးမှာ တစ်ခုခုတော့ ထူးခြားမှုရှိနေတယ်ဆိုတာ ရိပ်စားမိပါတယ်ကွယ်"

"တင်ပါ့ ဘုရား။ ပုသိမ်ဘက်တနေကြွလာရပုံလေးကို အရင်ရှင်းပြပေးပါဦး - ဘုရား"

ဆရာတော်စကားမိန့်ကြားအပြီး ကျွန်ုပ်က မေးလျှောက်လိုက်ပါသည်။

"ဒီလိုပါ - ဒကာကြီး - ပုသိမ်နယ်က တပည့်တော်ရွာမှာ ကိုရင်ဝတ်ခဲ့ပါတယ်။ အဲသလိုနဲ့ တစ်ရက်မှာတော့ ရှမ်းဆေးဆရာကြီး ရောက်လာပါတယ်။ အဲဒါ - အဲဒီဆရာကြီးက တပည့်တော်ရဲ့နဖူးဆံစပ်မှာ အနက်စက်လေးတစ်စက် ထိုးပေးသွားပါတယ် - ဘုရား။ အဲဒီဆေး ထိုးပြီးကတည်းက ကျောင်းထိုင်ဆရာတော်ထက် တပည့်တော်ကိုပဲအလှူအတန်းပိုလှူလာလို့ကျောင်းထိုင်ဆရာတော်က တပည့်တော်ကို နှင်ချပါတယ် - ဘုရား"

အနည်းအကျဉ်းတော့ ဆရာတော်ကြီးရော ကျွန်ုပ်ပါ နားလည်လာပါသည်။ အမှန်မှာ - ရှမ်းဆေးဆရာကြီးသည် အရှင်ဝါယမကို လူချစ်လူခင်ပေါများစေသည့်ဆေး ထိုးပေးလိုက်ခြင်းဖြစ်ပါသည်၊ တွေးရင်းနှင့် အရှင်ဝါယမ၏နဖူးထိပ်ဆံစပ်တွင် ကျွန်ုပ်ကြည့်လိုက်ရာ အနက်စက်ကလေး အထင်အရှား တွေ့လိုက်ရပါသည်၊

အရှင်ဝါယမက ဆက်ပြောပါသည်။

"အဲဒါနဲ့ - တပည့်တော်လည်း ဒီဆေးဆရာကြီးကိုရှာပြီး ဒီဆေးကို ဖျက်နိုင်းမယ်ဆိုပြီး လိုက်ရှာရင်း ချင်းတွင်းမြစ်ကြောင်းအတိုင်း လာခဲ့ပါတယ် ဘုရား။ မြေကျင်တစ်မျိုး၊ လေ့နဲ့တစ်ဖုံပါ - ဘုရား။ ရွာစဉ်တိုင်းဝင်ပြီး ဆွမ်းခံ၊ တရျိုဘုန်းကြီးကျောင်းမှာ တည်းခဲ့ရာက တပည့်တော်ကိုပဲ ဒကာ၊ ဒကာမတွေက လှူကြလွန်းလို့ ဘယ်ကျောင်းဆရာတော်ကမှ နှစ်ညထက်ပိုပြီး လက်မခံပါဘူး - ဘုရား"

"အခု - မောင်ပဥ္စင်းက ဒီရောက်လာတာပေါ့"

"တင်ပါ့ ဘုရား"

"ဒါနဲ့ - မောင်ပဥ္စင်းကိုဆေးထိုးပေးသွားတဲ့ ရှမ်းဆရာကြီးက ဘယ်သွားမယ်ထင်လို့လဲ။ ရှမ်းဆိုတော့ သူ့ရှမ်းပြည်ပဲ ပြန်မှာပေါ့"

ဆရာတော် ဦးတေဇနီယက မေးပါသည်၊

"တင့်ပါ ဘုရား။ တပည့်တော်ကို ဆေးထိုးပေးတဲ့ ဆရာကြီးက ဗိုဝင်တောင်ဘက်နဲ့ အလောင်းတော်ကဿပမှာ ခေါင်းချနေတော့မယ်၊ အရေးကြီးလို့ တွေ့ချင်တယ်ဆိုရင် အဲဒီနစ်ဌာနကို ရှာပါလို့ မှာသွားပါတယ် ဘုရား။ အဲဒါကြောင့် - ချင်းတွင်းမြစ်ကြောင်းအတိုင်း တပည့်တော် ကြွလာခဲ့တာပါ ဘုရား။ တစ်ရှိန်ရှိန်တော့ ရောက်ရမှာပါ ဘုရား"

အရှင်ဝါယမ ကျွန်ုပ်နှင့် ဆရာတော်ကြီးတို့အား သူ့အဖြစ်ကို ရှင်းပြခဲ့ပါသည်၊ တကယ်လည်း အရှင်ဝါယမ၏ဆေးက စွမ်းပါသည်၊ ကျွန်ုပ်ပင်လျှင် အရှင်ဝါယမကို ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်ရပါတော့သည်၊

နောက်ရက်တွင် ဆရာတော် ဦးတေဇနီယသည် အရှင်ဝါယမကို နှင်ချခြင်း မပြုပါဘဲ အရှင်ဝါယမသည် သူ့ဆန္ဒအရ ချင်းတွင်းမြစ်ရိုးအတိုင်း အထက်ပိုင်းကိုကြွဖို့ ပြင်ဆင်ပါသည်၊ ထိုအချိန်အထိ ရွာထဲရှိ ယောကျ်ားမိန်းမအားလုံး လှူဖွယ်ဝတ္ထုများ လာရောက်လှူဒါန်းနေကြပါသည်၊





www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော် ပြန်ခွင့်ပြုပါ ဘုရား"

"အိမ်း - အိမ်း - ခေတ်ကာလကလည်း မကောင်းဘူး၊ မေတ္တာပို့ပြီး ကြွပေတော့ - မောင်ပဋ္ဋင်း၊ တကယ်လို့ ရှမ်းဆရာကြီးနဲ့တွေ့လို့ အပြန်ခရီးမှာ လမ်းကြုံရင် ဦးဇင်းဆီ ဝင်ခဲ့ဦးပေါ့"

"တင်ပါ့ ဘုရား"

သို့ဖြင့် အရှင်ဝါယမသည် ဆရာတော်ကြီးအား ထိခြင်းငါးပါးဖြင့် ရှိခိုးကန်တော့ခြင်း၊ အရှင်ဝါယမအား ရွာထဲက လှူဒါန်းထားသည့် မုန့်ပဲစားဖွယ် သစ်သီးဝတ္ထုများကို တစ်ဆင့်လှူဒါန်းအပြီး ကြွသွားတော့သည်၊

—————

နောက်ရှစ်လအကြာတွင် အရှင်ဝါယမ ကျွန်ုပ်တို့ရွာသို့ နောက်တစ်ကြိမ် ပြန်ကြွလာပါသည်၊ ထိုအခါ ယခင်ကလိုပင် စကားပြောဖြစ်ပါသည်၊ ရွာမှနေ ထွက်ခွာသွားပြီး ခရီးဆက်ခဲ့ကြောင်း၊ ဖိုဝင်တောင်ကိုဝင်ပြီး ရှမ်းဆရာကြီးကို ရှာခဲ့ကြောင်း၊ မတွေ့ရ၍ အလောင်းတော်ကဿပအထိ လိုက်ခဲ့ရကြောင်း၊ ဘုရားအနီး တောအုပ်ထဲတွင် ရှမ်းဆရာကြီးကိုတွေ့ရကြောင်း၊ နဖူးတွင် ထိုးထားသည့်ဆေးကို ပြယ်သွားအောင် လုပ်ပေးလိုက်ကြောင်း၊ အရှင်ဝါယမက အကျယ်တဝင့် ရှင်းပြခဲ့ပါသည်၊

ကျွန်ုပ်က အရှင်ဝါယမကို လျှောက်ထားမိသည်၊

"အရှင်ဘုရား - ဒီဆေးက ဘယ်လိုဆေးလဲ ဘုရား၊ သိရင် မိန့်ကြားပေးပါလား ဘုရား"

ကျွန်ုပ် တောင်းပန်ချက်ကို အရှင်ဝါယမက ချက်ချင်းမဖြေ၊ အနီးရှိ ဆရာတော်ကြီးကို ကြောက်ပုံရသည်၊ ဆရာတော်ကြီးကတော့ ဘာမျှမပြော၊ သို့ဖြင့် အရှင်ဝါယမသည် ကျွန်ုပ်တို့ရွာကို ငါးရက်သီတင်းသုံးပြီး ချင်းတွင်းမြစ်ကြောင်းအတိုင်း လှေကြုံနှင့် ပုသိမ်နယ်ဆီ ပြန်ကြွသွားပါသည်၊

လှေဆိပ်တွင် လိုက်ပို့ရင်း အရှင်ဝါယမ ကျွန်ုပ်အား မိန့်ပါသည်၊



"ဒကာကြီး"

"ဘုရား"

"ဦးဇင်းကို မေးခဲ့တာ မှတ်မိရဲ့လား"

"တင်ပါ့ဘုရား၊ အဲဒီ့အကြောင်းကို ထပ်မေးလိုလို့ တပည့်တော် မြစ်ဆိပ်ကို လိုက်ခဲ့ရတာပါ ဘုရား"

"ဒီလို ဒကာကြီးရဲ့ - အခု ရှမ်းဆရာကြီးက အဲသလို လောကီအလုပ်တွေ၊ ဘာသာတရားနဲ့ ဆန့်ကျင်တဲ့ အယူအဆတွေ ဘာမှမလုပ်တော့ဘူး၊ အခု ဝိပဿနာတရားပဲ လုပ်နေတာ၊ အဲဒီအကြောင်းကို ဆရာကြီးရဲ့တပည့် ဆရာစိုင်းရှီးလားဆိုသူ ရောက်နေတယ်၊ အဲဒီဆရာစိုင်းက ဆရာကြီးဆီက ပညာလိုချင်လို့ ကပ်နေတာ၊ ဦးဇင်းကို ဘာဆေးထိုးပေးခဲ့သလဲဆိုတာ ဆရာစိုင်းကို မေးရတာပေါ့"

"ဘာဆေးတဲ့လဲ ဘုရား"

"ဒီလို ဒကာကြီးရဲ့ - လင်းမြွေနှစ်ကောင် မိတ်လိုက်နေတာတွေ့ရင် အဝတ်နဲ့အုပ်လိုက်တဲ့၊ မြွေတွေ မိတ်လိုက်ပြီးရင် ထွက်သွားတဲ့အခါ အဲဒီနေရာမှာ အသေအချာရှာပါတဲ့၊ ခဲဆန်သာသာ စပါးစေ့ခန့်အရွယ်ရှိတဲ့ အဖြူဆန်လေး ကျန်ရစ်ခဲ့မယ်တဲ့၊ အဲဒါကို ဂါထာတွေစုပ်ပြီး ဆေးအဖြစ် ထိုးပေးတာတဲ့၊ လူတွေအနေနဲ့ပြောရရင် ပီယဆေး၊ ဒါမှမဟုတ် လူချစ်လူခင်ပေါ့တဲ့ ဆေးပေါ့၊ အင်းလေ - ဒီလိုဆေးဆိုတာ ဦးဇင်းတွေအတွက် လုံးဝအလိုအပ်တဲ့ အရာ၊ အခု - ဦးဇင်းအနေနဲ့ ပြောရတာတောင် အပြစ်ကြီးလှပြီ ဒကာကြီး"

အရှင်ဝါယမ ပြောရင်း လှေကြုံနှင့် လက်ပြရင်း ပါသွားပါတော့သည်၊ ကျွန်ုပ်အနေနှင့် အရှင်ဝါယမဟူသည့် ဦးဇင်းလေးနှင့် လင်းမြွေနှစ်ကောင် မိတ်လိုက်ပုံအကြောင်းကို မှတ်တမ်းအဖြစ် ရေးသားရပါကြောင်း၊

—————



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး …"

ရုတ်တရက် ပေသီး၏အော်သံကြောင့် ကျောက်ခဲအနေနှင့် အဘအောင် ရေးခဲ့သည့် မှတ်တမ်းထဲကအကြောင်းတွေ ပျောက်ကွယ်သွားခဲ့ပြီ၊ ကြည့်စမ်း အဘအောင်က စာမျက်နှာလေးဆယ်ကျော် ရေးခဲ့သည့် စိတ်ဝင်စားစရာ အကြောင်းတွေလေ၊ အရှင်ဝါယမကို သူ့ဆရာတော်က မနာလိုဖြစ်ပြီး နှင်ရခဲ့ပုံ၊ ခြေကျင်ကြွခဲ့ရပုံ၊ တပင်တပန်း ကြွနေရပေမယ့် ဆွမ်းကွမ်း အရံသင့် မပူပင်ရပုံ၊ တစ်ရွာဝင် တစ်ရွာထွက်ကြွရင်း ကျောင်းတွေမှာ တည်းခဲ့ပုံတွေ အကြောင်း၊

ရေးထားသည်က စိတ်ဝင်စားစရာအပြည့်၊ ယခု အကျဉ်းချုပ်ပြီး တွေးနေသည့်ကျောက်ခဲ၊ စာအုပ်ထဲကလို လင်းဝါနစ်ကောင် မိတ်လိုက်တာကို တွေ့ခဲ့ရင် ငွေပေးမည်၊ အမြန်လာပြောပါဟု ကျောက်ခဲ မှာထားခဲ့တာ၊ အခု လင်းမြွေနစ်ကောင်မိတ်လိုက်တာတွေ့ပြီ၊ အဝတ်နှင့်အုပ်ရမည်၊ ဒီတာဝန်က ပေသီးရဲ့တာဝန်၊ ပေသီးကို ထိုက်ထိုက်တန်တန် ငွေပေးရမည်၊ အဖြူဆန်လေးရရင် နွားမတစ်ကောင်အထိ ပေးမည်ဟု ဆုံးဖြတ်ခဲ့သည့် ကျောက်ခဲ၊

မိတ်လိုက်နေသည့် လင်းမြွေနှစ်ကောင်ရှိရာ အဝတ်နှင့်အုပ်ဖို့ သွားနေသည့်ပေသီးကိုကြည့်ရင်း တစ်ရှည်တစ်လျား ရေးထားသည့် အဘအောင်ရဲ့ မှတ်တမ်းကို အကျဉ်းချုံး စဉ်းစားဆဲမှာ အလန့်တကြား အော်လိုက်သည့် ပေသီးရဲ့အသံ၊

"လုပ် – လုပ်ပါဦး – မြွေ – မြွေကြီး"

ပေသီးအသံကြောင့် ဝန်းကျင်ကို ကြည့်မိသည့် ကျောက်ခဲ၊ ပေသီးက လက်ထဲရှိ အဝတ်ကြီးနှင့် မိတ်လိုက်နေသည့် လင်းမြွေနှစ်ကောင်အပေါ်ပစ်ပြီး ဖုံးအုပ်ဖို့ ကြိုးစားဆဲ ဘေးကို ကြည့်မိပုံရသည်၊ လင်းမြွေနှစ်ကောင်၏ ဘေးမှာတော့ တောင်ပို့ကြီးတစ်လုံးနှင့် ချုံနွယ်တွေက အပြည့်၊ တောင်ပို့နှင့် ချုံပုတ်အကြားတွင် ချက်ထောက်ပြီး ရပ်နေသည့် မြွေနက်ကြီးတစ်ကောင်ကို ပါးပျဉ်းထောင်ပြီး ရပ်နေသည်ကိုမြင်လိုက်ရသူက ပေသီး၊ သို့ကြောင့်လည်း



အော်ဟစ်လိုက်ခြင်းပင်၊ လက်ရှိအဝတ်စကြီးကို လင်းမြွေနှစ်ကောင်အပေါ် သွားပြီး ပစ်ခြုံရမလား၊ ထွက်ပြေးရမလား စဉ်းစားနေသည်၊ ပေသီးမျက်လုံးတွေ ပြာချင်ချင်၊ ချွေးစေးတွေ ထွက်နေပြီ၊

"ဟင် …"

ကျောက်ခဲ တုန်လှုပ်သွားပြီ၊ လင်းမြွေနှစ်ကောင်၊ လှုပ်ရှားနေသည့် ပေသီးလုပ်ရပ်ကိုကြည့်ရင်း ပေသီးအသံကြောင့် ကြည့်လိုက်တော့ လူတစ်ရပ်မက မြင့်သည်အထိ ချက်ထောက်ပြီး ရပ်နေသည့် မြွေကြီးကို တွေ့လိုက်ရသည်၊ မြွေကြီးက အနက်ရောင်ထက် ညိုပုပ်ပုပ်အရောင်၊ အသေအချာ ကြည့်တော့ မိတ်လိုက်နေသည့် လင်းမြွေမျိုးမဟုတ်၊ လင်းဝါအနွယ် မဟုတ်၊ အခြားမြွေ၊

မှန်သည်၊ မြွေဟောက်အကြီးစား၊ ကြောက်စရာအကောင်းဆုံး မြွေအမျိုးအစား၊

"ကိုကျောက်ခဲ – မြွေကြီး – မြွေကြီး"

အဝတ်စကို ပစ်ချလိုက်ပြီး ကျောက်ခဲဆီ ပြေးလာသည့် ပေသီး၊ ကျောက်ခဲမှာ ဘာလုပ်ရမှန်းမသိတော့၊ လက်ထဲတွင်ရှိ တောကိုင်ဓား၊ ဓားလုံနှင့် လေးခွများကို သတိမရတော့၊ ပေသီးက ကျောက်ခဲရင်ခွင်ထဲမှာ၊ မြွေကြီးက ချက်ထောက်ရပ်ရင်း ကျောက်ခဲတို့ဆီကြည့်လိုက်၊ မိတ်လိုက်နေသည့် လင်းဝါနစ်ကောင်ဆီကြည့်လိုက် လုပ်နေသည်၊ ကြည့်ရင်း ကျယ်ပြန့်သည့် ပါးပျဉ်းခေါင်းကြီးက ယိမ်းထိုးနေသည်၊ ပါးစပ်ရဲရဲကြီးဟနေပြီး လျှာနှစ်ခွက ပြူတစ်ပြူတစ်နှင့်၊ ဝင်းဝင်းတောက်နေသည့် နှစ်ဖက်မျက်လုံးတို့က ရန်လိုအန္တရာယ်ပြုမည့်အရိပ်တွေ ပြနေသည်၊

"မြွေကြီး – ကိုကျောက်ခဲ – အဲဒါ လင်းမြွေဟုတ်ဖူးဗျာ့"

"အသာနေ – ဟုတ်တယ်၊ အဲဒါ – တောကြီးမြွေဟောက်ကြီးဗျ၊ အသာနေ – ငါတို့ဟန်ပျက်ရင် ဒီအကောင်ကြီး လိုက်ပေါက်မှာ – ဒီတော့"



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခဲက ပေသီးကို အားပေးရင်း ဓားလွှံကို မြေပြင်မှာ ဖိစိုက်လိုက်သည်။ ပြီးတော့ အဝေးပစ်လက်နက်ဖြစ်သည့် လေးခွကိုယူဖို့ လွယ်အိတ်ထဲ နှိုက်သည်။ လောက်စာလုံးပါ ပါအောင်ယူရမည်လေ။ အရေးထဲ လေးခွရော လောက်စာလုံးပါ ယူမရဖြစ်နေသည်။ လက်တွေက တုန်ခါနေသည်။

စောစောက အမျှော်တွေ ဘယ်ရောက်သွားပြီမသိ။ မိတ်လိုက်နေသည့် လင်းမြွေနှစ်ကောင်မှာ လူးလွန့်ရင်း ခပ်လှမ်းလှမ်းရောက်နေပြီ။ မိတ်လိုက်နေသည်ကို နေရာရွှေ့တာလား၊ လူရှိလို့လား။ ဒါမှမဟုတ် - တောကြီးမြွေ ဟောက်ကို မြင်လို့လားတော့မသိ။ သွားပြီ - ကျောက်ခဲအကြံတွေ ပျက်ပြီ။ အပင်ပန်းခံရကျိုး မနပ်တော့ပြီ။ တောကြီးမြွေဟောက်ကြောင့် ရည်မှန်းထားတာတွေ သဲထဲရေသွန်ဖြစ်ခဲ့ရပြီ။



ရုတ်တရက် နောက်က

အသံမကြားလို့ ဆတ်ခနဲ

ပြန်အကြည့်မှာတော့ တောတိုးသံ

မကြားရတော့။ ဇက္ကနဲ့ - မြွေကြီး

ဆက်လိုက်လာပုံမရတော့။

သည်တော့ - လေးခွကို အရဲသင့်

ကိုင်ရင်း ရပ်ကြည့်လိုက်သည့်

ကျောက်ခဲ။ ကျောက်ခဲ ဝမ်းသာ

သွားသည်။ မြွေကြီး ပါမလာတော့။

မြွေကြီး ရပ်နေခဲ့ပြီ။ လိုက်ရင်

မိနိုင်ပါရက်နှင့် ဆက်မလိုက်တော့

သည့်မြွေဆိုးကြီး။ ကျောက်ခဲမှာ

ပေသီးကိုပင် သတိမရတော့။

"တောက် - အရေးထဲ"

စမ်းမရသည့် လေးခွနှင့် လောက်စာလုံးကြောင့် ဒေါသထက် ကြောက်စိတ်ကြောင့် ယပ်တောင်ကြီး လှုပ်နေသလိုမျိုး။ လုံးပတ်ကြီးက ကျောက်ခဲ ခြေသလုံးနီးပါး။ အရောင်ညိုညစ်ညစ်ကို ကြည့်ခြင်းဖြင့် အဆိပ်ပြင်းမြွေ၊ အန္တရာယ်အရှိဆုံးမြွေဆိုတာ နားလည်ခဲ့ပြီ။

ကျောက်ခဲတွေးပါသည်။ ဒီအတိုင်းဆို တောကြီးမြွေဟောက်ကြီးကို နှစ်ခုံ မလွယ်။ ပေသီးကို အားကိုးလို့မရ။ ကြောက်သေးပင် ပါနေပြီ။ ဖြစ်နိုင်ရင် အမြန်ဆုံး ထွက်ပြေးကြတာ အကောင်းဆုံး။ တကယ်လို့ မြွေကြီးလိုက်လာခဲ့ရင် နှစ်ဦးသား လေးခွနှင့်ယှဉ်ပြီး အပြိုင်ပစ်ရုံသာ။

"ပေသီး"

"ဗျာ ..."

"မကြောက်နဲ့ - ငါ ပြေးဆိုတာနဲ့ ပြေးတော့"

"ဟုတ် ..."

"ပြေးရင်းနဲ့ မင်းရဲ့လေးခွကို ပြင်ထား။ ငါပစ်ဆိုရင် ပစ်၊ ငါလည်း ပစ်မယ်။ နှစ်ဦးယှဉ်ပြီးပစ်မယ်။ ပစ်ရင် ပါးပျဉ်းကိုပစ် - ကြားလား"

"ဟုတ် ..."

ပေသီးကိုတီးတိုးပြောနေချိန်၌ မြွေကြီးသည် လျှာစနဲ့ တစ်ချက်တိုးဝင်လာသည်။ တိုးလာရင်းနှင့် ကျောက်ခဲတို့ဆီ ကြည့်လိုက်၊ မိတ်လိုက်နေသည့် လင်းမြွေနှစ်ကောင်ဆီ ကြည့်လိုက်နှင့်မို့ ပစ်မှတ်ကို ရွေးချယ်ဖို့ ခက်နေချေပြီ။

"ပြေးတော့"

ကျောက်ခဲ အသံမဆုံး၊ လစ်ခနဲ ပြေးထွက်သွားသူက ပေသီး။ ပေသီး ပြေးသည်နှင့် ကျောက်ခဲလည်း မနေသာတော့ ဓားလွှံကို ဆတ်ခနဲ ဆွဲနုတ်ပြီး လစ်ခနဲ ပြေးခဲ့ရတော့သည်။

"ပြေး - ပြေး"




www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် ..."

ရှေ့က ဖေသီးကို အသံပြုရင်း ပြေးခဲ့သည့် သူတို့နှစ်ဦး၊ နောက်ပင်ပြန်ပြီး လှည့်မကြည့်ဖြစ်။ ချုံတွေ၊ ချိုင့်တွေ ခုန်ပြီးကျော်၊ တောင်ပို့တွေခုန်၊ သူတို့ကြောင့် တောကြွက်တွေ တွင်းထဲ ဝင်ပြေးနေသလို ပုတတ်တွေလည်း ပြေးနေကြပြီ၊ စောစောက ငြိမ်သက်နေသည့် ထိန်တောနှင့် ညောင်ညိုချောင်းရဲ့ ဝန်းကျင်၊ ယခုတော့ ပြေးလွှားသံတွေက တဝုန်းဝုန်း တဖြောင်းဖြောင်း။

သူတို့နှစ်ဦးရဲ့နောက်သို့ တောကြီးမြွေဟောက်က လှစ်ခနဲ လိုက်လာချေပြီ၊ ပြေးသူပြေး၊ လိုက်သူလိုက်၊ မုဆိုးက သားကောင်ဖြစ်၊ သားကောင်က မုဆိုးဖြစ်နေသည့် အတုံ့အလှည့်၊ မာယာလှည့်ကွက်ပေလား မပြောတတ်၊ ရင်ထိတ်ရင်ဖိုစရာကောင်းသည့်မြင်ကွင်း၊ အသည်းယားစရာ သွေးပျက်စရာကောင်းလွန်းသည့်ပြကွက်မျိုး။

"ပြေး - လိုက်လာပြီ"

"အင်း ..."

ပြောရင်းပြေး၊ ပြေးရင်းပြောနေသည့် ကျောက်ခဲ၊ နောက်ကနေ အန္တရာယ်အကောင်ကြီး လိုက်လာသည်မှန်း အသံကြားရုံနှင့် ကျောက်ခဲ သိနေပါသည်၊ တောတိုးသံတွေက တဖြောင်းဖြောင်း၊

ရုတ်တရက် နောက်က အသံမကြားလို့ ဆတ်ခနဲ ပြန်အကြည့်မှာတော့ တောတိုးသံ မကြားရတော့၊ ကေန္တ - မြွေကြီး ဆက်လိုက်လာပုံမရတော့၊ သည်တော့ - လေးခွကို အရံသင့်ကိုင်ရင်း ရပ်ကြည့်လိုက်သည့် ကျောက်ခဲ၊

"ဟင် ..."

ကျောက်ခဲ ဝမ်းသာသွားသည်၊ မြွေကြီး ပါမလာတော့၊ မြွေကြီး ရပ်နေခဲ့ပြီ၊ လိုက်ရင် မီနိုင်ပါရက်နှင့် ဆက်မလိုက်တော့သည့် မြွေဆိုးကြီး၊ ကျောက်ခဲမှာ ဖေသီးကိုပင် သတိမရတော့၊ ဘယ်ရောက်သွားပြီမသိတော့၊ အနီးရှိ ချုံပုတ်ဘေးကပ်ရပ်ပြီး မြွေကြီးဆီကြည့်နေမိသည်၊ မြွေကြီးက ရပ်နေသည်ပြီးတော့ - ခေါင်းကြီးကို နောက်သို့ ဆတ်ခနဲလှည့်၊ အောက်နည်းနည်းယို့



အပြီး တစ်ဖက်ကို ထွက်သွားသည်ကို တွေ့ရသည်၊ မြွေကြီးသွားနေသည်က မိတ်လိုက်နေသည့် လင်းမြွေနှစ်ကောင်ဆီ၊

မှန်သည်၊ တောကြီးမြွေဟောက်ကြီးသည် လင်းမြွေနှစ်ကောင်ဆီ သွားနေပါတော့သည်၊ မကြာပါ၊ မိတ်လိုက်နေသည့် လင်းဝါနှစ်ကောင်နား အရောက် ထိုနှစ်ကောင်ကို ရန်ပြုနေပေတော့သည်၊ လင်းဝါနှစ်ကောင်နှင့် တောကြီးမြွေဟောက်ကြီးတို့ တိုက်ပွဲဖြစ်နေပြီ၊

"ဟာ ..."

ကျောက်ခဲ အံ့အားတသင့် ဖြစ်နေသည်၊ မြွေတွေရဲ့တိုက်ပွဲကို အထင်းသားမြင်နေရသည်၊ တစ်ကောင်တည်းပေမယ့်အားကောင်းသည့်တောကြီးမြွေဟောက်ကြီးက လင်းဝါအထီးကြီးကို အမိကတိုက်လေသည်၊ တဖြီးဖြီး တရှူးရှူးအသံတွေနှင့် တဖြောင်းဖြောင်း အသံတွေက ဝန်းကျင်ကို လွှမ်းမြိုးနေပါပကော၊

ကျောက်ခဲ မကြည့်လိုတော့၊ မကြည့်ချင်တော့၊ ရွာဆီပြန်ဖို့ ဆုံးဖြတ်လိုက်သည်၊ ဖေသီးကိုလည်း မတွေ့ရတော့ပြီ၊ ဘယ်ဆီရောက်နေပြီမသိတော့၊ ရွာဆီ ရောက်သွားပြီလား၊ အကြောက်လွန့်ပြီး ဘယ်နေရာ မေ့လဲနေပြီလဲ၊

မြွေတွေ တိုက်ပွဲဖြစ်ရာအရပ်ကို ကျောပေးခဲ့သည့် ကျောက်ခဲ၊

ရွာဆီ ပြန်ခဲ့သည့်ကျောက်ခဲ၊

ကျောက်ခဲရဲ့မျက်ဝန်းထဲမှာ နှလုံးသားထဲမှာတော့ အေးမိရဲ့မျက်နှာလှလှလေးက ထင်ထင်ရှားရှား၊

"ဝေးကြပြီပေါ့ - အေးမိရယ်"

တကယ်တော့ - အဘအောင် မှတ်တမ်းထဲကလို ရှမ်းဆေးဆရာကြီးရဲ့နည်းအတိုင်း မြွေမိတ်လိုက်ရာက ရသည့် အဖြူဆန်လေးနှင့် နဖူးမှာထိုးပြီး အေးမိချစ်လာအောင် ကြံခဲ့သည့်ကျောက်ခဲ၊



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ - သွားပြီ၊ အေးမိရဲ့အချစ်ကို ရတော့မည်မဟုတ်၊ တကယ်တော့ အေးမိကို ကျောက်ခဲ ချစ်ပါသည်၊ အေးမိ လိုချင်တာပေးမည်၊ ရွှေလိုချင်ရွှေ ငွေလိုချင်ငွေ၊ လယ်ယာကျွဲနွားအထိ အိမ်တင်တောင်းချင်သည့်ကျောက်ခဲ၊

အေးမိက ကျောက်ခဲကို စိတ်မဝင်စားခဲ့၊ မချစ်ခဲ့၊ အေးမိ ချစ်နိုင်သည့် ရုပ်ရည်မျိုး ကျောက်ခဲမှာမရှိ၊ ကျောက်ခဲက အသားညိုသည်၊ မျက်နှာနှာ မျက်စိတစ်ဖက်မပါသလို ဘယ်ဘက်သို့ မျက်နှာက ရွဲ့နေသည်လေ၊ မွေးကတည်းက ပါလာသည့် ကျောက်ခဲရဲ့ဘဝအဆက်ဆက်က ဝဋ်ကြွေးတွေ၊

တွေးရင်း တွေးရင်း ရွာဆီပြန်ခဲ့သည့် ကျောက်ခဲ၊ ပြန်ရင်းနှင့် ထိန်တော ဆီ ညောင်ညိုချောင်းဆီ ကြည့်မိသေးသည်၊ ခုချိန်ဆိုရင် တစ်ဖက်ဖက်က ရှုံး၊ တစ်ဦးဦးက နိုင်မည့်မြွေတွေရဲ့ တိုက်ပွဲအကြောင်းထက် မိမိဘဝရဲ့ အရှုံးဇယားကိုကြည့်ရင်း ရင်ထဲမှာ နင့်ခနဲ ဆစ်ခနဲ ကျင်ခနဲ ခံစားလိုက်ရချေပြီ၊

ကျချင်ချင်ဖြစ်နေသည့် တစ်ဖက်တည်းရှိ မျက်လုံးအိမ်က မျက်ရည်စများကိုသုတ်ရင်း ကျောက်ခဲမှာ ရွာဆီကို ပြန်ခဲ့ချေပြီ၊ ကျောက်ခဲခြေလှမ်းတွေက ခပ်လေးလေး၊

အလို - နေတောင် ဝင်လုပါပေါ့လား၊

⇒ **တွင်းကြီးသား တင်ဝင်းဦး**




www.burmeseclassic.com

## ကျိန်စာတိုက်ခြင်းကိုမယုံကြည်ဘဲ ပေါ့ပေါ့တန်တန်ယူဆကာသစ္စာတရားကို မျက်ကွယ်ပြုလေသူ၏ဖြစ်ရပ်..

### ကျိန်စာ ...

ကျိန်စာတိုက်တဲ့အလုပ်ကိုဟို – ရှေးခေတ်သက်ဦးဆံပိုင်းမင်းဧကရာဇ်တို့လက်ထက်ကတည်းက လုပ်ခဲ့ကြသည်။ ဘုရားတည်ထားကိုးကွယ်လျှင် ဌာပနာပစ္စည်းများကိုဖောက်ထွင်းခိုးယူခြင်းဘေးမှ ကာကွယ်နိုင်ရန်အတွက် ကျိန်စာတိုက်လေ့ရှိခဲ့သည်။ ထိုကျိန်စာကိုကျောက်စာအခိုင်အမာ ရေးထိုး၍ စိုက်ထူထားတတ်ကြသည်။ ထို့အတူပါပဲ၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများမှာလည်း ကျိန်စာအမျိုးမျိုး တိုက်ခဲ့ကြပါသည်။

ယနေ့ခေတ်အထိ ကျိန်စာတိုက်တဲ့အလုပ်က သက်ဝင်လှုပ်ရှားဆဲ ...။ သည်တော့ – ကျိန်စာတိုက်တာ၊ ကျိန်ဆဲတာတွေဟာ ကျွန်တော်တို့မြန်မာလူမျိုးတွေ လက်ခံယုံကြည်တဲ့အလုပ်တစ်ခုဆိုတာ သေချာနေပါသည်။



ပုဂံခေတ်ကောင်းစားစဉ်က တည်ထားကိုးကွယ်ခဲ့သောစေတီပုထိုးများပင် ကျိန်စာနှင့်မလွတ်ဟု အခိုင်အမာ ယုံကြည်သူများရှိခဲ့ပါသည်။ ထို့အတူ ကျိန်စာနှင့်ပတ်သက်ပြီး ယုံကြည်မှုမရှိ၊ အလေးအနက်မထားသော ခေတ်ပညာတတ်၊ လူငယ်လူရွယ်တွေလည်း ရှိကြပါသည်။ ရှေးခေတ်က တိုက်ခဲ့သောကျိန်စာများကလည်း ကြောက်စရာကောင်းလှပါသည်။

"ဘုရားဌာပနာပစ္စည်းများအား ခိုးယူသူသည် မဟာအဝီစိငရဲ၌ ရှိုးကပ်သည်အထိ ခံစားရပါစေ ..."

"အသေဆိုးနှင့် သေပါစေ ..." စသည်ဖြင့် ကျိန်စာတိုက်ခဲ့ကြပါသည်။ ဤကဲ့သို့ တိုက်ခဲ့သောကျိန်စာများကို အလေးအနက်မထား၊ ယုံကြည်မှုမရှိသောသူများထဲတွင် ခန့်ညားအောင်ဆိုသောလူငယ်တစ်ယောက်လည်း ပါဝင်ခဲ့လေသည်။

ထနောင်းကုန်းရွာ ...။

ကျောက်ပန်းတောင်းနှင့် ပုဂံ – ညောင်ဦးကြား ကားလမ်းဘေးတွင်ရှိသောရွာကလေး။ ထနောင်းပင်၊ မန်ကျည်းပင်၊ တမာပင်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိသောကြောင့် အေးချမ်းသာယာသောရွာကလေးတစ်ရွာ ဖြစ်လေသည်။ ရွာအဝင် လမ်းဘေးတောင်ကုန်းမို့မို့လေးပေါ်တွင် ထုံးဖွေးဖွေးနှင့် စေတီလေးတစ်ဆူကို အဝေးကပင် ဖူးမြင်နိုင်လေသည်။ ပုဂံခေတ်လက်ရာ ရှေးဟောင်းစေတီလေးတည်ရှိရာ ကုန်းမို့မို့ပတ်ဝန်းကျင်တွင် မန်ကျည်းပင်၊ တမာပင်နှင့် ထနောင်းပင်များက နေပြောက်မထိုးနိုင်အောင် ပိုင်းရံပေါက်နေသဖြင့် အရိပ်အာဝါသ ကောင်းလှလေသည်။ အညာနေပူပူအောက်မှ အေးမြသောအိုအေစစ်ကလေးတစ်ခုဆိုလျှင်မမှားနိုင်ပေ။ မကြာမီသင်္ကြန်ကျတော့မည်ဖြစ်သဖြင့် တမာပန်းရနံ့လေးက ရွာဦးစေတီတစ်ဝိုက်တွင် လေသင့်ရာ မွှေးနေလေသည်။ တစ်ခုသော တမင်ပင်ကြီး၏အခြေတွင် ရွာသူရွာသားများ စုပေါင်းလှူဒါန်းထားသော ခုံတန်းရှည်တစ်ခုပေါ်တွင် ထနောင်းကုန်းရွာ

www.burmeseclassic.com

www.burmeseclassic.com

ကလေး၏ မူလတန်းပြ ကျောင်းဆရာမလေး မြသင်းမွှေးနှင့် မန္တလေးသား ခန့်ညားအောင်တို့ ယှဉ်တွဲထိုင်နေကြလေသည်။ ခန့်ညားအောင်က မြသင်းမွှေး၏ပန်းနုစ်ဖက်ကို ကိုင်လိုက်ပြီး မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်သည်။

"ကိုခန့် - အကြာကြီးမနေပါဘူး - မြသင်းရယ်၊ သင်္ကြန်ပြီးရင် ပြန်လာမှာပါ"

သင်္ကြန်ရောက်ရင် မန္တလေးကို မပြန်လို့မဖြစ်၊ မန္တလေးပြန်ရမည့် အကြောင်းက ခန့်ညားအောင်တွင်ရှိနေသည်၊ ပထမအကြောင်းက သင်္ကြန်ပိုးထလာခြင်းဖြစ်သည်၊ သင်္ကြန်မှာ သူ၏ဆူဇူကီးမော်တော်ဆိုင်ကယ်ကြီးပေါ်တွင် မန္တလာသူ ပျိုဖြူချော အလန်းကလေးတွေတင်ပြီး ကဲချင်ခြင်းဖြစ်ပါလေ၏၊ ထနောင်းကုန်းရွာကလေး၏ တောသင်္ကြန်ကို သူ စိတ်မဝင်စား၊ ပျင်းခြောက်ခြောက် တောသင်္ကြန်က သူ့အတွက် ပျော်စရာမရှိဟု ယူဆထားလေသည်၊ ဆိုင်ကယ်ကြီးနောက်မှ ရွှေမန်းသူလေးတွေတစ်နေ့တစ်ယောက်တင်ပြီး လည်လိုက်ချင်သည်၊ တောအလှ၊ တောသဘာဝက သူ့ကို ပျော်ရွှင်မှုမပေးနိုင်၊ မန္တလေးကို ပြန်ရမည့်ဒုတိယအကြောင်းက သင်္ကြန်ပြီးလျှင် သူ့မိဘတွေထက် ချမ်းသာသော ဦးအောင်ကျော်စိန်၊ ဒေါ်သီတာမြိုင်တို့၏ သမီးသက်မှုးခင်ခင်နှင့် လက်ထပ်ရတော့မည်၊ တကယ်တော့ - ပျင်းရိငြီးငွေ့စရာကောင်းသော တောရွာကလေးတွင် အပျင်းပြေ၊ အပျော်သဘော၊ စိတ်ထွက်ပေါက်တစ်ခုအနေနှင့် ရည်းစားထားခဲ့ခြင်းသာ ဖြစ်ပါလေ၏။

"မြသင်း - ရင်ကွဲအောင်တော့ မလုပ်ပါနဲ့ - ကိုခန့်ရယ်"

မြသင်းမွှေးက ထုံးဖြူဖြူနှင့် ရွှာဦးစေတီလေးကို ငေးမောကြည့်ရင်း ပြောလိုက်သည်၊ မြို့ကြီးသားကို ချစ်မိလို့ ခံစားရတဲ့ဝေဒနာကို အတင်းမျိုချထားလိုက်ရသည်၊

"အကြာကြီးမနေပါဘူး - မြသင်းရယ်၊ အလွန်ဆုံးတစ်ပတ်ပေါ့"

ခန့်ညားအောင်က လွယ်လွယ်လေး ပြောလိုက်သော်လည်း မြသင်းမွှေး အတွက် တစ်ပတ်ဆိုသောအချိန်က ရှည်ကြာလွန်းနေလေသည်၊ မြသင်းမွှေး၏ညှိုးငယ်နေသောမျက်နှာလေးကိုကြည့်ပြီး ခန့်ညားအောင် စိတ်မကောင်း



ယုံတယ် - ကိုခန့် - ယုံတယ်။
မြသင်းတို့တစ်ရွာလုံးက လက်ခံ
ယုံကြည်ကြတယ်။ ဒီရွာဦးစေတီမှာ
ဟုတ်ပါဘူး - ကိုခန့်ရယ်။ ဒီနယ်
သာစ်ကြောမှာရှိတဲ့ပုဂံခေတ်ဘုရား
ဘုတ်းစေတီတော်တော်များများမှာ
ကျိန်စာတိုက်ထားကြတယ်လို့
ဘုကြီးတွေပြောတာကြားဖူးတယ်။
ပြီးတော့ - ဒီရွာဦးစေတီဟာလည်း
ကျိန်စာတိုက်ထားတာလို့ တစ်ညီ
တစ်ညွတ်တည်း ပြောကြတယ်။



ဖြစ်မိသော်လည်း မသနားမိတာတော့အမှန်၊ ရည်းစားပေါင်းသောင်းခြောက်ထောင်လောက် ထားခဲ့ဖူးသော ယောကျ်ားတစ်ယောက်၏နှလုံးသားဟာ သံမဏိနှလုံးသား ဖြစ်လို့နေပါပြီ၊ မြို့သူအပျိုချော၊ မိန်းမလည်လေးတွေ၏ အချစ်ကို ကစားစရာလို သဘောထားခဲ့သော ခန့်ညားအောင်တွင် သဲကိုးဖြာမကသော မာယာတွေ တတ်ကျွမ်းထားသည် မဟုတ်ပါလား၊ သည်တော့ တောသူအရိုင်းပန်းလေး မြသင်းမွှေး၏အချစ်ကို ရယူဖို့ ခန့်ညားအောင်အတွက် မခက်ခဲပါလေတော့ ...၊

"တကယ်ပြောတာလား - ကိုခန့်ရယ်"

မြသင်းမွှေးက မယုံမရဲ မေးလိုက်သည်၊

"တကယ်ပြောတာပါ - မြသင်းရယ်၊ ကိုခန့်လည်း မြသင်းနဲ့ အကြာကြီးခွဲပြီးမနေနိုင်ပါဘူး၊ ကိုခန့်က မြသင်းကို တကယ်ချစ်တာပါ၊ မြသင်းက မယုံဘူးလား၊ ဒီမှာကြည့် - ချစ်သက်သေ ထူပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

ခန့်ညားအောင်က ပြောပြောဆိုဆို စုံတန်းရှည်ပေါ်မှ ဆင်းလိုက်ပြီး ရွှာဦးစေတီရှိရာသို့ လှည့်၍ဒူးတုပ်ထိုင်ချပြီး လက်အုပ်ချီလိုက်သည်။

"အနှိုင်းမဲ့ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား - ဘုရားတပည့်တော် ခန့်ညားအောင်သည် ဆရာမလေး မြသင်းမွှေးကို မပျက်ယွင်းသော သစ္စာဖြင့် ချစ်ခင်ခဲ့၊ မြတ်နိုးခဲ့ပါသည်ဘုရား။ မြသင်းမွှေးအပေါ်တွင် သစ္စာပျက်ယွင်းခဲ့ပါက ဘုရားတပည့် ခန့်ညားအောင်တစ်ယောက် သွားလေရာ၊ လာလေရာမှာ ဘေးဒုက္ခအပေါင်းနဲ့ တွေ့ကြုံရပါစေသား ..."

"မဆိုနဲ့ - ကိုခန့် - သစ္စာမဆိုနဲ့၊ ကိုခန့်ကို မြသင်း ယုံပါတယ်"

မြသင်းမွှေးက ကြောက်လန့်တကြား အော်ဟစ်တားလိုက်သော်လည်း မမီလိုက်တော့၊ ခန့်ညားအောင်တစ်ယောက် သစ္စာဆိုပြီး၍ဦးပင် ချနေလေပြီ၊ စုံတန်းရှည်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ခန့်ညားအောင်ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်၊ ပြီးတော့ - ခန့်ညားအောင်၏ လက်အုပ်ချီထားသော လက်နှစ်ဖက်ကို ဆွဲယူလိုက်သည်၊ လျှာအရိုးမရှိသော ခန့်ညားအောင်၏ စကားတို့ကို အချစ်စစ်ဟု မြသင်းမွှေး ယုံကြည်နေမိသည်။

"ကိုခန့်ကို မြသင်း ယုံပါတယ်၊ သစ္စာဆိုဖို့ မလိုပါဘူး - ကိုခန့်ရယ်"

ခန့်ညားအောင်ကို မြသင်းမွှေးက ဆွဲထူလိုက်သည်။

"ဘာဖြစ်လို့ အလန့်တကြား အော်လိုက်ရတာလဲ - မြသင်းရယ်၊ ကိုခန့်တောင် လန့်သွားတယ်"

ခန့်ညားအောင်က မြသင်းမွှေး၏ပခုံးနှစ်ဖက်ကိုဖက်ရင်း ကရုဏာသံနှင့် ပြောလိုက်သည်၊ မြသင်းမွှေး ယုံကြည်အောင် အစွမ်းကုန်ကြိုးစားလိုက်သည်။

"ဒီရွှာဦးစေတီက ကျိန်စာတိုက်ထားတယ် - ကိုခန့်ရဲ့"

မြသင်းမွှေးက ရွှာဦးစေတီဘက်သို့ လက်အုပ်ချီရင်း ပြောလိုက်သည်။

"ဘာပြောတယ် - မြသင်း၊ ကျိန်စာတိုက်ထားတယ် - ဟုတ်လား၊ ဒါတွေက ကိုခန့်တို့ခေတ်မှာ မရှိတော့ပါဘူး - မြသင်းရယ်၊ မြသင်းက ခေတ်ပညာတတ်၊ ကျောင်းဆရာမတစ်ယောက်ဖြစ်ပြီး ဒါတွေကို စွဲလမ်းယုံကြည်နေတုန်းပဲလားကွာ"



ပရလောက၊ စုန်း၊ တစ္ဆေ၊ ဝိဇ္ဇာဥ်လောက၊ စုန်းတိုက်၊ နတ်တိုက်၊ ကျိန်စာတို့ကို ယုံကြည်မှုမရှိသော ခန့်ညားအောင်က ကြောက်ရွံ့နေသော မြသင်းမွှေးကို တယုတယဖက်ထားရင်း မေးလိုက်သည်။

"ယုံတယ် - ကိုခန့် - ယုံတယ်၊ မြသင်းတို့တစ်ရွာလုံးက လက်ခံယုံကြည်ကြတယ်၊ ဒီရွှာဦးစေတီမှမဟုတ်ပါဘူး - ကိုခန့်ရယ်၊ ဒီနယ်တစ်ကြောမှာရှိတဲ့ ပုဂံခေတ်ဘုရားပုထိုးစေတီတော်တော်များများမှာ ကျိန်စာတိုက်ထားကြတယ်လို့ လူကြီးတွေပြောတာ ကြားဖူးတယ်၊ ပြီးတော့ - ဒီရွှာဦးစေတီဟာလည်း ကျိန်စာတိုက်ထားတာလို့ တစ်ညီတစ်ညွတ်တည်း ပြောကြတယ်"

မြသင်းမွှေးက ခန့်ညားအောင် ဖက်ထားရာမှ ရုန်းထွက်လိုက်ပြီး စုံတန်းရှည်ပေါ်သို့ ထိုင်ချလိုက်သည်။

"ဟုတ်ပါပြီ - မြသင်းရယ်၊ ဘယ်လိုကျိန်စာတိုက်ထားခဲ့တာလဲ"

ခန့်ညားအောင်က ကျိန်စာကို မယုံသော်လည်း စိတ်ဝင်စားသွားလေသည်။

"ကိုခန့်တို့လို ခေတ်ပညာတတ်တွေက ယုံချင်မှ ယုံမယ်၊ ရွှာဦးစေတီကို သေချာကြည့် - ကိုခန့်၊ တစ်ဝဂ္ဂဘုရားပုံစံ၊ ပြီးတော့ - စေတီတည်ထားတဲ့ အုတ်တွေကိုကြည့်၊ ပုဂံခေတ်က အုတ်ပုံစံတွေ၊ ပုဂံခေတ်က တည်ခဲ့တဲ့ ဘုရားလို့ ဖိုးဖိုးက ပြောဖူးတယ်"

မြသင်းမွှေးက သိသလောက် ရှင်းပြနေသည်။

"ဖိုးဖိုးတို့ငယ်ငယ်တုန်းက ရွှာဦးစေတီရဲ့ အရှေ့ဘက်မှာ ကျိန်စာကို ကျောက်စာတိုင်နဲ့ အခိုင်အမာထိုးထားတာ ရှိတယ်လို့ ပြောခဲ့တယ်၊ မြသင်းတို့ခေတ်ရောက်တော့ ကျောက်စာတိုင်က မရှိတော့ဘူး - ပျောက်သွားပြီ"

"နားထောင်လို့တော့ ကောင်းသားပဲ၊ ဒါနဲ့ - ဘယ်လိုကျိန်စာတိုက်ထားတာတဲ့လဲ"

"ဘယ်လိုကျိန်စာတိုက်ထားတာလဲဆိုတော့ ဖိုးဖိုးတို့လူကြီးတွေပြောတာကိုပြန်ပြောပြမှာနော်၊ ဒီရွှာဦးစေတီကိုတည်ထားကိုးကွယ်တဲ့သူတွေက သိပ်ချစ်ကြတဲ့ အကြင်လင်မယားတဲ့၊ ဘုရားတည်ပြီးတော့ ကျိန်စာကို



www.burmeseclassic.com

www.burmeseclassic.com

ကျောက်စာတိုင်နဲ့ အနိုင်အမာ ရေးထိုးထားတယ်တဲ့၊ အကျွန်တို့ တည်ထားကိုးကွယ်သော ဤဘုရားစေတီတွင် ချစ်သူ၊ ကြင်သူများသည် တစ်ဦးနှင့်တစ်ဦး သစ္စာရှိစွာ ချစ်ခင်ကြင်နာပါမည်၊ သစ္စာရှိစွာ စောင့်ထိန်းကြပါမည်ဟု သစ္စာဆိုချစ်ကတိထားကျိန်ဆိုခဲ့ကြပါက ထိုကျိန်ဆိုသစ္စာထားသည့်အတိုင်း လိုက်နာကြရပါမည်၊ မလိုက်နာပဲ တစ်ဦးဦးမှ သစ္စာဖောက်ဖျက်ပါက သစ္စာဖောက်ဖျက်သူသည် အသေဆိုးနဲ့ သေပါစေသားလို့ ရေးထိုးခဲ့တာ – ကိုခန့်ရဲ့၊

ဒါ – မြသင်းနားလည်သလိုပြန်ပြောတာနော်၊ ချစ်သူ၊ သမီးရည်းစားတွေ ဒီဘုရားမှာ ချစ်သက်သေ သစ္စာစကားဆိုပြီးရင် သစ္စာတည်ရမယ်ဆိုတဲ့ သဘောပေါ့ – ကိုခန့်ရယ်၊ ဒါ့ကြောင့် – ကိုခန့်ကို သစ္စာမဆိုပါနဲ့လို့ မြသင်းတားလိုက်တာပါနော်၊ ပြီးတော့ – ရွှေးမီနောက်မီလူကြီးတွေ ပြောပြတာ ရှိသေးတယ်၊ ရွာဦးစေတီမှာ သမီးရည်းစားစုံတွဲတွေ၊ ညားခါစလင်မယားတွေ၊ တစ်ဦးကိုတစ်ဦး သစ္စာရှိပါ့မယ်လို့ တိုင်တည်ကျိန်ဆိုပြီးရင် သစ္စာတည်ရတယ်၊ သစ္စာမစောင့်၊ ကတိမတည်တဲ့သူဟာ အကြောင်းတစ်ခုခုကြောင့် အသေဆိုးနဲ့ သေခဲ့ကြတာတွေ ရှိခဲ့ဖူးတယ်လို့ပြောတယ်၊ မြသင်းတို့တစ်ရွာလုံးကလည်း တစ်လင်တစ်မယားစနစ်ပဲ ကျင့်သုံးကြတယ်လေ၊ ဒီရွာမှာ ရှိကြတဲ့ သက်ကြီးရွယ်အိုဖနီးမောင်နှံတွေဟာ ငယ်လင်ငယ်မယား သစ္စာရှိရှိ ချစ်လာကြတဲ့သူတွေ – ကိုခန့်ရဲ့”

မြသင်းမွှေးက စကားပြောတာကို ခဏရပ်လိုက်ပြီး ခန့်ညားအောင်ကို လှည့်ကြည့်လိုက်သည်၊ မြသင်းမွှေးစကားကို စိတ်ပါဝင်စားစွာ နားထောင်နေသည်ကို တွေ့လိုက်ရသည်မို့ သူ့စကားကို ဆက်ပြောလိုက်သည်၊

“ဘိုးစဉ်ဘောင်ဆက် လက်ခံယုံကြည်လာတဲ့ အစဉ်အလာတစ်ခုကိုတော့ မြသင်းတို့ အလေးအနက် ထားရမယ်လေ၊ မြသင်း မှန်တာပြောရရင် ဒီကျိန်စာကို ယုံလည်းယုံတယ်၊ ကြောက်လည်း ကြောက်တယ်၊ ကြောက်တာက ကိုခန့်က ဒီရွာဦးစေတီမှာ သစ္စာဆိုထားတယ်လေ၊ ကိုခန့်နဲ့ ဝေးရမှာကို ကြောက်တယ်၊ ဒါ့ကြောင့် – ကိုခန့် သစ္စာဆိုတော့ မြသင်း တားဖို့ကြိုးစားခဲ့တာပါ၊ ကိုခန့်ကို မြသင်း မလွှမ်းချင်ဘူး၊ လွှမ်းရမှာကို အကြောက်ဆုံးပဲ ကိုခန့်ရယ်”



မြသင်းမွှေးတစ်ယောက် ငိုနေလေပြီ၊

“ချစ်သူစုံတွဲတွေ တစ်ယောက်နဲ့တစ်ယော[illegible] သစ္စာမဖောက်အောင် တိုက်ခဲ့တဲ့ကျိန်စာပေါ့နော်၊ ဒီဘုရားမှာ သစ္စာဆိုတဲ့သူတွေအတွက်ပေါ့၊ ဒါဆို – မြသင်း – မငိုနဲ့ – တိတ်တော့၊ ဒီကျိန်စာက သစ္စာမရှိတဲ့သူတွေအတွက်တော့ ကြောက်စရာပါ – မြသင်းရယ်၊ သစ္စာရှိတဲ့ကိုခန့်အတွက်တော့ ဒီကျိန်စာကိုဂရုစိုက်၊ အလေးအနက်ထားဖို့ မလိုပါဘူး – မြသင်းရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုခန့်က မြသင်းကို တကယ်ချစ်တာကိုး”

ခန့်ညားအောင်က သဲကိုးဖြာပင်မကာ မန်ကျည်းကိုးပင်ပါ နောက်လိုက်ရသော်လည်း စိတ်ထဲမှာ ကျိန်စာကြောင့် စိုးရွံ့မှုလေးတော့ ရှိလာသည်၊ မြသင်းမွှေး၏ပါးပြင်ပေါ်သို့ စီးကျလာသောမျက်ရည်စများကို သုတ်ပေးရင်း ပြောလိုက်ခြင်း ဖြစ်ပါလေ၏၊

“ကိုခန့်ကို စိတ်ချပါ – မြသင်းရယ်၊ သကြန်ပြီးတာနဲ့ ပြန်လာခဲ့ပါ့မယ်”

ခန့်ညားအောင်က ပြောပြောဆိုဆို သနပ်ခါး ပါးကွက်ကြားဖြင့် ရိုးရှင်းစွာလှနေသော တောက ဆရာမလေး မြသင်းမွှေးကို အားရပါးရ မွှေးမွှေးပေးလိုက်သည်၊ လောလောဆယ်မြသင်းမွှေးတစ်ယောက်သူ့အပေါ်ကိုယုံကြည်ဖို့ အရေးကြီးပေသည်၊ ဒီရွာက ထွက်သွားပြီးသည်နှင့် နောက်တစ်ခေါက်ပြန်လာစရာအကြောင်းမရှိတော့၊ သကြန်ပြီးလျှင် မိဘချင်း သဘောတူထားသော သက်မှုံးခင်ခင်နှင့် လက်ထပ်ရတော့မည်မဟုတ်ပါလား၊ ပျင်းစရာကောင်းလှသော တောရွာလေးမှာ အပျင်းပြေ၊ အပျော်သဘောထားခဲ့သော တောပန်းလေး မြသင်းမွှေးကိုတော့ သနားသလိုလိုတော့ ဖြစ်မိသား၊ သို့သော် သနားလို့မဖြစ်၊ မြသင်းမွှေးကို သနားမိလျှင် တောသားဘဝနဲ့ ဆိတ်ကျောင်း နွားကျောင်းမလုပ်နိုင်၊ မိမိဘဝ တိုးတက်ဖို့အတွက် အကောင်းဆုံးလုပ်ပေးနိုင်တာက သက်မှုံးခင်ခင်နှင့် သူ့မိဘများပင် မဟုတ်ပါလား၊

“တကယ်ပြန်လာမှာပါနော် – ကိုခန့်”

မြသင်းမွှေးအသံက တိုးလွန်းလှသော်လည်း ခန့်ညားအောင် ကြားလိုက်သည်၊

အသာအယာ ခေါင်းညိတ်ပြလိုက်လေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ရွာဦးစေတီ တည်ရှိ ကုန်းမို့မို့လေးတစ်ဝိုက်မှာတော့ အလင်းရောင် ပျောက်စပြုနေသည်။

အတိတ်ကို ပြန်ပြောင်းရသော် ...

ညနေကျောင်းဆင်းချိန် ...။

ရွာလယ်လမ်းမအတိုင်း ကျောင်းသား၊ ကျောင်းသူတစ်သိုက်ဖြင့် ကျောင်းမှ ပြန်လာသော ဆရာမလေး မြသင်းမွှေးတစ်ယောက် နောက်မှ ဟွန်းတီး၍ လာသော မော်တော်ဆိုင်ကယ်သံကြောင့် ဘေးကပ်ပြီး လှည့်ကြည့်လိုက်မိသည်။ မျက်နှာက နေလောင်ထားသဖြင့် အညိုရောင်သန်းနေသော်လည်း ဆွဲဆောင်မှုရှိနေမှန်း သိလိုက်သည်။ မိမိနှင့် သက်တူရွယ်တူလူငယ်တစ်ယောက်၊ မော်တော်ဆိုင်ကယ်ကို မြသင်းမွှေးအနားမှ ကပ်စီးသွားရင်း -

"မင်္ဂလာပါ - ဆရာမ"

ဟု နှုတ်ဆက်သွားလေသည်။ တစ်ခါမှ မမြင်ဘူးသော လူစိမ်းတစ်ယောက်မို့ အသေအချာ ကြည့်လိုက်မိသည်။ စူးရှတောက်ပသောမျက်ဝန်း အစုံဖြင့် ပြန်ကြည့်ခြင်းကို ခံလိုက်ရသဖြင့် ခေါင်းငုံ့ထားလိုက်မိတော့သည်။ စီးလာသော မော်တော်ဆိုင်ကယ်ကြီးက ခန့်ထည်နေသည်။ သူမကို ဖြတ်ကျော်သွားသော ဆိုင်ကယ်ကြီးနှင့် လူငယ်၏နောက်တွင် ကျောပိုးအိတ်အကောင်းစားတစ်လုံး လွယ်ပိုးလို့ထားလေသည်။

နောက်တစ်နေ့ ကျောင်းရောက်တော့ မော်တော်ဆိုင်ကယ်ကြီးနှင့် ရောက်လာသော ချေ့သည် ကိုလူချောလေးအကြောင်းကို လေးတန်းကျောင်းသားလေး အောင်တေဇက စ၍ပြောလာသည်။

"ဆရာမ - သားတို့အိမ်နားက ဆိတ်ခြံကို မန္တလေးက အစ်ကိုကြီးတစ်ယောက် မနေ့က ရောက်လာတယ်၊ မော်တော်ဆိုင်ကယ်ကြီးကလည်း အကြီးကြီးပဲ၊ အစ်ကိုကြီးကလည်း အရမ်းချောတာပဲ - ဆရာ"

မနေ့ကညနေက - "မင်္ဂလာပါ - ဆရာမ" လို့နှုတ်ဆက်သွားသောသူ့ကို ပြန်မြင်လိုက်မိ၏။ အောင်တေဇပြောပြသဖြင့် ထိုလူငယ်၏အကြောင်းကို



မြသင်းမွှေးတစ်ယောက်မစုံစမ်းပဲသိလာရသည်။ သူ့နာမည်ကခန့်ညားအောင်၊ ရွာပြင်တွင်ရှိသော ဆိတ်မွေးမြူရေးခြံပိုင်ရှင်၏သား၊ ဆိတ်ခြံကို ကြီးကြပ်ကွပ်ကဲရန်ရောက်လာသူ၊ ဆိတ်ခြံထဲတွင်ရှိသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတွင် ခြံလုပ်သားများနှင့် အတူနေသည်၊ အောင်တေဇပြောသမျှသာ ဆရာမလေးမြသင်းမွှေး သိထားရသည်၊ သိပ်မကြာလိုက်ပါ၊ ရွာလယ်လမ်းမပေါ်တွင် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် မကြာခဏ တွေ့လာရသည်၊ တစ်ခါတစ်ရံ မော်တော်ဆိုင်ကယ်နောက်တွင် လေးတန်းကျောင်းသား အောင်တေဇ ပါလာတတ်ပြန်သည်၊ နောက်တော့ ညနေရောက်တိုင်း မြသင်းမွှေးတို့အိမ်ရှေ့မှ လမ်းလျှောက်ရင်းကြည့်ကြည့်သွားတတ်သည်၊ မြသင်းမွှေးကိုမြင်လျှင် လက်ပြ၍ နှုတ်ဆက်လာတော့သည်၊

တစ်နေ့ ...

ထိုတစ်နေ့ကိုတော့ မြသင်းမွှေး ဘယ်တော့မှမမေ့၊

လေးတန်းကျောင်းသားလေးအောင်တေဇနှင့်အတူကျောင်းကိုရောက်လာသူက ခန့်ညားအောင်၊ ပလေတပ်လုံချည်အကွက်စိပ်စိပ်လေးနှင့် စိမ်းပြာနရောင်စပို့ရှပ်ကို ပတ်ထားသည်၊

"ဆရာမ - အစ်ကိုခန့်ညားက ဆရာမနဲ့ ခင်ချင်လို့တဲ့၊ အစ်ကိုခန့်ညားဒါ - သားတို့ဆရာမ၊ ဆရာမ - ဒါ - မန္တလေးကလာတဲ့ သားတို့အိမ်ဘေးက ဆိတ်ခြံက အစ်ကိုခန့်ညားအောင်ပါ ခင်ဗျ"

အောင်တေဇက လက်ကလေးနှစ်ဖက်ကိုပိုက်ပြီး မိတ်ဆက်ပေးလိုက်သည်၊ သိပ်သိတာပေါ့၊ ကလေးကို ခုတုံးလုပ်ပြီး ဘယ်ခြေလှမ်း လှမ်းတော့မယ်ဆိုတာ၊ ရွှေစွန်ညိုကြီးကတော့ ဝဲလေပြီ၊

"ကျွန်တော့်နာမည် ခန့်ညားအောင်ပါ - ဆရာမ၊ အောင်သီရိဆိတ်၊ သိုးမွေးမြူရေးခြံကပါ၊ ကျွန်တော့်အကြောင်းကို အောင်တေဇလေး ပြောပြပြီးပြီထင်ပါတယ်"

ခန့်ညားအောင်၏ ပြုံး၍ပြောလိုက်သောအပြုံးက မြသင်းမွှေးရင်ကို လှုပ်ခတ်သွားစေသည်က အမှန်၊



www.burmeseclassic.com

www.burmeseclassic.com

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မ မြသင်းမွှေးပါ"

လိုလိုချင်ချင် ပြန်ပြောလိုက်သူက မြသင်းမွှေး၊ ခန့်ညားအောင်တစ်ယောက် ဘယ်ခြေလှမ်း လှမ်းတော့မည်ဆိုတာ မြသင်းမွှေး သိလိုက်ပါပြီ၊ အောင်တေဇကို အကြောင်းပြု၍ ခန့်ညားအောင်တစ်ယောက် ဆရာမလေး မြသင်းမွှေးရှိရာသို့ မကြာခဏ ရောက်လာတော့သည်၊ နောက်တော့ မြသင်းမွှေး ကျောင်းဆင်းချိန်တွင် ကျောင်းရှေ့မှ စောင့်လာပြန်သည်၊ သုံးလခန့် အကြာမှာတော့ မြသင်းမွှေး၏ကိုယ်ရံတော် တပ်မှူးလေး ဖြစ်သွားလေပြီ၊ ခန့်ညားအောင်က ချစ်ပါတယ်လို့ ပြောလာတော့ မြသင်းမွှေးတစ်ယောက် မငြင်းမိတော့ ...၊

မော်တော်ဆိုင်ကယ်ကြီးစီးပြီး - "မင်္ဂလာပါ - ဆရာ" ဟု နှုတ်ဆက်စဉ်က ပင် မြသင်းမွှေး ရင်ဖိုခဲ့ရပြီးပြီမဟုတ်ပါလား၊

အခုတော့ - တစ်ယောက်က "မြသင်း" တဲ့၊

တစ်ယောက်ကလည်း "ကိုခန့်" တဲ့၊

မြသင်းမွှေးကတော့ မချစ်ဘူးလို့ အချစ်ထူးနဲ့ ချစ်သွားခဲ့လေပြီတကား၊

ခွဲရတော့မည်ဆိုတော့ ရင်ထဲမှာ မချို၊

လွမ်းရမှာ ကြောက်ပါတယ်ဆိုမှ လွမ်းရပေဦးတော့မည်၊

ညက တော်တော်နှင့် အိပ်မပျော်၊ ကိုခန့်နှင့် စတင်ရင်းနှီးခဲ့ပြီး ချစ်သူဘဝ ရောက်သွားပုံများကို ပြန်လည်စဉ်းစားရင်း အိပ်ရေးပျက်ခဲ့ရသည်၊ ရွှေဦး စေတီမှာ သစ္စာဆိုခဲ့သော ကိုခန့်ကြောင့် ရင်မှာ ကြည်နူးခဲ့ရသည်မှာ အမှန်၊ သို့သော် ရင်ထဲမှာတော့ စိုးတထိတ်ထိတ်ဖြစ်နေသည်က ဖြေဖျောက်လို့မရ၊ နောက်တော့ - ကိုခန့်တစ်ယောက် သူ့ကအပေါ် သစ္စာရှိရှိနှင့် ချစ်ပါစေဟု ထပ်တလဲလဲ ဆုတောင်းရင်း အိပ်ပျော်သွားခဲ့သည်၊ အိပ်ရာက နိုးလာတော့ အသိစိတ်ထဲမှာ အရင်ဆုံးဝင်လာတာက ဒီနေ့ ကိုခန့် - မန္တလေးကိုပြန်တော့ မယ်ဆိုတာပဲဖြစ်သည်၊ ဒီနေ့ကစပြီး ကိုခန့်ကို လွမ်းရတော့မှာပါလား၊



"ဟဲ့ - သမီး - မျက်နှာမသစ်သေးပဲ ဘာတွေစဉ်းစားနေတာလဲ"

မိခင်ကြီးအသံ ကြားလိုက်တော့မှ အိမ်ရှေ့ကျောက်စည်နားတွင် မျက်နှာမသစ်သေးပဲ အတွေးလွန်နေမိသော မိမိအဖြစ်ကို သတိရလာသည်၊ သည်တော့မှ ကျောက်စည်ထဲမှ ရေတစ်ခွက် ခပ်လိုက်သည်၊ ထိုစဉ်မှာပင် ကျယ်လောင်သော မော်တော်ဆိုင်ကယ်ဟွန်းသံကို ကြားလိုက်ရသည့် အတွက် လက်ထဲမှ ရေခွက်ကို အသာပြန်ချထားလိုက်ပြီး လမ်းမဘက်သို့ မျှော်ကြည့်လိုက်သည်၊ မော်တော်ဆိုင်ကယ်ကြီးကို ဖြည်းဖြည်းစီးရင်း လက်တစ်ဖက် မြှောက်ပြနှုတ်ဆက်နေသော ကိုခန့်ကို တွေ့လိုက်ရသည်၊ မြသင်းမွှေးက ပြန်ပြီး လက်မြှောက်ပြလိုက်စဉ်မှာပင် ကိုခန့်က သူ့မော်တော်ဆိုင်ကယ်ကြီးကို စက်ရှိန်မြှင့်၍ တစ်ဟုန်ထိုးမောင်းထွက်သွားပါလေတော့သည်၊ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတဲ့အထိ လိုက်ကြည့်နေမိသည်၊ ရင်ထဲမှာ ဘာမှမရှိတော့သလို ခံစားလာရလေပြီ၊

"ကိုခန့်တစ်ယောက် ဘေးမသီ၊ ရန်မခပဲ မန္တလေးကို ရောက်ပါစေ ဘုရား"

ရင်ထဲက ဆုတောင်းပြီး အိမ်ပေါ် ပြန်တက်လာခဲ့သည်၊ သကြန်ပြီးရင် ပြန်လာမှာပါဟု ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့်လိုက်သည်၊ ခဏဝေးရတာ ခဏလွမ်းရတာပါလေဟု တွေးလိုက်မိသည်၊ မှန်ရှေ့တွင် ထိုင်လိုက်ပြီး သနပ်ခါးသွေးနေစဉ်မှာ -

"ဆရာမလေး - ဆရာမလေး"

အိမ်ရှေ့လမ်းမမှ ခေါ်သံကြောင့် ထွက်ကြည့်လိုက်တော့ စက်ဘီးတစ်စီး နှင့် ကျောင်းစောင့်ကြီး ဦးဘဟိန်းကို တွေ့လိုက်ရသည်၊

"အဘ - ဘာကိစ္စလဲ"

မြသင်းမွှေးက ကျောင်းစောင့်ကြီးရှိရာသို့ ထွက်လာပြီး မေးလိုက်သည်၊

"ကျွန်တော် - ရွာပြင်က ကားလမ်းမက ပြန်လာတာ - ဆရာ၊ ဆိတ်မြိုက ကောင်လေးရဲ့ မော်တော်ဆိုင်ကယ်နဲ့ အမြန်ကားတစ်စီး တိုက်မိသွားတာ တွေ့ခဲ့တယ် - ဆရာ"

www.burmeseclassic.com

"ရှင် - ဘုရား - ဘုရား - ကိုခန့်တစ်ယောက် ဘာမှမဖြစ်ပါစေနဲ့"

ကျောင်းစောင့်ကြီးစကားကြောင့်မြသင်းမွှေးတစ်ယောက် မျက်လုံးများ ပြာဝေသွားပြီး ဘာမှမမြင်တော့၊ ဘယ်လိုပင် ဆုတောင်းသော်လည်း ဆုတောင်းမပြည့်ခဲ့၊ လေးတန်းကျောင်းသားလေးအောင်တေဇတစ်ယောက် အပြေးအလွှား ရောက်လာသည်၊ သူ့မျက်နှာမှာ မျက်ရည်စတွေနှင့် တွေ့ လိုက်ရသည်၊

"အစ်ကိုခန့်ညားကို အမြန်ကားကြီး ဝင်တိုက်သွားပြီ - ဆရာ၊ အစ်ကို ခန့်ညားက သူ့ဖော်တော်ဆိုင်ကယ်ကြီးကို ရွာအဝင် လမ်းမကြီးကနေ ကား လမ်းပေါ်ကို အရှိန်နဲ့ တက်လိုက်တာ ညောင်ဦးဘက်က မောင်းလာတဲ့ ခရီး သည်တင်အမြန်ကားကြီးနဲ့ တိုက်မိသွားတာ အစ်ကိုခန့်ညား သေသွားပြီ ဆရာမရဲ့"

အောင်တေဇက ငိုပြီးပြောနေသည်၊

"ဘုရား - ဘုရား - ကိုခန့်တစ်ယောက် ကျိန်စာမိသွားတာလား"

မြသင်းမွှေးဓါနားထဲတွင် ရွာဦးစေတီလေးမှာ သစ္စာစကား တိုင်တည်ခဲ့ သော ကိုခန့်အသံလေးကို ပြန်လည်ကြားလာမိသည်၊

"အနိုင်းမဲ့ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား - တပည့် တော် ခန့်ညားအောင်သည် ဆရာမလေး မြသင်းမွှေးကို မပျက်ယွင်းသော သစ္စာဖြင့် ချစ်ခင်ခဲ့၊ မြတ်နိုးခဲ့ပါသည် ဘုရား၊ မြသင်းမွှေးအပေါ်တွင် သစ္စာ ပျက်ယွင်းခဲ့ပါက ဘုရားတပည့်တော် ခန့်ညားအောင်တစ်ယောက် သွားလေ ရာ၊ လာလေရာမှာ ဘေးဒုက္ခအပေါင်းနဲ့ တွေ့ကြုံရပါစေသား ..."

ဪ - သစ္စာဆို ချစ်စကားကြောင့် မေတ္တာပိုချစ်ခဲ့သော မြသင်းတစ် ယောက် သစ္စာမဲ့သူတစ်ယောက်ကြောင့် သူ့ ကြောက်သောအလွမ်းကို ထာဝရ ရင်မှာ ပိုက်မိသွားလေပြီတကား၊

⇒ ကျော်အေးရွှေ




www.burmeseclassic.com

www.burmeseclassic.com

## ဗွီဒီယိုရုံတွင် ရုပ်ရှင်ကြည့်ရင်း ကလေးတစ်ယောက်ပျောက်ဆုံးသွားရာမှ အသတ်ခံရကြောင်းသိရသောအခါ..

**မကွေး(၁)** ရဲစခန်းအတွင်းတွင် မိခင်တစ်ယောက်သည် တိုင်ချက်ဖွင့်နေရင်း ငိုရလွန်းသဖြင့် သတိလစ်၍ လဲကျသွားသဖြင့် မကွေးဆေးရုံသို့ ပို့လိုက်ရသည်။

ထိုကိစ္စကို ရဲစခန်းကလည်း ဘာဆိုဘာမှမကူညီနိုင်၊ မကူနိုင်သည့် အကြောင်းရင်းက (၈)ရက်၊ (၈)လ၊ (၈၈)ခုနှစ်တွင် ဖြစ်ပျက်နေခြင်းကြောင့် ဖြစ်၏။

(၈၈)အရေးအခင်းကာလအတွင်းဖြစ်ရာ ရဲစခန်းကလည်း အမှုလက်ခံလို့မရ၊ လောလောဆယ် အစိုးရမရှိ၊ မကွေးမြို့ကြီးကို အုပ်ချုပ်နေသည်က ဦးခေါင်းတွင် အနီရောင်အောက်ခံပေါ်၌ ကြယ်ဖြူတစ်ပွင့်တံဆိပ်နှိပ်ခတ်ထားသော တစ်မိုက်ခန့်ရှိအဝတ်နီ ပတ်ထားသည့်လူငယ်များ အုပ်ချုပ်နေဆဲကာလဖြစ်သောကြောင့် ဖြစ်၏။

မကွေး(၁)ရဲစခန်းမှ ရဲသားများမှာ အမှုလက်ခံဖို့နေနေသာသာ စခန်းသို့သပိတ်သမားများဘယ်နေ့လာသိမ်းမလဲ၊ လာပြီးစီးနင်းတိုက်ခိုက်မလဲဟု သတိဝီရိယကြီးစွာထား၍ ထိန်းသိမ်းနေရချိန်ဖြစ်သောကြောင့်ဖြစ်၏။

ရဲစခန်းသို့ အမှုလာဖွင့်သူမှာ မြို့ဦးရပ်ကွက်အတွင်းမှ ဒေါ်ငြိမ်းလှဖြစ်၏။

ဒေါ်ငြိမ်းလှတွင် (၁၀)နှစ်သမီးကလေး "အေးအေး" ဆိုသူရှိရာ ညနေ(၅) နာရီတွင် မိမိတို့အိမ်နှင့် တစ်အိမ်ကျော်တွင်ရှိသော ဗီဒီယိုရုပ်ရှင်ရုံသို့ ဇာတ်ကားသွားကြည့်ရာမှ ပြန်၍ရောက်ရှိချိန်တွင် မရောက်လာသဖြင့် ရဲစခန်းသို့ လှမ်းပျောက်သွားတိုင်ခြင်းဖြစ်၏။

သို့သော် ဖေတ်ပျက်နေရာ ရဲစခန်းက လက်မခံသဖြင့် ဒေါ်ငြိမ်းလှ အရုပ်ကြိုးပြတ် လဲကျသွားခြင်းဖြစ်၏။

"သေရဲလားဟေ့"

"သေရဲတယ်ဟေ့"

"ဘယ်သူ့အတွက်လဲ"

"ပြည်သူ့အတွက်"

"ဒီမိုကရေစီ"

"ချက်ချင်းပေး"

"သေရဲလားဟေ့"

"သေရဲတယ်ဟေ့"

မကွေးမြို့၏ရပ်ကွက်တိုင်းထိုကြွေးကြော်သံများက မိုးတွင်းအခါဖားများ အော်သကဲ့သို့ ဟိုနေရာက ကြားရ၊ ဒီနေရာက ကြားရဖြင့် ကြားနေရ၏။

သပိတ်စခန်းမှာ နှစ်ခုရှိ၏။ မကွေးမြို့ပါတီယူနစ်ရုံးတွင် တစ်ခု၊ မြို့မရပ်ကွက်၊ မြို့မကျောင်းအတွင်းရှိ "အောင်မေ့မှာ" ရုံတွင် တစ်ခုရှိ၏။ ဌာနချုပ်မှာ ပါတီယူနစ်ရုံးဖြစ်၏။

ဤသပိတ်ကာလတွင် မကွေးမြို့သည် စည်းကမ်းရှိ၏။ သပိတ်သမားများက နံနက်(၇)နာရီမှ နေ့လယ်(၁၁)နာရီထိတစ်ကြိမ်၊ ညနေ(၅)နာရီမှ (၉)နာရီထိတစ်ကြိမ် အထက်ပါကြွေးကြော်သံများ အော်ဟစ်ပြီး ဆိတ်တန်း

www.burmeseclassic.com

www.burmeseclassic.com

လှည့်လည်ရုံမှတစ်ပါး မည်သည့်အစိုးရပစ္စည်းများနှင့် အိမ်များကို မဖျက်ဆီးကြ။

အချင်းချင်း သွေးနီးကြ၏၊ ရပ်ကွက်ထဲမှလူများ အသွားအလာမပျက် သကဲ့သို့ ဗီဒီယိုရုံများလည်းပြသလျက်ရှိရာ အချို့ဗီဒီယိုရုံများက အခွင့်ကောင်းယူကာ ည(၉)နာရီတွင် မဟုတ်မဟတ်၊ မောင်နှမ ကြည့်၍မရသောဇာတ်ကားများ ပြကြ၏။

ထိုဇာတ်ကားများကို ည(၉)နာရီတွင်ပြ၏၊ တစ်ယောက်လျှင် ရုံဝင်ခ အဆမတန်ယူရာ ရုံပြည့်ရုံလျှံသဖြင့် ဗီဒီယိုရုံရှင်များ တွက်ခြေကိုက်လှ၏။

အပေါက်စောင့်များမှာ ဦးခေါင်းတွင် ကြယ်ဖြူတစ်ပွင့်ပါသော အဝတ်နီများ စီးထားရာ မည်သည့်အဖမ်းအဆီးမှမရှိ၊ "ပွဲလန့်တုန်း ဖျာခင်း" ဆိုသကဲ့သို့ စီးပွားဖြစ်နေ၏။

နေ့အခါတွင် သပိတ်စခန်း၌ လူစုကြ၏၊ ညအခါတွင် ဗီဒီယိုရုံများတွင် အပန်းဖြေကြ၏။

ဆန်ဈေး၊ ဆီဈေး၊ သား၊ ငါးဈေးများ တက်သွား၏၊ ရောင်းသူမရှိ၍ အဝယ်ခက်ကြ၏၊ စီးပွားရေးလာဘ်မြင်သူတို့က သုံးတန်ကားကြီး(၃)စီးငှားကာ သပိတ်စခန်းနစ်ခုမှ အခြေမဲ့ အနေမဲ့ဖြင့် ထမင်းအခမဲ့စားရသော သပိတ်စခန်းတွင် ယုံကြည်ချက်မရှိပဲ အနေချောင်၍ ဝင်ရောနေသူများ သပိတ်အမှတ်အသားပါ အဝတ်များ နဖူးတွင် စီးစေလျက် ကားပေါ်တင်ကာ ဆန်ဝယ်ရန် ပေါင်းတည်မြို့၊ နတ်သလင်းမြို့စသည့် ဆန်ထွက်သောမြို့များသို့ သွားရောက်၍ ဆန်များ ရသလောက် ကား(၃)စီးအပြည့်ဝယ်လာပြီး မကွေးမြို့အတွက် ဆန်များဖြန့်ဝေပေးခဲ့၏၊ ထိုသို့အကွက်မြင်စွာ ရဲရဲဝံ့ဝံ့စွာ လုပ်ဆောင်သူများသည် ယခုအခါ မကွေးမြို့တွင် မြို့မျက်နှာဖုံးလူကြီးများဖြစ်နေပြီး ကြီးပွားချမ်းသာနေကြပြီဖြစ်၏။

ပျောက်သွားသော ကလေး၏မိခင်မှာ သပိတ်ကာလတွင် မည်သူ၏ အဖေခေါ်ရမှန်းမသိဖြစ်နေလေတော့ရာ မပဏ္ဍာမြေလူးဖြစ်နေ၏။



အကြားအမြင်ဆရာများ၊ ဗေဒင်ဆရာများကို မေးမြန်းစုံစမ်းကြည့်ရာတွင် အခြေအမြစ်မရှိ၊ ဟောကြ၊ ပြောကြ၊ ငွေတွင်းကဲ့ လက်တစ်ဆုံးနိုက်နေကြတော့၏၊ ဗေဒင်ဆရာများ၏ဟောကြားချက်မှာ အမျိုးမျိုး ကွဲလွဲနေကြသည်။

အချို့ဆရာက သေပြီ။

အချို့ဆရာက မသေသေး၊ ကန်တော့ပွဲများ မတန်မဆတောင်းယူ၍ တင်ခိုင်းခဲ့၏၊ တချို့လူနောက်လူပြောင်များက -

"ဗေဒင်မမေးနဲ့ - ဆန်ဘိုးကုန်တယ်" ဟု ပြောကြ၏။

တချို့ကလည်း လက်ဝါးထဲသို့ တံတွေးထွေးထည့်ပြီး ထိုတံတွေးအား လက်ဝါးစောင်းခုတ်စေလျက် တံတွေးလွင့်စဉ်သွားသောဘက်တွင် ကလေးရှိရာမည်ဟု ပြောကြသဖြင့် ထိုသို့လုပ်ပြီး ရှာကြရာ မတွေ့ရှိပေ။

နောက်ဆုံး ထိုအမှုသည် ကျွန်ုပ်၏ထံသို့ ရောက်လာ၏၊ ကျွန်ုပ်လည်း ဗေဒင်ပညာတွင် ကျွန်ုပ်၏ဆရာဖြစ်ပြီး စာရေးဆရာဘဝရောက်အောင် ပို့ပေးခဲ့ရသော ကျွန်ုပ်၏ (စာရေးခြင်းအတတ်ပညာ) တပည့်တစ်ဦးဖြစ်သော မြန်မာပြည် ဆရာဟိန်းအား တွက်ချက်၍ကြည့်စေ၏။

မြန်မာပြည် ဆရာဟိန်းသည် ရေနံချောင်းသားဖြစ်၏၊ လမ်းဘေးရှက်နှင်တဲဖြင့် ဗေဒင်ဟောထားခဲ့သောကာလကပင် ကျွန်ုပ်နှင့် ခင်ခဲ့၏၊ ထိုစဉ်က သူက ရေနံချောင်းမြို့ မြို့မရဲစခန်းမှ ကြီးမှူးကျင်းပသော ဘုရားပွဲတွင် အမြဲဗေဒင်ဟော၏။

ကျွန်ုပ်က ထိုဘုရားပွဲတွင် ပွဲကန်ထရိုက်လုပ်ခဲ့ရာမှ အပေါင်းအသင်းဖြစ်ခဲ့ရခြင်းမှာ မြန်မာပြည် ဆရာဟိန်းသည် နိုင်ငံကျော် ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များ၏ လက္ခဏာများကို ယူချင်၏၊ သူဟောနေသောပုံများကို ထိုနိုင်ငံကျော်များနှင့် တွဲ၍ရိုက်ချင်၏၊ ထိုကိစ္စများကို ကျွန်ုပ်က ဆောင်ရွက်ပေးခဲ့၏။

သူ၏ဗေဒင်ဟောခန်း၏ အပြင်ဘက်တွင် ထိုပုံကြီးများ ချိတ်ဆွဲပြသထားရာ လူအများ စည်ကားလျက်ရှိပြီး ဝင်ငွေကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က မြန်မာပြည် ဆရာဟိန်း၏အသက်မှာ (၁၇)၊ (၁၈)လောက်သာ ရှိဦးမည်ထင်၏။ နောက်ပိုင်း မကွေးမြို့သူ၊ ကျွန်ုပ်၏သူငယ်ချင်း မသန်းညွန့်နှင့် အိမ်ထောင်ကျပြီး မကွေးတွင် မြန်မာပြည် ဆရာဟိန်းဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် လပေါင်းနှစ်ပေါင်းများစွာ ဟောစာတမ်းရေးသား၍အောင်မြင်ခဲ့ရာ မကွေးမြို့တွင် အမှန်ဆုံးဗေဒင်ဆရာတစ်ယောက်ဖြစ်နေပြီဖြစ်၏။ ဗေဒင်ဟောကြားခဲ့သောလုပ်သက်မှာလည်း နှစ်ပေါင်း(၃၀)ကျော်ခဲ့ပေပြီဖြစ်၏။

ကျွန်ုပ်သည် ဤကလေးကိစ္စတွင် မြန်မာပြည် ဆရာဟိန်းကို သတိရသဖြင့် ဆရာဟိန်း၏အိမ်သို့ ကလေးအမေကို ခေါ်သွားခဲ့၏။

မြန်မာပြည်ဆရာဟိန်း၏ ဗေဒင်ဟောခန်းမှာ ရွာသစ်(၁၉)လမ်းနှင့် ဖဲထီးလမ်းထောင့်၊ ရွာသစ်ရပ်တွင်ရှိ၏။ ၎င်း၏အိမ်ရှေ့တွင် ပြည်တော်သာတိုက်ခန်းများရှိပြီး ၎င်း၏အရှေ့ဘက် (၅)အိမ်ကျော်လောက်တွင် မကွေးမြို့ အ.ထ.က(၂)ကျောင်း ရှိ၏။

ကလေးပျောက်သွားသော အမှုသည် ဒေါ်ငြိမ်းလှ၏နေအိမ်မှာ ထိုအ.ထ.က(၂)ကျောင်းရှေ့ရှိ ပြည်တော်သာတိုက်တန်းများ၏ အရှေ့တွင်ရှိသော မထင်မရှားရပ်ကွက်ကလေးဖြစ်သည်။

မြန်မာပြည် ဆရာဟိန်း၏အိမ်၊ ဧည့်ခန်းသို့ ရောက်သည်နှင့် သူနှင့်ပြဇာတ်မင်းသား (B.ed)အောင်သိုက်တို့လက္ခဏာဟောနေပုံမှာတ်ပုံကြီးတစ်ချပ်ချိတ်ထားသည်ကို တွေ့ရ၏။ *[note: see below]*

ကျွန်ုပ်လည်း ဆရာဟိန်း၏ ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် ထမင်းဟင်းချက်ပြုတ်နေသော ဆရာဟိန်းကတော်မသန်းညွန့်က ဆီးကြိုနှုတ်ဆက်လေ၏။

“ဟော - ဆရာဟိန်းရေ - ရှင့်ဆရာ ဦးညိုစိမ့်လာတယ်၊ အလုပ်တွေ ရပ်ထားပြီး ဆင်းခဲ့ဦး”ဟု အိမ်အပေါ်ထပ်သို့ လှမ်းအော်၏။

“ဆရာညိုစိမ့် - အပေါ်တက်ခဲ့ဗျ။ ဒီနေ့ကိစ္စ ခင်ဗျားမမေ့ပါဘူးနော်”

“ဟုတ်ကဲ့ - မမေ့ပါဘူး”

ဒီနေ့ကိစ္စဆိုတာက တခြားကိစ္စမဟုတ်ဘူး၊ အခုဖြစ်နေတဲ့သပိတ်ကိစ္စမှာ တပ်မတော်သားများပါဝင်ဆင်နွှဲကြဖို့ သပိတ်စခန်းတာဝန်ရှိသူတွေရဲ့ အကူအညီတောင်းမှုအရ သနက(၁)ခြေလျင်တပ်ရင်းမှာ သွားဟောပေးရမှာဖြစ်ပါတယ်။

ကျွန်ုပ်အနေနဲ့က ...

သိလွန်းလို့၊

တတ်လွန်းလို့၊

နိုင်ငံရေးစိတ်ဓာတ်ရှိလွန်းလို့ ဟောမှာမဟုတ်ဘူး၊ ဒီလိုဟောမပေးရင် ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ ကျွန်ုပ်ရဲ့ “မောင်နမစာပေ”စာအုပ်ဆိုင်ကြီးကို မီးရှို့မယ်ဆိုလို့ သွားဟောရမှာဖြစ်ပါတယ်။

မြန်မာပြည်ဆရာဟိန်းကတော့ အဟောအပြောကို ဝါသနာထုံတာ။

“အပေါ်တက်လို့မရသေးဘူး - ဆရာဟိန်းရေ့၊ ဒီမှာကိစ္စတစ်ခု ဆွေးနွေးရဦးမယ်”လို့ ကျွန်ုပ်က ပြန်ပြောလိုက်သည်။

ဆရာဟိန်းတို့၏ ဗေဒင်ဟောကြားချက်ကို ကျွန်ုပ်က အကုန်သိ၏။

ပထမ မသန်းညွန့်နှင့် တွေ့ရမည်၊

မသန်းညွန့်က ဗေဒင်မေးလာသူ၏ မွေးနှစ်သက္ကရာဇ်ကို မေးသည်၊

မဟာဘုတ်ထိုင်ပေးသည်၊

ထိုမဟာဘုတ်မှ ကိန်းဂဏန်းများကို ဆရာဟိန်း အလွယ်တကူ ဟောကြားပေးနိုင်ရန် အကွက်ချ၍ပေးရသည်၊ ထိုကဲ့သို့ပင် လုပ်ရန်အတွက် မသန်းညွန့်က မေးရာတွင် ကျွန်ုပ်က -

“မသန်းညွန့် - သူက မြို့ဦးရပ်ကွက်က ဒေါ်ငြိမ်းလှပဲ မနေ့တစ်နေ့က သူ့သမီး အေးအေး ပျောက်သွားလို့ ပြန်တွေ့နိုင်ပါဦးမလား လာမေးတာ၊ သကြာတွေအနေနဲ့ ဘာတွေလုပ်ရင်ကောင်းမလဲလို့ပါ”

လို့ပြောပြီး မိတ်ဆက်ပေးလိုက်ရသည်။

www.burmeseclassic.com

ထုံးစံအတိုင်း မသန်းညွန့်က ဒေါ်ငြိမ်းလှနှင့် ၎င်း၏သမီး အေးအေး၏ မွေးနှစ်၊ နေ့၊ လ၊ ရက်တို့ကိုမေးပြီး ၎င်းလုပ်စရာကိစ္စများအားလုံး လုပ်ကိုင်ပေးကြပြီးနောက် ကျွန်ုပ်တို့အား ဆရာဟိန်းထံသို့ လွှတ်၏။

ဆရာဟိန်းက သေချာစွာ တွက်ချက်ကြည့်ပြီးနောက် မငြိမ်းလှ၏ နေအိမ် တနင်္လာထောင့်တွင် ရှိနိုင်ကြောင်း ပြောကြား၏။

မငြိမ်းမယ်၏ နေအိမ် တနင်္လာထောင့်တွင် ရေကန်နှင့် စေတီတစ်ဆူ ရှိ၏။

စေတီမှာ ဇရပ်မရှိ၊ ထီးထီးကြီးဖြစ်၏။ သို့သော် ချုံပုတ်များအလယ်တွင် ညှိုးငယ်စွာ စံပယ်နေသော စေတီဖြစ်ရာ ဆရာဟိန်း၏ ပြောကြားချက်အရ ထိုအရပ်သို့ ရှာကြည့်၏။ မတွေ့ရှိပေ။

ဤသို့ဖြင့် ကလေးပျောက်သွားသောရက်မှ (၃)ရက်ပြည့်သွားရာတွင် ဆရာဟိန်းပြောကြားသည့်အတိုင်း ဒေါ်ငြိမ်းလှ၏နေအိမ် တနင်္လာထောင့်ရှိ ရေကန်ထဲမှ အလောင်းပေါ်လာလေ၏။

ကလေး၏ ရုပ်အလောင်းမှာ ဖောင်းပွနေ၏။ အသားအရည်များမှာ လက်ဖြင့် ထိလိုက်ပါက ပွဲ၍ကျ၏။ ရေထဲတွင် (၃)ရက်စိမ်ထားသကဲ့သို့ဖြစ်ရာမှ ရေဆွေးသွားခြင်းဖြစ်နိုင်၏။

အလောင်းတွေ့သောနေရာတွင် လာရောက်ကြည့်ရှုသူများသဖြင့် ကမ်းလုံးညွတ်မျှ လူပြည့်နေ၏။

သပိတ်အဖွဲ့ကမှ ဦးဆောင်ပြီး ကလေး၏အလောင်းကို မကွေးဆေးရုံ (ရင်ခွဲရုံ)သို့ ပို့ကြ၏။

ထိုနေ့တွင် ရဲတပ်ဖွဲ့မှ အရာရှိ၊ တပ်ကြပ်၊ တပ်သားတို့မှ သပိတ်မှောက်ရာတွင် ပါလာရာ ထိုရဲများက မိန်းကလေးအား စစ်ဆေးကြည့်ရာတွင် ...

မိန်းကလေးမှာ ဒဏ်ရာရှိနေသည်ကို တွေ့ရလေရာ မိန်းကလေးမှာ ရိုးရိုး ရေနစ်သေခြင်းမဟုတ်ပဲ၊ မုဒိမ်းကျင့်ခံရပြီးမှ ရေနစ်၍ သတ်လိုက်ခြင်းဖြစ်နိုင်ကြောင်း မှတ်ချက်ချကာ ရဲများဦးဆောင်သော သပိတ်အဖွဲ့မှ လူသတ်သမားကို ရှာပုံတော်ဖွင့်ကြလေတော့၏။



မကွေး(၁)စခန်းတွင် မုဒိမ်းမှု၊ လူသတ်မှုတို့ဖြင့် အမှုဖွင့်ထားပြီး ထိုကိစ္စကို အပူတပြင်း စုံစမ်းစစ်ဆေးကြရလေတော့၏။

ထိုရပ်ကွက်အတွင်းမှ အခြေအနေမဲ့များ၊ ခိုးဆိုးလုယက်လေ့ရှိသူများကို စစ်ဆေးကြည့်လိုက်သောအခါတွင်လည်း ထိုလူများသည် သပိတ်အဖွဲ့တွင် ခေါင်းဆောင်များဖြစ်နေပြီး စားဝတ်နေရေး အခြေအနေကောင်းနေရာ ထိုလူများ မဖြစ်နိုင်သည်ကို တွေ့ရှိရလေရာ ဘဲဥ အစရှာမရသကဲ့သို့ အမှုမှာ ဖြစ်နေ၏။

"ဒေါ်ငြိမ်းလှသမီးက ဘယ်အချိန်ပျောက်သွားပြီး ပျောက်မှန်း ဘယ်အချိန်မှသိတာလဲ ခင်ဗျ"

အမှုလိုက် မောင်ပိုက်က ဒေါ်ငြိမ်းလှကို မေး၏။

"သမီးလေးက ညနေ (၄)နာရီဆိုရင် ဗီဒီယိုရုံကို အမြဲသွားပြီး ဇာတ်ကားကြည့်တယ်။ ဇာတ်ကားပြီးတဲ့ ငါးနာရီခွဲ ခြောက်နာရီဆိုရင် အိမ်ပြန်လာနေကျ။ ပျောက်တဲ့နေ့ကတော့ ပြန်ရောက်ချိန်မှာ ရောက်မလာလို့ ဗီဒီယိုရုံလိုက်တော့ မတွေ့တော့ဘူး"

ဟု ဒေါ်ငြိမ်းလှက ဖြေ၏။

အမှုလိုက်မောင်ပိုက်သည် ဗီဒီယိုရုံပိုင်ရှင် ဦးမူတူးအား စုံစမ်းမေးမြန်းကြည့်ရာတွင် -

"ရုပ်ရှင်မပြခင်မှာ အေးအေးကို ဟိုအရှုံးကောင် လှမောင်ပေါင်ပေါ်မှာ ထိုင်ကြည့်နေတာတွေ့တာပဲ။ နောက်တော့လည်း ဂရုစိုက်ပြီး မကြည့်မိဘူး"

ဟု ဖြေ၏။

အရှုံးလှမောင်ဆိုသူက ယဉ်ယဉ်ကလေး ရူးနေသူဖြစ်၏။ ဘယ်မြို့ ဘယ်ရွာက ရောက်လာသည်မသိ။ မကွေးမြို့သို့ရောက်နေသည်မှာ သုံးနှစ်လောက် ရှိပြီဖြစ်၏။

ပြည်တော်သာဈေးတွင် ဈေးကူ ခင်းပေးခြင်း၊ ဈေးကူ သိမ်းပေးခြင်း အလုပ်တို့ကိုလုပ်၏။ ညအခါတွင် ထိုဈေးတဲပေါ်မှာပင် အိပ်၏။



www.burmeseclassic.com

www.burmeseclassic.com

မြို့ဦးရပ်ကွက်မှ လူအများ အားကိုးရသော အရှုးတစ်ယောက်ဖြစ်၏၊ ထင်းခွဲပေးခြင်း၊ သုံးရေခပ်ပေးခြင်း၊ အမှိုက်လှဲပေးခြင်း လုပ်ပေးသဖြင့် ငုင်းကို ခင်မင်ကြ၏၊

အရှုးဖြစ်သော်လည်း သူတစ်ပါးပစ္စည်း ပျက်စီးရာပျက်စီးကြောင်း တစ်ခုမှမလုပ်၊ ကူညီလုပ်ကိုင်ဖို့သာသိသူ ဖြစ်၏၊

ကျွေးတိုင်းလည်း မစား၊ ပေးတိုင်းလည်း မယူ၊ တစ်နေ့စာတစ်နေ့သာ စား၏၊ သူဘာစားစား၊ ဈေးခွေးများနှင့် အတူစား၏၊

ဖက်ကိုခင်းကာ ကျွေးသမျှထမင်းဟင်းတို့ကို ထိုဖက်ပေါ်ထည့်ပြီး ခွေးများနှင့်အတူတူစား၏၊ ဈေးခွေးများက သူ့ကိုခင်၏၊ သူသွားလေရာ ခွေးလေးငါးကောင်ခန့် လိုက်လေ့ရှိ၏၊

တစ်ခါတစ်ရံ ခွေးများကို ကုသိုလ်အဖြစ်ကျွေးသောနေ့တွင် လှမောင်တစ်ယောက် ခွေးများနှင့် တရုန်းရုန်း အဝအပြစားတော့၏၊

လူနောက်၊ လူပြောင်တို့က တစ်ခါတစ်ရံလှမောင်ကို ထန်းတောသို့ခေါ်သွားပြီး ထန်းရည်တိုက်၏၊ ထိုနေ့ရက်များတွင် ရှုးနေသောလှမောင်သည် အမူးလွန်ကာ လူ့စိတ်ပျောက်ပြီး တစ်ညလုံး ဆဲဆိုနေတော့၏၊

ပြည်တော်သာတိုက်တန်းများနှင့်မြို့ဦးရပ်ကွက်သူ ရပ်ကွက်သားတို့မှာ ထိုအရှုးလှမောင်နှင့် ယဉ်ပါးနေရာ လှမောင် စိတ်ရိုင်းဝင်လာပြီး ကြမ်းနေပါက ခွင့်လွှတ်ကြ၏၊

အရှုးလှမောင်က မမူးလျှင်တော့ လူကောင်း၊ အားလုံးက ချစ်ခင်အောင် နေတတ်၏၊

အထူးသဖြင့် ဒေါ်ငြိမ်းလှသည်ထိုအရှုးလှမောင်အား လူလူချင်းညှာတာ ထောက်ထားကာ ကြည့်ရှုကျွေးမွေးထား၏၊

အရှုးလှမောင်ကလည်း ဒေါ်ငြိမ်းလှ၏အိမ်အတွက်ဆိုလျှင် အောက်ခြေသိမ်း ကူညီလုပ်ကိုင်ပေးလေ့ရှိရာ သမီးကလေး အေးအေးနှင့် ခင်မင်နေ၏၊

ဗီဒီယိုပြချိန်တွင် အရှုးလှမောင်မှာ ဗီဒီယိုရုံထဲမှ မထွက်တော့ တစ်ခါတစ်ရံ ဗီဒီယိုရုံထဲမှာ အိပ်ပျော်နေသဖြင့် ရုံပိုင်က အိပ်ရာမှနိုး၍လွှတ်ရ၏၊



အရှုးလှမောင်သည် (ဂျ)ကျပ်တန် (အပေါ်စား)ဇာတ်ကားများကို မလွတ်တမ်းကြည့်၏၊ ထိုဇာတ်ကားများသည် ပူမှန်းမသိသော အရှုး၏ စိတ်ကိုပင် နှိုးကြွစေ၏၊

အေးအေးပျောက်သွားသောနေ့က အရှုးလှမောင်နှင့်အတူ ဗီဒီယိုဇာတ်ကားကြည့်ရာ ပထမဇာတ်ကားကြီးပြီး၍ (အပေါ်စား)ကိုပါ ဆက်၍ကြည့်နေကြရာမှ အရှုးလှမောင် မိမိတို့၏စိတ်ကို မထိန်းနိုင်တော့ပဲ မအေးအေးကလေးအား (ရေကန်)နံဘေးတွင်ရှိသော ချုံပုတ်တောအုပ်ထဲတွင် မုဒိမ်းကျင့်ပြီး မအေးအေးမှ ပြန်၍မပြောပြနိုင်အောင် ရေနစ်သတ်လိုက်ခြင်းဖြစ်လေ၏၊

⁂

ဤသို့ အရှုးက မုဒိမ်းကျင့်သည်ဆိုခြင်းကို လက်ခံသူနှင့် လက်မခံသူ နှစ်ဂိုက်းကွဲနေ၏၊

ပါတီယူနစ်တွင် ရုံးဖွင့်ထားသော သပိတ်အဖွဲ့က  အရှုးက မုဒိမ်းကျင့်သည်ဆိုသည်ကို လက်မခံ၊

ပူမှန်းမသိ၊

အေးမှန်းမသိ၊

စားရမှန်းမသိ၊

မစားရမှန်းမသိ၊ လူ့စိတ်လွှတ်နေသော အရှုးတစ်ယောက်မှာ ဒီစိတ်မျိုး မရှိနိုင်၊ တခြားမုဒိမ်းကောင်တစ်ယောက် ရှိရမည်၊ တွေ့အောင်ရှာပြီး နောက်ဘိုဒီအမှုအကျင့်မျိုး မလုပ်နိုင်အောင် (ကုန်းကုန်း) ဘဝရောက်သွားအောင် လုပ်ပစ်မည်ဟု ကြိမ်းမောင်းနေကြ၏၊

မြို့မကျောင်း ဓမ္မာရုံမှ သပိတ်အဖွဲ့ကမူ ဤအရှုးသည် အိမ်များကို သန့်ရှင်းရေးလုပ်ပေးသည်၊ ပိုက်ဆံပေးလျှင် ယူသည်၊ အရက်တိုက်လျှင် သောက် သည်၊ ဗီဒီယိုဇာတ်ကားကြည့်ရမှန်းသိသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကျွန်တော်တို့သုံးယောက် မဟုတ်မဟတ် စမ်းသပ်စစ်ဆေး ဆောင်ရွက်သည်ကို ကျောင်းအုပ်ဆရာမကြီး သိရှိသွားရာ ကျောင်းထုတ်ပစ်မည်လုပ်၍ အိမ်ကမိဘများ ကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ပြီး ရှင်းယူရ၏။ ဤသို့ဖြင့် ဟိုးလေးတကျော်ဖြစ်သွားပြီး ကျွန်တော်တို့မှာ စမ်းပေါ် မထွက်ရ။ ကျွန်တော်တို့ သုံးယောက်ကို တွေ့မြင်ရွေ်၍ တီးတိုးတီးတိုးစကား ပြောပြီး ရယ်သွားကြလေ၏။

လူစိတ်လုံးဝမလွတ်၊ ဤအရူးသာ တရားခံအမှန်ဖြစ်ရမည်၊

လူမဆန်စွာ လူမမည်ကလေးငယ်ကို မုဒိမ်းကျင့်လူသတ်ရပါ့မလားဟု ဒေါသထွက်နေပြီး အရူးလှမောင်အား သတ်မည်ဟု စိုင်းပြင်းနေကြ၏။

ဤအရူးအမှုမှာ သပိတ်စခန်းနှစ်ခု၏ပေါင်းစည်းခြင်းကို ကွဲမလိုဖြစ်နေ၏။ သူမှန်သည်၊ ကိုယ်မှန်သည်ဟု တစ်ယူသန်ပြောဆိုနေကြကာ အချင်းချင်း ရန်စောင်နေကြတော့လေရာ စာရေးသူသည် ဤကိစ္စကို ဝင်ရောက်၍ ဖြေရှင်းမပေးပါက မကွေးမြို့ပျက်တော့မည့်ကိန်း ဆိုက်နေသဖြင့် ပါတီယူနစ် သပိတ်အဖွဲ့အား မြို့မကျောင်းထဲရှိ (အောင်ဓမ္မာရုံ) သပိတ်စခန်းသို့ ပင့်ဖိတ်ပြီး ကျွန်တော်တို့ (၇)တန်းကျောင်းသားနှစ်တုန်းက ကြုံတွေ့ခဲ့ရသော အရူးကြီးသိန်းမောင်၏အကြောင်းကို ရှင်းလင်းပြောပြပေးခဲ့၏။

ထိုသို့ အရူးသိန်းမောင်အကြောင်း ပြောမပြမီ အရူးလှမောင်၏အသက် အန္တရာယ် စိုးရိမ်ရသဖြင့် ရဲသပိတ်စခန်းမှ အမှုလိုက်မောင်ပိုက်အား အရူးလှမောင်ကို ထိန်းသိမ်းထားပေးရန် ပြောရလေ၏။

အမှုလိုက်မောင်ပိုက်သည် အရူးလှမောင်ကို ဖမ်း၍ မကွေးအမှတ်(၁) အချုပ်ခန်းထဲသို့ ထည့်ထားလေ၏။ ထို့နောက် အရက်တစ်ခွက်တိုက်ပြီး စစ်မေးရာတွင် အရူးလှမောင်သည် ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြပြီး မိမိ သတ်ခဲ့ကြောင်း ဝန်ခံလေ၏။

သပိတ်စခန်းမှ ပုဂ္ဂိုလ်များမှာလည်း ကျွန်တော်၏ကိုယ်တွေ့ကို ရှင်းပြလိုက်ကြလေရာ အရူးက မုဒိမ်းကျင့်သည့်ကိစ္စကို မယုံကြည်သော ပါတီယူနစ်သပိတ်စခန်းက လက်ခံလေတော့၏။

ကျွန်တော်ပြောပြချက်များကို ရှင်းပြရမည်ဆိုပါလျှင် ...

မကွေးမြို့တွင် လွန်ခဲ့သည့် အနှစ်(၆၂)နှစ်က အရူးသိန်းမောင်ဆိုသူ ရှိခဲ့၏။

အရူးသိန်းမောင်သည် အရပ်မြောက်ပေခွဲခန့်မြင့်ပြီး နပန်းသမားကြီး တစ်ယောက်ကဲ့သို့ သန်မာထွားကျိုင်းသည်။

ရူးသမျှ ဘာဆိုဘာမှမသိ၊ လုံချည်အင်္ကျီမဝတ်၊ ကိုယ်လုံးတီး တစ်မြို့လုံးသွားနေလေရာ အမြင်မတော်သူတို့က လုံချည်အင်္ကျီအသစ် ဝယ်ပေးပါသော်လည်း တစ်ရက်သာဝတ်ပြီး ချွတ်ထားခဲ့၏။

ကျင်ကြီးကျင်ငယ်သွားလိုလျှင် ကားလမ်းအလယ်မှာပင် ထိုင်၍သွား၏၊ ကားများ၊ ဆိုက်ကားများက သူ့ကို ရှောင်၍သွားကြရ၏။ ပေပေပေပေတ တောဖြင့် လမ်းတကာ ဒီအတိုင်းသွား နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ သွပ်ချာပါဒရှုးနေသူတွင် တဏှာကာမစိတ်များ ရှိ၊ မရှိ ကျွန်တော် စမ်းကြည့်ချင်၏။ ထိုစဉ်က ကျွန်တော်က (၇) တန်း၊ မြို့မအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေရိုန်ဖြစ်၏။

ညီအစ်ကို အရင်းပမာ ချစ်ခင်ကြသော ကျွန်တော့် သူငယ်ချင်းနှစ်ယောက်အား ထိုစမ်းသပ်မှုကြီး လုပ်ကြည့်ရန် အဖော်ညှိ၍ ကြည့်မိ၏။

ထိုနှစ်ယောက်မှာ အတန်းတူတက်နေကြသော ထွန်းဝေနှင့် ခင်မောင်သန်း (ခေါ်) မူဆာ တို့ဖြစ်၏။

ထွန်းဝေမှာ ယခုအခါ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူမြို့ (လျှပ်စစ်) တာဝန်ခံ၊ လျှပ်စစ်မှူးဖြစ်ပြီး ခင်မောင်သန်းမှာ မကွေးတိုင်း၊ မြင်ကွန်းမြို့ မြင်ကွန်းရဲစခန်းမှူး ဖြစ်၏။

ကျွန်တော်တို့သည် ပြည့်တန်ဆာမတစ်ယောက်ကို အခပေး၍ ငှားလိုက်၏။ ထိုသို့ငှားပြီးနောက် အရှုးသိန်းမောင်ကြီးကိုခေါ်ပြီး လွှတ်ပေးလိုက်ရာ...

အရှုးသိန်းမောင်ကြီးမှာ ထိုကိစ္စတွင် လူကောင်းတစ်ယောက်ပမာ နေထိုင်သွားသည်ကို စစ်ဆေးတွေ့ရှိရပေသည်။

လူမှန်းမသိအောင် ရူးနေသော အရှုးတစ်ယောက်မှာပင် ဤသို့ တဏှာစိတ် မကုန်ကြောင်း သိရှိခဲ့ရ၏။

ထိုသို့ကျွန်တော်တို့သုံးယောက် မဟုတ်မဟတ် စမ်းသပ်စစ်ဆေးဆောင်ရွက်သည်ကို ကျောင်းအုပ်ဆရာမကြီး သိရှိသွားရာ ကျောင်းထုတ်ပစ်မည် လုပ်၍ အိမ်ကမိဘများ ကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ပြီး ရှင်းယူရ၏။

ဤသို့ဖြင့် ဟိုးလေးတကျော်ဖြစ်သွားပြီး ကျွန်တော်တို့မှာ လမ်းပင် မထွက်ရဲ၊ ကျွန်တော်တို့သုံးယောက်ကို တွေ့မြင်လျှင် တီးတိုးတီးတိုး စကားပြောပြီး ရယ်သွားကြလေ၏။

ထိုသို့ ကိုယ်တွေ့ကို ပြောပြလိုက်ရာ အရှုးလှမောင်ကို သတ်မည်ဆိုပြီး သပိတ်သမားအားလုံး အရှုးလှမောင်ကို လိုက်ရှာကြလေ၏။



အရှုးလှမောင်သည် အချုပ်ထဲတွင် အေးချမ်းစွာ နေထိုင်လျက်ရှိ၏၊

အရှုးသည် လူသတ်ခွင့်ရှိ၏၊

အရှုးသည် မကောင်းမှု ဒုစရိုက်အားလုံး လုပ်ပိုင်ခွင့်ရှိ၏၊ သူတို့အတွက် ဥပဒေမရှိ၊

ဤသည်ကို လူကောင်းတွေက သိရမှာဖြစ်၏၊

သတိထားရမှာဖြစ်၏၊

ဒေါ်ငြိမ်းလှသည် "ယုံမိမှား" ၍ ကိုယ့်ရင်သွေး ဆုံးရှုံးခဲ့ရခြင်းဖြစ်၏၊

ဤဖြစ်ရပ်မှာ ၈၈ - ခုနှစ်က အဖြစ်မှန်ဖြစ်၍ အမည်များ ပြောင်းလဲရေးသားထားပါသည်၊

"လောဘ"

"ဒေါသ"

"မောဟ" တို့သည် လူမျိုးမရွေး၊ ဘာသာမရွေး ဒုက္ခပေးတတ်ပါသည်၊

ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းကြစေလိုသည်၊

"သတိ" သည် လိုသည်မရှိ၊ သိကြပါစေ၊

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ

⟹ မကွေး ညိုစိမ့်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော်စောရသူခိုးများနှင့်
ထောင်တွင်း၌တွေ့ကြုံခဲ့ရသည့်
ထောင်မှူးတစ်ယောက်၏ဖြစ်ရပ်မှန်..

**ကျွန်တော်** အင်းစိန်ဝဟိုအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်နေခဲ့ရစဉ်က ကြုံတွေ့ခဲ့ရသော အကျဉ်းကျခံနေရသည့် အကျဉ်းသား ဖောက်ထွင်းဝိဇ္ဇာ သူခိုးတပည့်များအကြောင်း ဖော်ပြလိုခြင်းဖြစ်ပါသည်။

အကျဉ်းထောင်အတွင်း၌ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်နေရစဉ်အတွင်း အကျင့်စာရိတ္တမျိုးစုံ စုံလင်စွာ ရှိကြသော အချုပ်သား အကျဉ်းသားလူတန်းစားပေါင်းစုံနှင့် တွေ့ကြုံဆုံစည်းခဲ့ရပါသည်။ ထိုအချိန်က ကျွန်တော်တို့အသက်အရွယ်မှာ (၂၀) ကျော်အရွယ်အရာရှိပေါက်စဖြစ်သော်ငြားလည်း လူအချင်းချင်း အုပ်ချုပ်ရသောဌာနဖြစ်ခြင်းကြောင့် မိမိကိုယ်မိမိ တကယ့်အတွေ့အကြုံရင့်ကျက်သူအဖြစ် ခံယူထားရပါသည်။

အကျဉ်းသား အချုပ်သားဆိုသည်မှာ ပြစ်မှုမျိုးစုံဖြင့် ထောင်တွင်းသို့ ရောက်ရှိလာကြသူများဖြစ်ကြသောကြောင့် ၎င်းတို့အားလည်း ပေါ့ပေါ့ဆဆ

www.burmeseclassic.com

www.burmeseclassic.com

အထင်သေး၍မရပါ။ အချို့သူများမှာ စားဝတ်နေရေးအတွက် အုပ်စုဖြင့် လုယက်ရှာဖွေစားသောက်ကြသူများ၊ လစ်လျှင်လစ်သလို အလစ်သုတ်၍ ရှာဖွေစားသောက်သူများ၊ အချို့ကတော့ ပေါ့ပေါ့ဆဆနေထိုင်ပြီး အခွင့်အရေးရသောကြောင့် လုပ်ကိုင်စားသောက်ကြသူများ ဖြစ်ကြပါသည်။

မြန်မာ့စကားပုံ၌ပင် "လွယ်လျှင် သူကြွယ်ပင် သူခိုးဖြစ်သည်" ဟူသော စကားပုံအတိုင်း ပစ္စည်းဥစ္စာပိုင်ဆိုင်သူက ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းသောကြောင့်လည်း ခိုးဝှက်သူကို လက်ယပ်ခေါ်သလိုဖြစ်တတ်ပါသည်။ အချို့သူများကတော့ မွေးရာပါ ဗီဇဝါသနာအရ သူခိုးနက္ခတ်ဖြင့် ယှဉ်ပြီး အကျင့်စရိုက်ဆိုးပါရှိလာကြရာမှ ခိုးမှုတစ်ခုခုဖြင့် ထောင်တွင်းသို့ ရောက်ရှိကြပြီး တကယ့်အဓိပတိသူခိုးကြီးများနှင့် တွေ့ဆုံကြပြီးနောက် ထောင်တွင်း၌ပင် အတွေ့အကြုံများ ရယူကြကာ လွန်စွာကျွမ်းကျင်သော ဖောက်ထွင်းဝိဇ္ဇာများ ဖြစ်လာကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အကျဉ်းထောင်ကြီးကို ကောင်းမှု မကောင်းမှုအတတ်မျိုးစုံကို သင်ကြားပေးသော ကျောင်းတော်ကြီးအဖြစ်လည်းကောင်း၊ ယူတတ်လျှင် ရနိုင်သော ဘဝသင်ခန်းစာအစုံအလင်ကို လေ့လာသင်ယူနိုင်သော ကျောင်းတော်ကြီးအဖြစ်လည်းကောင်း မှတ်ယူနိုင်ပါသည်။

အချုပ်သား အကျဉ်းသားဆိုသည်မှာ အသိပညာမျိုးစုံ ကြွယ်ဝသောသူများပါရှိသလို နလပိန်းတုံးဟု ခေါ်ဆိုအပ်သော ရရစားစားနေထိုင်တတ်သော ပညာမဲ့သူများလည်း ပါရှိကြပါသည်။ ထောင်တွင်းသို့ ရောက်ရှိကြခြင်းမှာ စီးပွားရေးအခြေအနေကြောင့် အဖြစ်များကြသည်။ အချို့ကတော့ မိသားစု အရေးအပြီးအတေးကြောင့်လည်းကောင်း၊ အချို့ကတော့ ဝါသနာဗီဇကြောင့် လည်းကောင်း၊ အချို့ကတော့ မတော်တဆ ကံအကြောင်းမလှ၍ ပြစ်မှုကို ကျူးလွန်မှန်းမသိ၊ ကျူးလွန်မိသောကြောင့်လည်းကောင်း၊ အချို့ကလည်း သိသိကြီးဖြင့် ပြစ်မှုမျိုးစုံကို စနစ်တကျ အကွက်ချ၍ စီစဉ်ကျူးလွန်ကြသောကြောင့်လည်းကောင်း နောက်ဆုံးတွင် ထောင်တွင်းသို့ ရောက်လာကြခြင်း ဖြစ်ပါသည်။



အကျဉ်းထောင်ဟူသည်မှာ မရောက်ဘူးသူများအတွက် လွန်စွာ ကြောက်စရာကောင်းသော နေရာဌာနဟု လက်ခံယုံကြည်ကြသော်လည်း ရောက်ဖူးသူများအနေဖြင့်တော့ ထောင်ကို ခြင်ထောင်မှတ်ကာ ထောင်တွင်းသို့ မကြာခဏ ဝင်လိုက်ထွက်လိုက်နဲ့ အဆင်ပြေနေပါတော့သည်။ ထောင်ဆိုသည်မှာလည်း လူသားအချင်းချင်း အုပ်ချုပ်ရသော ဌာနဖြစ်ခြင်းကြောင့် ထိုသို့ မကြာခဏ ထောင်တွင်းဝင်ရောက်လာသူများကို ထောင်ဝန်ထမ်းများကလည်း မျက်မှန်းတန်းမိကြပြီး လူ့သဘာဝအတိုင်း တစ်ဦးနှင့်တစ်ဦး ခင်မင်ကြပါတော့သည်။

တကယ်တော့လည်း ထောင်အရာရှိနဲ့ ဝန်ထမ်းဆိုသူများမှာလည်း နှလုံးသားမရှိသူ စက်ရုပ်များ မဟုတ်ကြပါ။ ထောင်ဝန်ထမ်း ထောင်မှူးဆိုသည်နှင့် လူကြမ်းကြီးများ မဟုတ်ကြပါ။ သူလိုကိုယ်လို သာမန်လူလိုလူ့ အသွေးအသား နှလုံးသားဖြင့် ဖွဲ့စည်းထားသော လူသားစင်စစ်များသာ ဖြစ်ကြပါသည်။ ထို့ကြောင့် စာနာတတ်သည်၊ ခံစားတတ်သည်၊ ကြင်နာတတ်သူ ခင်မင်တတ်သော နှလုံးသား ကိုယ်စီရှိကြသည့်သူများ ဖြစ်ကြပါသည်။

ထို့ကြောင့် အကျဉ်းထောင်အုပ်ချုပ်သူ လူတန်းစားနှင့် အုပ်ချုပ်ခံအကျဉ်းသားတို့မှာ နေ့စဉ်တွေ့ထိဆက်ဆံတတ်ရပြီး နှစ်ပေါင်းများစွာကြာလာသော အခါ တစ်ဦးအကြောင်း တစ်ဦးသဘောပေါက်နားလည်ကြပြီး တစ်ဦးနှင့် တစ်ဦး ခင်မင်တွယ်တာ သံယောဇဉ်ဖြစ်လာကြမည်မှာ ဆန်းကြယ်ခြင်းတော့ မဟုတ်။ လူ့မနော၊ လူ့သဘောပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ထောင်တွင်းသို့ ရောက်ရှိလာကြပြီး တစ်ခါရောက်ရှိလာလျှင် အချုပ်ကာလနှင့် ထောင်ကျကာလ နှစ်ပေါင်းအတန်ကြာရှည်အောင် ထောင်တွင်း၌ အတူနေထိုင်ရသူများ ဖြစ်ကြသည့် ကျွန်တော်၏ လက်စွဲတော် တပည့်များ ဖြစ်လာကြမည့်သူများ အကြောင်းကို စာဖတ်ပရိသတ်ကြီးအား တင်ပြလိုခြင်း ဖြစ်ပါသည်။

ကျွန်တော့်တွင် အကျဉ်းထောင်အတွင်းသို့ အချုပ်ထောင်ကျသားများဖြင့် ရောက်ရှိလာကြသော ထောင်သောင်းရှီးသည့် တပည့်များစွာရှိသည့်

www.burmeseclassic.com


အနက် အောက်တွင်ဖော်ပြမည့် တပည့်(၃)ဦးမှာ အရင်းရှာဆုံးနှင့် ဖောက်ထွင်းဝိဇ္ဇာ သူခိုးတပည့်များဖြစ်သော်လည်း စိတ်ကောင်းရှိပြီး လိုအပ်သူများကို ကူညီတတ်သော ကောင်းမြတ်သည့်စိတ်ထားကလေးများရှိခြင်းကြောင့် ကျွန်တော့်ဖြင့်လက်တွဲမိခြင်းဖြစ်ပါသည်။ ၎င်းတို့(၃)ဦးစလုံးမှာ ဖောက်ထွင်းသူခိုးများဖြစ်ကြသော်လည်း ခေတ်ပညာတတ်များဖြစ်ကြခြင်းကြောင့်ခေတ်မီပြီး အခြားသူခိုးများလို ရရစားစား လွယ်လျှင်လွယ်သလို ရသမျှဖြင့် တင်းတိမ်ရောင့်ရဲကြသောသူခိုးများ မဟုတ်ကြပါ။ ၎င်းတို့က အရိုးကြီးကြပြီး ဘက်စုံထောင်စုံ လေ့လာဆန်းစစ်ပြီးမှ အပိုင်ကြံကြခြင်းဖြစ်သည်။ ယခင်ကတော့ တစ်ကိုယ်တော်လူစွမ်းကောင်းသူခိုးများ ဖြစ်ကြသော်လည်း ထောင်တွင်းရောက်မှ တစ်ဦးနှင့်တစ်ဦး ဆုံတွေ့ကြပြီး တကယ့်ညီအစ်ကိုရင်းများပမာ ခင်မင်တွယ်တာကြပြီးတစ်ဦးကိုတစ်ဦး အကာအကွယ်ပေးကြသည့်ရဲဘော်ရဲဘက်များ ဖြစ်လာကြသူများ ဖြစ်ကြပါသည်။

ယခင်ကတစ်ဦးကောင်းတစ်ယောက်ကောင်းလူစွမ်းကောင်းစိတ်ဓာတ် မွေးမြူထားကြသော်လည်း ကျွန်တော်နှင့်တွေ့သောအခါ သူတို့၏ နဂိုရှိရင်းစွဲစိတ်ဓာတ်များကို ပြုပြင်ကြပြီး သူတစ်ပါးပစ္စည်းအား ခိုးယူသူများ ဖြစ်ကြသော်လည်း ကြံုရာလွယ်ရာကို မခိုးကြတော့ဘဲ တကယ့်အမြတ်ကြီးစား မတရားစီးပွားရှာစားသူများ၏ပစ္စည်းများကိုသာ ခိုးဝှက်ကြပါသည်။ ခိုးဝှက်ယူဆောင်ရာ၌လည်း အင်းဝခေတ်က အကျော်အမော် ပေါ်ပေါက်ခဲ့သော သူခိုးကြီး တောက်ပြား၏ထုံးကို နှလုံးမူ၍ လိုက်နာလုပ်ဆောင်ကြခြင်းဖြစ်ပါသည်။

ထို့ကြောင့် သူတို့၏သူခိုးဆရာတစ်ဆူအဖြစ် သူခိုးတောက်ပြားကို ကိုးကွယ်ဆည်းကပ်ကြပါသည်။ ကျွန်တော်၏ဖောက်ထွင်းဝိဇ္ဇာသူခိုးတပည့်များမှာ ပထမ သူခိုး မြင့်သိန်းဖြစ်သည်။ သူက လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရထားသောပညာတတ်လည်းဖြစ်သည်။ သို့သော် မွေးရာပါဗီဇနှင့်တတ်ကျွမ်းသော ပညာကို ပေါင်းစပ်ပြီး ခေတ်မီကျွမ်းကျင်သော ဖောက်ထွင်းဝိဇ္ဇာ သူခိုးကြီးတစ်ဦးဖြစ်လာခြင်းဖြစ်သည်။ သူ နောက်ဆုံးရောက်လာသောအမှုက သယံဇာတကျွန်းမြို့နယ်၊ ဘုရားလမ်းထိပ်ရှိတရုတ်အပေါင်ဆိုင်ကို ဖောက်ထွင်းပြီး ထောင်ကျလာခြင်းဖြစ်ပါသည်။ ထိုအပေါင်ဆိုင်ကို ဖောက်ထွင်းစဉ်က အစောင့်ဝန်ထမ်းနှင့်ရဲများက လက်ပူးလက်ကြပ် ဖမ်းဆီးရမိခြင်းမဟုတ်ပါ။ သူလိုအပ်သမျှ အပေါင်ဆိုင်အတွင်းရှိ မီးခံသေတ္တာကြီးအထဲမှ ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာများကို အထုပ်ကြီးငယ် ထုပ်ပိုး၍အသေအချာထုပ်ပိုးပြီး လက်စွဲတပည့်တစ်ဦးကို ခေါ်ယူကာ နယ်ဘက်သို့ လစ်ပြေးရန် ပန်းခြံ၌ ကားစောင့်နေစဉ် တပည့်မလိမ္မာ၍ ပတ္တရောင်ရဲဖြင့်တိုးပြီး ကံဆိုး၍ ငွေထုပ်ကြီးများနှင့်အတူ အဖမ်းခံရခြင်းဖြစ်ပါသည်။ သူ အဖမ်းခံရပုံကလည်း လွန်စွာရယ်စရာကောင်းလှပါသည်။

ဆရာရေ–ကျွန်တော့်အမှုက တပည့်မကောင်းလို့ အဖမ်းခံရတာပါ။ ဒါကြောင့်–အခု...

ကျွန်တော် တစ်ကိုယ်တော်သူခိုးပဲ လုပ်တော့မယ်လို့ စိတ်ကူးထားပါတယ်။ ကျွန်တော်တို့က ဘယ်သောက်ပဲ အကွက်ချပြီး စနစ်တကျ အချိန်ယူပြီး စီစဉ်ပေမယ့် ကံဆိုးပြီး တပည့်လုပ်သူ ပေါ့ဆတာနဲ့ ခံရပြီသာမှတ်ပေတော့။



www.burmeseclassic.com

ထိုစဉ်အချိန်အခါက ၁၉၇၆ – ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် ဖြစ်ပါသည်။ မြန်မာပြည်တွင် ကုမ္ပဏီလုပ်ငန်းကြီးများ အလွန်ရှားလှသည်။ ယခင်ပါလီမန်ခေတ်က ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ကုမ္ပဏီပိုင်ရှင်၊ လုပ်ငန်းရှင်ကြီးများလည်း ထောင်တွင်းသို့ ထိန်းသိမ်းခံရပြီး ရောက်ရှိနေသော အချိန်အခါလည်း ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့နှင့် မြို့ကြီးများတွင် ငွေကြေးလုပ်ငန်းဆိုသည်နှင့် အသေးစား အလတ်စား အပေါင်ဆိုင်လုပ်ငန်းလောက်သာ တွင်ကျယ်စွာ ရှိနေပါသည်။ ထိုလုပ်ငန်းများကို ကြီးစိုးခြယ်လှယ်နေသူ အများစုမှာ တရုတ်လူမျိုးများ ဖြစ်ကြပါသည်။ သူခိုးမြင့်သိန်းတို့က ထိုသို့သောလူမျိုးများကို ဦးစားပေးရွေးချယ်၍ ဖောက်ထွင်းခိုးယူလေ့ ရှိကြပါသည်။

တစ်ခါတစ်ရံ ကျွန်တော် အားလပ်ချိန်များတွင် တပည့်များ၏အမှုကိစ္စတို့အား စေ့ငုံစုံစမ်းပြီး မေးမြန်းလေ့ရှိရာ သူခိုးမြင့်သိန်းက –

“ဆရာရေ – ကျွန်တော့်အမှုက တပည့်မကောင်းလို့ အဖမ်းခံရတာပါ။ ဒါကြောင့် – အခုဆိုရင် ကျွန်တော် တစ်ကိုယ်တော်သူခိုးပဲ လုပ်တော့မယ်လို့ စိတ်ကူးထားပါတယ်။ ကျွန်တော်တို့က ဘယ်လောက်ပဲ အကွက်ချပြီး စနစ်တကျ အချိန်ယူပြီး စီစဉ်ပေမယ့် ကံဆိုးပြီး တပည့်လုပ်သူ ပေါ့ဆတာနဲ့ ခံရပြီသာမှတ်ပေတော့။ ကျွန်တော်တို့အလုပ်ဆိုတာက သူတစ်ပါးပစ္စည်းကို ခိုးဝှက်ရတဲ့အလုပ်ဖြစ်လို့ ကျီးလန့်စာစား အမြဲတမ်း သက်သတ်လွတ်ပြုလို့ မရပါဘူး။ အခုလည်း ကျွန်တော့်အမှုက အပေါင်ဆိုင်ထဲက ရွှေ၊ ငွေ၊ ရတနာပစ္စည်းတွေကို စနစ်တကျ သော့ဖွင့်ခိုးယူပြီး ပန်းခြံထိပ်က စုံတန်းလျားမှာ ကားစောင့်နေတုန်း ကင်းလှည့်တဲ့ ပတ္တရောင်ရဲတွေနဲ့ တိုးတာပါ။ ကျွန်တော်ကလည်း ဆရာသိတဲ့အတိုင်း သပ်သပ်ရပ်ရပ် ဝတ်စားထားတော့ သူတို့က ကျွန်တော့်ကို ယုံကြည်မှုအပြည့်ရှိတဲ့အပြင် ကားကြုံကိုပါ တားပေးပါသေးတယ်။ ကျွန်တော်က သူတို့ရှေ့မှာ ငွေထုပ်ကြီးတွေကို ဝှက်ထားရာနေရာမှ ကားပေါ်ကို ထမ်းတင်ရမှာမို့ ကားကြုံရတော့လည်း လမ်းလွှဲပြီး ဖြေရတယ်။ အဲဒီအချိန်မှာ ပတ္တရောင်ရဲတစ်ယောက်က အရေးပေါ်အပေါ့သွားချင်တယ်ဆိုပြီး ပန်းချုံထဲကို ဝင်ရာမှာ ကျွန်တော့်တပည့်ဖွက်ထားတဲ့ ငွေထုပ်ကြီးကို ခလုတ်တိုက်မိပြီးလဲမှ ကျွန်တော်တို့ကို သံသယဖြစ်ပြီး စစ်ဆေးလို့ အဖမ်းခံရတာပါ – ဆရာ။ အမှန်တော့ – တပည့်က မလိမ္မာပေမယ့် ကံဆိုးတာလို့ ပြောရမှာပါပဲ”

“မင်းခိုးယူခဲ့တဲ့ပစ္စည်းတန်ဖိုးက ဘယ်လောက်များသလဲ”

“၁၉၇၆ – ခုနှစ်လောက်က သိန်း(၁၀၀)ဖိုးလောက်ဆိုတာ အလွန်များတဲ့ငွေတန်ဖိုးပါ – ဆရာ။ ငွေအပြင် ရတနာပစ္စည်းတွေပါပါတော့ သိန်း (၁၀၀) ကျော်တာပေါ့။ အဲဒီလောက်ငွေတွေဆိုရင် ကျွန်တော်တို့က လှူတာ၊ တန်းတာ၊ ပေးတာ၊ ကမ်းတာ၊ သုံးစွဲတာနဲ့ နှစ်ပေါက်အောင်တော့ သုံးစွဲလို့ရပါတယ်။ ကျွန်တော်တို့က အလကားရတဲ့ငွေတွေကို ပေါ့ပေါ့ဆဆ အလကားသုံးပစ်တယ်လို့တော့ မထင်နဲ့ – ဆရာရေ။ ရရှိလာတဲ့ငွေကြေးတွေကို နယ်တကာက မရှိဆင်းရဲသားတွေကို ဝေပေးတယ်။ အမည်မဖော်ဘဲ ဆေးရုံနဲ့ ကျောင်းတွေဆောက်ပြီး လှူဒါန်းတယ်၊ လမ်းသစ်တွေ ဖောက်တယ်၊ ဘုန်းတော်ကြီးကျောင်းတွေ ဆောက်တယ်။ အဲဒီတော့ – သိန်း(၁၀၀)ကျော်လောက်ငွေကြေးပမာဏဟာ (၁)နှစ်လောက်တော့ ခံတာပေါ့ – ဆရာရယ်”

“အေး – အဲလိုဆိုတော့လည်း မင်းတို့ရဲ့ခံယူချက် စိတ်ဓာတ်က ကောင်းမြန်ရော။ ဒါနဲ့ – အဲဒီ့နေ့က အပေါင်ဆိုင်ကို ဖောက်ထွင်းပြီး ရရှိထားတဲ့ငွေကြေးသိန်း(၁၀၀)ကျော် အကုန်ပြန်မိသွားတော့တာပေါ့ – ဟုတ်သလား”

“ဖောက်ထွင်းဝိဇ္ဇာ သူခိုးမြင့်သိန်းပါ – ဆရာရယ်။ ပြန်ဖမ်းမိပြီး သိမ်းဆည်းသွားတာ ခံရပေမယ့် အကုန်ပြန်မမိပါဘူး။ ခွဲဝေပြီး ဖွက်ထားတာလေးတွေတော့ ရှိတာပေါ့။ ဒါကတော့ – အတွေ့အကြုံက သင်ပေးသွားတာပါ။ အရင်တုန်းက အမှုတွေဖြစ်ရင် ကျွန်တော်တို့ခိုးယူသိုဝှက်ထားတဲ့ဥစ္စာပစ္စည်းတွေကို အလွန်မိခဲ့ပါတယ်။ သက်သေခံမနိုင်လုံတော့ သံသယနဲ့ပဲ ထောင်ကျခံခဲ့ရတာ များပါတယ်။ ဒါပေမဲ့ – အခုတစ်ခါတော့ သက်သေခံအထောက်အထားနဲ့ လက်ပူးလက်ကြပ်မိလို့ ထောင်ဒဏ် (၇)နှစ်ကနေ (၁၀)နှစ်တော့ အသေအချာပဲ – ဆရာရေ့။ ထောင်ထဲမှာ တပျော်ကြီးနေရဦးမှာ။ ဒါပေမဲ့





www.burmeseclassic.com

အင်းစိန်ထောင်ကြီးဆိုတာကလည်း ကျွန်တော်တို့ မကြာခဏ ရောက်ရှိနေထိုင်ခဲ့ရတဲ့ အမေ့အိမ်ပါပဲ။ ဒါကြောင့် - အခြေကျနေပြီဖြစ်လို့ ပျင်းစရာတော့ မကောင်းတော့ပါဘူး။ လူ့အချင်းချင်းပဲ - ဆရာရယ်၊ နေတတ်ရင် ဘယ်နေရာမှာမဆို အဆင်ပြေအောင် နေလို့ရပါတယ်"

နောက်တစ်ယောက်က ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးဆိုသူဖြစ်သည်။ သူက ကျွန်တော့်တပည့်(၃)ဦးအနက် အငယ်ဆုံးဖြစ်သည်။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ရည်ခန့်ညားသူလည်းဖြစ်သည်၊ သီပွဲဘွဲ့ရတစ်ဦးဖြစ်ပြီး အသက်အရွယ်က (၂၀)ကျော်ခန့်သာ ရှိပါသေးသည်။ သို့သော်သူလည်း ဇက မသေးပါ။ အသက်ငယ်သော်လည်း မွေးရာပါ ဝါသနာဝိဇ ကြောင့် သူခိုးဖြစ်လာရပြီး ပညာတတ်ဖြစ်သောကြောင့် အပေါစားသူခိုးတော့မဟုတ်၊ ဖောက်ထွင်းဝိဇ္ဇာကလေးဖြစ်သည်။

ထောင်တွင်း၌ အမိပတိသူခိုးဝိဇ္ဇာကြီးများနှင့်ကြုံ၍ ပညာစုံတော့ နကိုရှိ၍ နံကိုင်းထွက်ပြီး ဖောက်ထွင်းဝိဇ္ဇာဖြစ်လာသည်၊ သူကလည်း ကုလားသူဌေးတစ်ဦးအိမ်ကို ဖောက်ထွင်းရာမှ ပစ္စည်းများ ရရှိပြီး သူ၏အလွန်တန်ဖိုးထားသော (master keys)ခေါ် ဖောက်ထွင်းရာတွင် အသုံးပြုသည့် ဘက်စုံရသော့တွဲကို မေ့ကျန်ခဲ့ရာမှ ပြန်အယူ၊ မြဲစောင့်အင်းခွေးကြီးရန်ကြောင့် ပြန်အထွက်တွင် ပတ္တရောင်ရဲနှင့်တိုးပြီး မသက်ာ၍ အဖမ်းခံရခြင်း ဖြစ်သည်။ ပစ္စည်းကို လက်ပူးလက်ကြပ် မမိသောကြောင့် တရားရုံးတွင် အစစ်ဆေးခံနေရသော ဖောက်ထွင်းအမှုဖြင့် ထောင်တွင်းသို့ ရောက်လာသူဖြစ်သည်။

သူကလည်း ထောင်တွင်းသို့ ငွေသွင်းပြီး သူဌေးသားလို သုံးဖြုန်းနေရာမှ ကျွန်တော်နှင့်တွေ့ခြင်းဖြစ်သည်။

တစ်နေ့သော စနေနေ့တစ်ရက်တွင် သတင်းအရ ကျွန်တော် အုပ်ချုပ်ရသည့် အိပ်ဆောင်အမှတ်(၂) အပေါ်(၄)ခန်းကို တလာစီရသည်၊ တလာစီသည်ဆိုခြင်းမှာ သတင်းအရ အခန်းတွင်း၌ ပိုက်စိပ်တိုက်၍ ရှာဖွေရခြင်းဖြစ်သည်၊ ကျွန်တော်တို့ဝန်ထမ်းများ အခန်း၏ကြမ်းခင်းအမိုးနှင့် ဘေးပတ်လည်နံရံများအား အသေအချာ ရှာဖွေသော်လည်း သတင်းရထားသော သိုဝှက်ထားသည်ဟုဆိုသည့် ငွေကြေးများကို မမိပါ၊ ထိုအချိန်က ကျော်ကြီးတို့အုပ်စုမှာ ကျွန်တော်တို့ဝန်ထမ်းများ ရှာဖွေမတွေ့ရှိသဖြင့် မျက်နှာက ပြုံးစေ့စေ့ဖြင့် သဘောကျနေကြပါသည်၊ ထိုအခြေအနေကို ကျွန်တော်ကလည်း တာဝန်ကျ ဝန်ထမ်းတစ်ဦးအနေဖြင့် ဘဝင်မကျပါ။ ထိုစဉ် အမှတ်(၂)အိပ်ဆောင်မှာ မီးလောင်မှုမရှိသေးသဖြင့် အင်္ဂလိပ်ခေတ်က ပုံစံအတိုင်း နံရံလေးဖက်တွင် အုတ်များစီထားပြီး စကြံလမ်းတွင် (၄)လက်မ ပျဉ်းကတိုး ကာရံထားရှိပြီး အောက်ခင်းမှာ ပျဉ်းကတိုးသား လျှာထိုးခင်းထားသည်၊ အပေါ်က်အပြဲမရှိ၊ အံ့ဝှက်မရှိပါ။ (၁၅)ပေခန့် မြင့်မားသောအမိုးကိုလည်း မျက်နှာကျက်အဖြစ် သံဆူးကြိုးများကို လေးကွက်ကြား ရက်၍ကာရံထားသည်၊ သိုဝှက်စရာနေရာ မရှိပါ။

မြောက်ဘက်နံကိုလည်း အုတ်၊ အင်္ဂတေ ကာရံထားပြီး အလင်းရောင်ရစေရန်နှင့် လေဝင်လေထွက်အပေါက်အဖြစ် ကျပ်လုံးခန့် သံတိုင်များကို ခိုင်ခံ့စွာ စိုက်ထူထားပါသည်။ သိုဝှက်ရန် နေရာမရှိပါ၊ အခန်း၏ အနောက်ဘက်တွင်တော့ အင်္ဂလိပ်ခေတ်က အုတ်ခဲများကို စနစ်တကျ အုတ်စီ၍ ခိုင်ခံ့စွာ ကာရံထားပြီး အပေါ်က ထုံးသုတ်ထားပါသည်၊ ဤမျှလောက် ရှင်းလင်းသောအခန်းအတွင်း၌ မြောက်မြားလှစွာသောငွေကြေးများကို သိုဝှက်ထားသည်ဟုဆိုခြင်းမှာ သတင်းပေးသူ၏ မှားယွင်းမှု ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ရှာဖွေမှု ပြီးဆုံးပြီးနောက် ကျွန်တော်တို့ ရှာဖွေရေးဝန်ထမ်းများအဖွဲ့ အိပ်ခန်းတွင်းမှ ပြန်ထွက်မည်အပြုတွင် ကျွန်တော် ရုတ်တရက် အကြံအစည်တစ်ခု ပေါ်လာသောကြောင့် အနောက်ဘက်ရှိ ထုံးသုတ်ထားသော အုတ်နံရံကို တစ်လုံးချင်း လက်နှင့် ရိုက်ပုတ်ကြည့်မိသည်၊ ထိုစဉ်တွင် စီထားသော အုတ်ခဲတစ်လုံးမှာ အတန်ငယ် လှုပ်ရှားသွားပြီး အတွင်း၌ ဂလိုင်ရှိဟန်ဖြင့် အသံထွက်ပေါ်လာပါသည်၊ ထို့ကြောင့် အုတ်ခဲကို ကျွန်တော် အိမ်သော့တံဖြင့် ကလန့်၍ ထုတ်လိုက်ရာ ကာရံထားသော အုတ်ခဲ၏ အလွယ်

www.burmeseclassic.com

တကူပြုတ်ထွက်၍အတွင်း၌အခေါင်းပေါက် ပေါ်လာသည်၊ ထိုစဉ်အချိန်က အကြီးဆုံးငွေစက္ကူများဖြစ်သည့် တစ်ရာကျပ်တန်ငွေစက္ကူများ အထုပ်လိုက် သိန်းဂဏန်းဖိုးခန့် ထွက်ပေါ်လာပါသည်၊

ထိုသို့သောအချိန်တွင် ကျော်ကြီးတို့အဖွဲ့ ယခင်ကလိုပြုံးစေ့စေ့မျက်နှာ မထားနိုင်တော့ဘဲ ငိုမဲ့မဲ့မျက်နှာဖြင့် ဝန်ခံရပြီး နောက်ဆုံး ထောင်ထွင်းသို့ တားမြစ်ထားသောပစ္စည်းများသွင်းမှု၊ အကျဉ်းထောင်ဥပဒေပုဒ်မ (၃၇၃) အရ တိုက်ပိတ်ခံကြရတော့သည်၊ ငွေများအား အသိမ်းခံရပြီး ၎င်းတို့အဖွဲ့ အပြစ်ဒဏ်တိုက် (၁)လ အပိတ်ခံကြရသည်၊ ပြန်လွတ်လာပြီးနောက်တွင် ကျွန်တော့်အား လေးစားစွာဖြင့် ဆရာတင်ပြီး တပည့်ခံကြခြင်းဖြစ်သည်၊

နောက်တစ်ဦးကတော့ ပုဏ္ဏားတင်ဦးဟူသော ကျေးပုဏ္ဏားမျိုးရိုး၊ မန္တလေး၊ ပုဏ္ဏားစုရပ်ကွက်မှ ဖောက်ထွင်းဝိဇ္ဇာတစ်ဦးဖြစ်သည်၊ သူကတော့ ထောင်ထောင်မောင်းမောင်း ဝဝတုတ်တုတ်မဟုတ်၊ ခန္ဓာကိုယ်မှာ ပိန်ပိန် သွယ်သွယ်၊ အသားညိုညိုနှင့် ခေါင်းတုံးဆံတောက်ဆံပင်ဖြစ်ပါသည်၊ ဖောက်ထွင်းဝိဇ္ဇာတစ်ဦးဖြစ်သော်လည်း သူက ဗေဒင်လက္ခဏာ ဝိဇ္ဇာ ပယောဂနှင့် ဆေးဝါးအဆောင်မန္တာန်များကို လေ့လာလိုက်စားဝါသနာပါ သောမြန်မာသမားတော်တစ်ဦးလည်းဖြစ်ပါသည်၊ သူတို့၏မျိုးရိုးစဉ်ဆက်မှာ မြန်မာနန်းတွင်းပရောဟိတ်ပုဏ္ဏားမျိုးလည်းဖြစ်ကြောင်း သိရသည်၊

သူက နက္ခတ်နှင့် ဗေဒင်အဆောင်လက်ဖွဲ့များကို အားကိုးသည်၊ သူ ကိုယ်တိုင်ဗေဒင်ဟောပြီး ဆေးဝါးကုသပေးသူဖြစ်သည်၊ ပဲခူးမြို့ဖိုင်းကန်နင်း တောင်ပိုင်းတွင် နေအိမ်ရှိပြီး ဆေးခန်းဖွင့်ထားသည်၊ ရွှေတိဂုံဘုရား အရှေ့ ဘက်စောင်းတန်းတွင်တော့ ဗေဒင်လက္ခဏာ ယတြာအဆောင်ပေးသော ဟောခန်းတစ်ခုလည်း ဖွင့်ထားသည်၊ မန္တလေးမြို့မှာ ပုဏ္ဏားစုရပ်ကွက်တွင် ရှိသည်၊ နေအိမ်ကတော့ မောင်နှမများ စုပေါင်းပိုင်ဆိုင်ပြီး မိဘများ၏ ချန် ထားခဲ့သော အမွေဖြစ်ပါသည်၊



ပုဏ္ဏားတင်ဦးမှာမောင်နှမ (၃)ဦးအတွင်း၌အကြီးဆုံးဖြစ်ပြီး သူ့အောက် တွင် ညီတစ်ဦးနှင့် ညီမတစ်ဦးသာရှိသည်၊ မိဘများက မရှိကြတော့၊ ဆုံးပါး ကုန်ပြီဖြစ်သည်၊ သူကလည်း ပဲခူးမြို့ရှိ ကုလားသူဌေးတစ်ဦး၏အိမ်ကို ဖောက်ထွင်းခိုးယူပြီးနောက် အုတ်တံတိုင်းအားကျော်၍ ပြန်အထွက်တွင် သူ၏အဆောင်လည်ဆွဲ၊ ဆီးကိုင်းနှင့်ငြိပြီး ပြုတ်ကျ၍ ကျန်ခဲ့သည်ကို မသိရှိ ဘဲ ကောက်ရ၍ လာရောင်းသော ကလေးတစ်ဦးအား ၎င်း၏ တပည့်လက် ထောက်ဆရာက လက်ခံဝယ်ယူရင်းမှ ၎င်း၏ဆရာပစ္စည်းမှန်း သိသွားသော ကြောင့် ပစ္စည်းလာရောင်းသူ ကလေးအားပြဿနာရှာရာမှ ရပ်ကွက်လူကြီး မှတစ်ဆင့် ရဲနှင့်ပါငြိပြီး ဆရာဖြစ်သူ ပုဏ္ဏားတင်ဦး အဖမ်းခံရခြင်းဖြစ်သည်၊

သို့သော်ပုဏ္ဏားတင်ဦးမှာ ခိုးရာပါပစ္စည်းကိုလက်ပူးလက်ကြပ်မမိသော ကြောင့် ထောင်မကျသေးဘဲ အချုပ်ဖြင့် အချုပ်ထောင်သို့ ရောက်ရှိအချုပ်ခံ နေရခြင်းဖြစ်ပါသည်၊ သူက လက္ခဏာဗေဒင် မှန်ကန်စွာ ဟောတတ်ခြင်း ကြောင့် ဝါသနာပါသော အမျိုးသမီးထောင်မှူး ကျွန်တော်၏ဇနီးသည်ဖြင့် ထောင်တွင်း၌ တွေ့ဆုံကြပြီး ကျွန်တော်နှင့် ရင်းနှီးခင်မင်ရခြင်းဖြစ်ပါသည်၊ ပုဏ္ဏားတင်ဦးမှာ မန္တလေးဇာတိဖြစ်သောကြောင့် အင်းဝမြို့ဟောင်းရှိ သူခိုး ကြီး ငတက်ပြား၏ "မရှိခဏ" ဟူသော ဘွဲ့တော်ရှိသည့်ဘုရားအား နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့တွင် ပူဇော်ကန်တော့လေ့ရှိပါ သည်၊ သူခိုးကြီးငတက်ပြားကို ဆရာတင်၍ ပစ္စည်းဥစ္စာများကို ခိုးယူရာတွင် ဆင်းရဲသားပစ္စည်းကို မခိုးပါ၊ လူချမ်းသာ၊ သူဌေးသူကြွယ်ဖြစ်သော်လည်း သမာအာဇီဝ လုပ်ကိုင်စား၍ ချမ်းသာသူတိုင်းရင်းသားများပစ္စည်းကို မခိုးပါ၊ ဓိသမလောဘဖြင့် မတရားခေါင်းပုံဖြတ်ပြီး လက်လုပ်လက်စားဆင်းရဲသား များ အပေါ် အမြတ်ကြီးစား သူဌေးသူကြွယ်များအိမ်ကိုသာ ဖောက်ထွင်းခိုး ယူလေ့ရှိပါသည်၊

အထူးသဖြင့်တိုင်းရင်းသားများမဟုတ်ကြသည့်ကုလားသူဌေး ရုတ် သူဌေးများကို ဦးတည်၍ ပစ်မှတ်ထားပြီး ခိုးယူလေ့ရှိပါသည်၊




www.burmeseclassic.com

www.burmeseclassic.com

ထောင်တွင်း၌ ၎င်းဖောက်ထွင်းဝိဇ္ဇာ(၃)ဦးဖြင့် ကျွန်တော် ဆုံခဲ့ပြီး ၎င်းတို့(၃)ဦးစလုံးတွင် ဖောက်ထွင်းဝိဇ္ဇာသူနိုးများ ဖြစ်ကြသော်လည်း စိတ်ရင်းစေတနာက လွန်စွာဖြူစင်ကြသူများဖြစ်ကြကြောင်း အနီးကပ်ပေါင်းကြည့်မှ သိရှိရတော့သည်။ ၎င်းတို့ အမြဲတမ်းပြောလေ့ရှိသောစကားမှာ (၅)ပါးသီလရှိရာတွင် ပြင်ပတွင်နေစဉ်က (၁)ပါးသာလုံကြောင်း၊ ၎င်း(၁)ပါးမှာလည်း ကာမေသုမိစ္ဆာစာရဟူသော သူတစ်ပါးသားမယားအား ပြစ်မှားကျူးလွန်မှု မရှိခြင်းသာဖြစ်ကြောင်း၊ ကျန်သော ကျန်(၄)ပါးဖြစ်ကြသည့်ပါဏာတိပါတာ အာဒိန္နဒါန်နှင့် မုသာဝါဒ၊ သုရာမေရိယကံတို့မှာ သူတို့၏အလုပ်ဖြင့် တွဲနေသောကြောင့် မလုံခြုံပါကြောင်း ထောင်တွင်းသို့ရောက်မှသာလျှင် ကံ(၅)ပါးစလုံး လုံခြုံပါသည်ဟု ဝန်ခံကြပါသည်။ ထို့ကြောင့် ကျွန်တော်က ကံ(၅)ပါးစလုံး လုံခြုံစေရန်အတွက် ထောင်တွင်း၌သာ နေထိုင်ကြရန် အကြံပေးရပါသည်။

သို့သော် အကျဉ်းထောင်ဆိုသည်မှာ သတ်မှတ်ပြစ်ဒဏ် ကုန်ဆုံးပါက တစ်နေ့(၁)ရက်မျှ အပိုထား၍ရသောနေရာ မဟုတ်ပါ။ ထို့ကြောင့် ပြစ်ဒဏ်ကျခံပြီးသူများအား အချိန်စေ့ရောက်သည်နှင့် ချက်ချင်းလွှတ်ပေးရပါသည်။ ထို့ကြောင့်လည်း နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာ ကျွန်တော်၏တပည့်များမှာ ဝင်လိုက်ထွက်လိုက်ဖြင့် ထောင်သံသရာ လည်၍နေပါတော့သတည်း။

⟹ **ထောင်မှူးကြီး သိန်းဝင်း**



www.burmeseclassic.com

**အံ့ဩချီးမွမ်းစရာ၊ စံပြုဖြစ်စရာကောင်းသည့် လက်ဝှေ့ကျော်တစ်ယောက်၏မိခင်အပေါ်ကျေးဇူးသိတတ်မှု အပြစ်ကိုဝန်ခံတတ်မှုတို့ကို ချီးကျူးဖွယ်ဖတ်ရှုရမည်…**

## "ခွန်ပြည်နယ်မှ သမန်းကျား"

လူတစ်ဦးတစ်ယောက်ဟာ မကောင်းတဲ့အလုပ်ကိုလုပ်ဖို့လက်တွန့်ကြပါတယ်၊ တချို့လူများကျတော့ မကောင်းမှုလည်းလုပ်တယ်၊ ကြောက်ကန်လည်းကန်တတ်တယ်၊ တချို့ကတော့လုပ်လည်းလုပ်ခဲ့ကြတယ်၊ လုပ်ပြီးရင်လည်း ခံဖို့ ဝန်မလေးကြသူလည်း ရှိကြတယ်၊

သည်လိုလုပ်ရဲပြီး ခံရဲတဲ့သူက ရှိတော့ရှိတယ် ရှားပါတယ်၊ တစ်ရာမှာ တစ်ယောက်မရှိပါဘူး၊ သည်လိုရှားတဲ့ လူတွေထဲက လူတစ်ယောက်အကြောင်းပါ၊

လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က ဗိုလ်ချုပ်ကြီး နေဝင်း အာဏာသိမ်းပြီး မ.ဆ.လ ပါတီစနစ်ကို ထူထောင်ခါစအချိန်လောက်ကပါ၊

သည်အချိန်မှာ အောဝမ်းရုပ်ရှင်က အောဝမ်းသားသမီးတွေဖြစ်ကြတဲ့ ကိုမြင့်၊ ဝင်းလှိုင်၊ တိုးညွန့်၊ စိုင်းဝဏ္ဏလို ထင်ပါတယ်၊ သူတို့အုပ်စု လမ်းသရဲ ပညာပေးဇာတ်ကားတစ်ကားဖြစ်တဲ့ "သမန်းကျား" အမည်ရှိတဲ့ရုပ်ရှင်တို ရိုက်ကူးခဲ့ကြတယ်၊

သူတို့ရဲ့စေတနာက မကောင်းမှုဒုစရိုက်တွေ ပျောက်ကွယ်စေချင်တဲ့ စေတနာပါ၊

သည်သမန်းကျားရုပ်ရှင် အောင်မြင်ခဲ့သလို လူငယ်ထုကလည်း တစ်ခဲနက်အားပေးခဲ့ကြဖူးပါတယ်၊ အားပေးတဲ့အုပ်စုထဲမှာ ကျွန်ုပ်တို့သူငယ်ချင်းတွေလည်း ထိပ်ဆုံးက ပါခဲ့တယ်လို့ ဆိုရမှာပါ၊ ဒါပေမဲ့ – ကိုမြင့်တို့ရဲ့ပညာပေးမှုကို မခံယူပဲ လမ်းမှားရောက်စေခဲ့ကြတာပါပဲ၊

သမန်းကျားရုပ်ရှင်ဟာ လူငယ်တွေကို ပညာပေးမဖြစ်တော့ပဲ ရပ်ကွက်တိုင်းမှာ မြို့တိုင်းမှာ လမ်းသရဲဂိုဏ်းဆန်ဆန် မှိုလိုပေါက်လာပြီး အုပ်စုချင်း ရိုက်ပွဲများ၊ မိန်းကလေးတွေကို နှောင့်ယှက်မှုများကသာ အဖတ်တင်ခဲ့ရပါတယ်၊

သမန်းကျားရုပ်ရှင်က ပညာပေးဇာတ်ကားဖြစ်ပေမယ့် လူငယ်တွေ တစ်လွဲဆံပင် ကောက်လွဲခဲ့ရကာ ဝမ်းနည်းစရာ ကောင်းပါတယ်၊

သည်သမန်းကျားရုပ်ရှင်ပေါ်လာပြီး မကြာခင်မှာပဲ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေလည်း အသက်ပြန်ဝင်လာပါတော့တယ်၊ သည်မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေကို ရှင်သန်အောင် အသက်သွင်းပေးခဲ့သူက မန္တလေးမြို့က နာမည်ကျော် လက်ဝှေ့သမားကြီး ကျားဘညိမ်းပဲ ဖြစ်ပါတယ်၊ ဆရာကျားဘညိမ်းကြောင့်ပဲ ကနေ့ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာသိခဲ့ရတာပါ၊

ဆရာ ကျားဘညိမ်း ဦးစီးပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် မြို့ကြီးတွေမှာ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွေ၊ အလံလုပွဲတွေ ကျင်းပပေးခဲ့တာပါ၊ အရင်က ဒီလိုတခမ်းတနား မရှိခဲ့ပေမဲ့ ကျေးလက်တောရွာတွေမှာတော့ ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲတွေမှာ ရိုးရာလက်ဝှေ့ပွဲလေးတွေတော့ ရှိနေပါတယ်၊

သည်မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို ပုဂံခေတ် အရှေ့င်းကြီး ရဟန်းတွေက စခဲ့တယ်ဟု အဆိုရှိပါတယ်၊ ထိုအရည်းကြီးပွဲကျောင်းဘုန်းကြီးတွေက

www.burmeseclassic.com

ကိုယ်တိုင်လည်း လက်ဝှေ့ထိုးသတ်သလို လာရောက်သင်ယူတဲ့ တပည့်များကိုလည်း စနစ်တကျ သင်ပေးခဲ့ကြပါတယ်။

ပုဂံခေတ် စစ်သားတိုင်းလိုလို အရှည်းကြီးကျောင်းထွက်များဖြစ်ပြီး ဓားခုတ်၊ လှံထိုး၊ မြင်းစီး၊ ဓားသိုင်း၊ လက်သိုင်း၊ ဗန်တိုဗန်ရှည်၊ လက်ဝှေ့ စသည်တို့ကို သင်ကြားရတယ်လို့ သိရပါတယ်။

၀ဝ၀

မော်လမြိုင်မြို့မှာ ဆရာကျားဘညိမ်းက ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ပထမအကြိမ် လာ၍ကျင်းပစဉ် မော်လမြိုင်၊ ဘားအံ၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ မြဝတီ၊ ကော့ကရိတ်မြို့တွေက လက်ဝှေ့သမားတွေ လာရောက်ထိုးသတ်ကြတယ်။

သည်လက်ဝှေ့သမားများတွေထဲမှာ သမန်းကျားရုပ်ရှင်ကို အားကျသူ လက်ဝှေ့ကျော်တစ်ဦး ပေါ်ထွက်ခဲ့တယ်။ သူက သမန်းကျားအမည် ခံယူထားတဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။

ထိုသမန်းကျားအမည်နဲ့ ထိုးသတ်ခဲ့တဲ့ လက်ဝှေ့ကျော်ဟာ သူ့ပြိုင်ဖက်တွေကိုထိုက်ထိုက်တန်တန် ထိုးသတ်ပြီး ပထမအလံကိုရခဲ့သူပါ။ ဟိုတုန်းက ဆုကြေးငွေက ပထမအလံကို တစ်သိန်းလောက်သာ သတ်မှတ်တဲ့အချိန်ပါ။

အခုတော့ - ရွှေခါးပတ်ပိုင်ရှင်တစ်ဦးကို သိန်းသုံး၊လေးဆယ်လောက် ရကြတယ်ဟုဂျာနယ်တွေမှာ ဖတ်ရပါတယ်။ ဟိုတုန်းက ရတာနဲ့ အခုဆုကြေးက အလွန်များနေပေမယ့် ဟိုတုန်းကငွေတန်ဖိုးကမြင့်သလို ကုန်ဈေးနှုန်းတသည်လို မိုးပေါ်မရောက်လို့ တန်တယ်လို့ ဆိုရမှာပါ။

ဟိုအချိန်၊ ဟိုအခါက မော်လမြိုင်မြို့မှာ လွတ်လပ်ရေးအောင်ပွဲ၊ မွန်ပြည်နယ်နေ့တွေဆို ပျော်ပွဲရွှင်ပွဲတွေ၊ ဌာနဆိုင်ရာပြခန်းတွေ၊ လူထုစည်းဝေးပွဲတွေ၊ ရုပ်ရှင်၊ ဇာတ်သဘင်တွေကအစ ဈေးကြီးအပေါ်ပိုင်းမှာ မိုင်ဒါကွင်းဆိုတဲ့ကွင်းပြင်ကြီးတစ်ခုရှိပါတယ်။ သည်မိုင်ဒါကွင်းထဲမှာပဲ လူထုစည်းဝေးပွဲတွေ ပြခန်းတွေ၊ အရောင်းဆိုင်ခန်းတွေနဲ့ ပျော်စရာကြီးပါ။



ဒီမိုင်ဒါကွင်းကြီးကလည်း ကျယ်မှ ကျယ်တော့ ပညာပေးပြခန်းတွေ၊ သမအရောင်းဆိုင်ခန်းတွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ လူတွေကလည်း သွားကြ၊ လာကြ၊ ကြည့်ကြ၊ သမအရောင်းဆိုင်တွေမှာ ဈေးသက်သာတော့ ဝယ်ကြ၊ ခြမ်းကြ၊ အသံချဲ့စက်သံတွေကလည်း လေမှာ ပျံ့လွင့်လို့။ မီးရောင်စုံအောက်မှာ နေ့ခင်းအလား လူတွေ ပျော်ရွှင်နေကြပါတယ်။

အခုတော့ - ဒီလိုပြည်သူ့လူထုမိုင်ဒါကွင်းတွေကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပါပြီ။ ခရိုနီတွေရဲ့လက်ထဲကို ရောက်ကုန်ပြီ။ တိုက်ခန်း၊ ဆိုင်ခန်းတွေ နေရာယူကုန်လို့ လူထုစည်းဝေးပွဲ လုပ်စရာနေရာ မရှိပါတော့ချေ။

ပထမနှစ်က အလံရခဲ့တဲ့ လက်ဝှေ့ကျော် သမန်းကျားကို သည်နှစ်လွတ်လပ်ရေးပွဲမှာ စိန်ခေါ်သူ လက်ဝှေ့ကျော်တစ်ဦး ပေါ်ထွက်လာတယ်။ သူက မြိတ်၊ ထားဝယ်၊ ထိုင်းနိုင်ငံတို့မှာ အလဲထိုး အနိုင်ရခဲ့တဲ့ ပသျှူးမောင်ရှန်းဆိုတဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။

ဒီလွတ်လပ်ရေးပွဲက အသည်းကောင်းသူတို့ ပွဲတောင်းတဲ့စိန်ခေါ်ပွဲလို့ ဆိုရမှာပါ။ လွတ်လပ်ရေးမတိုင်ခင် နှစ်ရက်အလိုမှာ ကြားပွဲငယ်များ၊ စတုတ္ထ၊ တတိယ၊ ဒုတိယပွဲတွေ အလံလုကြပြီး လွတ်လပ်ရေးနေ့မှာ တတိယ၊ ဒုတိယ အလံ လုကြပြီး ပထမအလံ စိန်ခေါ်ပွဲဖြစ်တဲ့ မနှစ်က အလံပိုင်ရှင် သမန်းကျားနဲ့ စိန်ခေါ်သူ ပသျှူး မောင်ရှန်းတို့ သေသေကျေကျေ ထိုးသတ်ကြပါလိမ့်မယ်။

လက်ဝှေ့ဝါသနာအိုးတွေက ချွေးတလုံးလုံးနဲ့ လက်မှတ်တိုးဝယ်နေကြတာကို ဘေးကကြည့်ပြီး ရင်မောနေရတယ်။ သူတို့ကတော့ ဝါသနာအိုးတွေမို့ပွဲကြီးပွဲကောင်းကို အလွတ်မခံနိုင်ကြပဲ သဲသဲမဲမဲ တိုးနေကြတာပါ။ နောက်ဆုံး ဝိုလ်လုပွဲကြီးမို့ အစောကြီး လက်မှတ်ကုန်သွားပြီး ရုံဖွင့်လိုက်ရပါတယ်။

မြန်မာ့ဆိုင်းဝိုင်းရဲ့ ဗိန်းဗောင်းသံက လူတွေကို သွေးကြွစေပါတယ်၊ ရုံလယ်စင်မြင့်မှာတော့ မွန်ပြည်နယ်နာမည်ကျော် သမန်းကျားနဲ့ တနင်္သာရီနဲ့ ထိုင်းနိုင်ငံတို့မှာ နာမည်ကြီးနေတဲ့ ပသျှူး မောင်ရှန်းတို့ ပွဲစတင်ပါပြီ။

၀ဝ၀



www.burmeseclassic.com

www.burmeseclassic.com

လက်ဝှေ့ကျော်နှစ်ဦးရဲ့သက်လုံကလည်းကောင်းလှတယ်၊ ထိုးသတ်ပုံတွေကလည်း နှစ်ဦးလုံး ပညာရင့်သူတွေမို့လို့ ဒူး၊ တံတောင် ရိုက်ချက်၊ ကန်ချက်တွေ နှစ်ဦးလုံး သုံးကြသော်လည်း မည်သူမျှ မထိကြသေးပါ၊ သုံးချီသာပြီးဆုံးသွားတယ်၊ ဘယ်သူမှ မသာသေးပါဘူး၊

ပသျှူးမောင်ရှန်းက အချုပ်၊ အဖမ်းကောင်းသလို သမန်းကျားရဲ့အရှောင်အတိမ်း၊ ရှန်းထွက်အထိုးတွေကြောင့် ဝါသနာအိုးတွေရဲ့ပါးစပ်များက "ဟာအို - ထိလိုက်ရင်ပွဲသိမ်းပဲ" ဆိုတဲ့အသံတွေက ရုံပြင်ထိတောင် လျှံထွက်လာတယ်၊ လေးချီအထိ ပွဲက အေးသလိုဖြစ်နေကြတော့ ဝါသနာအိုးတွေ အားမလို၊ အားမရ ဖြစ်လာကြပြီး အော်သူအော်၊ ဆူသူဆူလာကြတယ်၊

"ထိုးပါလား - သမန်းကျားပသျှူးကလည်းဘာလုပ်နေတာလဲ" စသည်ဖြင့် ပွဲဆူလာကြတယ်၊ တစ်ခါမှာတော့ ပသျှူးမောင်ရှန်း ဖမ်းအချုပ်ကို သမန်းကျား ရှောင်ထွက်ပြီး သူ့ရဲ့ကိုယ်ပိုင်တံတောင်နဲ့ တွတ်ပြီး ထွက်လိုက်ရာမောင်ရှန်းနာနမှ သွေးထွက်လာပြီး မှောက်ကျသွားတော့တယ်၊ မောင်ရှန်းအား အမှတ်ရေတွက်၍ ခုနစ်အရောက်တွင်ပြန်ထလာနိုင်ပြီး သုံးမိနစ် အနားတောင်း၍ ပေးရပါတယ်၊

ငါးချီမြောက် စတင်ထိုးကြသော် ပသျှူးမောင်ရှန်းထိုးကွက်တွေ သိသိသာသာ ပျက်လာပြီး နေးကွေးလာတော့တယ်၊ မောင်ရှန်းက သမန်းကျားကို ဝင်ပူးပြီး ကိုင်ပေါက်ရန် ကြံသော်လည်း သမန်းကျားရဲ့ညာဝိုက်လက်သီးတစ်လုံးက ပသျှူးမောင်ရှန်းမေးစေ့ကို ထိထိမိမိ ကျရောက်သွားတော့တယ်၊

ဒါကပင် သမန်းကျားရဲ့ပွဲအသိမ်းလက်သီး ဖြစ်ပါတော့တယ်၊

ဝOဝ

"သမန်းကျားနဲ့ သမိန်ဗရမ်း"

မွန်ရာဇဝင်မှ မွန်သူရဲကောင်း သမိန်ဗရမ်းနာမည်ကိုယူပြီး လက်ဝှေ့ပွဲပေါင်းများစွာကို ထိုးသတ်နေသော မွန်လူမျိုးလက်ဝှေ့ကျော်တစ်ဦး ဖြစ်ပါတယ်၊ သမိန်ဗရမ်းဆိုတဲ့နာမည်ကို မော်လမြိုင်မြို့တွင် သည်နှစ်မှ ကြားလာရသော်လည်း မြိတ်နဲ့ ထိုင်းနိုင်ငံတို့တွင် ပသျှူးမောင်ရှန်းတို့ညီအစ်ကိုတို့နဲ့ ထိုးဖော်ထိုးဖက် မြိတ်နဲ့ ထိုင်းတို့တွင် နာမည်ရနေပြီး မောင်ရှန်းကို အမှတ်နဲ့ နိုင်ထားသူလည်းဖြစ်တယ်၊

မော်လမြိုင်မြို့ မွန်ပြည်နယ်နေ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ သမိန်ဗရမ်းက သမန်းကျားကို ထိုးသတ်ရန် စိန်ခေါ်လာသူလည်းဖြစ်တယ်၊ သမန်းကျားရဲ့ ထိုးကွက်တွေကို မော်လမြိုင်လက်ဝှေ့ဝါသနာအိုးတွေ တွေ့မြင်ဖူးပေမယ့် သမိန်ဗရမ်းရဲ့ ထိုးကွက်တွေကို မတွေ့မမြင်ဘူးသေး၍ ကောင်းပဲ့မလား၊ တစ်ဖက်သတ်ကြီးပဲ ကျနေမလားလို့ တွေးကောင်း တွေးနေမိမှာပါ၊

သို့သော်လည်း မွန်ပြည်နယ်ရဲ့ထိတ်ထိတ်ကြဲနံပါတ်တစ်နေရာ ရထားသူလက်ဝှေ့ကျော် သမန်းကျားကို စိန်ခေါ်ထိုးသတ်ရဲသူဆိုတော့ သူ့ကိုလည်း လျှော့တွက်လို့မရဘူးပေါ့၊ သမန်းကျားကိုပင် စိန်ခေါ်ရဲသူဆိုတော့ သမိန်ဗရမ်းကို ပေါ့သေးသေး မဟုတ်ဘူးလို့ တွေးမိသူတွေလည်း ရှိကြမှာပါ၊ ထိုးသတ်တဲ့နေ့မှာတော့ လက်ဝှေ့ဝါသနာအိုးတွေ အကြိုက်တွေ့ကြပါတော့တယ်၊

ထိုးသတ်ရာမှာ နှစ်ဦးလုံး လက်ရည်ညီကြပြီး ထိုးသတ်ပုံ သေသပ်လှပတာ အဝင်အထွက်မြန်ဆန်တာချင်းပါ တူညီပြီး သက်လုံကောင်းတာချင်းကလည်း တူညီနေပြန်တော့ တစ်ဦးနဲ့တစ်ဦး ဒိုင်ပွဲရပ် မထိုးနိုင်ကြပဲ (၁၂) ချီပွဲစဉ်တွင် မလဲ၊ မကွဲကြ၍ ဒိုင်များရဲ့ ဆုံးဖြတ်ချက်အရ ပွဲတူသရေ ပေးလိုက်ရတယ်၊ သရေပွဲဖြစ်သွားပေမယ့် လက်ဝှေ့ဝါသနာအိုးတွေရဲ့နှုတ်မှာ ကြည့်ရတာ အားနပ်တယ်လို့ ဆိုကြပါတယ်၊

လွတ်လပ်ရေးအောင်ပွဲနေ့တွင် လက်ဝှေ့ကျော်လေးဦးအလဲလုဖို့စီစဉ်နေကြပါပြီ၊

ပထမပွဲစဉ်တွင် သမန်းကျားနဲ့ ပသျှူးမောင်ရှန်းကို မကျေပွဲနဲ့ ဒုတိယပွဲစဉ်မှာတော့ သမိန်ဗရမ်းနဲ့ သည်နှစ်မှ တက်လာတဲ့ ပသျှူးမောင်ရှန်းရဲ့ညီ





www.burmeseclassic.com

www.burmeseclassic.com

မောင်သုန်တို့ပွဲနှစ်ပွဲဖြစ်ကြတယ်၊ ထိုနှစ်ပွဲထဲက နိုင်သူနှစ်ဦး ပထမအလံကို လုကြပါမှာ၊

သမန်းကျားနဲ့ ပသျှူးမောင်ရှန်းတို့ ထိုးသတ်တဲ့ပွဲတွင် သမန်းကျားက ငါးချီတွင် ပသျှူးမောင်ရှန်းကို အလဲထိုး အနိုင်ယူလိုက်သလို၊ ဒုတိယပွဲစဉ်မှာတော့ သမိန်ဗရမ်းက လေးချီမှာတင် ပသျှူးမောင်သုန်ကို အလဲထိုး အနိုင်ယူလိုက်ပါတယ်၊

နောက်တစ်နေ့ ပြည်နယ်နေ့တွင် သမန်းကျားနဲ့ သမိန်ဗရမ်းတို့ ပထမအလံလုပွဲမှာ တွေ့ကြပါတော့မယ်၊ ဘက်တူရင် လူမရွေးတဲ့အသည်းကောင်းသူတို့ ပွဲကြီးပွဲကောင်းဖြစ်မှာ မလွဲကေန်ပါ၊

၀ဝ၀

အသည်းကောင်းသူတို့ပွဲကောင်းတဲ့ပွဲမို့လည်း နောက်ဆုံးဗိုလ်လုပွဲကို ရှုပြည့်အားပေးကြ၍ ရုံပါ ဖွင့်ပေးလိုက်ရပါတယ်၊ သမန်းကျားနဲ့ သမိန်ဗရမ်းတို့ ထိုးသတ်တာကို တွေ့ရတဲ့ လက်ဝှေ့ဝါသနာအိုးတွေရဲ့နှုတ်ဖျားတွေက "ဟာ - အို - ထိတယ်ကွ" လို့ ရွှည့်အားပေးနေကြတော့ ငွေပေးရကျိုး နပ်တယ်လို့ ထင်ကြမှာပါ၊

သမိန်ဗရမ်းရဲ့လက်သီးတွေက သမန်းကျားမျက်နှာပေါ်ကို မရပ်မနား ထိခဲ့သလို၊ သမန်းကျားရဲ့တံတောင်၊ ဝိုက်လက်သီးတွေကလည်း သမိန်ဗရမ်းရဲ့ကိုယ် မျက်နှာပေါ်တွေကို မိုးသီးမိုးပေါက်တွေလိုကျ၊ တရစပ်ကျနေပေမယ့် နှစ်ဦးလုံးက ကိုယ်ခံအား၊ ပညာတူတွေမို့လို့လည်း ဘယ်သူမှအရှုံးမပေး၊ အလဲအကွဲ မဖြစ်ပဲ အသည်းကောင်းသူတွေသာ ဖြစ်ကြတယ်၊

ပွဲကြည့်သူတွေကတော့ "ကြည့်ရတာ တန်တယ်ကွ" ဆိုတဲ့အသံတွေက ညံနေသလို နှစ်ဖက်လုံးကို ဝက်ဝက်ကွဲ အားပေးနေတယ်၊ (၁၂) ချီပြည့်ထိုးသတ်ပြီး အလဲမထိုးနိုင်ကြပဲ သမိန်ဗရမ်းက အမှတ်အသားနဲ့ ပထမအလံကို ထိုက်ထိုက်တန်တန် ရယူသွားခဲ့တော့တယ်၊

ပွဲပြီးသွားတော့စင်ပေါ်ကနေ သမန်းကျားပြောခဲ့တဲ့စကားက အားကစားသမားတွေအတွက် အားဆေးဖြစ်ခဲ့ပါတယ်၊

"သည်ပွဲမှာ ကျွန်တော် သမိန်ဗရမ်းကို ရှုံးခဲ့တာ ထိုက်ထိုက်တန်တန် ရှုံးခဲ့တာပါ၊ နောင်တော် သမိန်ဗရမ်းရဲ့ထိုးကွက်၊ တိုက်ကွက်တွေက အလွန်ကောင်းနေတာပါ၊ ကျွန်တော် ထိန်းထားတဲ့ ပထမအလံကို နောင်တော် သမိန်ဗရမ်း ရယူသွားတာ ထိုက်ထိုက်တန်တန် ရယူသွားတာလို့ ပွဲကြည့်ပရိသတ်တွေလည်း ထင်ကြမှာပါ၊ နောင်တော် သမိန်ဗရမ်းရဲ့ အောင်ပွဲကို ကျွန်တော် ဂုဏ်ယူဝမ်းမြောက်မိပါတယ် ခင်ဗျာ"

သမန်းကျားရဲ့စကားက အားကစားသမားကောင်းစကားပဲ မဟုတ်ပါလား၊ သမန်းကျားနဲ့ သမိန်ဗရမ်းတို့နှစ်ဦးလုံးရဲ့စိတ်ထားတို့မှာ ရန်သူများဟု သဘောမထားကြပဲ ပြိုင်ဖက်ကောင်းလို့သာ သဘောထားကြပြီး ညီအစ်ကိုတွေကို ဖက်လဲတကင်းရှိနေကြတာ တွေ့ရတော့ ပွဲကြည့်ပရိသတ်တို့မှာ ဝမ်းသာဝမ်းနည်းဖြစ်နေကြပါတယ်၊



www.burmeseclassic.com

လုပ်ရဲ၍ ခံရဲတဲ့ သမိန်ဗရမ်း။

နောက်ဆုံး သမန်းကျားနဲ့ သမိန်ဗရမ်းတို့ ဗိုလ်လုပွဲမှာ သမန်းကျား ရှုံးပြီး နောက်ပိုင်း လက်ဝှေ့ထိုးတာကို ရပ်နားလိုက်ပါတယ်။ သမိန်ဗရမ်းကိုလည်း စိန်ခေါ်ထိုးသတ်သူ ပြိုင်ဖက်များလည်း မပေါ်လာတော့ပါ။

ပြိုင်ဖက်ဟောင်းဖြစ်ကြတဲ့ ပသျှူးမောင်ရှန်းနဲ့ မောင်သုန်တို့လည်း အသက်ကြီးသွား၍ အနားယူသွားကြတော့ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ လက်ဝှေ့ကျော်များ မထွက်တာ အတော်လေး ကြာခဲ့ပါတယ်။

အပျော်ပွဲတွေဖြစ်ကြတဲ့ ဘုန်းကြီးပျံပွဲ၊ ဘုရားပွဲတွေမှာ နောက်ပေါက် လူငယ်တွေ ထိုးသတ်လာကြပေမယ့် နာမည်ကြီးတွေ ထွက်ပေါ်ခြင်း မရှိသေးပါ။ အခုနောက်ပိုင်း မုဒုံမြို့နယ်မှာ အတောင်လေးရာ လျောင်းတော်မူရုပ်ပွားတော်ကို တည်ထားကိုးကွယ်တော်မူနေတဲ့ ကျောက်တစ်လုံးဆရာတော်ကြီး မွေးနေ့ပွဲတော်မှာ လက်ဝှေ့ပွဲ ပြုလုပ်ပေးနေလို့ အသည်းကောင်းသူတို့ မကြာခင် ပေါ်ထွက်လာဦးမယ်လို့ မျှော်လင့်မိပါတယ်။

လက်ဝှေ့ကျော် သမိန်ဗရမ်းလည်း ထိုးသတ်ဖက် မရှိတော့၍ အလိုလို အနားယူသလို ဖြစ်နေပါတော့တယ်။ သမိန်ဗရမ်း အနားယူခဲ့ပြီး မကြာခင်မှာပဲ သမိန်ဗရမ်းရဲ့ထူးခြားတဲ့သတင်းတစ်ပုဒ်ကို အထောက်တော်လှအောင် ထုတ်ဝေတဲ့ သတင်းဂျာနယ်မှာ ဖတ်လိုက်ရတော့ "လုပ်ရဲလျှင် ခံရဲတဲ့" လက်ဝှေ့ကျော် သမိန်ဗရမ်းရဲ့စိတ်ဓာတ်ကို ချီးကျူးရပါတယ်။

သည့်နေရာမှာ ဟိုတစ်ချိန်ကကော၊ အခုအချိန်ထိကော - ရဲတွေရဲ့ အလုပ်တွေလျှော့ ရဲရဲနိုင်တာကို ပြောလိုပါသေးတယ်။ ရာဇဝတ်မှုကြီးတွေ ဖြစ်ခဲ့ပေမယ့် ကိုးဆယ်ရာနှုန်းလောက် မဖော်ထုတ်နိုင်တာကို တွေ့နေရပါ တယ်။

ရဲက မဖော်နိုင်တဲ့ အမှုကြီးကို ကာယကံရှင်က ရဲထံ လာ၍ လာရောက် အဖမ်းခံပြီး ဥပဒေအရ အပြစ်ပေးနိုင်အောင် ခံရဲသူရှိတယ်ဆိုရင် ယုံကြည်ပါ မည်လား။ မယုံမရှိပါနဲ့။ ကိုယ်တိုင်ဖော်ကောင်လာလုပ်သူက မွန်ပြည်နယ်က လက်ဝှေ့ကျော် သမိန်ဗရမ်းပါပဲ။

"သမိန်ဗရမ်းရဲ့နောက်ကြောင်းအပိုင်းအစ"

သမိန်ဗရမ်းနာမည်ယူပြီး လက်ဝှေ့ထိုးလာတဲ့ လက်ဝှေ့ကျော်တစ်ဦးကို မည်သူက လူဆိုးဓားပြထင်ကြမှာလဲ။ လူအများကြားထဲမှာ သွားလာလှုပ်ရှားပြီး လူကြီးတွေရှေ့မှာပဲ လက်ဝှေ့ထိုးသတ်နေသူ။ ဥပဒေဘောင်အတွင်းမှာပင် လက်ဝှေ့ထိုးသတ်နေသူ၊ သူ့သတင်းဓာတ်ပုံတွေကလည်း ဂျာနယ်၊ စာစောင်တိုင်းမှာ ပါနေသူတစ်ဦးကို မည်သူက သူ့ကို ပြစ်မှုကြီး ကျူးလွန်ထားသူလို့ ထင်ကြမှာလဲ။

အချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပါ။ သည်နေ့လိုပင် ဂျာနယ်စာစောင်တွေ ထုတ်ဝေနေပါသေးတယ်။ သည်အချိန်က ရောင်းအားကောင်း၊ လူဖတ်များတဲ့ ဂျာနယ်စာစောင်တွေက ဦးညိုမြထုတ်ဝေတဲ့ အိုးဝေ ဂျာနယ်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်ထုတ်ဝေတဲ့ ရွှေတူဂျာနယ်၊ အထောက်တော်လှအောင် ထုတ်ဝေတဲ့ သတင်းဂျာနယ်တွေက ထိပ်က ပြေးနေတဲ့ဂျာနယ်တွေပါ။

နောက် - မျက်လုံး၊ မှန်ပြောင်းစတဲ့ဂျာနယ်တွေနဲ့ ဖုတ်လိုက်၊ ဖုတ်လိုက် ဖြစ်နေတဲ့ ဂျာနယ်လည်း ထုတ်ဝေနေချိန်ပါ။

တစ်ပတ်သတင်းဂျာနယ်တွင် ပါလာတဲ့သတင်းတစ်ပုဒ်က လူတွေကို စိတ်ဝင်စားစေခဲ့သလို၊ ရဲတွေရဲ့လုပ်ရပ်ကိုလည်း မျက်စပစ်သလို ဖြစ်သွားခဲ့ပါတယ်။ သတင်းအကျဉ်းဆိုလိုရင်းက သမိန်ဗရမ်းသည် သံဖြူဇရပ်မြို့ဈေးကြီးထဲမှ ရွှေဆိုင်တစ်ဆိုင်အား လွန်ခဲ့သည့် လေးနှစ်ခန့်က တစ်ကိုယ်တော် ဓားပြတိုက်ခဲ့သူဖြစ်ပြီး အခုမှ သူကိုယ်တိုင်ပင် ဝန်ခံချက်ပေး၍ အဖမ်းခံလိုက်တဲ့သတင်းတစ်ပုဒ်ပါ။

(အကြောင်းအရာများသာ မှတ်မိနေပြီး သတင်းဂျာနယ်ပါ သတင်း အတိုင်းမဟုတ်သည်ကို ခွင့်လွှတ်စေချင်ပါတယ်။ ဟိုတုန်းက သတင်းဂျာနယ် ဖတ်သူတွေ မှတ်မိနေပါဦးမည်။)




www.burmeseclassic.com

www.burmeseclassic.com

လက်ငှေကျော် သမိန်ဗရမ်း သူ့ကိုယ်သူ အဖမ်းသွားခံပြီး ဝန်ခံဖြောင့်ချက်ပေးခဲ့တဲ့စကားတွေက လူတိုင်းစိတ်ထိခိုက်ရသလို၊ အာဏာရှင်စနစ်ကို ရွံမုန်းမိပြီး သတိသံဝေဂရစရာလည်း ကောင်းပါတယ်။

သမိန်ဗရမ်းရဲ့ တရားရုံးတွင် ပြောတဲ့စကားတွေကို ကျွန်ုပ် မှတ်မိသလောက် ပြန်၍ဖောက်သည်ချပါမယ်။

သမိန်ဗရမ်းမဖြစ်ခင် လယ်မဲ့ယာမဲ့ဘဝက သူ့မိခင်ကြီး နေမကောင်း၍ ဆေး ကုသရန် ဆေးရုံတင်ချင်သော်လည်း ကုသစရာငွေ မရှိတော့ ကြံမိကြံရာကြံပြီး သံဖြူဇရပ်ဈေးထဲရှိ ရွှေဆိုင်တစ်ဆိုင်ကို တစ်ကိုယ်တော် ဓားပြတိုက်ပြီး သူ့မိခင်ကြီးကို ဆေးကုသခဲ့ပေမယ့် မိခင်ကြီးအား မကယ်နိုင်တော့ပဲ သေမင်းလက်ထဲကို ထည့်လိုက်ရတော့တယ်။

(ဖ.ဆ.ပ.လ ဦးနုအစိုးရလက်ထက်တုန်းက ပြည်သူ့ဆေးရုံမှာ လူနာကို အခမဲ့ ဆေးကုပေးပါတယ်။ မနက်ညထမင်းလည်း အလကားကျွေးပါတယ်။ နွားနို့ချိန်ဆို နွားနို့၊ လက်ဖက်ရည်ချိန်ဆို လက်ဖက်ရည် တိုက်ပါတယ်။ ဟိုတုန်းက ဆရာဝန်၊ ကျန်းမာရေးဆရာမ၊ ဝန်ထမ်းတွေက စေတနာအပြည့်အဝထားပြီး ကုသပေးလို့လည်း ဝင်ရှနာ၊ ကံနာမှလွဲပြီး အဖိတ်အစဉ် မရှိခဲ့ပါဘူး။ ဆေးဖိုးဝါးခလည်း ငွေကုန်စရာ မလိုတော့ လူနာတွေကော၊ လူနာရှင်တွေပါ စိတ်ချမ်းသာကြပါတယ်။ အထူးကတော့ ကျေးလက်နေ တောသူတောင်သားများနဲ့ မြို့ပြနေ လက်လုပ်လက်စား ကျောမွဲများအတွက် အထူးကောင်းမွန်တဲ့ စနစ်ပါ။

အခုတော့ – ငွေမရှိပါက ကိုယ့်အိမ်မှာသာ ဆေးမြီးတိုနဲ့ ကု၍ အသေခံ၍ အပြင် ဆေးရုံ၊ ဆေးခန်းကို မသွားနိုင်ကြပါဘူး။ စကားချပ်)

ကုန်ကျသွားတဲ့ငွေတွေကိုပြန်ရဖို့ လက်ငှေထိုးသတ်ခဲ့ပြီး ငွေစုဆောင်းခဲ့သော်လည်း ဓားပြတိုက်ခဲ့တဲ့ငွေ ပြည့်အောင်မရခဲ့သော်လည်း စုဆောင်းခဲ့တဲ့ သိန်းအစိတ်ကို ရွှေဆိုင်ကိုပြန်ပေးပြီး သူကတော့ ဥပဒေအတိုင်း ပေးဆပ်ချင်၍ အဖမ်းခံရကြောင်း ရေးထားပါတယ်။



ဆရာအထောက်တော်လှအောင်ရဲ့ သတင်းဆောင်းပါး အရေးအသားကောင်းမှုကြောင့်ပင် သမိန်ဗရမ်းသတင်းကို ဖတ်မိသူတိုင်း တောက်ခေါက်၊ အံကြိတ်၊ မျက်ရည်စို့ရပါတယ်။

လက်ငှေကျော် သမိန်ဗရမ်းလို လူစိတ်ရှိတဲ့လူမျိုး ကျွန်ုပ်တို့မြန်မာပြည်မှာ ရှိတော့ရှိပါတယ်။ ဒါပေမဲ့ – ရှားမှရှားလို့ပဲ ပြောရမှာပါ။

ကောင်းကျိုးလိုရာ ပြည့်ပါစေ။

⇒ မောင်လှယဉ် (မော်လမြိုင်)

**စာမူရှင်များသို့ ..**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန်နေရပ်လိပ်စာမပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



# သွေးစွန်းသော လပြင်သူ

ဝသုန်ပဒိန်းထက်

ထူးချွန်ထက်မြက်သော
ဆရာဝန်တစ်ဦးသည်
ရုက္ခဗေဒနှင့်ပတ်သက်၍
သစ်ပင်တို့၏ မျိုးရိုးဗီဇကို
စမ်းသပ်တီထွင် ကြိုးပမ်းရာမှ
ထိတ်လန့်ဖွယ်ရာ
အောက်ပါအတိုင်းဖြစ်ပေါ်လာခဲ့ရသည် ..

**ဒေါက်တာမျိုးချစ်**အိမ်ကို ကျွန်တော်တို့ ရောက်သွားတော့ မနက်(၁၀)နာရီရှိပြီ။ ဒေါက်တာမျိုးချစ်သည် ကျွန်တော်၏ ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးလည်းဖြစ်သည်၊ အရာရာကို တီထွင်စူးစမ်းတတ်သူဖြစ်ပြီး ဉာဏ်ပညာလည်း ထက်မြက်လွန်းလှ၏။ ဆရာဝန်ဟုဆိုသော်လည်း "ရုက္ခဗေဒ" (Botany)ဘာသာရပ်အပေါ်ပိုအားသန်လိုက်စားသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူ့အိမ်ခြံဝင်းကြီးထဲ၌ အပင်ပေါင်းစုံရှိ၏။ ရှားပါးသစ်ခွများ၊ ဂမုန်းပင်များ၊ သူတီထွင်မျိုးစပ်ထားသောအပင်မျိုးစုံကို တွေ့ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကပေးစား၍သာ ယူခဲ့ရသောဇနီးသည် "သင်းသင်းနွယ်" နှင့်အိမ်ထောင်ကျ၍ယခုဆို "ချောစုနွယ်" ဟူသောတစ်ဦးတည်းသောသမီးလေးကိုရရှိထားပြီဖြစ်သည်။

သူနေထိုင်ရာအိမ်နှင့် ခြံအကျယ်အဝန်းအရ ၎င်းတို့၏မိသားစုအရေအတွက်မှာ နည်းပါးလွန်းသည်ဟု ကျွန်တော်ထင်သည်။ ထို့ပြင် သူ့ခြံမှာ မြို့နှင့် လေးမိုင်ကျော်ကျော်ဝေးကွာသော တောင်ပေါ်ဒေသလေးတွင် သီးသန့်နေထိုင်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် တောအုပ်လေးထဲမှအိမ်လေးတစ်လုံးတွင် နေထိုင်သည်ဟု ဆိုနိုင်ပါသည်။ သူမြတ်နိုးသောအပင်များနှင့် အချိန်ပြည့် သုတေသနပြုနိုင်ရန်အတွက် ဤသို့သောနေရာမျိုးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပုံရ၏။

ကျွန်တော်ရောက်သွားချိန်မှာတော့ ဒေါက်တာမျိုးချစ်တစ်ယောက်သာ ရှိ၏။ သင်းသင်းနွယ်တို့သားအမိနှစ်ဦးမှာ မြို့ပေါ်ရှိမိဘအိမ်သို့ အလည်သွားကြသည်ဟု သိရပေသည်။

"သူငယ်ချင်း ဟိန်းထက် – လာကွ။ အတော်ပဲ – ဒီမှာလည်း ငါတစ်ယောက်တည်းပဲ။ နွယ်တို့သားအမိကတော့ ဟိုမှာသုံးရက်လောက်ကြာမယ် ပြောတယ်"

ဒေါက်တာမျိုးချစ်က တရင်းတနှီး နှုတ်ဆက်ကြိုဆိုရှာပါတယ်။

"ဒါဆို – မင်းတစ်ယောက်တည်း ပျင်းနေတာပေါ့"

"ဟာ – မပျင်းပါဘူးကွာ။ ငါက အပင်တွေကြားမှာ နေရတာနဲ့တင် ကျေနပ်နေသူပါ။ ငါ့ဝါသနာအတိုင်း အပင်တွေကို တီထွင်စမ်းသပ်နေတာနဲ့ပဲ ပျင်းဖို့တောင်အချိန်မရပါဘူး – ဟိန်းထက်ရာ"

ဖြစ်နိုင်ပါသည်။ ယခုလည်း သူ့ကိုခြံထဲမှာ တွေ့ရခြင်းဖြစ်သည်။ သစ်ပင်တွေကတော့ အပင်သေးသေးလေးတွေကအစ အပင်ကြီးများစွာအထိ စုံလင်လှ၏။

သူကတော့ သူ့အပင်တွေအကြောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် တစ်ခုပြီးတစ်ခု လိုက်ရှင်းပြနေသည်။ ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားလှ။ အလိုက်အထိုက် ခေါင်းတညိတ်ညိတ် လုပ်နေရသော်လည်း ငြီးငွေ့နေပြီ။ သူ့ဇနီး သင်းသင်းနွယ်တို့ရှိလျှင်တော့ စိုပြည်သောစကားဝိုင်းတစ်ခု ဖြစ်ပေလိမ့်မည်။

တစ်နေရာတွင် ထူးခြားသောအပင်တစ်ပင် တွေ့ရ၏။ အသီးများမှာ ဘူးသီးအရွယ်ခန့် တွေ့ရသည်။ သို့သော် ဘူးပင်လို ပင်ပျော့နွယ်ဝင်မျိုးတော့ မဟုတ်၊ ပင်စည်က တုတ်တုတ်၊ အရွက်ရှည်ရှည်နှင့်ဖြစ်၏။

"ဒါ – ဘာအပင်လည်း – မျိုးချစ်"

"ဒါလား – ဟဲဟဲ – မာလကာပင်လေ"

"ဟေ – မာလကာပင်"

ကျွန်တော် အံ့ဩသွားမိသည်။ သို့ဆိုလျှင် ဘူးသီးအရွယ်ခန့် အသီးများကား မာလကာသီးများဖြစ်နေပေပြီ။ ကိုယ့်မျက်စိကို ကိုယ်မယုံချင်။ ဒေါက်တာမျိုးချစ်က ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်လိုက်ပြီးနောက် –

"အံ့ဩသွားလား – သူငယ်ချင်း။ ဒါ – ငါ့ရဲ့မျိုးစပ်ပညာရဲ့ အောင်မြင်မှုတစ်ခုပေါ့။ တခြားအသီးထွားစေတဲ့နည်းတွေနဲ့ မတူတာက နဂိုမူရင်းအရသာ မပျက်တာပဲ။ မင်းသိပါတယ်။ အသီးတသာကြီးလာတယ်။ မူရင်းအရသာလို စားမကောင်းဘူး။ အခု ဒီအသီးက မူရင်းအာနိသင် လုံးဝမပျက်ဘူး"

"တယ်ဟုတ်ပါလားဟေ့။ ဒါဆို – လူသားတွေအတွက် အများကြီး အကျိုးရှိတာပေါ့"

"ဒါပေါ့ကွာ – ဒီအကြောင်းတွေကို အေးအေးဆေးဆေး ငါရှင်းပြမယ်။ လာကွာ – အိမ်ပေါ်တက်ရအောင်"

သူ့နောက်သို့ လိုက်လာခဲ့သည်။ ကျွန်တော့်စိတ်ထဲမှာတော့ သူ့အပေါ် အံ့ဩချီးကျူး ဂုဏ်ယူနေမိသည်။ သာမန်မာလကာသီးတစ်လုံးက လူတစ်ယောက်အတွက်သာ စားနိုင်သော်လည်း ယခု သူ့အသီးက ဆယ်ယောက်လောက် စားနိုင်ပေပြီ။

www.burmeseclassic.com

"ဟာ - သူငယ်ချင်း - ကြောင်တွေကလည်း များလှချည်လား"

အိမ်ပေါ်တွင် ကြောင်တွေက ဆယ်ကောင်ကျော်ပေလိမ့်မည်။ အရောင်အသွေးစုံ၊ ဝဝဖီးဖီးတွေချည်းမို့ ချစ်စရာကောင်းလှ၏။ အပင်တွေထက်စာရင်တော့ ကြောင်တွေကို ပိုစိတ်ဝင်စားမိသေးသည်။

"အေးကွာ - နှယ်တို့သားအမိတွေပေါ့။ ဒီကြောင်တွေနဲ့ပဲ အရှုံးထနေကြတာ၊ ငါလည်း မပြောတော့ဘူး။ သူတို့မရှိတော့ ငါ့မှာ ကြောင်စာအတွက် ချက်ရပြုတ်ရတာကတစ်မျိုး စိတ်ကိုရှုပ်နေတာပါပဲကွာ"

သူ့စကားကြားတော့ ကျွန်တော်ပြုံးမိသည်။ သူလည်း သူ့ဝါသနာပါရာ အပင်တွေကြားမှာ အချိန်ကုန်နေလေတော့ သူ့ဇနီးကလည်း ကြောင်တွေနဲ့ပဲ စိတ်ပြေလက်ပျောက်နေပုံရသည်။

ထို့နောက်တွင်တော့ ကျွန်တော်တို့နှစ်ယောက်သည် ရေနွေးကြမ်းတစ်အိုး၊ ဆီရွှဲရွှဲဆမ်းထားသော ဆတ်သားခြောက်ထုပ်တစ်ပွဲဖြင့် စကားဝိုင်းကို ဆက်ကြပြန်သည်။

"ဟိန်းထက်ရာ - မင်းလည်းကြားဖူးမှာပေါ့။ လူတွေရဲ့ခန္ဓာဗေဒအရလူသားတွေမှာ ဟော်မုန်းဓာတ်က သိပ်အရေးကြီးတယ်ကွ။ လူ့ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားမှုအတွက်၊ လူသားမျိုးဆက် ပြန့်ပွားမှုအတွက်သာမကဘူး အခြားသောခန္ဓာဗေဒ ထိန်းချုပ်မှုအတွက်ပါ အရေးကြီးတဲ့အတွက်ပါ အရေးကြီးတဲ့ကဏ္ဍကနေ ထိန်းချုပ်ထားတာကွ"

ကျွန်တော့်စိတ်ထဲမှာတော့ အပင်တွေကနေ ဘယ်ကဘယ်လိုဟော်မုန်းဘက်လှည့်သွားလေသနည်းဟု တွေးနေမိ၏။ ထုံးစံအတိုင်း "တအင်းအင်း" နှင့် သံယောင်လိုက်နေရတော့သည်။

"ငါတို့လူသားတွေမှာ လူပျိုအပျိုဖြစ်ခါစ အရွယ်ရောက်လာတာနဲ့ "ပစ်ကျူတရီဂလင်း" ကနေပြီး လိင်ဆွဟော်မုန်းရည်တစ်မျိုး ထုတ်ပေးတယ်ကွ။ ဒီဟော်မုန်းက ခန္ဓာဖွံ့ဖြိုးရင့်ကျက်မှုအပြင် လိင်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက်ပါ ဖန်တီးပေးတာပေါ့"

"အင်း - ဟုတ်ပြီ"



မင်းစဉ်းစားကြည့်စမ်း အပင်လေးသေးကနေ အပင်ကြီးဖြစ်လာဖို့အထိ အစိုကစွမ်းဆောင်နေ

တာ ဒီဟော်မုန်းကြောင့်ပကွ။ လူတွေမှာရှိတဲ့ ဟော်မုန်းနဲ့တော့ မတူဘူးပေါ့လေ။ ဒီတော့-ဒီ စမ်းသပ်မှုတစ်ခု လုပ်နေတယ်။

အပင်ပေါင်းစုံမှာရှိတဲ့ ဟော်မုန်းတွေကိုထုတ်ယူပြီး အလွန်အစွမ်းထက်တဲ့ စုပါအိုပ်စထရေဟော်မုန်းတစ်မျိုးကို တီထွင်နေတယ်။



"ဒီဟော်မုန်းကြောင့် မိန်းကလေးမှာ သားဥအိမ်(Ovary)ဟာ ရင့်ကျက်ဖွံ့ဖြိုးလာသလို ယောက်ျားလေးတွေမှာလည်းအဖိုဟော်မုန်းရည်တွေ ထုတ်ပေးနိုင်လာတယ်။ ဖိုနဲ့မရဲ့ဟော်မုန်းကတော့ နည်းနည်းကွဲတာပေါ့လေ။ ဒါပေမဲ့ - သဘောတရားကမကွာပါဘူး။ ဒီဟော်မုန်းအရည်ဟာ ငါတို့ကလေးဘဝကတည်းက ထုတ်ပေးနိုင်စွမ်းရှိပေမယ့် အသုံးချနိုင်တဲ့အဆင့်ကတော့ မရောက်သေးဘူး။ သိုလှောင်ထားရုံသက်သက်ပဲ သွေးထဲကို အပို့မခံရသေးဘူး။

ကျွန်တော့်ခေါင်းတွေ မူးနောက်လာရချေပြီ၊ သူပြောနေတာတွေကို စိတ်မဝင်စားတော့၊ မကောင်းတတ်၍သာ သည်းခံနားထောင်နေရခြင်းဖြစ်သည်၊ သူကတော့ ဘာရည်ရွယ်ချက်တွေနှင့် ဤမျှ အာပေါင်အာရင်းသန်သန်ပြောနေသည်မသိ၊ စိတ်အားထက်သန်စွာ ဆက်ပြောနေလေ့နီးပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုက်ပိုသဲလ်မက်စ် ဆိုတဲ့ ဦးနှောက်အင်္ဂါအစိတ်အပိုင်းတစ်ခုဟာ ငါ အခုပြောတဲ့ ပစ်ကျူတရီဂလင်းနဲ့ ဆက်စပ်နေတယ်ကွ၊ တစ်နည်းအားဖြင့် ဒီဂလင်းကို အမိန့်ပေးညွှန်ကြားနေတာကွ၊ ဒီညွှန်ကြားချက်အတိုင်း ငါတို့ ခန္ဓာကိုယ်မှာ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာတော့တာပဲ၊ ခန္ဓာကိုယ်ဖွံ့ဖြိုးလာတာကို ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားလာတာတို့ပေါ့"

"နေပါဦး - မျိုးချစ် - မင်းက ဘာလို့ဒီအကြောင်းတွေ ပြောနေရတာလဲ၊ အပင်ကနေ ဘာလို့ ဟော်မုန်းတွေဘက် ရောက်သွားရတာလဲကွ"

"ဒီလိုကွာ - အတိုချုံးပြောရရင် အပင်တွေမှာ လူတွေလိုပဲ ဖွဲ့စည်းမှုတွေ ရှိတယ်၊ အဲ - လူတွေလောက်တော့ အဆင့်မမြင့်ဘူးပေါ့ကွာ၊ လူတွေလို ရွေ့လျားမသွားနိုင်ပေမဲ့ သက်ရှိလက္ခဏာတွေဖြစ်တဲ့ အသက်ရှူခြင်း၊ အငွေ့ပျံခြင်း၊ အညစ်ကြေးစွန့်ခြင်း၊ မျိုးဆက်ပွားခြင်းတွေ ရှိတယ်၊ ဒီထက်ထူးခြားတာတစ်ခုက အပင်တွေမှာ အလွန်သိမ်မွေ့တဲ့ခံစားမှု ရှိတယ်ကွ"

"ဘာ - သိမ်မွေ့တဲ့ခံစားမှု - ဟုတ်လား - မျိုးချစ်"

"ဟုတ်တယ် - ဟိန်းထက်၊ သိမ်မွေ့လွန်းလို့ လူတွေ သတိမထားမိကြတာ၊ ပြီးတော့ - တုံ့ပြန်မှုကလည်း အရမ်းနည်းလို့ ရှိမှန်းမသိကြတာ၊ စောစောကစကားကို ပြန်ဆက်ရရင် ဒီဟော်မုန်းဓာတ်ဟာလည်း အပင်တွေမှာ သူ့နည်းသူ့ဟန် ပုံစံတစ်မျိုးနဲ့ ရှိနေတယ်၊ မင်းစဉ်းစားကြည့်စမ်း - အပင်သေးသေးကနေ အပင်ကြီးဖြစ်လာဖို့အထိ အဓိကစွမ်းဆောင်နေတာ ဒီဟော်မုန်းကြောင့်ပဲကွ၊ လူတွေမှာရှိတဲ့ ဟော်မုန်းနဲ့တော့ မတူဘူးပေါ့လေ၊ ဒီတော့ - ငါ စမ်းသပ်မှုတစ်ခု လုပ်နေတယ်၊ အပင်ပေါင်းစုံမှာရှိတဲ့ ဟော်မုန်းတွေကိုထုတ်ယူပြီး အလွန်အစွမ်းထက်တဲ့ စူပါအိပ်စထရာဟော်မုန်းတစ်မျိုးကို တီထွင်နေတယ်၊ အောင်မြင်ခါနီးပြီ၊ ဒီဟော်မုန်းရဲ့အရွယ်က အချိန်တိုအတွင်းမှာ အပင်



ငယ်ကနေ အပင်ကြီးဘဝရောက်ဖို့ကူညီနိုင်တယ်၊ အချိန်အကြာကြီး မစောင့်ရတော့ဘူး"

"မင်း - ဆက်ပြောပါဦး"

ကျွန်တော် နည်းနည်းတော့ စိတ်ဝင်စားလာမိသည်၊

"ဒီတော့ကွာ - ဒီဟော်မုန်းရဲ့အစွမ်းကြောင့် ရက်ပိုင်းအတွင်းမှာပဲ အပင်ရဲ့ကလပ်ဆဲလ်တွေ၊ တစ်ရှူးတွေဟာ တစ်ဟုန်ထိုးကြီးပွားကျယ်ပြန့်လာပြီး နေ့ချင်းညချင်း အပင်ကြီးဘဝ ရောက်နိုင်တယ်"

"ထားပါတော့ကွာ - စမ်းသပ်ချက်ရဲ့ရည်ရွယ်ချက်က ဘာလဲ"

"ရှင်းပါတယ် - ဟိန်းထက်၊ ဆိုကြပါစို့ကွာ - ငါတို့က မာလကာပင်သေးသေးလေးတစ်ပင်စိုက်တယ်၊ ပုံမှန်အတိုင်းဆိုရင်အသီးသီးတဲ့အရွယ်ရောက်ဖို့ နှစ်နဲ့ချီပြီး အကြာကြီးစောင့်ကြရမယ်လေ၊ ဒါပေမဲ့ - ငါ့စမ်းသပ်ချက်သာ အောင်မြင်ရင် အပင်သေးသေးကနေ အသီးသီးတဲ့အချိန်အထိ ရက်ပိုင်းပဲ စောင့်ရတော့မယ်၊ လူတွေအတွက် ပိုအကျိုးရှိစေတာပေါ့၊ တိုးပွားလာတဲ့ လူဦးရေအတွက် အမြန်ဆုံး ရိက္ခာဖြည့်ဆည်းပေးနိုင်မှာ အမှန်ပဲ"

"ခုနက ဘူးသီးအရွယ်ရှိတဲ့မာလကာသီးတွေဟာ ဒီဟော်မုန်းကြောင့်လား - မျိုးချစ်"

"သေချာတာပေါ့ကွာ၊ ဒါပေမဲ့ - ငါ့ရဲ့အဓိကပန်းတိုင်ဖြစ်တဲ့ အပင်တွေရဲ့ တုံ့ပြန်မှုကို သိသာထင်ရှားတဲ့တုံ့ပြန်မှု ဖြစ်စေချင်တယ်၊ ဒီအတွက် - လူရဲ့ ဟော်မုန်းကို အပင်တွေက လက်ခံဖို့ အပင်တွေကိုသွင်းပေးဖို့ ငါ ကြိုးစားနေတယ်ကွ၊ အဓိကကတော့ သိသာတဲ့ တုံ့ပြန်မှုလိုချင်လို့"

"နေပါဦးကွာ - ဒီတုံ့ပြန်မှုရတော့ကော - မင်းအတွက် ဘာအကျိုးရှိလို့လဲ"

ကျွန်တော့်အမေးကို ဒေါက်တာမျိုးချစ်က ချက်ချင်းမဖြေ၊ ကျွန်တော့်ကို စူးစူးရဲရဲ စိုက်ကြည့်ပြီးမှ -

"တီထွင်စမ်းသပ်သူတိုင်းဟာ အောင်မြင်မှုရရင် ပီတိဖြစ်နေတတ်တဲ့ သူတွေကွ၊ ဒါကို - မင်း နားလည်နိုင်မယ်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

တဒင်္ဂတော့ – ကျွန်တော်တို့၏စကားဝိုင်း တိတ်ဆိတ်သွား၏။ အတန်ကြာတော့ ကျွန်တော်လည်း သူ့ကို နှုတ်ဆက်ကာ ပြန်ခဲ့ပါတော့သည်။

တစ်လခန့် ကြာမြင့်ခဲ့လေပြီ။

ဒီကြားထဲ – ဒေါက်တာကြီးဆီ ကျွန်တော်မရောက်ဖြစ်ခဲ့၊ လူကသာ မရောက်၊ စိတ်ကတော့ ရောက်နေပါသည်။ သူငယ်ချင်းတစ်ယောက် ဘာတွေများလုပ်နေသလဲ၊ အပင်တွေကြားမှာ အလုပ်ရှုပ်နေတာလား၊ ဘာတွေ စမ်းသပ်တီထွင်နေသေးသလဲ စသဖြင့် တွေးနေမိ၏။

တစ်နေ့တော့ ကျွန်တော့်ထံ စာတစ်စောင် ရောက်ရှိလာခဲ့သည်။

စာမှာ ဒေါက်တာ၏ဇနီး သင်းသင်းနွယ်ထံမှဖြစ်၏။ စာထဲတွင် ဒေါက်တာကြီးသည် အဏ္ဏရာယ်များပြီး အလွန်ကြောက်စရာကောင်းသော စမ်းသပ်မှုတစ်ခု ပြုလုပ်နေကြောင်း၊ အချိန်ရှိသရွေ့ထိုစမ်းသပ်မှုထဲတွင်သာ နှစ်မြှုပ်နေကြောင်း၊ သူ့အမူအရာများသည်လည်း လွန်စွာအေးစက်စက်နိုင်သွားကြောင်း၊ သူကိုယ်တိုင်လည်း တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေပုံရကြောင်း ရေးသားထား၏။ ထို့ကိစ္စအတွက် ကျွန်တော့်ကို တိုင်ပင်လို၍ ဖိတ်ခေါ်ခြင်းဖြစ်သည်။

ကျွန်တော်လည်း စာရရချင်း ဂျစ်ကားကိုထုတ်၍ ချက်ချင်းထွက်လာခဲ့၏။ သူ၏အိမ်ရောက်တော့ ဒေါက်တာမျိုးချစ်ကိုမတွေ့၊ သင်းသင်းနွယ်တို့ သားအမိကိုသာ တွေ့ရ၏။

“ကိုဟိန်းထက် – လာမှလာပါ့မလားလို့”

သင်းသင်းနွယ်က စိုးရိမ်သောလေသံဖြင့် နှုတ်ဆက်၏။ ခါတိုင်းလို ရွှင်ရွှင်မြူးမြူးတော့ မဟုတ်၊ သားအမိနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းပွေ့ဖက်ထားကြသည်။ မျက်စိမျက်နှာများမှာလည်း ဖြူ



ဖပ်ဖြူရော်နှင့် တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေပုံပေါက်၏။ သို့သော်လည်း မရိပ်မိစေရန် ကြိုးစားဖုံးကွယ်ထားမှန်း ရိပ်စားလိုက်မိသည်။

“လာရမှာပေါ့၊ ဒါနဲ့ – ဒေါက်တာကြီးကော – ဘယ်သွားလဲ”

“အပြင်ခဏသွားတယ်၊ သိပ်မကြာဘူးလို့တော့ ပြောတာပဲ”

“ကဲ – မနွယ် – ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောပေတော့၊ ဘာမှ ဖုံးကွယ်မထားပါနဲ့၊ မနွယ်တို့ကြည့်ရတာ တစ်ခုခုကို ထိတ်လန့်နေသလိုပဲ၊ ကူညီစရာရှိရင် ကူညီနိုင်တာပေါ့”

ပထမတော့ – သင်းသင်းနွယ်က ပြောသင့်၊ မပြောသင့် ဝေခွဲရခက်နေပုံပေါ်သည်၊ နောက်မှ သက်ပြင်းရှည်ကြီးချ၍ ပြောပြ၏။

“ကိုမျိုးချစ်ပေါ့ – အခုတစ်လော – စမ်းသပ်မှုတစ်ခုလုပ်နေတယ်၊ ဘာလဲ ဆိုတာတော့ မပြောဘူး၊ အတော်လေး လျှို့ဝှက်ထားပုံပဲ၊ မေးလည်းမမေးနဲ့၊ ဝင်လည်းမစပ်စုနဲ့တဲ့၊ ဒါပေမဲ့ – ညနေတိုင်း အိမ်ကထွက်သွားတာ သန်းခေါင် လောက်မှ ပြန်ပြန်ရောက်လာတယ် သိလား၊ သူ့ကို ကြည့်ရတာလည်းတစ်မျိုးပဲ၊ အရမ်းထိတ်လန့်နေသလို စိတ်မောလူမောဖြစ်နေပုံရတယ်၊ ချွေးတွေလည်း ရွှဲနစ်နေပြီး စကားလည်း မပြောဘူး၊ မျက်လုံးတွေကလည်း ကြောင်တောင်တောင်နဲ့၊ နွယ်တို့တော့ တဖြည်းဖြည်းကြောက်လာပြီ ကိုဟိန်းထက်”

သူ့စကားကြားတော့ ကျွန်တော်လည်း ရင်မောသွားရသည်၊ ထူးခြားနေတာတော့ အမှန်၊ မျိုးချစ်တစ်ယောက် ဘာတွေလျှောက်လုပ်နေပြီလဲ၊ ဘာတွေဖြစ်ကုန်ပြီလည်း ဆိုတာ သိချင်လာသည်၊ တစ်ခုခုတော့ မှားယွင်းနေလေပြီ။

နာရီဝက်ခန့်ကြာတော့ ဒေါက်တာမျိုးချစ်တစ်ယောက် သူ၏ဝီလီဂျစ်ကားဖြင့် ပြန်ရောက်လာသည်၊ သူ့မျက်နှာ၌ မနိုင်ဝန်ထမ်းထားရသကဲ့သို့ စိတ်မောလူမောပုံပေါက်နေသည်၊ မျက်လုံးများကလည်း ညပေါင်းများစွာ အိပ်ရသည့်အလား နီရဲ၍ ကြောင်စီစီကြီး ဖြစ်နေ၏၊ ကျွန်တော့်ကိုလည်း ခါတိုင်းလို ဟက်ဟက်ပက်ပက်မရှိ၊ အေးစက်စက်နိုင်လှသည်၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားအစ်ထုတ် မေးမြန်းသော်လည်း ဘာမှထွက်မလာ။ စကားလမ်းကြောင်း လိုးလွှဲသွား၏။

"ဟိန်းထက် – မင်း နောက်ထပ် ဒီကိုမလာရင်ကောင်းမယ်"

ဟု ကျွန်တော့်ကို စူးစူးရဲရဲကြည့်ရင်းပြောတော့ ကျွန်တော် အံ့ဩသွားရသည်။

"ဟောဗျာ – ဘာဖြစ်လို့လဲ – မျိုးချစ်"

သူက ဘာမှထပ်မပြောပဲလှည့်ထွက်သွား၏။ ကျွန်တော့်မှာသာ ပဟေဠိများဖြင့် ကျန်ရစ်ခဲ့သည်။ မျိုးချစ်တစ်ယောက်တည်းဆို ကိစ္စမရှိ၊ အခုတော့ သင်းသင်းနွယ်တို့ သားအမိရှိနေ၍ စိတ်မေရသည်။ အရေးအကြောင်းဆို အိမ်နီးချင်းလည်း မရှိ၊ သူတို့ခမျာ အားကိုးရာမဲ့ ဖြစ်နေရှာပေလိမ့်မည်။

နောက်ဆုံးတော့ – သင်းသင်းနွယ်ကိုတတ်နိုင်သမျှအားပေးနစ်သိမ့်ရင်း ပြန်ခဲ့ရလေသည်။ ကားမောင်း၍ပြန်လာရာ တစ်မိုင်ခန့်အရောက်၌ ဆင်ကုန်းသချိုင်းသို့ရောက်၏။ ကားက ထိုနေရာကိုဖြတ်ကျော်သွားရမည်ဖြစ်သည်။

လမ်းကွေ့တစ်ခုအရောက်တွင် မီးတုတ်ကိုယ်စီကိုင်ဆောင်ထားသော လူတစ်စုကို တွေ့လိုက်ရသည်။ "ဘာဖြစ်တာပါလိမ့်" ဟုတွေးရင်း ကားကို အရှိန်လျှော့လိုက်၏။ လူအုပ်စုထဲတွင် ကျွန်တော့်အသိ စခန်းမှူး "ကိုဝင်းနိုင်" နှင့် ရဲတပ်သားတချို့ကိုပါ တွေ့လိုက်ရလေသည်။

"ဗျို့ – စခန်းမှူးကြီး – ဘာတွေဖြစ်နေကြတာတုံးဗျ"

ကျွန်တော်က ကားပေါ်မှဆင်းရင်း မေးလိုက်၏။

"ဟာ – ကိုဟိန်းထက်ပါလား။ မင်း – ဒီမှာဗျာ – နွားနစ်ကောင်ပျောက်လို့၊ ပြီးခဲ့တဲ့သုံးလေးရက်ကလည်း ဒီစားကျက်မှာ လွှတ်ထားတဲ့ ဆိတ်ငါးကောင် ပျောက်သွားသေးတယ်။ အရင်က ဒီလိုမဖြစ်ဖူးပါဘူးဗျာ" ဟု စခန်းမှူးက ညည်းညူရင်း ပြောရာ၏။ ဆက်လက်၍ သူက –

"ဒါနဲ့ – နေပါဦး – ကိုဟိန်းထက်က ဘယ်ကပြန်လာတာတုံး" ဟုမေး၏

"ကျွန်တော်က ဟိုး – ဒေါက်တာမျိုးချစ်တို့အိမ်ကပေါ့"



ကျွန်တော့်စကားကြောင့် စခန်းမှူးက ကျွန်တော့်ကို စူးစူးရဲရဲကြည့်ပြီး –

"နေပါဦးဗျာ – ခင်ဗျားနဲ့ ဒေါက်တာမျိုးချစ် တော်တော်ရင်းနှီးသလား"

ဟုမေး၏။ သူ့အမေးတွင် တစ်စုံတစ်ခုသော သိပ်သည်းလျှို့ဝှက်မှုတစ်စုံတစ်ရာအကြောင်းတွေ ပါဝင်နေသည်ဟု ထင်မိသည်။

"ငယ်သူငယ်ချင်းတွေဗျာ – ဒီမှာပြန်ဆုံကြတော့ ခင်ကြတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဗျာ"

"အင်း – အခုတစ်လော – ဒေါက်တာကြီးက သားသတ်ရုံကအသားတွေ အတော်များများကို နေ့တိုင်းဝယ်နေတယ်ကြားတယ်ဗျာ။ တစ်နေ့ကိုပိဿာနစ်ဆယ်လောက် ယူတယ်ဆိုပဲ"

"ဗျာ – တစ်နေ့ကို ပိဿာနစ်ဆယ် – ဟုတ်လား"

"ဟုတ်တယ်"


"ဟုတ်တယ် – စဉ်းစားစရာပဲပေါ့။ ဒီလောက်များတဲ့အသားတွေကို ဘယ်နေရာမှာသုံးနေသလဲဆိုတာတော့ စိတ်ဝင်စားစရာ ဖြစ်လာတာပေါ့ဗျာ"

ကျွန်တော် ရင်မောပြီးမောရသည်။ တစ်ခုခုကို တစ်စိတ်တစ်ဒေသမျှလည်း ရိပ်မိစပြုလာခဲ့မိချေပြီ။ အတိအကျတော့ မသိ၊ ပုံမှန်မဟုတ်တာတော့ သေချာနေပြီ။ စခန်းမှူးတို့ သံသယဝင်မယ်ဆိုတာလည်း ဝင်စရာပင်။

ထိုထက်ဆိုးရွားသောဖြစ်ရပ်တစ်ခုက တစ်ပတ်အကြာတွင် ထပ်မံပေါ်ပေါက်ခဲ့ပြန်သည်။ ဖြစ်ပုံမှာ ကော်ဖီစက်ရုံမှ မန်နေဂျာ "ဦးမြင့်ကျော်" တစ်ယောက် ဦးနှောက်သွေးကြောပြတ်ပြီး ဖြုန်းစားကြီး ဆုံးသွားသည်။ အလောင်းမြေမြှုပ်သောညမှပင် ပြဿနာပေါ်ခဲ့လေသည်။

ဦးမြင့်ကျော်၏အလောင်းကြီး ပျောက်ဆုံးသွားကြောင်း မနက်တွင် သိလိုက်ရ၏။ ထိုသတင်းသည် ဟိုးလေးတကျော် ပျံ့နှံ့သွားခဲ့သည်။ ရဲတပ်ဖွဲ့

www.burmeseclassic.com



ကျွန်တော်တို့သုံးယောက်သည် တရွေ့ရွေ့ဖြင့် ချဉ်းကပ်လာခဲ့ကြသည်။ ပြိုးခနဲ ပြက်ခနဲ လင်းလက်သွားသော လျှပ်စီးရောင်များအောက်တွင် မိစ္ဆာကောင်ကြီးကို တွေ့လိုက်ရပါပြီ။

ဝင်များလည်းခေါင်းခြောက်ကြရလေပြီ၊ အလောင်းမှာ မြေထောက်ပေါက်ပြီး ထသွားခြင်းတော့မဟုတ်၊ ယုတ္တိမတန်ပါ၊

တစ်စုံတစ်ယောက်က တူးဖော်ယူငင်သွားခြင်းဖြစ်သည်၊ ပွင့်နေသော တွင်းနံဘေးချုံပုတ်အနီး၌ မြေမှုန့်များ ပေကျံနေသော ဂေါ်ပြားတစ်ခုကို တွေ့ရခြင်းက သက်သေခံနေပါသည်၊

သေဆုံးသွားသူ၏အလောင်းကို မည်သူက မည်သည့်အတွက် ယူဆောင်သွားလေသနည်း၊ ရှုပ်ထွေးနက်ရှိုင်းသော ပဟေဠိတစ်ပုဒ်သည် ရှုပ်ထွေးသထက် ရှုပ်ထွေးလာခဲ့ချေပြီတကား၊

လပြည့်ည ...

ဝါဆိုလပြည့် ဖြစ်သည်၊ သို့သော် လက ကောင်းစွာမသာနိုင်၊ လေနှင့်အတူ မိုးပေါက်များက တပေါက်ပေါက်ရွာနေ၏၊ အချိန်က ညကိုးနာရီ ထိုးလေပြီ၊



အနက်ရောင် မိုးကာဂျာကင်ဖစ်ကို လည်ပင်းအထိရောက်အောင် ဆွဲတင်လိုက်ပြီးနောက် စခန်းမှူး ဦးဝင်းနိုင်က -

"ကဲ - ကိုဟိန်းထက်ရေ - ဒီညတော့ စွန့်စားခန်းတစ်ခု လုပ်ကြတာပေါ့" ဟု ဆို၏။

ထူးထူးဆန်းဆန်းတွေ့ရမည်၊ စွန့်စွန့်စားစားလုပ်ရမည်ဆိုလျှင် ကျေနပ်နေတတ်သော "ကိုမင်းအောင်" ကလည်း -

"ဒီညတော့ - ကျွန်တော်တို့သုံးယောက် ပွဲကြီးပွဲကောင်းတွေ့ရတော့မယ် ထင်တယ်ဗျ။ ဘာပဲဖြစ်ဖြစ် - အခုလို စခန်းမှူးကြီးတို့၊ ကိုဟိန်းထက်တို့နဲ့ လက်တွဲလုပ်ရမယ်ဆိုတော့ ဘာမှစရာလိုသလဲဗျ" ဟု ရွှင်လန်းတက်ကြွစွာ ပြော၏၊ ကျွန်တော်ကလည်း "သတိဝီရိယတော့ ထားကြရမယ်၊ အခုကိစ္စက ကျွန်တော်တို့သုံးယောက်တည်း လျှို့ဝှက်ထောက်လှမ်းတဲ့ကိစ္စဆိုတော့ လည်း တတ်နိုင်သမျှ သိုသိုသိပ်သိပ်နဲ့ လုပ်ကြတာပေါ့" ဟု ပြောရ၏။

"ဟုတ်တယ်၊ အခုဟာက မသင်္ကာရုံပဲရှိသေးတယ်၊ ဘာမှအတိအကျ စွပ်စွဲလို့ရတာမဟုတ်ဘူး"

"အေးဗျာ - အံ့ဩစရာတော့အကောင်းသားနော်၊ မန်နေဂျာဦးမြင့်ကျော်ရဲ့အလောင်းကြီး ပျောက်သွားတာရော၊ ကျွဲနွားဆိတ်တွေပျောက်နေတာရော၊ သားသတ်ရုံက အသားတွေအများကြီး ဝယ်ယူနေတာအတွက်ရော အားလုံးဟာ ဆက်စပ်မှုတစ်ခုခုရှိလိမ့်ဗျာ"

"သေချာတာပေါ့ - ကိုမင်းအောင်၊ ဒါတွေအားလုံးရဲ့ မြစ်ဖျားခံရာဟာ ဒေါက်တာမျိုးချစ်ပဲလို့ တစ်ထစ်ချ ပြောရဲတယ်ဗျ၊ ဒီအတွက် ဥပဒေဘောင်အတွင်းကနေ အဖြစ်မှန် ဖော်ထုတ်ရမယ်ဗျာ"

စခန်းမှူး ကိုဝင်းနိုင်က သူ့သံသယကို ထုတ်ဖော်ပြောပြ၏။

"အင်း - တကယ်ပဲဗျာ - သိပ္ပံဇာတ်လမ်းတစ်ပုဒ်ဖတ်နေရသလိုပါပဲလား ဗျာ"

ကျွန်တော်တို့သုံးဦးသည် စိတ်တူကိုယ်တူဖြင့် လျှို့ဝှက်ချက်တစ်ခုဖော်ထုတ်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်၊ လိုအပ်သောပစ္စည်းများကို စုံစုံ



www.burmeseclassic.com

www.burmeseclassic.com

လင်လင်ယူဆောင်လာကြပြီးနောက် ကျွန်တော်တို့သုံးဦးသည် ဒေါက်တာမျိုးချစ်နေထိုင်ရာသို့ မာဇဒါဂျစ်ကားဖြင့် ထွက်လာခဲ့တော့သည်။

အိမ်ရောက်ခါနီး၌ ကားကိုမသုံးတော့ဘဲ လုံခြုံရာနေရာ၌ ကားကို လျှို့ဝှက်ထားခဲ့ပြီး သုံးဦးသာ ခြေကျင်လျှောက်လာကြ၏။ မိုးက အစုမှ ပိုသည်းလာလေပြီ။ မှောင်မည်းနေသော်လည်း ဓာတ်မီးကိုမသုံးကြ။ တိတ်တဆိတ်ချဉ်းကပ်လာခဲ့ကြသည်။

"ခြံအနောက်ဘက်က ပတ်သွားကြမယ်"

သုံးဦးသား တိတ်တဆိတ် တိုးတိတ်စွာဖြင့် ချဉ်းကပ်လာကြသည်။ ထိုနေရာမှာ သစ်ပင်အုပ်ကြီးများ ထူထပ်ရှုပ်ယှက်မှုမက တောင်ကုန်းများ၊ ချိုင့်ဝှမ်းများပါရှိနေ၍ ခရီးက သိပ်မတွင်၊ ကိုမင်းအောင်က ရှေ့ဆုံးမှ ဦးဆောင်ပြီး ကျွန်တော်က နောက်ဆုံးမှ လိုက်ပါလာခဲ့သည်။ တဖြည်းဖြည်းနှင့် ဒေါက်တာမျိုးချစ်တို့၏ခြံအနောက်ဘက်နား ချဉ်းကပ်မိကြပြီး ကိုမင်းအောင်သည် တရွေ့ရွေ့သွားနေရာမှ ရုတ်တရက် မုဆိုးဒူးထောက်ထိုင်ချလိုက်၍ ကျွန်တော်တို့လည်း ဖျပ်ခနဲ ထိုင်ချလိုက်ရတော့သည်။

"ဘာလဲဗျာ - ဘာတွေထူးခြားလို့လဲ"

"ဟော - ဟိုကားဂိုဒေါင်ဘက်ကို ကြည့်စမ်းဗျာ"

ကိုမင်းအောင် ညွှန်ပြရာသို့ ကြည့်လိုက်တော့ သစ်ပင်ကြီးများနဲ့အတူ ဖြူဖြူဖွေးဖွေး၊ ရှည်ရှည်မျောမျော လက်တံကြီးများသည် ကြောက်မက်အသည်းတုန်ဖွယ်ရာ လှုပ်ယမ်းယိမ်းနွဲ့နေသည်ကို တွေ့လိုက်ရသည်။

"ဘာတွေလဲဗျာ၊ ရေဘဝဲလက်တံတွေလိုပဲ" စခန်းမှူးက အံ့သြစွာ ပြော၏။

"ဆရာသမားကလည်း လုပ်ပြီ၊ ဘယ်ကရေဘဝဲရမှာလဲ၊ ကုန်းပေါ်မှာ ဘယ်ကရေဘဝဲ ရောက်လာရမှာလဲဗျာ"



"ဒါ - ဒါဆို - ဘာတွေလဲ - ဘာကောင်ကြီးလဲ"

ကျွန်တော်တို့အားလုံးလည်း သိချင်လှပေပြီ။ မြင်ကွင်းက သိပ်မသဲကွဲ၊ ကျွန်တော့်မျက်လုံးထဲမှာတော့ မကောင်းဆိုးဝါးအကောင်များ မြူးတူးပျော်ပါးနေသလား" ဟု ကြံဖန်တွေးမိ၏။ ဖြူဖြူဖွေးဖွေး ရှည်ရှည်မျောမျောလက်တံများက လူကြီးပေါင်လုံးခန့်ရှိပြီး မြေပြင်မှာရော လေထဲမှာပါ ဝဲပျံလူးလွန့်နေသည်မှာ ရေမနဂါးကြီးတစ်ကောင် လူးလွန့်ရွေ့လျားနေသည့်နယ်။

"ကျွန်တော်တို့ ရှေ့တိုးကြည့်မယ်၊ မိုးတွေရွာနေတော့ မြင်ကွင်းက သိပ်မသဲကွဲဘူး"

"အေးဗျာ - ဝါဆိုလပြည့်ညမှာ ဒီလောက်မိုးတွေသည်းနေတော့ အမှတ်တရဖြစ်သွားတာပေါ့ဗျာ၊ လပြည့်ညရဲ့ စွန့်စားခန်းပေါ့ - ဟဲဟဲ"

အရေးထဲ ကိုမင်းအောင်က ရွှတ်နောက်နောက် လုပ်နေသေးသည်။ ကျွန်တော်တို့သုံးယောက်သည် တရွေ့ရွေ့ဖြင့် ချဉ်းကပ်လာခဲ့ကြသည်။ ပြီးခနဲ ပြက်ခနဲ လင်းလက်သွားသော လျှပ်စီးရောင်များအောက်တွင် မိစ္ဆာကောင်ကြီးကို တွေ့လိုက်ရပါပြီ။

အကောင်ကြီးတော့ မဟုတ်ပါ။

"အပင်ကြီး" ဖြစ်ပါသည်။ သို့သော် သာမန်ထက်ထူးခြားသော အပင်ကြီးဖြစ်၏။ ထိုထူးဆန်းသောအပင်ကြီး၏ ပင်စည်လက်တံများမှာ သက်ရှိသတ္တဝါတစ်ကောင်ကဲ့သို့ လှုပ်ရှားဝဲပျံလူးလွန့် တွန့်ထိုးနေကြ၏။

"အပင်လို့ ပြောရမှာတောင် ခပ်ခက်ခက်ပဲဗျာ"

"နွယ်ရှင်ပင်ကြီးလား မသိဘူး၊ ဒါပေမဲ့ - သာမန်နွယ်ရှင်တော့ မဟုတ်ဘူး၊ အထူးဖန်တီးထားတဲ့ နွယ်ရှင်မင်းကြီးဖြစ်မယ်ဗျာ"

ကိုမင်းအောင်က -

"မထူးပါဘူးဗျာ - အိမ်ထဲဝင်ပြီး ပွင့်ပွင့်လင်းလင်းမေးရင်ကောင်းမယ်" ဟု ဆို၍ ရှေ့သို့သွားနေရင်းမှ ဖြူဖြူလက်တံကြီးတစ်ခုကို စူးစမ်းလို၍ သွားထိကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်နဲ့ - ကိုမင်းအောင် - သွားမထိနဲ့ - နောက်ဆုတ် - နောက်ဆုတ်"

မမီတော့ပါ။ လုံးဝနောက်ကျသွားရပြီ။ ငြိမ်သက်နေသောလက်တံကြီးသည် "ဂုန်း" ခနဲ အသက်ဝင်လာကာ ရေဘဝဲတစ်ကောင်လို လျင်မြန်စွာ လှုပ်ရှား၍ ကိုမင်းအောင်ကို ဆွဲပတ်ရစ်နှောင်လိုက်ချေပြီ။

"အား - အား"

ကိုမင်းအောင်က ကြောက်လန့်တကြား ရုန်းကန်အော်ဟစ်သော်လည်း မလွတ်။ ကြောက်မက်ဖွယ်လက်တံကြီးများသည် တခြားသောနေရာအနှံ့ အပြားမှ ရျက်ချင်းဆိုသလိုထိုနေရာသို့ဦးတည်ရွေ့လျားရောက်ရှိလာကြပြီး အထပ်ထပ်ရစ်ကြတော့၏။ အပင်တွေနှင့် လားလားမျှမတူတော့။ မကောင်းဆိုးဝါးကောင်ကြီးတွေနယ်ပင်။

ကိုမင်းအောင်ကို မမြင်ရသော်လည်း ၎င်း၏အော်ဟစ်သံများကို ကြားနေရဆဲ။ ကျွန်တော်တို့နှစ်ယောက်လည်း ခဲလုံး၊ ကျောက်တုံးများဖြင့် ပစ်ပေါက်ကြ၏။ သို့သော် အရာမထင်တော့ပါ။

"တောက် - သေနတ်မပါတာ နာတာပဲ"

ထောက်လှမ်းရေးလာရုံသက်သက်ဆို၍ သေနတ်ယူမလာခဲ့။ အခုတော့ - အခြေအနေက ဆိုးရွားသွားခဲ့ပြီ။ အထပ်ထပ်ရစ်ပတ်ထားသောရောမလက်တံကြီးများအကြားမှသွေးများယိုစီးကျဆင်းလာ၏။ ကိုမင်းအောင်၏အော်သံကိုမကြားရတော့။ သွေးနံ့ရ၍ထင်သည်။ လက်တံကြီးများက ပို၍ လှုပ်လှုပ်တွန့်တွန့်ထိုးနေကြပြီ၊ အလုအယက်စားသောက်နေကြ၏။ အပင်ခြေရင်းမှာတော့ သွေးများက အိုင်ထွန်းလျက်။

"ဘုရား - ဘုရား - ဘုရား"

နှစ်ယောက်သား အိပ်မက်ဆိုးတစ်ခုထဲ ရောက်နေရသလိုပင်။ လျှပ်တစ်ပြက်အတွင်းမှာပင် ကိုမင်းအောင်တစ်ယောက် လူ့လောကမှ ကွယ်ပျောက်ခဲ့ရချေပြီ။



"ကိုဝင်းနိုင် - ပြေး - ပြေးတော့"

ကျွန်တော်က စခန်းမှူးကိုဝင်းနိုင်၏လက်ကိုအတင်းဆွဲ၍ထိုစက်ဆုပ်ဖွယ်နေရာမှ ပြေးထွက်လာခဲ့၏။ ဆူးပင်များကြောင့် တစ်ကိုယ်လုံး ခြစ်ရာရှရာများဖြင့် မွစာကြနေလေပြီ။ ဒေါက်တာမျိုးချစ်တို့၏ အိမ်၌ မီးများလင်းနေ၏။ အိမ်ရှေ့တံခါးမကြီးကိုလည်း ဖွင့်လျက်သားတွေ့ရ၏။ နှစ်ယောက်သား တိုင်ပင်ထားသည့်အလား အိမ်ထဲပြေးဝင်လိုက်မိကြသည်။

အိမ်ထဲတွင် သင်းသင်းနွယ်ကို ရှက်ကြီးတင်ငိုကြွေးလျက် တွေ့လိုက်ရ၏။ ဒေါက်တာမျိုးချစ်ကိုကား မတွေ့ရ။

"ဟင် - မနွယ် - မနွယ် - ဘာဖြစ်တာလဲ"

သင်းသင်းနွယ်ခမျာ တော်တော်နှင့် စကားမပြောနိုင်။ မောဟိုက်ပြီး ကတုန်ကယင်ဖြစ်နေရှာသည်။ မည်မျှကြာကြာ ငိုထားသည်မသိ။ မျက်လုံးများက နီရဲကာ မို့အစ်နေ၏။ အတန်ကြာမှ တုန်တုန်ယင်ယင်ဖြင့် -

"သွားပြီ - သွားပြီ - သူ့ - သူ့ဟာတွေလေ - သူ့ဟာတွေကြောင့် ရှိတာတွေကုန်ပြီ။ အားလုံးပါသွားပြီ။ ကြောင်တွေ - ကြောင်တွေလည်းမရှိတော့ဘူး။ အခု - သမီးလေးပါ ပျောက်နေပြီ။ အိုး - အားလုံး အားလုံးပါကုန်ပြီ - ဘုရား ဘုရား - ကယ်တော်မူပါ။ ကိုမျိုးချစ်ကိုတောင် ချမ်းသာမပေးဘူး"

"ဟင် - မျိုးချစ် - မျိုးချစ် - ဘာဖြစ်သွားပြီလဲ"

"အင်း - သူ - သူကတော့ - အသက်နဲ့ခန္ဓာရှိပါသေးတယ်။ ဒါပေမဲ့ - စိတ် စိတ်ကတော့ ပါသွားပြီလေ။ သူ့ဟာကြီးခိုင်းသမျှ လိုက်လုပ်နေရတော့တာပဲ"

"နေပါဦး - မနွယ် - ဘာတွေဖြစ်နေတာလဲ - အသေအချာ ရှင်းပြပါဦး"

သင်းသင်းနွယ်က အရူးတစ်ယောက်လို ခေါင်းကို တသွင်သွင်ခါယမ်းပြီး ...

"ကြောင်တွေ - ကြောင်တွေကိုတစ်ကောင်ပြီးတစ်ကောင်ပစ်ပေးလိုက်တယ်လေ။ ဟိုက အကုန်စားပစ်တယ်။ အခု - သမီးလေးကို ရှာမတွေ့ဘူး။ ဘုရား - ဘုရား - အားလုံးပျက်စီးကုန်ပြီထင်တယ်"

www.burmeseclassic.com

"အခု - မျိုးချစ် - ဘယ်မှာလဲ - မနွယ် - ဘယ်မှာရှိလဲ"

"သူလား - ကိုဂိုဒေါင်နောက်က စမ်းသပ်ခန်းထဲမှာ ရှိမှာပေါ့"

"ကဲ - မနွယ် - ဘာမှမစိုးရိမ်နဲ့ ဘယ်မှလည်းမသွားနဲ့ - ဒီမှာပဲနေ။ တံခါးလုံအောင်ပိတ်ထား။ သမီးလေးကိုလည်း တွေ့အောင်ရှာပေးမယ်။ ကျွန်တော်တို့ ပြန်လာခဲ့မယ်"

တတ်စွမ်းသမျှ ဖျောင်းဖျနစ်သိမ့်ပြီးနောက် ကျွန်တော်တို့နှစ်ယောက်သား ကိုမျိုးချစ်ရှိရာသို့ ပြေးထွက်လာခဲ့ကြသည်။ သစ်သားအိမ်လေးထဲမှာတော့ မီးလင်းနေပါသည်။ အခန်းထဲတွင် စမ်းသပ်ဖန်ပြွန်များ၊ ဝါယာကြိုးနှင့်ဆက်ထားသော ပေါင်းအိုးများ၊ ဖန်ပုလင်းများဖြင့် ရှုပ်ယှက်ခတ်နေ၏။ စားပွဲတစ်ခု၏နောက်တွင်တော့ လူတစ်ယောက်။

အသေအချာကြည့်တော့ - မျိုးချစ် - ဒေါက်တာမျိုးချစ်။

"မျိုးချစ်"

ကျွန်တော်ခေါ်လိုက်တော့မှ အသက်ဝင်လာသည်နှင့် ဒေါက်တာမျိုးချစ်က ကျွန်တော်တို့ဘက် လှည့်လာသည်။ အရင်ရုပ်ရည်မျိုးမဟုတ်တော့။ အတော်ပိန်ချုံးကျသွားပြီး မျက်တွင်းဟောက်ပက်နှင့် မှတ်မိစရာပင်မရှိ။

"မျိုးချစ် - မင်း - မင်း - ဘာတွေလုပ်နေတာလဲ။ ဘာတွေဖြစ်ကုန်ပြီလဲ သိရဲ့လား"

ဒေါက်တာမျိုးချစ်က တုန်လှုပ်မှုမရှိ။ ဘာမှမဖြစ်သကဲ့သို့ တည်ငြိမ်စွာဖြင့် ခေါင်းညိတ်ပြပြီး -

"သိတယ် - ငါ အကုန်သိတယ်။ ဒါပေမဲ့ - ငါ - ဘာမှမသိတော့ဘူး" ဟု ပြော၏။

"ဒီလိုမပြောနဲ့လေ - မင်းဖန်တီးထားတဲ့ မကောင်းဆိုးဝါးအပင်ကြီးကို မင်းပြန်သတ်ရမှာပေါ့"

"မတတ်နိုင်တော့ဘူးကွာ။ ဒီအပင်ကြီးရဲ့ကြီးထွားနှုန်းက သိပ်မြန်သွားပြီ။ မင်းမှတ်မိမှာပေါ့ - ဟော်မုန်းတွေအကြောင်း ငါ ရှင်းပြခဲ့တာလေ။ မာလကာသီးကို ဘူးသီးအရွယ်လောက်ကြီးထွားစေခဲ့တာတွေလေ။ အေး - အပင်တွေကနေ ဟော်မုန်းအင်နာဂျီတစ်မျိုးစီကို ထုတ်ယူပေါင်းစပ်ပြီး အလွန်အစွမ်းထက်တဲ့ စူပါပါဝါအင်နာဂျီဟော်မုန်းတစ်မျိုးကို ငါ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့တယ်။ တစ်ဆင့်တက်ပြီး လူသားတွေရဲ့ ဟော်မုန်းစွမ်းအင်ဓာတ်တချို့ကို ထည့်သွင်းပေါင်းစပ်နိုင်ခဲ့ပြန်တယ်၊ အဖြေကတော့ အပင်ရဲ့ကြီးထွားနှုန်းက အံ့မခန်းလောက်အောင် မြန်ဆန်ခဲ့သလို တုံ့ပြန်မှုကလည်း သိသာထင်ရှားလာတော့ အပင်ဆိုတာထက် သတ္တဝါတစ်ကောင်နဲ့ ပိုတူလာတယ်။

ဘာပဲဖြစ်ဖြစ်လေ - ကိုယ့်ရဲ့အောင်မြင်မှုအတွက် ပီတိဖြစ်မိတာတော့ အမှန်ပဲ။ လွယ်လွယ်နဲ့ ဘယ်ဖျက်ဆီးချင်ပါ့မလဲကွ။ ဝါကယ်တော့ - ဒီအပင်ကြီးက အာဖရိက အသားစားနွယ်ရှင်ပင်တစ်မျိုးပေါ့။ ဒီမျိုးစိတ်ကိုငါ့ဆေးရည်နဲ့ ပေါင်းစပ်လိုက်တော့ အခု မင်းတို့တွေ့တဲ့အတိုင်းပေါ့။ ဒီအပင်ရဲ့လက်တွေမှာ အပေါက်တွေပါတယ်။ တစ်နည်းအားဖြင့် စုပ်ခွက်တွေပေါ့။ ဒီစုပ်ခွက်တွေကတစ်ဆင့် သက်ရှိအကောင်တွေရဲ့သွေးနဲ့ လိုအပ်တဲ့ အစာအာဟာရဓာတ်ပေါင်းစုတွေကို စုပ်ယူစားသုံးတယ်လေ"

"အင်း - ဒီအတွက် - အသားတွေအများကြီးဝယ်ပြီးကျွေးခဲ့ရတယ်ပေါ့၊ သားသတ်ရုံက တစ်နေ့ကို အချိန်နှစ်ဆယ်လောက် ကျွေးခဲ့တာတွေလေ၊ ဟုတ်တယ်မလား"

"ဟုတ်တယ်"

သူ့အဖြေက တုံးတိတိ၊ စခန်းမှူး ကိုဝင်းနိုင်ကလည်း ဝင်မေးလိုက်သည်။

"အသားတွေမဝယ်နိုင်တော့ ဆင်ကုန်းသချိုင်းနားက စားကျက်မှာလွှတ်ထားတဲ့ နွားတွေ၊ ဆိတ်တွေကိုခိုးပြီးကျွေး၊ စက်ရုံမန်နေဂျာဦးမြင့်ကျော်ရဲ့အလောင်းကိုလည်း ခိုးကျွေး။ ဒီနောက် အိမ်က ကြောင်တွေကိုလည်းကျွေး။ ဒါနဲ့အားမရသေးလို့ - ကိုယ့်သမီးရင်းကိုတောင် ကျွေးပစ်ခဲ့တာပေါ့။ ပြီးရင် ကိုယ့်ဇနီးမယားကိုတောင် ထပ်ကျွေးဖို့ စီစဉ်ထားတယ်ပေါ့"

"ဟုတ်တယ်"





www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးချစ်က ပြင်းဆန်မှုမရှိဘဲ ဝန်ခံ၏။

"ခင်ဗျားအပြစ်ဟာ ရာဇဝတ်မှုဖြစ်နေပြီဆိုတာ သိရဲ့လား"

"သိပါတယ်"

"ခင်ဗျားအပင်ကြီးဟာ လူ့အရှင်လတ်လတ်ကိုတောင် စားနေပြီ၊ ကျုပ်တို့သူငယ်ချင်း ကိုမင်းအောင်ကိုလည်း အရှင်လတ်လတ် စားပစ်လိုက်ပြီ"

"မတတ်နိုင်ဘူးလေ - ငါတတ်နိုင်သလောက်ကျွေးတာပဲ၊ ငါက သူတို့ကို အသက်ရှင်စေချင်သလို သူတို့ကလည်း ငါ့ကို ဘာမှ မလုပ်ကြဘူးလေ"

"ဘာလဲ - ဒီအပင်ကြီးမှာ ခွဲခြားတတ်တဲ့ ဦးနှောက်ပါနေလို့လား"

"မပါပါဘူး၊ ဒါပေမဲ့ - အတိုင်းအတာတစ်ခုအထိတော့ တုံ့ပြန်ခံစားနိုင်တယ်၊ နေရာက ရွှေ့လျားမှုမရှိပေမဲ့ ကြီးထွားနှုန်းနဲ့ မျိုးပွားမှုအရမ်းမြန်တော့ မြေကြီးပေါ်မှာ မြွေတစ်ကောင်လို ကြီးထွားရှင်သန်နိုင်တယ်လေ၊ ငါ့အသက်ကို ရန်မရှာပေမဲ့ တခြားသက်ရှိဆိုရင် ဘယ်အကောင်မှ ချမ်းသာပေးမှာမဟုတ်ဘူး၊ ဆင်တစ်ကောင်ကိုတောင် အလွတ်ပေးမှာမဟုတ်ဘူး"

"ဗုဒ္ဓေါ"

ကျွန်တော်ရော စခန်းမှူးပါ ရင်မောသွားရသည်၊ ဒေါက်တာမျိုးချစ်ကိုယ်တိုင်လည်း စိတ်ရောလူပါ ရှုံးချုံးကျနေပုံရသည်။

"ဒီအပင်ကြီးကို သတ်ဖို့မလွယ်ဘူး၊ သူ့ရဲ့ တစ်ရှူးမျိုးပွားမှုဟာ အရမ်းလျင်မြန်ကြီးထွားပျံ့နှံ့နေပြီ၊ သူ့အမြစ်တွေဆို အခု - ဒီတောအုပ်ရဲ့နှစ်မိုင်ပတ်လည်လောက်အထိ ပျံ့နှံ့နေပြီ"

"ဘုရားရေ - ဒါနဲ့ မေးပါရစေဦး - ဒီအပင်စိုက်ခဲ့တာ အများကြီးလား"

"တစ်ပင်တည်းပါ၊ သူ့အမြစ်တွေ၊ ပွားလာတဲ့ လက်တံတွေက အဆမတန် ပွားများလာလို့ အများကြီးထင်နေရတာ၊ အစာရှာရင် ဒီနားတစ်ဝိုက်မှာ ရသမျှစားမယ်၊ မရရင် ဆက်ပြန့်မယ်၊ တစ်ရွာလုံး တစ်မြို့လုံးအထိ ဖြစ်သွားနိုင်တယ်၊ အနမြူရောင်ခြည်နဲ့ထိလို့ကတော့ ဒီထက်နှစ်ဆတောင် ပျံ့နှံ့ပွားများသွားနိုင်တယ်၊ အခု - ခင်ဗျားတို့လည်း ဒီက ပြန်ထွက်နိုင်မှာမဟုတ်တော့ဘူး"



"ဗျာ"

"ဘုရား - ဘုရား"

နှစ်ဦးစလုံး မျက်လုံးပြူးသွားရ၏။

မှန်ပေသည်၊ မှန်ပြတင်းအပြင်ကိုကြည့်လိုက်ပါက ဖြူဖြူဖွေးဖွေး မရဏလက်တံကြီးများက လူးလွန့်တွန့်ထိုးရင်း ဝင်ပေါက်ကို တိုးဝှေ့ရှာဖွေနေကြလေပြီ။

"ဘုရား - ဘုရား - ပျံ့နှံ့နှုန်းက ကြောက်စရာပါလား"

"တားဆီးနိုင်မယ့်နည်းလမ်းတစ်ခုခု မရှိတော့ဘူးလားကွာ"

ဒေါက်တာမျိုးချစ်က ကျွန်တော်တို့နှစ်ဦးအား တွေတွေကြီး စိုက်ကြည့်နေ၏၊ အတန်ကြာမှခေါင်းကိုတွင်တွင်ခါယမ်း၍ အရူးတစ်ယောက်ပမာ ရူးရူးဝါးဝါး တစ်ချက်အော်ဟစ်လိုက်ပြီးမှ ခြေလှမ်းကျဲကြီးများဖြင့် ဗီရိုတစ်ခုဆီ လျှောက်သွားသည်၊ ဗီရိုထဲမှ ဖန်တကောင်းတစ်ခုကို ထုတ် ယူလိုက်သည်၊

ထိုဖန်တကောင်း၌ အမြှုပ်များထ၍နေသော ဝါကျင်ကျင်အရည်များကို တွေ့လိုက်ရသည်၊

"ဒါ - ဘင်ဇိုက်ရောထားတဲ့ ဆက်လီဆီလစ်ကွန်ဆင်ထရိတ်ပြင်းအားစုအရည်တွေပဲ၊ ဒီအရည်ကို ထပ်ပြီးပေါင်းစပ်ပြုပြင်ထားသေးတယ်"

ဒေါက်တာမျိုးချစ်က တစ်ယောက်တည်း ရေရွတ်ပြောဆိုသလို ပြောဆိုပြီးနောက် အရူးတစ်ယောက်လို အော်ဟစ်၍ အရည်များကို တရှပ်ရှပ်ဖြင့် အကုန်မော့သောက်ချလိုက်တော့သည်၊

မည်သို့မျှ မမျှော်လင့်ထားသောအဖြစ်၊

သွားပြီ၊ ဒေါက်တာမျိုးချစ် ခွေလဲကျသွား၏၊ ဒူးရကိုးပေါက်မှ သွေးများ တပွက်ပွက်ထွက်နေသလို တစ်ကိုယ်လုံး အကြောဆွဲသကဲ့သို့ တုန်ခါနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နှစ်ယောက်စလုံးဘာလုပ်ရမှန်းမသိ၊ သို့သော် ဒေါက်တာကြီး မသေသေးပါ၊

ဒယိမ်းဒယိုင်ဖြင့် လူးလဲထ၍ ခါးကြားမှ ဓားမြှောင်ကိုထုတ်ကာ သူ့တစ်ကိုယ်လုံးကို လှီးဖြတ်၏၊ ထိုးစိုက်၏၊ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲလျက် -

"ဟာ - မျိုးချစ် - မလုပ်နဲ့"

"သွားပြီ - သူ - ရူးသွားပြီလား မသိဘူး"

တိရစ္ဆာန်တစ်ကောင်၏ဝလုံးဝထွေးညည်းညူသံမျိုးဖြင့်ညည်းတွားရင်း ဒေါက်တာမျိုးချစ်သည် ဒယိမ်းဒယိုင်ဖြင့် တံခါးကိုတွန်းဖွင့်ကာ ပြေးထွက်သွားတော့သည်၊

မရဏအပင်ကြီးများမှ မြောက်မြားလှစွာသော လက်တံကြီးများသည် သွေးနံ့ရ၍ထင်၊ သွေးစိမ်းရှင်ရှင်ပန်းထွက်နေသော ဒေါက်တာကြီးရှိရာသို့ လူးလွန့်တွန်းထိုးကာ ရောက်လာကြသည်၊ ရေဘဝဲလက်တံများကဲ့သို့ ကြောက်မက်ဖွယ် သေမင်းတမန်လက်တံကြီးများသည် အသံမျိုးစုံမြည်ဟည်းရင်း ဒေါက်တာမျိုးချစ်ကို အထပ်ထပ်ရစ်ပတ်၍ အားပါးတရ စားသောက်ကြလေပြီ၊ အရိုးတွေ ကျိုးကြေသံကို ကြောက်မက်ဖွယ် ကြားနေရသည်၊

မြင်ကွင်းက စိတ်မသက်သာစရာ၊ တဝုန်းဝုန်း လူးလွန့်တွန်းထိုးရင်း သားကောင်ကို အငမ်းမရ စားသောက်နေကြပုံမှာ သွေးပျက်ဖွယ်ရာအတိ၊ တစ်ခဏချင်းမှာပင် ဒေါက်တာကြီးတစ်ယောက် မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ၊ သိပ်မကြာပါ၊ အစာအတွက် ငမ်းငမ်းတက်ဖြစ်နေသော မရဏလက်တံကြီးများသည် ကျွန်တော်တို့ဘက်သို့ အနံ့ခံကာ ဦးတည်လာရှေ့ပြီ၊

မြောက်မြားလှစွာသော လက်တံကြီးများသည် ကျွန်တော်တို့နှစ်ဦး၏ ပတ်လည်၌ ယိမ်းထိုးထကြွနေလေပြီ၊ တရွေ့ရွေ့ဖြင့် လူးလွန့်လာနေကြပုံ



မှာကား မြင်ရသူအတွက် ခွေလဲကျသွားနိုင်လောက်သည်၊ ၎င်းတို့သည် ကျွန်တော်တို့နှစ်ဦး၏ အသွေးသားကို မြိန်ယှက်စွာ စားသောက်ဝါးမျိုကြပေတော့သည်၊

ထွက်ပေါက်မရှိလောက်အောင်ပင် ပတ်လည်ဝိုင်းရံနေသော ရောမလက်တံများကိုကြည့်ရင်း နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် တင်းတင်းဆုပ်ကိုင်ရင်း ဘုရားတရှိသာ တတ်နိုင်တော့၏၊ လေးဖက်လေးတန်မှ ဝိုင်းရံထား၍ ထွက်ပေါက်ဟူ၍ စိုးစဉ်းမျှမမြင်၊

ကျွန်တော်တို့သည်လည်း မိနစ်ပိုင်းအတွင်းတွင် ဒေါက်တာမျိုးချစ်နောက်သို့ လိုက်ရပေတော့မည်၊ သေနတ်နှင့် ဒိုင်းခနဲ ပစ်သတ်ခံရသည်ကတော်သေး၏၊ အခုတော့ - မသေမရှင်ဘဝနဲ့ ဝေဒနာကို မရိုးမဆန့်သွေးပျက်ဖွယ် ခံစားရတော့မည်ကိုသိ၍ အသက်ပင်ကောင်းစွာ မရှူနိုင်ကြတော့၊ ချွေးစီးချွေးပေါက်များကား တပေါက်ပေါက်၊

"ဘုရားကယ်တော်မူပါ - တပည့်တော်တို့ကို ကယ်တော်မူပါ ဘုရား"

ဘုရားကိုသာ တမ်းတရင်း မျက်စိစုံမှိတ်နေမိတော့သည်၊ မရဏလက်တံများက နီးသထက် နီးလာခဲ့ပြီ၊ "တပျပ်ပျပ်" မြည်သံများကိုလည်း အတိုင်းသား ကြားနေရသည်၊ ဤသို့ မရဏလက်တံများက ထိုးထိုးထောင်ထောင်ချဉ်းကပ်လာနေရာမှ ထူးဆန်းသောဖြစ်ရပ်တစ်ခုကို တွေ့လိုက်ရသည်၊

အားလုံးသော လက်တံများသည် တိခနဲ ရပ်တန့်သွားကြသည်၊

ထို့နောက် ဓာတ်လိုက်သကဲ့သို့လည်းကောင်း၊ တီကောင်ကိုဆားပက်သကဲ့သို့လည်းကောင်း တလူးလူး တလွန့်လွန့် ခါယမ်းယိမ်းထိုးကုန်လေပြီ၊ ရှေ့ကိုကား တိုးမလာတော့၊ မြေပေါ်သို့ "တဖုတ်ဖုတ်" ပြုတ်ကျရင်း လူးလွန့်နေကြ၏၊

ရင်တမမနှင့် ဘာဆက်ဖြစ်မလဲဟု ဘုရားတရင်း စောင့်ကြည့်နေမိကြသည်၊ လက်တံများကား ခေါင်းများပင် မထောင်နိုင်တော့၊ အညှိမည်းမည်း



www.burmeseclassic.com

www.burmeseclassic.com

ပျစ်ပျစ်များသည်လည်း တစိမ့်စိမ့် ယိုစီးထွက်နေ၏၊ အော့နလုံးနာဖွယ် အပုပ်နံ့များကလည်း တလှိုင်လှိုင်၊

အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်ကို နားမလည်နိုင်၊ သေမင်းလက်က လွတ်ပြီဆိုတဲ့အသိကြောင့် နှစ်ဦးသား ဝမ်းမြောက်စွာဖြင့် ပုပ်ပွသကဲ့သို့ ကြေမွနေသော မရဏာလက်တံများအပေါ်မှ ခုန်လွှားကျော်ဖြတ်၍ ပြေးထွက်လာခဲ့ကြတော့သည်၊

ပင်စည်ပင်မကြီးသည် အဖြူရောင်အခိုးငွေ့များ အူထွက်လျက်ရှိပြီး တစ်ဖက်ချင်း၊ တစ်လွှာချင်း၊ တစ်ပိုင်းချင်း ကြွေကျနေ၏၊ အိမ်ရှေ့တံခါးဝ၌ သင်းသင်းနွယ်တစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကို တွေ့လိုက်ရ၏၊

"တရားနဲ့သာ ဖြေပါ - မနွယ်၊ သတ္တဝါတစ်ခု၊ ကံတစ်ခုပါကွယ်"

ကျွန်တော်က တတ်နိုင်သလောက် နှစ်သိမ့်ရတော့သည်၊ သင်းသင်းနွယ်က ရှိုက်၍ရှိုက်၍ ငိုကြွေးနေရာမှ ရပ်၍ ခေါင်းမော့ကာ ပြောလာ၏၊

"သူ - သူ - ကိုမျိုးချစ် - သိပ်မိုက်တယ်၊ ကိုယ့်ရင်သွေးသမီးလေးကို တောင် ရက်ရက်စက်စက်သတ်တဲ့လူသတ်သမား ၊ နွယ်တို့ဘဝတစ်ခုလုံး ကိုပါ ဖျက်ဆီးတဲ့လူမိုက်ကြီး - အခုတော့ - အခုတော့ - သူ့ကိုယ်သူပါ ဖျက်ဆီးလိုက်ပြီပေါ့"

သင်းသင်းနွယ်ကား ပြောလည်းပြော၊ ငိုလည်းငို၏၊ ယူကျုံးမရ ရင်ထုမနာ ဖြစ်နေပုံရသည်၊

"ကျွန်တော် မရှင်းတာတစ်ခု မေးပါရစေ - မနွယ်၊ ဒေါက်တာကြီးက ဖန်တကောင်းထဲက အရည်တွေကို ဘာလို့ သောက်ခဲ့တာလဲ၊ ပြီးတော့ ဘာလို့ ကိုယ့်ကိုယ်ကိုယ် ဓားနဲ့ တစိမ့်စိမ့်မွှန်းပြီး စတေးခဲ့တာလဲ - ဟင်"

သင်းသင်းနွယ်က ငိုနေရာရပ်၍ ကျွန်တော်တို့နှစ်ဦးအား ကြေကြေကွဲကွဲ ကြည့်ရင်း -

"အဲဒါ - အဲဒါ - ဘာကြောင့်လဲသိလား၊ အဲဒါ - ရှင်တို့ကို သေဘေးက ကယ်တင်ခဲ့တာလေ"

"ဗျာ - ဘယ်လို"

"ဟုတ်တယ် - နွယ်က သူ့မှတ်တမ်းစာအုပ်ကို ခိုးဖတ်ခဲ့လို့သိရတာ၊ ဒီအပင်ကြီးကို ဖျက်ဆီးနိုင်သော ဆက်လီဆီလစ်အက်ဆစ်ရည်ပဲ၊ ဘင်ဇိုက် ရောထားတဲ့ဒီကွန်ဆင်ထရိတ် ပြင်းအားစု အရည်တွေကိုသောက်ပြီး အပင် ကြီးစားချင်လာအောင်၊ သွေးနံ့ရအောင် ဓားနဲ့ သူ့ကိုယ်သူ မွှန်းခဲ့တာ၊ အပင် ကြီးက ဒေါက်တာမျိုးချစ်ကို စားလိုက်တော့ ဒီအက်ဆစ်အရည်တွေက အပင် ရဲ့ဇာတိထိန်းချုပ်မှု ပင်စည်ကြောမကြီးကို ချက်ချင်းပျက်စီးသွားစေခဲ့တယ် လေ၊ အသားထဲမှာ ဒီအရည်တွေကိုရောပြီး အပင်ကြီးကို ကျွေးမယ်၊ အပင် ကြီးကို ပြန်ဖျက်ဆီးမယ်ပေါ့၊ ဒီအတွေးနဲ့ ဆုံးဖြတ်ချက်ကို မနေ့ကပဲ သူ့စာ အုပ်ထဲမှာရေးခဲ့တယ်၊ တကယ်တော့ - သူပြောတဲ့အသားဆိုတာ သူ့ကိုယ် တိုင်ပဲဖြစ်ခဲ့တာကိုး - အဟင့် - ဟင်"

"ဖြစ်မှဖြစ်ရလေဗျာ"

"အေးဗျာ - နမြောစရာပဲ၊ လူ့လောကကို အကျိုးပြုမယ့် ပညာရှင်တစ် ယောက်ရဲ့လမ်းလွှဲမှု၊ အစွန်းရောက်မှု သိပ္ပံပညာမှ သွေဖည်မှုဟာ တကယ် ကြောက်စရာကောင်းပါလားနော်"

အခုတော့လည်း - အရာရာသည် ငြိမ်သက်တိတ်ဆိတ်လို့၊ တဝုန်းဝုန်း ရှာနေသောမိုးလည်းတိတ်ခဲ့ပြီ၊ တဝေါဝေါတိုက်နေသောလေလည်းငြိမ်ခဲ့ပြီ၊ ရောင်နီလည်း လင်းလုပေပြီ၊

သို့သော် ဒီညအတွက် လပြည့်ညကား သာယာမှုအလျဉ်းမရှိခဲ့၊ ခါးသီး ကြေကွဲဖွယ်လပြည့်ည ဖြစ်ခဲ့ရ၏၊ တစ်ချိန်က ဆိုးရွားစက်ဆုပ်ဖွယ်ဖြစ်ရပ် ဆိုးကြီးတစ်ခု ဖြစ်ခဲ့သည်ဟုပြောလျှင် မည်သူယုံနိုင်အံ့နည်း။

ကျွန်တော်တို့အတွက်တော့ ထိုညကား သွေးစွန်းသောလပြည့်ည အဖြစ် တစ်သက်လုံး အမှတ်တရ ကျန်ရစ်နေမည် ဖြစ်ပါတော့သတည်း။

⟹ ဝသုန်ဟိန်းထက်



BURMESE CLASSIC
www.burmeseclassic.com